# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ မေ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ် (၂၁၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၅**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးသည်။



“ စိန်ခေါ်မှုမည်မျှပင် ကြီးမားပါစေ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ကျော်လွှားနိုင်မည်ဖြစ်၊ ပြည်သူနှင့် အစိုးရကြားတွင်လည်း ပိုမိုယုံကြည်မှုရှိလာမည်ဖြစ်၊ ယခုဆိုလျှင် ပြည်သူများ၏ အကူအညီဖြင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်နိုင်ခဲ့၊ မိမိတို့ဘက်ကလည်း ပြည်သူများကို ပြန်လည်ကူညီရမည်ဖြစ်”

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် ယခုလိုတွေ့ဆုံရသည်မှာ နယ်စပ်မှ ပြန်လည်ဝင်ရောက်လာမည့် အလုပ်သမားများ နေရပ်ပြန်လည်ဝင်ရောက်လာနိုင်ရေးကိစ္စ ဖြစ်ပါကြောင်း၊ တချို့ခန့်မှန်းထားသည်မှာ အလုပ်သမားများ တစ်သိန်းခွဲခန့်ရှိမည်ဟု ခန့်မှန်းထားကြပြီး တချို့ကလည်း ၇၀၀၀၀၊ ၈၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြပါကြောင်း၊ မိမိတို့အနေဖြင့် အများဆုံး ခန့်မှန်းထားသည့် တစ်သိန်းခွဲခန့်အတွက် ပြင်ဆင်ထားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားတွင် အများအပြား မဝင်သေးဟု သိရပါကြောင်း၊ အစုလိုက်အပြုံလိုက် ဝင်ရောက်လာခြင်း မရှိမှုသည်လည်း မိမိတို့အတွက် သက်သာပါကြောင်း၊ ထိုင်းနိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်မှာလည်း အဆင်ပြေသည်ဟု ထင်မြင်ပါကြောင်း၊ ကရင်ပြည်နယ်သည် အဓိကကျပါကြောင်း၊ ယခင် ဝင်ရောက်လာသည့် အများစုမှာ မြဝတီဘက်မှတစ်ဆင့် ဝင်ရောက်ပြီး တခြားဒေသများသို့ သွားရောက်ကြပါကြောင်း၊ တချို့မှာ တနင်္သာရီတိုင်းဒေသကြီးဘက်မှ ဝင်ရောက်ကြပါကြောင်း ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးစဉ်။ သတင်းစဉ်

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပထမပိုင်းကာလက နေရပ်ပြန်လာသူ ၈၀၀၀၀ ကျော် ဝင်ရောက်ခဲ့မှု အခြေအနေ၊ ဒုတိယပိုင်းကာလ


*စာမျက်နှာ ၃ ကော်လံ ၁* ❑



KBZ LIFE Insurance

BEST LIFE INSURANCE COMPANY IN MYANMAR

01-2307001 | 09-957-777-999

Awarded by World Finance ( 2015 ) | ( 2016 ) Asian Banking & Finance ( 2017, 2018, 2019 )

# ကဆုန်လပြည့် ဗုဒ္ဓနေ့

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဆင်မင်းနေ့၏ မိုးသောက်ယံ၌ သိဒ္ဓတ္ထဘုရားအလောင်းသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူကာ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည်။ နေရာကား နေရဉ္စရာမြစ်ကမ်းပါး ဥရုဝေလတောရှိ ဗောဓိပင်ရင်းတွင် ဖြစ်သည်။ ဒုက္ခကိုလည်းကောင်း၊ ဒုက္ခဖြစ်ခြင်းအကြောင်းကိုလည်းကောင်း၊ ဒုက္ခချုပ်သိမ်း ကင်းငြိမ်းရာကိုလည်းကောင်း၊ ဒုက္ခချုပ်သိမ်းကင်းငြိမ်းရာသို့ ရောက်ကြောင်းကျင့်စဉ်ကိုလည်းကောင်း သိမြင်တော်မူခဲ့ပြီဖြစ်ရာ လွန်စွာအားရစွာဖြင့် မြတ်စွာဘုရား ဥဒါန်းကျူးရင့်ခဲ့သည့်နေရာလည်း ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေ့ဖြစ်သည်။ မဟာသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင်မူ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ ဗုဒ္ဓဘာသာသမိုင်းတွင် ဤသို့သော ထူးခြားချက်များကြောင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟူ၍လည်း သတ်မှတ်ခဲ့ကြသည်။

ကဆုန်လသည် နွေလဖြစ်သည့်အလျောက် ဆည်မြောင်း၊ ကန်ချောင်း၊ ရေတွင်းရေအိုင်တို့ ရေခန်း၊ ရေပြတ်သည့်လဖြစ်သည်။ မြန်မာလများအနက် ဒုတိယမြောက်လ၊ ပြိဿရာသီ၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောလဖြစ်သည်။ ထို့ကြောင့် ပါဠိ၊ သက္ကတ၊ ဟိန္ဒီ၊ ဘင်္ဂါလီဘာသာတို့တွင် ကဆုန်လကို 'ဝိသာခါ'(Vesaka) ဟုခေါ်ကြသည်။ ယင်းမှဆင်းသက်ကာ ကဆုန်လပြည့်နေ့ကို Vesak Day ဟု ခေါ်ဝေါ်ကြသည်။ ခရစ်နှစ် ၁၉၉၉ ခုနှစ်မှစ၍ ကဆုန်လပြည့် (Vesak Day)သည် အပြည်ပြည်ဆိုင်ရာ ရုံးပိတ်ရက် "Vesak Universal Holiday" ဖြစ်လာခဲ့သည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် "အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့်"တွင် ကဆုန်လပြည့်နေ့ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် သတ်မှတ်နိုင်ရေး ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂသို့ အဆိုတင်သွင်းခဲ့ရာ (၅၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာအပါအဝင် အာရှဗုဒ္ဓဘာသာနိုင်ငံများ၊ တောင်အာရှအဖွဲ့ဝင် နိုင်ငံများ၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ အပါအဝင် နိုင်ငံ ၃၄ နိုင်ငံက ထောက်ခံခဲ့သည်။ သို့ဖြင့် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် ကဆုန်လပြည့်နေ့ကို အပြည်ပြည်ဆိုင်ရာ ရုံးပိတ်ရက် "Vesak Universal Holiday" အဖြစ် သတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်တွင် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်သည် ကမ္ဘာပေါ်တွင် သက်တမ်းရှည်ကြာသည့် သာသနာဖြစ်ပြီး ဘုရားရှင်၏ အဆုံးအမတော်သည်လည်း နှစ်ပေါင်း ၂၅၀၀ ကျော်သည့်တိုင် လူသားတို့အပေါ် ကာယသုခ၊ စိတ္တသုခနှင့် ငြိမ်းချမ်းရေးတို့ကို ပေးခဲ့ပြီး နောင်အနာဂတ်တွင်လည်း ကမ္ဘာ့လူသားတို့အပေါ် ဆက်လက်သက်ရောက်နေမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရရှိခဲ့သည့်နေရာ မဟာဗောဓိညောင်ပင်တို့ကို ရေသွန်းလောင်းကာ ကုသိုလ်ယူရင်း ဤနေ့သည် ဘုရားလောင်းဖွားမြင်တော်မူသောနေ့၊ ဤနေ့သည် ဘုရားပွင့်တော်မူသောနေ့၊ ဤနေ့သည် ဘုရားပရိနိဗ္ဗာန်စံသောနေ့အဖြစ် အောက်မေ့သတိရကာ ဓမ္မသံဝေဂတို့ရယူကြသည်။ ဤနေ့မှာပင် ဗုဒ္ဓသည် သင်္ခါရတရားတို့၏ ပျက်စီးခြင်းသဘောကို မမေ့မလျော့ မပေါ့သောသတိဖြင့် ရှုမြင်ကြရန် မှာကြားကာ ပစ္ဆိမဗုဒ္ဓဝစနနောက်ဆုံးစကားကို မြွက်ကြားတော်မူခဲ့သည်ကို အမှတ်ရကာ မိမိတို့၏ ဘဝတစ်သက်တာကို မကောင်းမှုမှန်သမျှ ရှောင်ရှားခြင်း၊ ကောင်းမှုမှန်သမျှ ဆောင်ရွက်ခြင်း၊ စိတ်နှလုံးဖြူစင်အောင် ကျင့်ကြံခြင်းဖြင့် တန်ဖိုးမြင့်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Foundation for Peace and Development မှ မြန်မာနိုင်ငံအတွက် လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပစ္စည်းများအား ပေကျင်းမြို့ရှိ မြန်မာသံရုံးက လက်ခံရယူ

ပေကျင်း မေ ၅

**မြန်မာအစိုးရနှင့် ပြည်သူများ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများကလည်း Coronavirus Disease 2019 (COVID-19)နှင့် ပတ်သက်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ ဆက်သွယ်လှူဒါန်းလျက်ရှိသည်။**

ထိုကဲ့သို့ ဆက်သွယ်လှူဒါန်း လျက်ရှိရာ ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ပြန့်ပွားမှုနှင့် ပတ်သက်၍ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်ယွမ်ငွေ ၅ ဒသမ ၃ သန်း တန်ဖိုးရှိ Surgical Masks နှာခေါင်းစည်း ၁,၂၀၀,၀၀၀၊ Personal Protective Equipment-PPE (3,600)၊ Medical Eye Shield ရောဂါကာကွယ်ရေး မျက်နှာဖုံး ၉,၇၀၀ နှင့် Non-Contact Infrared Thermometer အပူချိန်တိုင်းကိရိယာ ၈၀၀ တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Foundation for Peace and Development မှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ ကျင်းပရာ China Foundation for Peace and Development အတွင်းရေးမှူးချုပ် Mr. Xu Jianguo က တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေထံသို့ လှူဒါန်းပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။



**တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ China Foundation for Peace and Deve-lopment က မြန်မာနိုင်ငံအတွက် လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို လက်ခံရယူစဉ်။**

အခမ်းအနားတွင် China Foundation for Peace and Development အတွင်းရေးမှူးချုပ် Mr. Xu Jianguo က လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို မြန်မာနိုင်ငံ မူဆယ်မြို့ နယ်စပ်ဂိတ်မှတစ်ဆင့် ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## လှိုင်းအသင့် အတင့် ရှိမည်

**နေပြည်တော် မေ ၅**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**



## သောက်ရေသန့်လှူ

ကော့မှူးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ မေ ၅ ရက်က ခရိုက္ခနိကျေးရွာအုပ်စု ဆည်မြောင်းကုန်းကျေးရွာရှိ ပြည်သူများအား ၂၀ လီတာဆံ့ သောက်ရေသန့်ဘူး ၁၀၀ လှူဒါန်းကြစဉ်။

ကိုရဲ

# ပြည်သူသာလျှင် အဓိက

❑ *ရွှေဖုံးမှ*

နေရပ်ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် Quarantine Center များ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေး ဝန်ထမ်းများနှင့် အရေးပေါ်ကုသရေး လုပ်ငန်းများအတွက် ပြင်ဆင်ထားမှု၊ Quarantine ဝင်ရောက်နေသူများအတွက် INGO ၊ NGO များနှင့် အလှူရှင်များက ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုများနှင့် မော်တော်ယာဉ်များ စီမံထားရှိမှု အခြေအနေတို့ကို လည်းကောင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက Facilities Quarantine များမှတစ်ဆင့် Complain တက်ပါက Hospital Quarantine ထားရှိရန် ဆောင်ရွက်ထားမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ မွန်ပြည်နယ်အတွင်း အသက်ရှူကူစက်များနှင့် ဆရာဝန်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့်အတွက် ထိရောက်မှုအခြေအနေ၊ ပထမကာလ နေရပ်ပြန်လည်ဝင်ရောက်လာသူများ Quarantine ထားရှိ ခဲ့မှု၊ လက်ရှိတွင် နေရပ်ပြန်လည် ဝင်ရောက်လာသူများ Quarantine ဝင်ရောက်နေမှုနှင့် ပြည်နယ်အတွင်းလူဦးရေ ၇၈၀၀ ကျော်အား Quarantine ထားရှိနိုင်ရန် ပြင်ဆင်ထားရှိမှု၊ ထပ်မံလိုအပ်လာပါက Quarantine Center ပြုလုပ်နိုင်ရန် လျာထားဆောင်ရွက်မှု၊ Quarantine Center များတွင် ရေနှင့်သန့်စင်ခန်းများ ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျေးရွာများ၌ ၎င်းတို့ အစီအစဉ်ဖြင့် ကိုယ်တိုင်ချုပ် ပြန်လည်အသုံးပြုနိုင်သည့် Mask များ ဆောင်ရွက်နေမှုနှင့် ဖြန့်ဝေနေမှု အခြေအနေနှင့် COVID – 19 ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးသို့ ပထမပိုင်းကာလ နေရပ်ပြန်လည်ဝင်ရောက်လာသူ ၆၀၀၀ ကျော် ရောက်ရှိခဲ့မှု အခြေအနေ၊ ၎င်းတို့အား Facilities Quarantine ထားခဲ့ရှိမှု အခြေအနေ၊ သတ်မှတ်ရက် ကာလပြည့်မြောက်သည့်အတွက် နေအိမ်သို့ပြန်သွားသည့် အခြေအနေ၊ မြဝတီမှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာမည့် လူဦးရေစာရင်းရရှိမှု၊ ယင်းတို့အား သွားရောက်ကြိုဆိုရန် ပြင်ဆင်ထားရှိမှု၊ ပြန်လည်ဝင်ရောက်လာသူများထားရှိရန် Quarantine Center များ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ နေထိုင်မည့်သူများအတွက် ဟိုတယ် Quarantine များ ပြင်ဆင်ထားရှိမှု၊ နွေရာသီကာလ ရေလိုအပ်ချက်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ Facilities Quarantine များအား အလှူရှင်များနှင့် ပရဟိတအဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေမှုနှင့် အများသုံးသန့်စင်ခန်း လိုအပ်မှုအတွက် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးစဉ်။ သတင်းစဉ်

## ကူညီပေးရမည်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နေရပ်ပြန်လည်ဝင်ရောက်လာကြသူများ များပြားလာပါက ကရင်ပြည်နယ်အား မွန်ပြည်နယ်အနေဖြင့် ကူညီပေးရမည် ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်တွင် Quarantine Center များရှိပါကြောင်း၊ အားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လုပ်ဆောင်နေကြပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပို့ဆောင်ပေးသည်မှာ နေရာအခက်အခဲကြောင့် ဖြစ်ပါကြောင်း၊ တစ်နေရာတည်းတွင် Quarantine လုပ်ဆောင်ရန်မှာ မဖြစ်နိုင်ပါကြောင်း၊ လက်တွေ့ကျကျဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်မည်ဆိုပါက ၎င်းတို့ မိသားစုများနှင့် နီးစပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းမှာလည်း စိတ်ဓာတ်အင်အား ဖြစ်စေပါကြောင်း၊ ကရင်ပြည်နယ်သို့ နေရပ်ပြန်လည်ဝင်ရောက်လာသူ အရေအတွက်များလာပါက မွန်ပြည်နယ်သို့ သွားရမည် ဖြစ်ပါကြောင်း။

## အကုန်အကျ များပြား

မိမိတို့နိုင်ငံတွင် Home Quarantine ထားသည်မှာ ခက်ခဲပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် Home Quarantine များ ဆောင်ရွက်ကြပါကြောင်း၊ Facilities Quarantine များ စီစဉ်မပေးပါကြောင်း၊ သို့သော် မိမိတို့နိုင်ငံတွင် စတင်ဖြစ်ပွားချိန်မှစ၍ Home Quarantine ထားရှိခြင်းမှာ လက်တွေ့မကျပါကြောင်း၊ Facilities Quarantine ထားရှိခြင်းသည် နိုင်ငံတော်အတွက် အကုန်အကျ များပြားပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စေတနာရှင်များ၊ ပရဟိတများကို အားကိုးရခြင်း ဖြစ်ပါကြောင်း။

## ပြန်လည်လက်ခံမည်

COVID – 19 နှင့် ပတ်သက်၍ အချိန်ကြာလာသည်နှင့်အမျှ ပေါ့ဆမည်ကို စိုးရိမ်ပါကြောင်း၊ ထို့ပြင် ငြီးငွေ့ပြီး စည်းကမ်းမလိုက်နာမည်ကိုလည်း စိုးရိမ်ပါကြောင်း၊ Facilities Quarantine များသည် နိုင်ငံတော်အတွက် အကုန်အကျပိုများပြီး လူလည်းပင်ပန်းပါကြောင်း၊ မိမိတို့၏မူမှာ တရားဝင်သွားသည်ဖြစ်စေ၊ တရားမဝင် သွားရောက်သည်ဖြစ်စေ ပြန်လည်လက်ခံမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာသို့ အသိပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာသို့ အသိပေးခြင်းမရှိဘဲ ပြန်လည်ဝင်ရောက်လာလျှင် အန္တရာယ်ရှိပါကြောင်း၊ တရားမဝင် အလုပ်သမားများအနေဖြင့်လည်း တရားဝင်အလုပ်သမားများကဲ့သို့ ယုံယုံကြည်ကြည်ဖြင့် ပြန်လည်ဝင်ရောက်နိုင်ပါကြောင်း၊ အားလုံးကို တန်းတူညီတူ ဆက်ဆံပါကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွက် မိုဘိုင်းသန့်စင်ခန်းများ မျှဝေပေးရန် လိုအပ်ပါကြောင်း။

## တစ်ပိုင်တစ်နိုင် လှူဒါန်းပံ့ပိုးနေ

COVID – 19 မှာ မည်သည့်အချိန်အထိ ကြာမြင့်မည်ကို မသိနိုင်ပါကြောင်း၊ မိမိတို့ပြည်သူများမှာ အင်မတန်စေတနာကောင်းမွန်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ စေတနာကို အားကိုးဆောင်ရွက်နေရပါကြောင်း၊ Facilities Quarantine နေသူများကို ကူညီပေးနေသူများမှာ ပြည်သူများဖြစ်ပါကြောင်း၊ အလှူရှင်များအားလုံးမှာ ချမ်းသာသူများ မဟုတ်ပါကြောင်း၊ တချို့ပြည်သူများမှာလည်း တစ်ပိုင်တစ်နိုင် လှူဒါန်းပံ့ပိုးနေကြခြင်း ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်ဘဏ္ဍာတစ်ခုတည်းကို အသုံးပြုရမည်ဆိုပါက လွယ်ကူနိုင်မည် မဟုတ်ပါကြောင်း၊ COVID–19 မှာ ကြာမြင့်နိုင်သည့်အတွက် တာဝေးပြေးအားကစားသမားများကဲ့သို့ စိတ်ကိုထားရမည်ဖြစ်ပြီး မိမိကိုယ်ကိုယ်လည်း ကျင့်ယူရမည် ဖြစ်ပါကြောင်း၊ Mask တပ်ခြင်းသည် ပြဿနာမဟုတ်ပါကြောင်း၊ အလေ့အကျင့် ဖြစ်သွားပါက အခက်အခဲမရှိတော့ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးအတွက် Mask များကို အလကားပေးနိုင်ရန်မှာ မဖြစ်နိုင်ပါကြောင်း၊ ကိုယ်တိုင်လုပ် Mask များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ချုပ်ပြီးတပ်ဆင်ခြင်းမှာ မိမိတို့နိုင်ငံနှင့် သင့်တော်သည်ဟု ထင်မြင်ပါကြောင်း။

## အထောက်အကူဖြစ်စေ

မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံမှုတွင် COVID–19 ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြိုတင်ပြင်ဆင်ထားရှိမှု အစီရင်ခံစာလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိပြီ ထင်ပါကြောင်း၊ ယင်းအစီရင်ခံစာတွင် ဆောင်ရွက်ရမည်များ အသေးစိတ်ပါရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် COVID–19 နှင့် ပတ်သက်ပြီး စတင်ပြင်ဆင်ခဲ့သည်မှာ ဇန်နဝါရီလ အစောပိုင်းကတည်းက ဖြစ်ပါကြောင်း၊ ယင်းဆောင်ရွက်မှုများမှာ အထောက်အကူဖြစ်စေပါကြောင်း၊ ဇန်နဝါရီလမကုန်ခင်ကပင် ကျန်းမာရေးအတွက် သာမက စီးပွားရေးအတွက်ပါ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့ပါကြောင်း၊ WHO က ကပ်ရောဂါအဖြစ် ကြေညာသည့်အခါ ယခင်အဖွဲ့ကို အခြေခံပြီး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း။

## အားလုံးပူးပေါင်း ဆောင်ရွက်ရန်လို

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ဆက်စပ်နေကြပါကြောင်း၊ ယခုအချိန်တွင် နယ်စပ်မှ ဝင်ရောက်လာမည့်သူများ များပြားပါကြောင်း၊ ပထမစိန်ခေါ်မှုလှိုင်းဖြစ်သည့် မတ်လအကုန်ပိုင်းက နေရပ်ပြန်လည်ဝင်ရောက်လာသူများ ပြန်လာသည့်အချိန်တွင် စိုးရိမ်ခဲ့ရပါကြောင်း၊ ၎င်းတို့အထဲမှ ရောဂါဖြစ်ပွားမည့်သူများ မည်မျှ များပြားမည်ကို စိုးရိမ်ခဲ့ရပါကြောင်း၊ ရောဂါပါလာပါက ပြန့်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကို မည်သို့ကိုင်တွယ်ရမည်ကို အကောင်းဆုံးပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သော်လည်း စိုးရိမ်ခဲ့ရပါကြောင်း၊ ယခု ဒုတိယစိန်ခေါ်မှုတွင် လူဦးရေ သောင်းဂဏန်းနှင့်ချီ၍ ပြန်လည်ဝင်ရောက်လာကြမည် ဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူများမှာလည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေထိုင်ကြမည့်သူများမဟုတ်ဘဲ တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ အရေးကြီးပါကြောင်း၊ ပြန်လည်လက်ခံရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်သို့ ပို့ဆောင်ရာတွင် ရောဂါပါလာသည့်သူများရှိပါက ရောဂါမပြန့်ပွားစေရန် ပထမဆုံး ကာကွယ်ရမည်မှာ ယခု ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံးပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုအပ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့်လည်း စီစဉ်ပေးမည် ဖြစ်ပါကြောင်း၊ စိန်ခေါ်မှု မည်မျှပင်ကြီးမားပါစေ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူနှင့် အစိုးရကြားတွင်လည်း ပိုမိုယုံကြည်မှုရှိလာမည် ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ပြည်သူများ၏ အကူအညီဖြင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ဘက်ကလည်း ပြည်သူများကို ပြန်လည်ကူညီရမည် ဖြစ်ပါကြောင်း၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာရန် ပြည်သူများကို ထပ်တလဲလဲပြောရမည် ဖြစ်ပါကြောင်း၊ COVID–19 နှင့် စပ်လျဉ်း၍ အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ထောင်စုဆိုသည်ကို မမေ့ကြစေလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီစည်းဝေး

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ တတိယအသုတ်အဖြစ် လုပ်ငန်း ၁၁၃ ခုကို တန်ဖိုးငွေကျပ် ၃ ဒသမ ၅၉၉၆ ဘီလီယံအား ထုတ်ပေးနိုင်ရေး ဆုံးဖြတ်

**နေပြည်တော် မေ ၅**



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၄/၂၀၂၀) ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် စတင်ဖွဲ့စည်းချိန်မှစ၍ အစည်းအဝေး သုံးကြိမ် ကျင်းပခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပြီး လုပ်ငန်းဆောင်တာများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်နိုင်သည့် စီးပွားရေးလုပ်ငန်းများအတွက် ၂၀၂၀ ပြည့်နှစ် မတ် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင်ပါရှိသည့် အကျုံးဝင်ရမည့် အချက်များနှင့်အညီစိစစ်၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှလည်း အခွန်ကောက်ခံမှုများ၊ လူမှုဖူလုံရေးထည့်ဝင်ကြေး ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်ကြေး ကောက်ခံမှုများတွင် အချို့အား ကင်းလွတ်ခွင့်ပြုခြင်း၊ နိုင်ငံပိုင်ဟိုတယ်ငှားရမ်းခများ ရွှေ့ဆိုင်းပေးခြင်း၊ ဗဟိုဘဏ်ကလည်း ဘဏ်တိုးနှုန်းများပြင်ဆင်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များနှင့် ချေးငွေထုတ်ပေးနိုင်ရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးအတည်ပြုရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ဆောလျင်စွာ ထုတ်ပေးနိုင်ရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကြောင့် အခက်အခဲဖြစ်ပေါ်နေသော အခြားပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် အသင်းအဖွဲ့များက တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းစဉ်များ၊ ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ တတိယအသုတ်အဖြစ် လုပ်ငန်း ၁၁၃ ခုကို တန်ဖိုးငွေကျပ် ၃ ဒသမ ၅၉၉၆ ဘီလီယံအား ထုတ်ပေးနိုင်ရေး ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နေပြည်တော် မေ ၅**




အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အဖွဲ့၏အတွင်းရေးမှူး ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အဆိုပါ ဝန်ကြီးရုံး၌ ယနေ့မွန်းလွဲပိုင်းက Video Conference ဖြင့် ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

### ပါဝင်ဆွေးနွေးခဲ့

ညှိနှိုင်းဆွေးနွေးမှုကို အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ဝင်များဖြစ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အတွင်းရေးမှူးရုံးအဖွဲ့ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက COVID –19 ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း Quarantine လုပ်ငန်းစဉ်သည် အရေးကြီးပါကြောင်း၊ ပြည်သူတစ်ရပ်လုံး ပူးပေါင်းကူညီပါဝင် ဆောင်ရွက်နေကြသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံးဟုဆိုရာတွင် ပရဟိတသမားများ၊ စေတနာ့ဝန်ထမ်းများ၏ ကဏ္ဍသည် အရေးကြီးပါကြောင်း။

### လိုအပ်ချက်အလိုက် ဖြည့်ဆည်း

စေတနာ့ဝန်ထမ်းများကို လိုအပ်သောသင်တန်းများ ပေးခြင်း၊ တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများ ပံ့ပိုးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာနှင့် နားနေရန်များ လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် စေတနာ့ဝန်ထမ်းများကို လိုအပ်ချက်အလိုက် ဖြည့်ဆည်းပေးရန် ကြိုးပမ်းလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များက ဦးဆောင်၍ သတ်မှတ်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန် ဤညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးအကြံပြုကြရန် လိုအပ်ပါကြောင်း၊ အဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများဆိုင်ရာ သတင်းအချက်အလက်များနှင့် လိုအပ်ချက်များကို ဆန်းစစ်၍ ပံ့ပိုးကူညီပေးရန်အတွက် မြို့နယ် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ကို သက်ဆိုင်ရာမြို့နယ်များအလိုက် ဖွဲ့စည်းပေးရန် ဖြစ်ပါကြောင်း။

### သင်တန်းများပေးခြင်းစီစဉ်

လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ဘဏ္ဍာငွေလိုအပ်ချက်များကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ကြိုးပမ်းပေးကြရန် ဖြစ်ပါကြောင်း၊ လိုအပ်ချက်များကို ဗဟိုအဖွဲ့က ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများ အနေဖြင့် Quarantine လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီရာ၌ ပိုမိုထိရောက်စေရန် လိုအပ်သော သင်တန်းများပေးခြင်းကိုလည်း စီစဉ်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ စေတနာ့ဝန်ထမ်း လက်စွဲစာအုပ်ကို ပြုစုရေးသားပြီး ဖြစ်ပါကြောင်း၊ Quarantine လုပ်ငန်းစဉ်များတွင် လက်ရှိ ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများစာရင်း၊ ထပ်မံ၍ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ယူဆောင်ရွက်လိုသူများ၏ စာရင်းနှင့် စေတနာ့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးမည့် စေတနာ့ဝန်ထမ်း ဆရာဝန်များ စာရင်းကိုလည်း ကောက်ယူပြီးဖြစ်ကြောင်း။

### လိုအပ်ချက်များကို ဆွေးနွေး

ယနေ့မှစ၍ စေတနာ့ဝန်ထမ်း ဆရာဝန်များအား ဆရာဖြစ်သင်တန်း (Training of Trainer)ကို အွန်လိုင်းမှ တစ်ဆင့် သက်ဆိုင်ရာ ဆရာကြီး၊ ဆရာမကြီးများက သင်ကြားပေးနေပြီ ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများ နားနေရန် အသုံးပြုနိုင်မည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ရိပ်သာ ၊ အဆောက်အဦများစာရင်းကိုလည်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရရှိထားပြီးဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများဦးရေနှင့် ရိပ်သာ အဆောက်အဦများ လုံလောက်မှုရှိအောင် ဖြည့်ဆည်းပေးရန် ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် သက်ဆိုင်ရာ ဒေသများအလိုက် လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ဝင် အတွင်းရေးမှူး (၁) ၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် Quarantine နေရာများတွင် တာဝန်ထမ်းဆောင်ကြသည့် စေတနာ့ဝန်ထမ်းများအား သင်တန်းပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များက Quarantine နေရာများအပြင် အခြားကဏ္ဍများတွင် ဆောင်ရွက်ပေးနေသော Volunteer များအတွက်ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးကိစ္စများ၊ ကောက်ယူထားသည့် စေတနာ့ဝန်ထမ်းစာရင်းများကို စိစစ်ဆောင်ရွက်မည့်ကိစ္စများ၊ စေတနာ့ဝန်ထမ်းများ နားနေရန် လုံလောက်သည့် နေရာများ ရရှိနိုင်ရေးနှင့် မြို့နယ်အဆင့် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့က ပေါင်းစပ်ဆောင်ရွက်ပေးနိုင်မည့်ကိစ္စများကိုအသီးသီး ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)

## မိုးရာသီကာလတွင် အဖြစ်များသောရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစီမံချက်လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်ရေးစည်းဝေး

**နေပြည်တော် မေ ၅**

မိုးရာသီကာလတွင် အဖြစ်များသော ရောဂါများကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစီမံချက်လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်ရေး Video Conferencing အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်စဉ်အတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်နေသော်လည်း အခြားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟင်းမှု မရှိစေရေးအတွက်ကိုလည်း အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ မိုးရာသီကာလကို ကျရောက်တော့မည်ဖြစ်သဖြင့် သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ ချီကန်ဂန်ညာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသည်းရောင်အသားဝါ အေနှင့် အီး၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ၊ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအပါအဝင် မိုးရာသီ၌ အဖြစ်များသော အခြားရောဂါများဖြစ်ပွားမှုနှင့် သေဆုံးမှုများကို လျှော့ချနိုင်ရေး ကြိုတင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရရှိထားသော စာရင်းဇယားများအရ သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံ၌ ၂၀၁၇ ၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တွင် စုစုပေါင်း ရှစ်သောင်းခန့် ဖြစ်ပွားပြီး ၄၅၀ ခန့် သေဆုံးသည်ကို တွေ့ရပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် ယခု ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကဲ့သို့ပင် သီးခြားကုသရန် ဆေးမရှိဘဲ ရောဂါလက္ခဏာများ သက်သာရန်သာကုသပေးနိုင်သည့်ရောဂါဖြစ်ပြီး နှစ်စဉ် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများမှာ ယခုလက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါထက်ပင်များပြားနေပါကြောင်း၊ အလားတူပင် အခြားကူးစက်ရောဂါများ၊ မကူးစက်နိုင်သောရောဂါများ၏ ဖြစ်ပွားမှုနှင့် သေဆုံးမှုများ လျှော့ချရန် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် လူကြီးများတွင်လည်း ဖြစ်ပွားပြီး ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်နိုင်ပါကြောင်း။

### ခြင်ခိုအောင်းနိုင်သည့် နေရာများကို ဖယ်ရှား

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ မည်မျှအတိုင်းအတာအထိ စနစ်ကျထိရောက်စွာဆောင်ရွက်နိုင်သည့် အတိုင်းအတာပေါ်တွင် ထင်ဟပ်နေပါကြောင်း၊ ထိုသို့အောင်မြင်မှုရရှိစေရေးအတွက် အဓိကအချက်ဖြစ်သော ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ ဆောင်ရွက်နေသော နည်းဗျူဟာများကဲ့သို့ပင် အသုံးပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း သွေးလွန်တုပ်ကွေးရောဂါကို သယ်ဆောင်သည့် ခြင်ကျားသည် နေအိမ်တွင်းနှင့် နေအိမ်ပတ်ဝန်းကျင်ရှိ ရေကြည်ရေသန့်တွင် ပေါက်ပွားခြင်းဖြစ်သည့်အတွက် လက်တွေ့ကျပြီး ထိရောက်သော နည်းဗျူဟာများကိုသုံးပြီး ခြင်ပေါက်ပွားမှုနေရာများ လုံးဝမရှိအောင် ဆောင်ရွက်ပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်ရန် အကြောင်းမရှိပါကြောင်း၊ ခြင်ဥမှ လောက်လမ်းပေါက်ပွားခြင်းနှင့် သက်ကြီးခြင်ကျားကောင်အဖြစ်သို့ ရောက်ရှိခြင်း မရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနည်းဗျူဟာများအပြင် ပန်းအိုး၊ ရေအိုးစသည်တို့၏ အတွင်းနံရံများကို ပွတ်တိုက်ဆေးကြောခြင်း ပြုလုပ်မှသာ ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း၊ နေအိမ်ပတ်ဝန်းကျင်တွင် ရေကြည်ရေသန့် ခိုအောင်းနိုင်သည့် နေရာများကို ဖယ်ရှားရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါဖြစ်ပွားမှုများ သိသာစွာကျဆင်းလာမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်၊ နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားအဆင့် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် အူရောင်ငန်းဖျားရောဂါများကို လက်ကိုစင်ကြယ်စွာဆေးကြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု ကောင်းမွန်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေနှင့် အစားအသောက်ကို စားသုံးခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းမှုကောင်းခြင်းတို့ဖြင့် ကာကွယ်နိုင်ပါကြောင်း၊ ယခုအခါ ပြည်သူများတွင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်ရေးအတွက် အသိပညာဗဟုသုတများ ယခင်ကထက် ပိုမိုကြွယ်ဝလာပြီဖြစ်သည့်အတွက် ရာသီတုပ်ကွေးရောဂါကိုလည်း အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးစီမံချက် ၆၈ ခုမှ တာဝန်ခံမန်နေဂျာများအနေဖြင့် ယခု ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နေရသည့် အချိန်ကာလ၌ မိမိတို့ စီမံချက်ဆိုင်ရာ စာရင်းဇယားနှင့် သတင်းအချက်အလက်စနစ် ပြည့်စုံမှန်ကန်ကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်မွမ်းမံခြင်း၊ လုပ်ငန်းနည်းဗျူဟာများ ပြန်လည်ဆန်းစစ်မွမ်းမံခြင်းတို့ကို ဆောင်ရွက်ထားရှိစေလိုပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့်လည်း ဦးစီးဌာနမှဆောင်ရွက်နေသော သုတေသနများသည် ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်လုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မှုအခြေအနေကို ပြန်လည်ဆန်းစစ်စေပြီး ယခုထက် ပိုမိုလုပ်ဆောင်စေလိုပါကြောင်း၊ ကျန်းမာရေးစီမံချက်လုပ်ငန်းများနှင့် ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီကာလ၌ ဖြစ်သော ရောဂါများဆိုင်ရာ အသုံးချသုတေသနများ ပိုမိုလုပ်ဆောင်စေလိုပါကြောင်း။



### စနစ်တကျ ပူးပေါင်းပါဝင်

ယခုကဲ့သို့ အသွားအလာကန့်သတ်ထားသည့် အချိန်ကာလအတွင်း၌ ကျန်းမာရေးစီမံချက်လုပ်ငန်းအလိုက် လုပ်ငန်းအစီအစဉ်အသေးစိတ်များကို တိုင်းဒေသကြီး/ ပြည်နယ်များမှ သက်ဆိုင်ရာ စီမံချက်တာဝန်ခံများနှင့် Video Conferencing ဖြင့် ဆွေးနွေး၍ ကိုဗစ်-၁၉ နောက်ပိုင်းကာလ၌ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ချမှတ်စေလိုပါကြောင်း၊ ထို့အပြင် ကျန်းမာရေးစီမံချက်လုပ်ငန်းများအနေဖြင့် ၎င်းတို့နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် Video Conferencing ကို အသုံးပြု၍ ကိုဗစ်-၁၉ ပြီးဆုံးကာလ၌ ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်စေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ဖြန့်ဝေထားသည် Mobile Tablet များကို အထူးဦးစားပေးအသုံးပြု၍ မိုးရာသီတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းအချက်အလက်ပေးပို့ခြင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများပေးခြင်း စသည်တို့ကို ဆောင်ရွက်စေလိုပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးဦးစားပေး၍ ဆောင်ရွက်နေသော်လည်း ကာလကြာရှည်စွာ ဆေးသောက်ရသည့် တီဘီရောဂါ၊ ခုခံအားကျရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ လူနာများအတွက် ဆေးဝါးများ မပြတ်လပ်စေရေးကိုလည်း အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိုးရာသီကာလတွင် အဖြစ်များသော ရောဂါများအပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပီပြင်ထိရောက်စေရန်အတွက် မြို့နယ်ဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၏ တက်ကြွစွာဆောင်ရွက်မှုနှင့် ပြည်သူများ၏ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ အထူးလိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ဆွေးနွေးချက်များနှင့် အကြံပြုချက်များကို မြို့နယ်ဆရာဝန်များထံသို့လည်း ထပ်ဆင့်ဖြန့်ဝေ အသိပေးသွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းစီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေရည်ရည်လင်းက အမျိုးသားအဆင့်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက် (၂၀၂၀)ရေးဆွဲထားရှိမှု၊ လုပ်ငန်းနည်းဗျူဟာများ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များကို လည်းကောင်း။

### စီစဉ်ဆောင်ရွက်ထားရှိမှုများ

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မန်နေဂျာ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းက မိုးရာသီကာလတွင် ရာသီတုပ်ကွေးရောဂါဖြစ်ပွားကူးစက်မှုများ ရှိမည်ဖြစ်သဖြင့် ကျန်းမာရေးဝန်ထမ်းများ လူနာများအားကုသစောင့်ရှောက်မှုပေးစဉ် ရောဂါကူးစက်ခံရမှုဖြစ်ပွားနိုင်ခြင်း၊ ရာသီတုပ်ကွေးရောဂါရှိသူ ကျန်းမာရေးဝန်ထမ်းများထံမှ လူနာများထံ ရောဂါထပ်ဆင့်ပြန့်ပွားနိုင်ခြင်းတို့ကို ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများအား ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း။

ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာတိုးသီရိအောင်က မိုးရာသီကာလတွင် သဘာဝဘေးအန္တရာယ်များကြောင့် ရွှေ့ပြောင်းနေထိုင်ရသူများနေထိုင်မည့် နေရာများ၊ ဒုက္ခသည်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်ရောဂါများ ပြန့်ပွားကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များကို လည်းကောင်း။

အမျိုးသားအသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက် မန်နေဂျာ ဒုတိညွှန်ကြားရေးမှူး ဒေါက်တာခင်စန္ဒာအောင်က မိုးရာသီကာလတွင် အသည်းရောင်အသားဝါ- အေ၊ အသည်းရောင်အသားဝါ - အီးနှင့် ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သံပြားကောင်ရောဂါ (Schistosomiasis) တို့ဖြစ်ပွားမှု များပြားလာမည်ဖြစ်သည့်အတွက် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေးကိစ္စရပ်ကို လည်းကောင်း တင်ပြသည်။

ဆက်လက်၍ ဗဟိုအဆင့်တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရန်အတွက် အစီအစဉ်များ၊ လက်တွေ့မြေပြင်တွင် ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လနှင့် ညောင်ရေသွန်းပွဲတော်

## လွန်းပိုးအိမ်

**မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ကဆုန်လသည် ဒုတိယမြောက်လ ဖြစ်သည်။ ကဆုန်လ၏ သဘာဝအလှတို့ကား စာဖွဲ့မကုန်နိုင်ပါချေ။ မိုးရနံ့နှင့်အတူ ဖူးပွင့်လာသော စကားဝါပန်းလေးများ၏ မွှေးရနံ့သည် ရင်ကိုအေးမြစေပါသည်။ ကဆုန်လတွင် ကျင်းပသည့် ညောင်ရေသွန်းပွဲတော်သည် စည်ကားသိုက်မြိုက်လှသော ပွဲတော်တစ်ခု ဖြစ်သည်။**

နွေရာသီကဆုန်လ၏ တောတောင်ရှုခင်းတို့မှာ လွမ်းမောဖွယ်ရှိလှပါသည်။ ဥသြငှက်လေးများ၏ လွမ်းမောဖွယ်ကောင်းသော အသံချိုလေးများမှာ ချစ်စရာကောင်းလှသည်။ ကဆုန်လပြည့်နေ့တွင် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရား အလောင်းတော် သုမေဓာရှင်ရသေ့အား ဘဒ္ဒကမ္ဘာမှာ ဘုရားအဖြစ်ကို ရလိမ့်မည်ဟု ဗျာဒိတ်စကား ဟောကြားခဲ့ပါသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ကဆုန်လပြည့်နေ့၌ ဖွားမြင်ခဲ့သည်။ ဘုရားဖြစ်တော်မူသော ရက်မှာလည်း ကဆုန်လပြည့်နေ့တွင်ဖြစ်သည်။ မြတ်ဗုဒ္ဓသည် ကဆုန်လပြည့်နေ့မှာပင် ပရိနိဗ္ဗာန်စံတော်မူခဲ့သောကြောင့် ထိုနေ့ကို ကဆုန်လပြည့် ဗုဒ္ဓနေ့ဟူ၍ ဗုဒ္ဓဘာသာဝင်များက အထွတ်အမြတ်ထားခဲ့ကြသည်။

ညောင်ရေသွန်းပွဲတော် ဓလေ့သည် မြန်မာမင်းအဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် ကျင်းပလာခဲ့သော မြန်မာ့ရိုးရာ ဘာသာရေးပွဲတော်တစ်ခုဖြစ်ပါသည်။ ညောင်ရေသွန်းပွဲတော်များကို ကျေးလက်တောရွာအနှံ့ နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ညောင်ရေသွန်းပွဲတော်များကို ပုဂံ၊ ပင်းယ၊ အင်းဝခေတ်ကပင် ဆင်နွှဲခဲ့ကြသည်။ တောင်ငူခေတ်တွင် စာဆိုတော် နတ်ရှင်နောင်၏ "ပေါ်နွေလလျှင်" ချီရတုတွင် ညောင်ရေသွန်းပွဲတော်အကြောင်းကို ထည့်သွင်းဖွဲ့ဆိုထားပါသည်။

"ပေါ်နွေလလျှင်၊တောင်ကခြိမ့်မြူး  
မင်းလွင်ဦးနှင့်၊ ပျံ့ပျူးချုပ်တိုင်း  
မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်  
ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း  
ထွေထွေစွန်းက၊ရေသွန်းသာကြည်  
ပျော်ရမည်ကို၊ မြရည်သတ်မှတ်  
ရောက်ခဲ့လတ်ဟု၊ ချစ်ထွတ်တင်သည်"

**(နတ်သျှင်နောင်)**

ကုန်းဘောင်ခေတ်စာဆိုတော် လက်ဝဲသုန္ဒရအမတ်ကြီးကလည်း "မဲဇာတောင်ခြေ" ချီရတုတွင်–

"ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်  
ရှိသေသဒ္ဒါ၊ ထုံးစဉ်လာဖြင့်  
မဲဇာရပ်သူ၊ တောင်းဆုယူသည်" ဟု ထည့်သွင်းဖွဲ့ဆိုခဲ့ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်ခြင်းနှင့် ပတ်သက်၍ မဟာအတုလမင်းကြီးက–

" မြူခြေငယ်ဝှမ်းပါလို့၊ နေဝန်းငယ်စက်ရှိန်  
တောက်လောင်ငယ်ထိန်သည်၊ ဖန်သူရိန်  
တေဇာကြောင့်၊ ပူဗျာပါကဲတဲ့လကိုလေး၊  
ရာသီငယ်ပြိုသ၊ မဟေသီလဲ၊  
ရွှေညီခလို့၊ ပန်းမြစကားဝါ၊  
ဝိသာခါနှင့်၊ တရားခြံရုံ၊ စန်းယုန်ငွေ  
ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင်ဗွေပုံမှာ၊  
လကဆုန်ညောင်ရေပွဲချိန်မို့၊ သဲလှတယ်လေး" ဟုဖွဲ့ဆိုထားပါသည်။

ကဆုန်လသည် အပူချိန်လွန်ကဲသောလ ဖြစ်သည်။ ပုရစ်ဖူး၊ ပုရစ်ငုံလေးများသည် အစီအရီ အညီအညာ၊ ကြွကြွရွရွ လှလှပပဖြင့် လောက၏ အလှတန်ဆာကို ဆင်နေပါသည်။

"ကဆုန်နယုန် လေရူးသုန်" ဟု ဆိုရိုးစကားရှိခဲ့သည့်အတိုင်း အနောက်တောင်မုတ်သုံလေ ၏ လေပြည်လေညင်းလေးများ တိုက်ခတ်စပြုပြီး ၎င်းတို့နှင့်အတူ မိုးပွင့်မိုးဖွားလေးများကို လက်ပြနှုတ်ဆက်တော့မယောင် ထင်မှားစေရပြန်သည်။ မုတ်သုံမိုးစက်များ၏ ကလူကျီစယ်မှုကြောင့် မြေသင်းရနံ့သင်းပျံ့ပျံ့ကို ခံစားရစေနိုင်ပါသည်။

စမ်းချောင်းလေးများဝယ် ရွက်ကြွေများ မျောပါလာသည်။ လိပ်ပြာရောင်စုံလေးများက မျောပါလာသော သစ်ကိုင်းခြောက်များပေါ်၌ နားခိုလိုက်ပါလာသည်။ တန်ခူး ရေကုန်၊ ကဆုန်ရေခန်းတတ်သည်။ ထန်းတက်သမားတို့ကလည်း ထန်းရည်လှိုင်ချိန်ဖြစ်၍ ထန်းတက်နေကြသည်။ မိုးမကျမီ အားသွန်ခွန်စိုက်လုံ့လ ဝီရိယစိုက်ထုတ်ကာ လုပ်ကိုင်နေကြသည်။

ညောင်ရေသွန်းပွဲတော် ကျင်းပပုံကို စာဆိုတော် မင်းဖေယျရန္တမိတ်က–

"ကဆုန်လတွင်၊ ပြာစင်ညက်ဖြူ  
ရွှေပြည်သူတို့၊ သင်းကြူကြိုင်စွာ  
ရေနံ့သာဝယ်၊ ရင်းမာကွမ်းဘူး  
စကားဦးနှင့်၊ ကွန့်မြူးလျှံမောင်း  
မွေတော်ပေါင်းကို၊ ပျံ့လောင်းကြိုင်ရှန်း  
အဲသီချင်းနှင့်၊ ပြန်တင်းရည်စောင်  
အဆောင်ဆောင်သည်  
ခါညောင်မသွန်းလှည့်လေလေ့" ဟူ၍ သီကုံးခဲ့ပေသည်။

ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြသည်။ ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ ယဉ်ကျေးမှု မြန်မာ့ဓလေ့၊ မြန်မာနည်း၊ မြန်မာ့ဟန်ဖြင့် ပေါက်ဖွားလာသော ပွဲတော်တစ်ခုဖြစ်သည်။ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းဓလေ့သည် မဇ္ဈိမဒေသနှင့် သီဟိုဠ်တို့တွင် ဘုရားပွင့်တော်မူရာ ဒေသဖြစ်သော်လည်း ရှေးကလည်း မရှိခဲ့။ ယနေ့လည်းမရှိ။ မြန်မာတို့တွင်သာ ရှိသောကြောင့် မြန်မာ့ပွဲတော်စစ်စစ်ဟု ဆိုရပေမည်။

တစ်စုံတစ်ရာ အမှုကိစ္စပေါ်ပေါက်၍ အောင်ရာအောင်ကြောင်း ဆုတောင်းသောအခါတွင် "ဘယ်ဘုရားမှာတဲ့ ဆွမ်းတော်တင် ဘယ်ပလ္လင်မှာ ညောင်ရေလောင်းလို့ ဆုတောင်းရပါမယ်" ဆိုသည့် ညောင်ရေမှာလည်း ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းသော ညောင်ရေသွန်းမှ ပေါက်ဖွားခြင်း ဖြစ်ဟန်တူသည်။ ရှေးအခါက ဘုရင့်တပ်မတော် စစ်ထွက်သော အခါတွင်လည်း နန်းတွင်းသူ လှပျိုဖြူလေးများက "အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း၊ သွန်းလောင်းညောင်ရေ အောင်ပါစေ" ဟု ဆုတောင်းလေ့ရှိသည်ကို ရေးဖွဲ့သည်။ စာဆိုတစ်ဦးကမူ –

"ညောင်ရေသွန်း ပွဲတော်သည် မြန်မာတို့၏ ယဉ်ကျေးမှု မြန်မာ့ဓလေ့၊ မြန်မာနည်း၊ မြန်မာ့ဟန်ဖြင့် ပေါက်ဖွားလာသော ပွဲတော်တစ်ခု ဖြစ်သည်။ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းဓလေ့သည် မဇ္ဈိမဒေသနှင့် သီဟိုဠ်တို့တွင် ဘုရားပွင့်တော်မူရာ ဒေသဖြစ်သော်လည်း ရှေးကလည်း မရှိခဲ့။ ယနေ့လည်း မရှိ။ မြန်မာတို့တွင်သာ ရှိသောကြောင့် မြန်မာ့ပွဲတော်စစ်စစ်ဟု ဆိုရပေမည်"

"သပြေပန်းနဲ့ သွန်းလောင်းညောင်ရေ  
အောင်မြင်စေဟု၊ အောင်စေရတု  
အောင်ကြောင်းပြု၍၊ ရုံးစုမပျက်  
ငြိမ့်ငြိမ့်ထွက်သည်  
ဘုတ်ကျက်သဘင် တပွဲတည်း" ဟူ၍ စပ်ဆိုခဲ့သည်။

ကဆုန်လသည် အပူချိန်လွန်ကဲ၍ ခြောက်သွေ့သောလ ဖြစ်သည့်အလျောက် တောင်သူဦးကြီးများလည်း အလုပ်နားကြသည်။ ထို့ကြောင့် ညောင်ရေသွန်းပွဲတော်ကို ငြိမ့်ငြိမ့်သဲမျှ စည်ကားစွာကျင်းပကြသည်။ ကဆုန်လပြည့်နေ့ မရောက်မီ တစ်ရက်အလိုတွင် ရေသွန်းလောင်းကြမည့် ညောင်ပင်ကို အမွှေးနံ့သာများ ဖျန်းပေးခြင်း၊ ထုံးသုတ်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းထားခြင်းများ ပြုလုပ်ကြသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဆင်ယင်ကျင်းပသော ညောင်ရေသွန်းပွဲတော်သည် ကျက်သရေ ရှိလှသည်။ ရေအိုးများ ကိုယ်စီရွက်၍ ဗောဓိညောင်ပင်ရှိရာသို့ ရေစင်သွန်းလောင်းရန် သွားကြသော ဗုဒ္ဓဘာသာမြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ ပုံရိပ်မှာလည်း မြန်မာ့ဟန်၊ မြန်မာ့သဏ္ဌာန်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့ကာ အလှတွေ ဝေဖြာနေပါသည်။

ညောင်ရေသွန်းပွဲတော်မှာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သကဲ့သို့ ကုသိုလ်ယူစရာ၊ ဝမ်းသာကြည်နူးစရာပွဲတော်လည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာလူမျိုးများသည် ကဆုန်လရောက်တိုင်း ညောင်ရေသွန်းလောင်းရမည့် အချိန်ကာလကို စောင့်မျှော်လျက်ရှိကြပါတော့သည်။

# ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရန် အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများက ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများလှူဒါန်း

**ရန်ကုန် မေ ၅**

ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများက ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း အစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။



ယင်းလှူဒါန်းမှုကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော အထူးကုန်တင် လေယာဉ်သည် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ဆိုက်ရောက်လာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူမား က မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများအား လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က လက်ခံရယူသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး က "မြန်မာအစိုးရရဲ့ အကူအညီတောင်းခံလာမှုအရ အခုလိုလှူဒါန်းတာပါ။ ကိုဗစ်–၁၉ ရောဂါ ကုသတဲ့အခါမှာ အဓိက အရေးကြီးဆေးဝါးတွေအပြင် ကျန်းမာရေးနဲ့ပတ်သက်တဲ့ အထောက်အကူပြုပစ္စည်းတွေဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ ဆက်ဆံရေးဟာ အမြဲတမ်းတိုးတက်နေတာ ဖြစ်တဲ့အတွက် ဆက်လက်ပြီးတော့လည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လိုအပ်ချက်တွေကို ကူညီသွားဖို့ရှိပါတယ်" ဟုပြောသည်။

ယနေ့လှူဒါန်းမှုမှာ အမေရိကန်ဒေါ်လာ ကိုးသိန်းခန့် တန်ဖိုးရှိဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်း ၁၃ မျိုးဖြစ်ပြီး ဆက်လက်လှူဒါန်းမှုများ ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရသည်။

အလားတူ မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်ထံမှ သိရသည်။

**ဇော်ကြီး၊ ဓာတ်ပုံ– ဖေဇော်**

# တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများလှူဒါန်း



ရန်ကုန် မေ ၅

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းက ဦးဆောင်ကာ ပိုးလမ်းမတစ်လျှောက် အရပ်ဘက်အဖွဲ့အစည်းများ လက်တွဲပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ(PPE) နှင့် နှာခေါင်းစည်း အပါအဝင် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနသို့ လှူဒါန်းသည့် အစီအစဉ်ကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလမ်းရှိ ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ(၂) ၌ ပြုလုပ်သည်။

အဆိုပါအစီအစဉ်တွင် တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် တစ်ကိုယ်ရေ ကာကွယ်ရေး ဝတ်စုံ(PPE) အစုံ ၃၆၀၀၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၁,၂၀၀,၀၀၀၊ မျက်နှာဖုံး (Medical Eye Shields) ၉၇၀၀၊ ကိုယ်အပူချိန်တိုင်း ကိရိယာ ၈၀၀ စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၈၅၄,၅၀၀,၀၀၀ တို့ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအတွက် ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၃၀၀,၀၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကူညီမှုအနေဖြင့် ဧပြီ ၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အဖွဲ့ဝင် ၁၂ ဦး ပါဝင်သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အဖွဲ့အား စေလွှတ်ပေးမှုနှင့်အတူ ဆေးဝါး ကုသမှုဆိုင်ရာ အထောက်အကူပြု ပစ္စည်းများနှင့် အသက်ရှူစက်ကိရိယာများကိုလည်း ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# သီပေါမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

သီပေါ မေ ၅

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင် ဖွဲ့စည်းပုံစံငါးချက်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်မြေ (၁)၊ (၂)ခွဲခြားရာတွင် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေပုဒ်မ (၄) အပိုဒ်ခွဲ(၁)၌ "မြို့နယ်အတွင်းရှိ မဲဆန္ဒနယ် တစ်နယ်နှင့် တစ်နယ်၏ လူဦးရေကွာဟမှုမကြီးမားစေရေး"ဟု ဖော်ပြပါရှိသဖြင့် သက်ဆိုင်ရာ မြို့နယ်ရှိလူဦးရေစာရင်းကို အခြေခံပြီး လူဦးရေကွာဟမှုနည်းပါးစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက မဲဆန္ဒနယ်မြေ(၁)၊ (၂) သတ်မှတ်ရာတွင် လူဦးရေကွာဟမှုမရှိစေရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ သီပေါမြို့နယ်အနေဖြင့် ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ရပ်ကွက် ၁၁ ရပ်ကွက်တို့တွင် အသက် ၁၈ နှစ်နှင့်အထက် ၁၄၀၀၀၀ခန့်နှင့် ၁၀ နှစ်အောက် ၅၀၀၀၀ ခန့်ရှိပြီး မဲရုံပေါင်း ၁၁၄ရုံဖွင့်လှစ်နိုင်ရန် သတ်မှတ်လျာထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ၅-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၃၅၄၄၅ | ၁၈၈၀၆၉ | ၇၀၁၂၉ |
| ၂။ | စပိန် | ၂၅၀၅၆၁ | ၁၅၄၇၁၈ | ၂၅၆၁၃ |
| ၃။ | အီတလီ | ၂၁၁၉၃၈ | ၈၂၈၇၉ | ၂၉၀၇၉ |
| ၄။ | ဗြိတိန် | ၁၉၀၅၈၄ | စိစစ်ဆဲ | ၂၈၇၃၄ |
| ၅။ | ပြင်သစ် | ၁၆၉၄၆၂ | ၅၁၃၇၁ | ၂၅၂၀၁ |
| ၆။ | ဂျာမနီ | ၁၆၆၃၀၄ | ၁၃၅၁၀၀ | ၆၉၉၃ |
| ၇။ | ရုရှား | ၁၅၅၃၇၀ | ၁၉၈၆၅ | ၁၄၅၁ |
| ၈။ | တူရကီ | ၁၂၇၆၅၉ | ၆၈၁၆၆ | ၃၄၆၁ |
| ၉။ | ဘရာဇီး | ၁၀၈၆၂၀ | ၄၅၈၁၅ | ၇၃၆၇ |
| ၁၀။ | အီရန် | ၉၉၉၇၀ | ၈၀၄၇၅ | ၆၃၄၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၅-၅-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၉၁၄၀ | ၁၄၅၇ | ၁၈ |
| အင်ဒိုနီးရှား | ၁၂၀၇၁ | ၂၁၉၇ | ၈၇၂ |
| ဖိလစ်ပိုင် | ၉၆၈၄ | ၁၄၀၈ | ၆၃၇ |
| မလေးရှား | ၆၃၈၃ | ၄၅၆၇ | ၁၀၆ |
| ထိုင်း | ၂၉၈၈ | ၂၇၄၇ | ၅၄ |
| ဗီယက်နမ် | ၂၇၁ | ၂၃၂ | ၀ |
| မြန်မာ | ၁၆၁ | ၄၉ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၃၁ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၃၂၉ | ၁၆၁ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၄၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၄၅၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၂၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၆၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၅-၅-၂၀၂၀ ရက်၊ ည(၁၁:၁၅)နာရီ

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၅

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မကွေးမြို့၊ အောင်လံမြို့၊ ပဲခူးမြို့၊ သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့၊ ဘားအံမြို့၊ မြဝတီမြို့၊ လှိုင်းဘွဲ့မြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၅ ဒသမ ၈၅၉ သန်း၊ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၇၈၉ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ဖေဖော်ဝါရီလ | | မတ်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | စက်မှုကဏ္ဍ | ၂၁ | ၁၇၉.၄၈၇* | ၁၁ | ၄၂.၅၈၅* |
| ( ခ ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၁.၀၆၆ | ၁ | ၄.၆၀၀ |
| ( ဂ ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၆.၈၃၄ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၅.၄၈၆ | ၂ | ၄၀.၇၇၀ |
| ( င ) | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | - | ၃၅၂.၈၂၀* | - | - |
| ( စ ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | ၇.၀၀၀* | - | - |
| | စုစုပေါင်း | ၂၆ | ၅၄၅.၈၅၉ | ၁၅ | ၉၄.၇၈၉ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် ၁၀၀၄၆၁ ဒသမ ၀၇၁ သန်းနှင့် ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် ၁၉၅၄၇၇ ဒသမ ၉၁၅ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ဖေဖော်ဝါရီလ | | မတ်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) |
| (က) | စက်မှုကဏ္ဍ | ၆ | ၃၅၇၄၁.၆၂၄* | ၄ | ၂၆၁၄၁.၀၉၂ |
| ( ခ ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂ | ၄၇၉၈၅.၀၀၀ | ၃ | ၅၄၄၂၁.၈၂၃* |
| ( ဂ ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၁ | ၈၀၀.၀၀၀ | - | - |
| (ဃ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၅၈၀၀.၀၀၀ | - | - |
| ( င ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၁၀၁၃၄.၄၄၇ | ၃ | ၁၁၄၉၁၅.၀၀၀ |
| | စုစုပေါင်း | ၁၄ | ၁၀၀၄၆၁.၀၇၁ | ၁၀ | ၁၉၅၄၇၇.၉၁၅ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၆။ ၂၀၂၀ ပြည့်နှစ်ဖေဖော်ဝါရီလနှင့် မတ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဖေဖော်ဝါရီလ | မတ်လ |
| (က) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၆၅ |
| ( ခ ) | စက်မှုကဏ္ဍ | ၂၀၄၂၉* | ၁၄၈၂၅* |
| ( ဂ ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၄ | ၆၁ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၆၅ | ၄၀ |
| | စုစုပေါင်း | ၂၀၈၁၈ | ၁၄၉၉၁ |

*လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။

၇။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဖေဖော်ဝါရီလ | မတ်လ |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၅၅ | - |
| ( ခ ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၅၅ | - |
| ( ဂ ) | စက်မှုကဏ္ဍ | ၁၂၅၆ | ၂၃၄၁ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၇၉ | ၉၄ |
| ( င ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၁၁ | ၉၆ |
| | စုစုပေါင်း | ၁၈၅၆ | ၂၅၃၁ |

❍ *ကျောဖုံးမှ*

ငွေကျပ်သိန်း ၂၂၀ တန်ဖိုးရှိ အသက်ရှူအထောက်အကူပြု ကိရိယာတစ်လုံး၊ Asia Myanmar Shining Star Investment Co.,Ltd (Wyndham Grand Yangon Hotel) က ငွေကျပ် ၁၄၅၀၀၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ ဆန်အိတ် ၅၀၀၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်နီလာ မိသားစုက ငွေကျပ် ၁၆၂၅၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်း ၇၅၀၊ ဦးဝင်းမင်း-ဒေါ်အိအိမွန် မိသားစုက ငွေကျပ် ၁၃၇၅၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၄၀၊ နှာခေါင်းစည်း ၇၅၀၊ ဦးဇော်မင်း-ဒေါက်တာဒေါ်တင်မြင့် မိသားစု(မင်္ဂလာကုမ္ပဏီ)က ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ Yangon Crown Co.Ltd & Times City Project က ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀၊ Health Care Group (Yangon Myanmar) က ငွေကျပ် သိန်း ၂၇၅၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ Beauty World Co.,Ltd က ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ နှာခေါင်းစည်း ၆၀၀၀၊ A1 မီးစက်နှင့် စက်ကိရိယာ ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ ပစ္စည်းများ၊ Winner Super Top ဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ နှာခေါင်းစည်း ၁၀၀၀ တို့ကို လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

သုံးခွ-ရန်ကုန် (၃၄)ယာဉ်လိုင်းကြီးကြပ်ရေးမှူး ဦးခင်ထွန်းက “(၃၄)လိုင်းတွင် ယာဉ်အစီးရေ ၃၉ စီးရှိပြီး မေ ၄ ရက်ကစကာ ၁၀ စီး စတင်ပြေးဆွဲပါတယ်။ ခရီးသွားလာမှုအပေါ် မူတည်ပြီး အတိုးအလျှော့ပြုလုပ်ပေးပါတယ်။ ခရီးစဉ်စ-ဆုံး ယာဉ်စီးခသတ်မှတ်နှုန်းက တစ်ဦးကို ငွေကျပ် ၅၀၀ ဖြစ်ပါတယ်။ သိမ်ဖြူဂိတ်ကနေ ညနေ ၅ နာရီ နောက်ဆုံးထား ပြေးဆွဲပေးပါတယ်။ ကားတွေကိုလည်း ပိုးသတ်ဆေးဖျန်းပါတယ်။ လက်ဆေးကန်တွေလည်း ဂိတ်မှာ ပြုလုပ်ထားပါတယ်” ဟု ပြောသည်။

အဆိုပါယာဉ်လိုင်းကို မေ ၄ ရက် နံနက် ၅ နာရီတွင် ပြန်လည်ပြေးဆွဲခြင်းဖြစ်ပြီး ကိုရင်အေးနှင့်အဖွဲ့က နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

## မန္တလေးမြို့ မန်းမြန်မာပလာဇာရှိ ဈေးဆိုင်ခန်းများမှ ပစ္စည်းများ စနစ်တကျထုတ်ယူခွင့်ပြု

**မန္တလေး မေ ၅**

ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးများပိတ်ထားခဲ့ရာ အချိန်ကြာမြင့်လာသည်နှင့် ဈေးသူ ဈေးသားများ အရောင်းအဝယ် အခက်အခဲမရှိစေရန်အတွက် မန္တလေးမြို့ မန်းမြန်မာပလာဇာရှိ ဈေးဆိုင်ခန်းများမှ ပစ္စည်းများအား ဆိုင်ရှင်များကို မေ ၄ ရက်နှင့် ၅ ရက်တွင် စနစ်တကျ ထုတ်ယူခွင့်ပြုခဲ့သည်။ **(ယာပုံ)**



“မန်းမြန်မာပလာဇာအတွင်းက ဆိုင်ရှင်တွေကို အုပ်စု ကိုးစုခွဲပြီး သူ့အချိန်သတ်မှတ်ချက်နဲ့သူ ပစ္စည်းတွေ သယ်ယူဖို့ ဝင်ခွင့်ပြုခဲ့ပါတယ်။ ဝင်တဲ့အခါမှာ ဆိုင်ရှင်ရယ်၊ အလုပ်သမားရယ်၊ စည်ပင်သာယာက တစ်ဦးရယ် ပါဝင်ပြီး ၁၀ ဆိုင် ဝင်ခွင့်ပြုတယ်။ သယ်ယူချိန် မိနစ် ၃၀ ပေးထားတယ်။ အများဆုံး သယ်ယူတာကတော့ အဝတ်အထည်တွေပါပဲ” ဟု အဆိုပါ ဈေးအကျိုးတော်ဆောင် ဦးနိုင်ဦးက ပြောသည်။

“ပစ္စည်းတွေသယ်ယူတဲ့နေရာမှာ လူစုလူဝေးမဖြစ်စေဖို့အတွက် ကိုယ့်အလှည့်မတိုင်မီ ၁၅ မိနစ်ထက်စောပြီး မလာဖို့၊ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း တပ်ဆင်ရေး၊ အဝင်အထွက်လမ်းတွေ မထပ်စေဖို့အတွက် ဝင်ပေါက်တွေ သတ်မှတ်ပေးထားခြင်း၊ လုံခြုံရေးအတွက် စည်ပင်သာယာက စီစဉ်ပေးထားတဲ့ လည်ဆွဲကတ်ပြားတွေ တပ်ဆင်ရေး၊ ဈေးအတွင်း ဝင်ရောက်သူတွေနဲ့အတူ စည်ပင်သာယာဝန်ထမ်း တစ်ဦးစီ လိုက်ပါစောင့်ကြည့်ရေး၊ သော့ဖွင့်ထုတ်ယူနေစဉ်မှာလည်း သော့ဖွင့်စာရင်းကို ဆိုင်ရှင်တွေရဲ့ လက်မှတ်ထိုးနဲ့အတူ ကောက်ယူခြင်း၊ သက်ဆိုင်ရာ လိုင်းကိုယ်စားလှယ်တွေက အပြင်ကနေ ကြီးကြပ်တာတွေ ဆောင်ရွက်ထားပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ သယ်ယူခွင့်ပြုရာသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာန၊ ဈေးဌာနခွဲ၊ ဒုတိယဌာနခွဲမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများ၊ စည်ပင်သာယာရဲတပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ပစ္စည်းသယ်ယူခွင့်နှင့် ပတ်သက်၍ ဈေးအကျိုးတော်ဆောင် အဖွဲ့နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနတို့ ညှိနှိုင်းဆွေးနွေးချက်အရ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး ကြိုတင်လျှောက်ထားသူများကိုသာ စိစစ်၍ ဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အလားတူ မန္တလေးဈေးချိုတော်ရှိ ဈေးဆိုင်ခန်းများမှ ဆိုင်ရှင်များကိုလည်း ဧပြီ ၂၇ ရက်က ပစ္စည်းများ သယ်ယူရန် ကြိုတင်လျှောက်ထားသူများကို ပစ္စည်းများ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ အစိုးရကိုယ်စားလှယ်များနှင့် NCA-S EAO ကိုယ်စားလှယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## မေ ၈ ရက်တွင် နှစ်ဖက်ကိုယ်စားလှယ်များ တွေ့ဆုံနိုင်ရန်စီစဉ်လျက်ရှိ

**ရန်ကုန် မေ ၅**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး ဦးဆောင်သည့် ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်အဖြစ် ဦးမျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### လူသားချင်းစာနာထောက်ထားမှုအလေးထား

ဆွေးနွေးမှုများနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ကော်မတီဒုတိယဥက္ကဋ္ဌက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၈) ဖွဲ့ထံကို အခုကော်မတီ ဖွဲ့စည်းထားကြောင်းနဲ့ ညှိနှိုင်းမှုတွေ ဆောင်ရွက်ဖို့ အကြောင်းကြားစာ ပေးပို့ထားကြောင်း ရှင်းပြပါတယ်။ အဲဒီထဲက (၁၄) ဖွဲ့ကတော့ ဆက်သွယ်မှုနဲ့အတူ စပြီးဆောင်ရွက်နေပြီလို့ ပြောပြပါတယ်။ ဒီနေ့က ပထမဦးဆုံး ဆောင်ရွက်တာဖြစ်ပြီး နောက်နှစ်ရက်လောက်နေရင် NCA လက်မှတ်ရေးထိုးထားတဲ့ EAO (၁၀) ဖွဲ့နဲ့ အွန်လိုင်းမှာ ဆွေးနွေးမယ်။ လိုအပ်တာတွေကိုတော့ တစ်ဖွဲ့ချင်းစီ ဆက်လက်ဆွေးနွေးမယ်။ ကိုဗစ်-၁၉ က ကျွန်တော်တို့ တစ်မျိုးသားလုံးအတွက် အရေးကြီးသလို လူသားချင်းစာနာထောက်ထားမှုမှာလည်း ဒီကိစ္စက အလေးထားရမှာဖြစ်တဲ့အတွက် လက်မှတ်ထိုးတဲ့ အဖွဲ့ရော၊ လက်မှတ်မထိုးတဲ့အဖွဲ့ရော အားလုံး ပါဝင်ပြီးတော့ ဆက်သွယ်ဆောင်ရွက်မယ်လို့ ကော်မတီဒုတိယဥက္ကဋ္ဌက ရှင်းပြသွားပါတယ်" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရာတွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT) ဖြင့် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်သည်။

NCA-S EAO ကိုယ်စားလှယ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းက "ဒီနေ့တွေ့တာကတော့ တရားဝင်ဆွေးနွေးပွဲတွေ ဖြစ်ဖို့အတွက် အလွတ်သဘော တွေ့တဲ့သဘောပါ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဘယ်လိုလုပ်မလဲဆိုတာကို ပြင်ဆင်တယ်၊ စီစဉ်တယ်။ အဓိကကတော့ နိုင်ငံတော်သမ္မတက တာဝန်ပေးပြီး ညွှန်ကြားထားတဲ့ အကြောင်းအရာတွေ ဆွေးနွေးတယ်။ EAO တွေကလည်း ကိုဗစ်-၁၉ ဆိုင်ရာနဲ့ ပတ်သက်ပြီး ဘာတွေဆောင်ရွက်ထားတယ်။ ရှေ့ဆက် ဘာတွေ ပြင်ဆင်ဆောင်ရွက်သွားမယ်ဆိုတာကို ဆွေးနွေးပါတယ်။ အခုလတ်တလောမှာတော့ အားလုံးသိတဲ့အတိုင်း နယ်စပ်အသီးသီးက ပြန်လာကြမယ့် ရွှေ့ပြောင်းအလုပ်သမားကိစ္စအရေးတွေကို ဘယ်လိုပုံစံမျိုးနဲ့ စဉ်းစားဆောင်ရွက်မလဲဆိုတာမျိုးပေ့ါ။ ဆွေးနွေးရမယ့် အကြောင်းအရာတွေကိုပဲ ဆွေးနွေးတာပါ။ အသေအချာတော့ တရားဝင်တော့ မဆွေးနွေးရသေးပါဘူး။

NCA-S EAO တွေအနေနဲ့ကတော့ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ဆောင်ရွက်တာ အဓိကအနေနဲ့ နှစ်ပိုင်းရှိမယ်။ နံပါတ်တစ်အနေနဲ့ ကာကွယ်ထိန်းချုပ်ရေးအပိုင်း၊ နံပါတ်နှစ်အနေနဲ့ကတော့ ကုသရေးအပိုင်းပေ့ါ။ ကုသရေးအပိုင်းနဲ့ ပတ်သက်ရင်တော့ EAO တွေဘက်မှာ အခက်အခဲရှိမယ်။ အဲဒီအခါကျရင် အစိုးရနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မယ်ဆိုတာ ပြင်ဆင်ရမယ်" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် NCA-S EAO ကိုယ်စားလှယ်များသည် မေ ၈ ရက်တွင် နှစ်ဖက်တွေ့ဆုံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### နည်းပညာနဲ့ အခြားလိုအပ်တဲ့ပစ္စည်းတွေ ကူညီဖို့ကမ်းလှမ်း

ဦးမျိုးဝင်းက " အကြမ်းဖျင်းအနေနဲ့တော့ မေ ၈ ရက်မှာ နှစ်ဖက် တွေ့ဖို့ လျာထားပါတယ်။ အဲဒီလို တွေ့နိုင်ဖို့အတွက်လည်း ကြိုးစားနေပါတယ်။ အခုလောလောဆယ်မှာတော့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအပိုင်းမှာ ဘာတွေလိုအပ်မလဲပေ့ါ။ အစိုးရအနေနဲ့ကတော့ နည်းပညာနဲ့ အခြားလိုအပ်တဲ့ပစ္စည်းတွေ ကူညီဖို့ ကမ်းလှမ်းတယ်။ ဒါကတော့ တစ်ဖွဲ့ချင်းစီရဲ့ ထူးခြားမှုနဲ့ တစ်ဖွဲ့ချင်းစီရဲ့ နယ်မြေအလိုက် လိုအပ်မှုကိုပဲ စဉ်းစားဆောင်ရွက်ရမှာပါ" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်တွင် သမ္မတရုံး အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ လုပ်ငန်းတာဝန် (၇) ခုကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- HMS**



ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ အစိုးရကိုယ်စားလှယ်များနှင့် NCA-S EAO ကိုယ်စားလှယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၅**

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ကဏ္ဍများတွင် ဖြစ်နိုင်ခြေရှိသည့် ထိခိုက်မှုများနှင့် ပြန်လည်ကုစားပေးရမည့် အစီအစဉ်များ ဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့်အတူ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်က ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ အသိပညာပေးခြင်း၊ ဝင်ငွေဆုံးရှုံးသွားသည့် လယ်သမားများအား မိုးရာသီအမီ စိုက်ပျိုးနိုင်ရန် ငွေကြေးထောက်ပံ့ခြင်း/ ချေးငှားခြင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်ရှာဖွေမှုအတွက် အကြံဉာဏ်ပေးခြင်း၊ Cash for Work အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီအောက်တွင်ပါဝင်သည့် ဦးစီးဌာနများက မိမိတို့၏ သက်ဆိုင်ရာ ကဏ္ဍများတွင် ကာလတို၊ ကာလရှည် ပိုင်းခြားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကူးစက်ရောဂါ ထိန်းချုပ်နိုင်ပြီး နောက်ပိုင်းကာလများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးအခြေခံ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်ဖန်တီးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများတွင် ထိခိုက်မှုလျော့နည်းသက်သာစေရေး၊ ဒေသအလိုက် မတူညီနိုင်သည့် အခြေအနေအရပ်ရပ်အပေါ် ပိုင်းခြားသုံးသပ်ပြီး တစ်ပြေးညီ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် လက်ရှိ ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်ရေးကာလနှင့် ပြန်လည်ထူထောင်ရေး ကာလများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထွက်ရှိလာမည့် ထုတ်ကုန်များ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များကို လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာပြန့်ပွားရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေး အစီအမံများကို လည်းကောင်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# ပူတာအိုမြို့နယ်၌ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးနေရာများတွင် ပိုးသတ်ဆေးဖျန်း

**ပူတာအို မေ ၅**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာထားရှိသော ကျောင်းများသို့ ယမန်နေ့က ပိုးသတ်ဆေးဖျန်းပေးသည်။

ဂျူဗလီကျောင်းတွင် နှစ်ဦး၊ မာမိန်ကျောင်းတွင် ၁၀ ဦး၊ ဇီအွန်ကျောင်းတွင် တစ်ဦးထားရှိရာ အဆိုပါကျောင်းများသို့ ပိုးသတ်ဆေးများ ဖျန်းပေးခဲ့သည်။ ထို့အပြင် ပူတာအိုခရိုင်လူငယ်ရေးရာကော်မတီအနေဖြင့် ဧပြီ ၃၀ ရက်တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာများဖြစ်သည့် လုံရှာယာန်ကျောင်းတွင် ၁၃ ဦး၊ ဖတ်မာကျောင်း တွင် သုံးဦး၊ မူလာဒီကျောင်းတွင် ၂၃ ဦး၊ မူလာရှီးဒီကျောင်းတွင် တစ်ဦး၊ လေယာဉ်ကွင်းကျောင်းတွင် နှစ်ဦး အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ အဆိုပါနေရာများသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန် (ပူတာအို)**

# သစ်ပင်များကပြောသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ

ဒေါက်တာညီညီကျော် (သစ်တော)

**သစ်တောသစ်ပင်များသည် လူသားတို့အတွက် လိုအပ်သည့် သစ်နှင့် သစ်တောထွက်ပစ္စည်းများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့မျှမက သစ်တောသစ်ပင်များသည် ကျွန်ုပ်တို့ခန္ဓာကိုယ် အတွင်းရှိ အဆုတ်ကဲ့သို့ ကမ္ဘာ့လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူရှူသွင်းပြီး အောက်ဆီဂျင်ဓာတ်ငွေ့ ပြန်ထုတ်ပေးသည့်အတွက် Lungs of the Earth ဟု တင်စားခေါ်ဝေါ်ကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို သစ်တောသစ်ပင်များက ထိန်းညှိလျှော့ချပေးသည့် ယန္တရားလုပ်ငန်းစဉ်တစ်ခုကို စွမ်းဆောင်ပေးလျက်ရှိသည်။ ကမ္ဘာကြီးပေါ်တွင် ဖြစ်ပျက်နေသော ရာသီဥတုပြောင်းလဲမှုများ ဥပမာအားဖြင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်မားခြင်း၊ မီးလောင်ခြင်းစသည်တို့ကို သစ်ပင်များက နှစ်အလိုက်၊ ရာသီအလိုက် မှတ်တမ်းတင်ထားကြသဖြင့် လွန်ခဲ့သောနှစ်များစွာအတွင်း ဖြစ်ပျက်ခဲ့သည့် ရာသီဥတုဖြစ်စဉ်များကို သစ်ပင်များမှတစ်ဆင့် ပြန်လည်ရှာဖွေ ဖော်ထုတ်သိရှိနိုင်သည်။**

ထို့မျှမက အတိတ်ကာလ ရာသီဥတုအခြေအနေများကို သရုပ်ခွဲလေ့လာဆန်းစစ်ပြီး လာမည့်နှစ်များအတွင်း ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများကိုလည်း သိပ္ပံပညာရှင်များက ခန့်မှန်းတွက်ချက် ဖော်ပြနိုင်ပါသည်။ သစ်ပင်တို့တွင် ဖြစ်ပေါ်နေသော နှစ်ကွင်းများ (Tree Rings) မှတစ်ဆင့် သမိုင်းဖြစ်စဉ်များကို ပြန်လည်ဖော်ထုတ်သည့်ပညာရပ်ကို အင်္ဂလိပ်ဘာသာဖြင့် Dendrochronology ဟု ခေါ်ပါသည်။ ၎င်းပညာရပ်ကို လေ့လာခြင်းဖြင့် ရှေးဟောင်းသုတေသနလုပ်ငန်းများ၊ ရေဒီယိုကာဗွန် (C14) ကို သရုပ်ခွဲဆန်းစစ်ပြီး သမိုင်းဖြစ်စဉ်များဖော်ထုတ်ခြင်း၊ အတိတ်ကာလ ရာသီဥတုဖြစ်စဉ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖြစ်ရပ်များကို သစ်ပင်များ၏ နှစ်ကွင်းအကျယ် (Ring width) ကို တိုင်းတာတွက်ချက် သိရှိနိုင်ခြင်းနှင့် သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူပြုစေခြင်း ဥပမာ၊ သစ်ပင်တို့၏ ကြီးထွားနှုန်း၊ သစ်ပင်စု သိပ်သည်းမှု စသည်တို့ကို တွက်ချက်သိရှိနိုင်ပါသည်။


### စက်ဝိုင်းပုံသဏ္ဌာန်ရှိသော အကွင်းလေးများ

သစ်ပင်များသည် ကမ္ဘာပေါ်တွင် နှစ်သန်းပေါင်း ၃၈၀ ကတည်းက ဖြစ်ပေါ်တည်ရှိခဲ့ပြီး အပင်၏ပုံသဏ္ဌာန်၊ အမျိုးအစား၊ သဘာဝအတိုင်းဖြစ်စဉ်များအရ သစ်ပင်ကြီးများတွင် ပင်စည် (Woody stem) များသည် သစ်ပင်ရှင်သန်ရပ်တည်နိုင်ရေး အပင်ဇီဝကမ္မဖြစ်စဉ်များ ဆောင်ရွက်ရန် အစာရေစာသယ်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ပင်စည်၏အတွင်းပိုင်းမှ ဖွံ့ဖြိုးလာပြီး အပြင်ဘက်သို့ ကြီးထွားကာ ပြင်ပရာသီဥတု (မိုးရေချိန်၊ အပူချိန်) သက်ရောက်မှုကြောင့် ကြီးထွားမှုရပ်ဆိုင်းသည့် ကာလတွင် ပင်စည်၌ နှစ်ကွင်း (Annual Ring) ဖြစ်ပေါ်လေ့ရှိသည်။ သစ်ငုတ်တစ်ခု၏ ဖြတ်ပိုင်းပုံကို အပေါ်မှ ကြည့်ရှုပါက စက်ဝိုင်းပုံသဏ္ဌာန်ရှိသော အကွင်းလေးများကို မြင်နိုင်ပါသည်။ အပြင်ဘက်ရှိ နှစ်ကွင်းသည် အတွင်းဘက်ရှိ နှစ်ကွင်းထက် ပိုမိုသက်တမ်းနုပြီး နှစ်ကွင်းများသည် ရာသီဥတုဖြစ်စဉ်ကြောင့် အကျဉ်းအကျယ်ကွာခြားသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ ပင်စည်တွင် နှစ်ကွင်းများဖြစ်ပေါ်စေသည့် အကြောင်းရင်း သုံးခုရှိသည်။ ၎င်းတို့မှာ မိုးရွာသွန်းသည့် ကာလပြတ်တောက်ခြင်း (No Precipitation)၊ အပူချိန် လွန်စွာလျော့ကျခြင်း (Very Low Temperature) နှင့် ရေလွှမ်းမိုးခြင်း (Inundation) တို့ ဖြစ်သည်။ အပင်နှစ်ကွင်းများကို လေ့လာသည့်ပညာရပ်သည် ၁၉၈၀ နှစ်များတွင် စတင်ခဲ့ကြပြီး အထူးသဖြင့် နှစ်ကွင်းများ ထင်ရှားစွာတွေ့မြင်ရသည့် အအေးပိုင်းဒေသ ထင်းရှူးနှင့် ဝက်သစ်ချသစ်မျိုးများကို လေ့လာခဲ့ကြရာ Bristlecone ထင်းရှူးမျိုးမှ နှစ်ပေါင်း ၈၆၀၀ နှင့် Hohenheim Oak ဝက်သစ်ချမျိုးမှ နှစ်ပေါင်း ၁၂၅၀၀ အထိ နှစ်ကွင်းများကို လေ့လာနိုင်ခဲ့ကြသည်။



ကျွန်းသစ် နမူနာပင်စည်ဖြတ်ပိုင်းတွင် တွေ့ရှိရသော နှစ်ကွင်းများ။

အပူပိုင်းဒေသနိုင်ငံများတွင် သစ်ပင်နှစ်ကွင်းများမှ ပြောင်းလဲဖြစ်ပေါ်ခဲ့သည့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများကို လေ့လာကြသည်မှာ မကြာသေးပါ။ အပူပိုင်းဒေသတစ်ခုဖြစ်သည့် အရှေ့တောင်အာရှဒေသနိုင်ငံများတွင် ကျွန်းကဲ့သို့သော နှစ်ကွင်းထင်ရှားစွာမြင်ရသည့်အပင်များကို သုတေသနပြု လေ့လာခဲ့ကြသည်။ မြန်မာနိုင်ငံ သစ်တောသုတေသနဌာနသည် အမေရိကန်ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ်၊ ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်၊ ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ်တို့နှင့် နှစ်ကွင်းသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကျွန်းပင်များ၏ ကြီးထွားမှုသည် မိုးရွာသွန်းမှုကာလနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကဲ့သို့သော နိုင်ငံများတွင် မုတ်သုံရာသီကာလ (မေလမှ အောက်တိုဘာလ) အတွင်း ရွာသွန်းသော မိုးရေချိန်နှင့် တိုက်ရိုက်ဆက်စပ်ကြောင်း သုတေသီများက ဖော်ထုတ်လေ့လာနိုင်ကြသည်။ မိုးရွာသွန်းမှုများသောနှစ်တွင် နှစ်ကွင်းများကျယ်ပြီး ခြောက်သွေ့ကာလ မိုးနည်းသောနှစ်တွင် နှစ်ကွင်းများ ကျဉ်းမြောင်းသည်ကို တွေ့ရှိသည်။ ထို့အပြင် ပင်စည်ပေါ်ရှိ နှစ်ကွင်းများ၏ အချင်းကို လေ့လာပြီး ထိုနှစ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်နှင့် ထူးခြားသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာဖော်ထုတ်ကြသည်။ (ဥပမာ၊ အယ်နီညိုဖြစ်စဉ်စက်ဝန်းကို လေ့လာဖော်ထုတ်ပြီး နောင်ဖြစ်လာနိုင်သည့်နှစ်ကို ခန့်မှန်းခြင်း) ထို့အပြင် မုတ်သုံရာသီ၏ဖြစ်စဉ် (Monsoon Rhythm) ကိုလည်း တွက်ချက်ဖော်ထုတ်ခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကာမြို့ဟောင်းသည် ၁၅ ရာစုအတွင်း ဆိုးရွားစွာ ရေလွှမ်းမိုးမှုနှင့် ကြာမြင့်စွာမိုးခေါင်မှုများကြောင့် ခရစ်နှစ် ၁၄၃၁ ခုနှစ်တွင် မြို့ပျက်သုဉ်းခဲ့ကြောင်း ၎င်းနေရာရှိ သစ်ပင်ကြီးများ၏ နှစ်ကွင်းများမှတစ်ဆင့် ဖော်ထုတ်လေ့လာခဲ့ကြသည်။ ထို့ကြောင့် ယနေ့ကမ္ဘာကြီးတွင် ဖြစ်ပျက်ပြောင်းလဲနေသော ရာသီဥတုဖြစ်စဉ်များကို လေ့လာသိရှိနိုင်ရန်နှင့် ယခင်နှစ်ကာလများအတွင်း ဖြစ်ပျက်ခဲ့မှုများအပေါ်အခြေခံ၍ အနာဂတ် ရာသီဥတုပြောင်းလဲမှုကို ကြိုတင်ခန့်မှန်းတွက်ချက်ရန်အတွက် သက်တမ်းရင့်သစ်ပင်ကြီးများကို ထိန်းသိမ်းစောင့်ရှောက်ရန် အလွန်အရေးကြီးလှပါသည်။





မိုးရွာသွန်းမှုနှင့် နှစ်ကွင်းအကျယ် ဆက်စပ်မှု။

### ပင်စည်နှစ်ကွင်းများကိုလေ့လာ

သက်ရှိသစ်ပင်ကြီးများမှ ပင်စည်နှစ်ကွင်းများကို လေ့လာရန် အပင်ခုတ်လှဲရန်မလိုအပ်ဘဲ ပင်စည်ဖြတ်ပိုင်းပုံစံအတိုင်း နှစ်ကွင်းနမူနာချောင်းများကို ထုတ်ယူနိုင်သည်။ နေရာဒေသတစ်ခု၏ Chronological index တစ်ခု ရေးဆွဲဖော်ထုတ်ရာတွင် သက်ရှိသစ်ပင်များရှိ နှစ်ကွင်းများကိုသာမက ရှေးဟောင်းအဆောက်အဦများတွင် အသုံးပြုထားသော သစ်သားများပေါ်ရှိ နှစ်ကွင်းများကိုပါ ဆက်စပ်တိုင်းထွာဖော်ထုတ်ကြသည်။ ဂျပန်နိုင်ငံရှိ သစ်သားဖြင့်ပြုလုပ်ထားသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတစ်ဆူအား သစ်သားပေါ်ရှိ နှစ်ကွင်းကို လေ့လာပြီး ထုလုပ်ခဲ့သည့်နှစ်ကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ဘုရင့်နောင်မင်းတရားကြီးတည်ဆောက်ခဲ့သော ကမ္ဘောဇသာဒီနန်းတော်ကြီးတွင် အသုံးပြုခဲ့သော ကျွန်းတိုင်ကြီးများ၏ နှစ်ကွင်းများကို လေ့လာ၍ ထိုခေတ်က နန်းတော်တည်ဆောက်ရာတွင် လက်ဆောင်အဖြစ် ကျွန်းတိုင်များကို ရှမ်းစော်ဘွားများအပြင် အိမ်နီးချင်းနိုင်ငံများမှပါ ပေးပို့ခဲ့ကြောင်း သိရှိရသည်။

အယ်နီညိုနှင့် လာနီညာဟု လူသိများသော ပစိဖိတ်သမုဒ္ဒရာ၏ အပူချိန်ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကမ္ဘာပေါ်တွင် ကြာမြင့်စွာမိုးခေါင်ခြင်း သို့မဟုတ် ပြင်းထန်စွာ မိုးရွာသွန်းမှုတို့ ခံစားရလေ့ရှိသည်။ အမေရိကန်နိုင်ငံမှ သုတေသီများသည် သက်တမ်း နှစ် ၁၁၀၀ ရှိသော သစ်ပင်၏ နှစ်ကွင်းများကို လေ့လာခဲ့ကြပြီး အယ်နီညိုနှင့် လာနီညာဖြစ်စဉ်များကို လာမည့်နှစ်များအတွက် ကြိုတင်ခန့်မှန်းတွက်ချက်ခဲ့ကြရာ နှစ်နှစ်မှ ရှစ်နှစ်ကာလ အပိုင်းအခြားတစ်ခုအတွင်း ပင်လယ်ရေပူနွေးမှုကြောင့် ဆောင်းရာသီတွင် မိုးရွာသွန်းမှုများပြားလာကာ လာနီညာဖြစ်စဉ်ကြောင့် အခြားတစ်ဖက်တွင် ခြောက်သွေ့မှု (မိုးခေါင်မှု) ဖြစ်ပေါ်နိုင်ကြောင်း ဖော်ထုတ်ခဲ့ကြသည်။ ထိုတွေ့ရှိချက်များမှ အယ်နီညိုတောင်ပိုင်းလှုပ်ရမ်းမှုစက်ဝန်း (El Nino Southern Oscillation Cycle) ကြောင့် နွေရာသီအတွင်း သာမန်ထက်ပိုမိုပူပြင်းပြီး ဆောင်းရာသီတွင် ပိုမိုအေးနိုင်သည့် ပြင်းထန်သည့်ရာသီဥတုဖြစ်စဉ်များကို ခန့်မှန်းဖော်ထုတ်ခဲ့ကြသည်။

အပူပိုင်းဒေသနိုင်ငံများတွင် သစ်ပင်များ၏ နှစ်ကွင်းမှတစ်ဆင့် ရှေးလွန်ခဲ့သော နှစ်ပေါင်းများစွာတွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုပြောင်းလဲမှုများကို လေ့လာသုတေသနပြုမှုမှာ အအေးပိုင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါး



ဟူမ္မလင်းမြို့နယ် ဥရုကြိုးဝိုင်းတောအတွင်း တွေ့ရှိရသော လက်ရှိကမ္ဘာ့အကြီးဆုံး ကျွန်းပင်ကြီး။

သည်ဟု ဆိုနိုင်သည်။ ကျွန်းနှင့် ထင်းရှူးကဲ့သို့သော သစ်ပင်များကို လေ့လာမှုများအရ ၎င်းသစ်မျိုးများသည် သက်တမ်းရှည်ကြာစွာ ရှင်သန်ကြီးထွားနိုင်ပြီး ရာသီဥတုအပေါ် တုံ့ပြန်ဖြစ်ပေါ်သည့် နှစ်ကွင်းများကို ထင်ရှားစွာတွေ့မြင်နိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာသိရှိနိုင်ရန် ထိန်းသိမ်းထားသင့်ပေသည်။

အချုပ်ဆိုရသော် ကမ္ဘာပေါ်တွင် လူသားများ၏ လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ပျက်ယွင်းလာမှုကြောင့် လည်းကောင်း၊ သဘာဝဖြစ်စဉ်များကြောင့် လည်းကောင်း ရာသီဥတုပြောင်းလဲခြင်းကို မလွှဲမသွေ ရင်ဆိုင်ဖြေရှင်းရမည် ဖြစ်ပါသည်။ ထိုသို့ ရင်ဆိုင်ဖြေရှင်းရန်အတွက် သစ်ပင်များသည် ရှေးယခင်က ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ပြန်လည်လေ့လာရန် လွန်စွာအထောက်အကူပြုသကဲ့သို့ သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် မရှိမဖြစ်လိုအပ်ပေသည်။ သစ်ပင်များက ဖော်ပြပေးနိုင်သည့် ယခင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာဆန်းစစ်၍ လာမည့် အနာဂတ်ကာလများတွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများကို ကြိုတင်ခန့်မှန်း သိရှိနိုင်ခြင်းဖြင့် လက်ရှိကမ္ဘာကြီးတည်မြဲရေး၊ လူသားတို့၏ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ရှိသစ်ပင်ကြီးများအား ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**"ကျွန်းနှင့် ထင်းရှူးကဲ့သို့သော သစ်ပင်များကို လေ့လာမှုများအရ ၎င်းသစ်မျိုးများသည် သက်တမ်းရှည်ကြာစွာ ရှင်သန်ကြီးထွားနိုင်ပြီး ရာသီဥတုအပေါ် တုံ့ပြန်ဖြစ်ပေါ်သည့် နှစ်ကွင်းများကို ထင်ရှားစွာ တွေ့မြင်နိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာသိရှိနိုင်ရန် ထိန်းသိမ်းထားသင့်"**

# ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်တို့တွင် ဖုန်းနှင့်လက်တော့ပ်များ ခိုးယူသူ ဖမ်းဆီးရမိ

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မတ် ၈ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် (၃၄)ရပ်ကွက် ကျွန်းရွှေဝါလမ်းမပေါ်၌ ခိုးမှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ သန်းထိုက်အောင်(ခ)သံလကျစ်အား တွေ့ရှိစစ်ဆေးရာ ၎င်းလက်အတွင်း ကိုင်ဆောင်ထားသော ဖုန်းတစ်လုံးနှင့် ပတ်သက်၍ ၎င်းပိုင်ဆိုင်ကြောင်း တစ်စုံတစ်ရာ ပြောဆိုပြသနိုင်မှုမရှိသဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ခိုးမှုမသင်္ကာသူ သန်းထိုက်အောင်(ခ)သံလကျစ်အား အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ အသေးစိတ် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလများတွင် ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်ရှိ နေအိမ်များအတွင်းမှ လက်တော့ပ် ခုနစ်လုံးနှင့် လက်ကိုင်ဖုန်းအလုံး ၂၀ ကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။


ပြစ်မှုကျူးလွန်သူ သန်းထိုက်အောင်(ခ)သံလကျစ်နှင့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ သန်းထိုက်အောင်(ခ)သံလကျစ်ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုးမောက်၊ ပြင်ဦးလွင်နှင့် မိုင်းဖြတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

ဒွေ့ါဖုန်းယန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် ည ၇ နာရီခွဲက မိုးမောက်မြို့နယ် မြစ်ကြီးနား-ဗန်းမော်သွား ကားလမ်းနှင့် ဒွေ့ါဖုန်းယန်-ကုန်းလောသွားကားလမ်းဆုံတွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ မဘောက်ဆန်နှင့် မခွန်မိုင်တို့၏ ခရီးဆောင်အိတ်များအတွင်းမှ ဘိန်းဖြူသုည ဒသမ ၄၃ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၄ ရက် နံနက် ၃ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း အေးရှားဝေါတိုးဂိတ်ဟောင်းအနီးရှိ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မြင့်သန်းဦး မောင်းနှင်ပြီး စိုင်းထက်အောင် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ အမိုနီယမ်နိုက်ထရိတ် ၁၅၀၀၀ ကီလိုကို လည်းကောင်း။

ထို့အတူ မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဖြတ်မြို့နယ် မိုင်းဖြတ်-ကျိုင်းတုံသွားကားလမ်း ကီလိုမီတာ ၇၀၆နှင့် ၇၀၇ ကြားတွင် လမ်းလျှောက်လာသော အမျိုးသားနှစ်ဦးအား စစ်ဆေးရာ ၎င်းတို့လက်ထဲရှိ လက်ဆွဲအိတ်တစ်လုံးကို ပစ်ချထွက်ပြေးသွားကြောင်း၊ လက်ဆွဲအိတ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း) စက်မှုဇုန်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၁) မဂ္ဂရာမင်းသားကြီးလမ်းနှင့် ဦးချိန်လမ်းထောင့်ရှိ စားသောက်ပစ္စည်း ကုန်ကြမ်းသိုလှောင်ရုံတွင် မေ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၄၇ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့များ ရောက်ရှိ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်သို့ အုပ်ချုပ်မှုယာဉ်၊ မီးငြိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ် စုစုပေါင်း ၃၀ တို့ ရောက်ရှိခဲ့ပြီး မီးသတ်ဌာနချုပ် ညွှန်ကြားရေးမှူး ဦးသိန်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထွေးနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ ၁၁၀ ခန့်ဖြင့် ငြိမ်းသတ်ခဲ့သည်။

မီးစတင် လောင်ကျွမ်းရသည့် အကြောင်းရင်းနှင့် မီးလောင်ဆုံးရှုံးမှု တန်ဖိုး စုံစမ်းလျက်ရှိပြီး မီးငြိမ်းသတ်စဉ် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**


မီးသတ်တပ်ဖွဲ့ဝင်များ ကုန်ကြမ်းသိုလှောင်ရုံ မီးလောင်ရာတွင် မီးငြိမ်းသတ်နေစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၆ . ၅ . ၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ – Breakfast News
- ၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)
- ၉:၂၀ – "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဉာဏိသာရ၊ မဇ္ဈိမာရုံ၊ ပါရမီစာသင်တိုက်၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း"
- ၉:၄၀ – စိုက်ပျိုးရေးရာအဖြေရှာ "စိုက်ပါ၊ ပျိုးပါ၊ ဈေးကွက်ဖော်ဆောင်ရာ ကုလားပဲစိုက်ခင်းမှာ"
- ၁၁:၂၀ – ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ – "ဒေါက်တာအရှင်ဓမ္မသာမိ အောက်စဖို့ဒ်ဆရာတော်၏ လူ့ဦးနှောက်၊ လူ့အသိုင်းအဝိုင်းမှာ သတိအခြေခံတဲ့ ငြိမ်းချမ်းရေးတရားတော်"

**ညပိုင်း**

- ၁၆:၃၀ – (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း "191" (အပိုင်း– ၅) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းမော်ကွန်း၊ မိုးဟေကို၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ– ဝိုင်း)
- ၁၈:၂၅ – ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "စိုးရိမ်ရေမှတ်"
- ၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း– ၄၀)
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (နေပြည်တော်ကောင်စီ)
- – မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုရုပ်ရှင် (ဆေးရောင်စုံရုပ်ရှင်) "မသုဓမ္မစာရီ"
- – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## နေ့အပူချိန်များ တိုးလာနိုင်

နေပြည်တော် မေ ၅ – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ တိုးလာနိုင်သည်။

**မိုး/ဇလ**

# အောင်လအန်ဆန်၏ ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ထပ်မံရွှေ့ဆိုင်း

**ရန်ကုန် မေ ၅**

မြန်မာ MMA ကစားသမား အောင်လအန်ဆန်၏ ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ထပ်မံရွှေ့ဆိုင်းခဲ့ရသည်။ အောင်လအန်ဆန်၏ ချန်ပီယံကာကွယ်ပွဲကို ဧပြီ ၁၀ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း မေ ၃၀ ရက်သို့ ရွှေ့ဆိုင်းခဲ့ရသလို ယခု ဒုတိယအကြိမ် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှာ လျော့ကျလာခြင်း မရှိသေးသောကြောင့် ONE Championship သည် မေလကုန်အထိ ပြိုင်ပွဲများကျင်းပမှုကို ရပ်နားခဲ့ရာ မေ ၃၀ ရက်တွင် ပြောင်းလဲကျင်းပရန် စီစဉ်ထားသည့် အောင်လအန်ဆန်၏ ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲလည်း ပါဝင်ခဲ့ခြင်းဖြစ်သည်။ ONE Championship သည် ရောဂါအခြေအနေ တည်ငြိမ်သွားမှသာ ပြိုင်ပွဲများနှင့်ပတ်သက်၍ ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ပြိုင်ဘက်ဟောင်း ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးပွဲ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် လေးပွဲမြောက်ထိုးသတ်ရန် စီစဉ်ထားခြင်းဖြစ်ပြီး ပြီးခဲ့သည့်သုံးပွဲတွင် ဂျပန်နိုင်ငံသား ဟာဆဲဂါဝါကို နှစ်ပွဲ၊ လက်ဘနွန်နိုင်ငံသား ကရာကီကို တစ်ပွဲအနိုင်ရထားသည်။ အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်သည် တတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ပွဲစီ အနိုင်ရထားသည်။

အောင်လအန်ဆန်သည် ချန်ပီယံကာကွယ်ပွဲများ ရွှေ့ဆိုင်းနေသော်လည်း အမေရိကန်နိုင်ငံရှိ နေအိမ်တွင် လေ့ကျင့်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



# ကျုံပျော်မြို့နယ်၌ သစ်ပင်လဲကျရာ နှစ်ဦးထိခိုက်

**ကျုံပျော် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျုံပျော် – ဟင်္သာတသွားကားလမ်း ခဲဘောင်တံတား လုံခြုံရေးရဲကင်းအနီးတွင် မေ ၅ ရက် နံနက် ၁၁ နာရီခွဲက လမ်းမကြီးပေါ်သို့ လုံးပတ်ခုနစ်ပေ၊ အရှည် ပေ ၇၀ ခန့်ရှိ စိန်ပန်းပင်ကြီး ရုတ်တရက်လဲကျခဲ့သောကြောင့် ခရီးသွားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ခေတ္တလမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါစိန်ပန်းပင်မှာ အောက်ခြေအမြစ်တစ်ခြမ်း ဆွေးမြည့်ပြီး မြေကမ်းပါးစောင်းတွင်ရှိသောကြောင့် မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမရှိဘဲ ကားလမ်းမပေါ်သို့ အလိုလျောက်လဲကျစဉ် ယာဉ်မောင်း မျိုးမင်းထွန်း(၃၆နှစ်) ဘလန်းကြီးကျေးရွာနေ မောင်းနှင်ပြီး ဒေါ်စန်းစန်းဦး (၄၆နှစ်) ဘလန်းကြီးကျေးရွာနေသူနှစ်ဦးတို့ စီးနင်းလာသော ဆိုင်ကယ်ကို သစ်ပင်ကိုင်းဖျားနှင့် ရိုက်မိပြီး မျိုးမင်းထွန်းနှင့် ဒေါ်စန်းစန်းဦးတို့ (စိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျုံပျော်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါသစ်ပင်ကြီးလဲကျခဲ့မှုကြောင့် ကားလမ်းပိတ်ဆို့နေသဖြင့် မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီးနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ နာရေးကူညီမှုအသင်း(ကျုံပျော်)မှ လူနာတင်ယာဉ်နှစ်စီးနှင့် ပြည်သူများက သွားရောက်ပြီး လွှစက်များဖြင့် သစ်ပင်နှင့် သစ်ကိုင်းများအား ဖြတ်တောက်ဖယ်ရှားပေးခဲ့သောကြောင့် မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ယာဉ်များ ပုံမှန်ပြန်လည်သွားလာနိုင်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# တောင်ကိုရီးယားနိုင်ငံ၌ မေ ၆ ရက်မှစကာ လူမှုဘဝပုံစံများ ပုံမှန်အတိုင်းလည်ပတ်မည်


တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ သွားလာလှုပ်ရှားနေသူများကို မေ ၃ ရက်က တွေ့ရစဉ်။

**ဆိုးလ် မေ ၅**
တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကိုအတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်သောကြောင့် မေ ၆ ရက်မှစကာ လူမှုဘဝပုံစံများကို ပုံမှန်အတိုင်းပြန်လည် လည်ပတ်တော့မည်ဖြစ်ကြောင်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း တစ်ပြေးညီလုပ်ဆောင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ဝန်ကြီးချုပ် ချွန်စီကျွန်က မကြာသေးမီက ပြောကြားလိုက်သည်။

ဗဟိုကပ်ဘေးလုံခြုံရေး စီမံခန့်ခွဲမှုဆိုင်ရာဌာနချုပ် အစည်းအဝေးတွင် တောင်ကိုရီးယားဝန်ကြီးချုပ်က ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကပ်ရောဂါကြောင့် ယာယီရပ်နားထားသော ဌာနများကို ကဏ္ဍအပိုင်းအခြားအလိုက် ပြန်လည်လည်ပတ်မည်ဖြစ်ပြီး ရောဂါကာကွယ်ရေး သတ်မှတ်ချက်များကိုလည်း လိုက်နာသည့် လူစုလူဝေးလှုပ်ရှားမှုများကို အခြေခံအားဖြင့် ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ စာသင်ကျောင်းများသို့ ပြန်လည်လာရောက်ရန် ကဏ္ဍခွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ပြန်လည်လာရောက်နိုင်သည့်အချိန်နှင့် သင်ကြားပို့ချမည့်နည်းလမ်းများကို ပညာရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ပေးမည် ဖြစ်သည်။

ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်မှုသည် လက်ရှိအခြေအနေအတိုင်း ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဆိုပါက ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ရောဂါစီမံခန့်ခွဲမှု ဌာနချုပ်မှ ကူးစက်ရောဂါအန္တရာယ် သတိပေးအဆင့် သတ်မှတ်ချက်ကို လျှော့ချပေးချင်ကြောင်း ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အန္တရာယ်သတိပေးချက်သတ်မှတ်ချက်ကို အမြင့်ဆုံးအနေဖြင့် တောက်လျှောက်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၄၈ နာရီအတွင်း တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ စုစုပေါင်းအတည်ပြုလူနာ ၁၀၇၈၃ဦး၊ သေဆုံးသူ ၂၅၀နှင့် ရောဂါကုသပျောက်ကင်းသွားသူ ၉၁၈၃ ဦး ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဘန်ကောက်တွင် ကိုဗစ်-၁၉ ကူးစက်မှု ကျဆင်းခဲ့သောကြောင့် ဈေးဆိုင်များနှင့် စားသောက်ဆိုင်များ ပြန်ဖွင့်



ဘန်ကောက်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

**ဘန်ကောက် မေ ၅**
ဘန်ကောက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အသစ်ထပ်မံတွေ့ရှိမှု ဆက်လက်ကျဆင်းခဲ့သောကြောင့် ဈေးဆိုင်များနှင့် စားသောက်ဆိုင်အချို့ကို တစ်လကျော်ကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုင်းအစိုးရက မြို့တော်ဘန်ကောက်တွင်ရှိသည့် ဆံသဆိုင်များ၊ စားသောက်ဆိုင်များနှင့် တခြားဆိုင်တချို့ကို တနင်္ဂနွေနေ့ကစပြီး ပြန်ဖွင့်ခွင့် ပြုခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် နေ့စဉ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အသစ်တွေ့ရှိမှုအရေအတွက်သည် လတ်တလောရက်ပိုင်းတွင် ဆယ်ဂဏန်းအောက်သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

မတ်လတွင် နေ့စဉ်မရှိမဖြစ်လိုအပ်သည့် ပစ္စည်းများကို ရောင်းချသည့် ကုန်စုံဆိုင်များ ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ဆံသဆိုင်များတွင်လည်း ဆံသဆရာများသည် နှာခေါင်းစည်းများ၊ မျက်နှာအကာများကို တပ်ထားရန်လိုပြီး ဖောက်သည်များနှင့် စကားပြောခြင်းများမပြုလုပ်ရန် မှာကြားထားကြောင်း သိရသည်။

စားသောက်ဆိုင်များတွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး တစ်မီတာ အကွာမှာထိုင်ပြီး ဝန်ထမ်းများကလည်း နှာခေါင်းစည်းများ၊ မျက်နှာဖုံးများ တပ်ဆင်ထားရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်မှုပြန်လည်များပြားလာပါက ဆိုင်များကို ပြန်လည် ပိတ်မည်ဖြစ်ကြောင်း ထိုင်းအစိုးရက ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

# ယူကရိန်းတွင် ကန့်သတ်စောင့်ကြည့်မှုကာလကို မေ ၂၂ ရက်အထိ တိုးမြှင့်

**ကီယက်ဗ် မေ ၅**
ယူကရိန်းနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် ကန့်သတ်စောင့်ကြည့်မှုဆိုင်ရာအစီအမံများကို မေ ၂၂ ရက်အထိ တိုးမြှင့်လိုက်ကြောင်း ယူကရိန်းအစိုးရက ကြေညာခဲ့သည်။ သို့သော် ကန့်သတ်ပိတ်ဆို့ထားမှုများကို မေ ၁၁ ရက်တွင် တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးသွားမည်ဟု ဝန်ကြီးချုပ် ဒန်နစ်ရှိုင်းက မေ ၄ ရက်တွင် ကြေညာခဲ့သည်။

ကန့်သတ်မှုများကို အနည်းငယ်ဖြေလျှော့ပေးခြင်းသာဖြစ်ပြီး လုံးဝဖယ်ရှားလိုက်ခြင်း မဟုတ်ကြောင်း ကန့်သတ်စောင့်ကြည့်မှုကာလကို မေ ၂၂ ရက်အထိ တိုးချဲ့မည်ဖြစ်ကြောင်း၊ ယူကရိန်းတွင် ကူးစက်ခံရမှုနှုန်းနှင့် ကူးစက်ရောဂါသည် မည်သို့ ဆက်လက်ဖြစ်ပွားမည်ကို စောင့်ကြည့်ဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယူကရိန်းနိုင်ငံသားများအတွက် ပန်းခြံများ၊ အလှပြင်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ပြတိုက်များ၊ စာကြည့်တိုက်များကို ပြန်ဖွင့်ခွင့်ပေးမည်ဖြစ်သည်။ ပထမအဆင့် ကန့်သတ်မှုဖြေလျှော့ရာတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များ၊ လေယာဉ်ပြေးဆွဲမှုများကို ခွင့်ပြုပေးဦးမည် မဟုတ်ပေ။

ဆင်ဟွာ

# တရုတ်နိုင်ငံ၌ အွန်လိုင်းသတင်းဝန်ဆောင်မှု အသုံးပြုသူ ၇၃၁ သန်းရှိ


တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျေးလက်စာကြည့်တိုက်တစ်ခုတွင် အင်တာနက်အသုံးပြုနေသည့် ကျောင်းသားနှစ်ဦးကို တွေ့ရစဉ်။

**ပေကျင်း မေ ၅**
တရုတ်နိုင်ငံတွင် မတ်လအထိ အွန်လိုင်းသတင်းဝန်ဆောင်မှုများကို ကြည့်ရှုသူ အရေအတွက်သည် ၇၃၁ သန်းအထိရှိလာပြီဖြစ်ကာ ၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းက ၆၇၅ ဒသမ ၈၈ သန်းရှိခဲ့ရာမှ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ၏ အင်တာနက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီရင်ခံစာအရ သိရသည်။

**အစီရင်ခံဖော်ပြ**

အွန်လိုင်းသတင်းဝန်ဆောင်မှုများ အသုံးပြုသူများသည် နိုင်ငံရှိ အင်တာနက်သုံးစွဲသူ ဦးရေ ၉၀၄ သန်း၏ ၈၀ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ အင်တာနက်ကွန်ရက် သတင်းအချက်အလက်စင်တာက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။

**အင်တာနက်သုံးစွဲသူ ၈၁ ရာခိုင်နှုန်းရှိ**

တရုတ်နိုင်ငံတွင် မိုဘိုင်းဖုန်းများမှတစ်ဆင့် အင်တာနက် အသုံးပြုသူအရေအတွက်သည် ၂၀၁၈ ခုနှစ်တွင် ၇၃ ဒသမ ၅၆ သန်းရှိရာမှ ၂၀၂၀ ပြည့်နှစ်မတ်လအထိ ၇၂၆ သန်းအထိ မြင့်တက်လာခဲ့ပြီး မိုဘိုင်းဖုန်းအသုံးပြု၍ အင်တာနက်သုံးစွဲသူ စုစုပေါင်း၏ ၈၁ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ပိုမိုလုပ်ဆောင်**

သမားရိုးကျမီဒီယာတင်ဆက်မှုများအနေဖြင့် ၎င်းတို့၏ သတင်းဖြန့်ချိရေးချန်နယ်များကို မျိုးစုံပြောင်းလဲထုတ်လုပ်ရန် သတင်းစုပေါင်းရေးနှင့် အွန်လိုင်းဖျော်ဖြေရေးပလက်ဖောင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နေကြောင်း အဆိုပါအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

**အားသစ်လောင်းပေး**

၅-ဂျီနှင့် ဉာဏ်ရည်တု (အေအိုင်) ကဲ့သို့သော နည်းပညာသစ်များက သမားရိုးကျမီဒီယာပုံစံနှင့် အင်တာနက်အခြေပြု မီဒီယာသစ်ပေါင်းစည်းရေးကို အားသစ်လောင်းပေးခဲ့ကြောင်း အစီရင်ခံစာတွင် ဖြည့်စွက်ဖော်ပြထားသည်။

ဆင်ဟွာ



အီဒလစ်ပြည်နယ်မြောက်ပိုင်းရှိ စောင့်ရှောက်ရေးစခန်းတစ်ခု၌ ကလေးငယ်နှစ်ဦး လက်ဆေးနေစဉ်။

# ၂၀၁၉ခုနှစ် အတွင်း ကမ္ဘာတစ်ဝန်းရှိ နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည့် ကလေးငယ် ၁၉ သန်း ရှိကြောင်း ယူနီဆက်ဖ်အဖွဲ့ပြော

**ဂျီနီဗာ မေ ၅**

၂၀၁၉ ခုနှစ်၌ ကမ္ဘာတစ်ဝန်း ပဋိပက္ခဖြစ်ပွားမှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေအိမ်စွန့်ခွာထွက်ပြေးကြရသည့် ကလေးငယ် ၁၉ သန်း အထိရှိပြီး ယင်းပမာဏသည် ယခင်တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသေးသည့် အရေအတွက်ဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးများအရေးပေါ် ရန်ပုံငွေအဖွဲ့က ပြောကြားခဲ့သည်။

မေ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ နေအိမ် စွန့်ခွာထွက်ပြေးခဲ့ရသည့် ကလေးငယ်များသည် ၎င်းတို့မိခင်နိုင်ငံ၌ နေထိုင်ခဲ့စဉ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် လူကုန်ကူးခံရနိုင်သည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်မှု ကမ္ဘာတစ်ဝန်းလုံး၌ ပျံ့နှံ့လျက်ရှိရာ အဆိုပါကလေးငယ်များသည် ကွယ်ပျောက်နေသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်၏ သားကောင်များဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

လူနေထူထပ်သည့် စောင့်ရှောက်ရေးစခန်းများ သို့မဟုတ် ယာယီထိန်းသိမ်းရေးစခန်းများတွင် နေထိုင်ကြသူများအတွက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် မဖြစ်နိုင်သည့် အခြေအနေရှိပြီး အခြေခံတစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း အကန့်အသတ်ဖြင့်သာ ရရှိကြောင်း အစီရင်ခံစာတွင် ဆိုထားသည်။

သို့ဖြစ်ရာ အစိုးရများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ခိုကိုးရာမဲ့ကလေးငယ်များအား ကျန်းမာသန်စွမ်းစေရန်၊ ပညာသင်ကြားခွင့်ရရှိရန်နှင့် လူမှုဘဝလုံခြုံစေရေး အကာအကွယ်ပေးနိုင်ရေး အတူတကွဝိုင်းဝန်းကြိုးပမ်းကြရန် ယူနီဆက်ဖ်အဖွဲ့ အမှုဆောင်ဒါရိုက်တာ ဟင်နရီတာဖိုးက တိုက်တွန်းခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ကူးစက်မှု အမြင့်ဆုံး အရေအတွက် ရောက်ရှိလာ

**ဒါကာ မေ ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှု မြင့်တက်နေဆဲဖြစ်ပြီး မေ ၅ ရက်တွင် ရောဂါ ထပ်မံကူးစက်ခံရသူ ၇၈၆ ဦး ထပ်မံတွေ့ရှိရကြောင်း အတည်ပြုခဲ့သည်။

**အများဆုံး ကူးစက်ခံရမှု**

အဆိုပါ ကိန်းဂဏန်းသည် နိုင်ငံအတွင်း ရောဂါကူးစက်မှု စတင်ဖြစ်ပွားသည့် မတ် ၈ ရက်မှ စတင်ကာ အများဆုံး ကူးစက်ခံရမှုဖြစ်ပြီး စုစုပေါင်းရောဂါကူးစက်ခံရသူ ၁၁၀၀၀ နီးပါး အထိရှိလာကြောင်း သိရသည်။

**သေဆုံးသူ တစ်ဦးရှိ**

ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၇၈၆ ဦးနှင့် သေဆုံးသူ တစ်ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိ နာဆီမာ စူလ်တန်နာက အွန်လိုင်းသတင်းစာ ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ယခုအခါတစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၁၀၉၂၉ ဦးရှိပြီး သေဆုံးသူအရေအတွက်မှာ ၁၈၃ ဦး အထိရှိနေကြောင်း ၎င်းကပြောသည်။

အာဏာပိုင်များ၏ ပြောပြချက်အရ ပြီးခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းရှိ သံသယရှိလူနာ ၅၇၁၁ ဦးကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ကမ္ဘာအနှံ့ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ဒူဘိုင်း အပြည်ပြည်ဆိုင်ရာပြပွဲကို တစ်နှစ်ခန့်ရွှေ့ဆိုင်း

**ဒူဘိုင်း မေ ၅**

အပြည်ပြည်ဆိုင်ရာ ပြပွဲကို အရှေ့အလယ်ပိုင်းဒေသ ဒူဘိုင်း၌ ပထမဆုံးကျင်းပမည်ဖြစ်ရာ လက်ရှိ ကိုဗစ် -၁၉ ဖြစ်ပွားနေမှုကြောင့် ရက်ရွှေ့ဆိုင်းမည်ဟု သိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ပြပွဲကို ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက် အထိ ကျင်းပမည်ဟု သိရသည်။

ယင်းပြပွဲကို တစ်နှစ်ခန့်ရွှေ့ဆိုင်းရန် ပွဲကျင်းပရေး အတွင်းရေးမှူးက မတ်လနှောင်းပိုင်းတွင် ဆုံးဖြတ်ခဲ့သည်။

ယင်းပြပွဲ၏အဖွဲ့ဝင်အသင်းများသည်လည်း ယခုလိုရက်ရွှေ့ဆိုင်းမှုကို သဘောတူကြောင်း မေ ၄ ရက်တွင် ပြောကြားခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာပြပွဲသို့ ကမ္ဘာအနှံ့မှလူ၂၅ သန်း လာရောက်မည်ဟု မျှော်လင့်ထားပြီး ဒူဘိုင်းကို ခရီးသွားလာရောက်ရန် ဆွဲဆောင်မှုတစ်ရပ်လည်းဖြစ်သည်။

မည်သည့်အချိန်ကျမှ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာခွင့်ကို ပြန်လည်ခွင့်ပြုမည်ကို မသိရသေးသည့်အတွက် ယင်းပြပွဲနှင့်ပတ်သက်ပြီး ဒူဘိုင်းသည် စီးပွားရေးပြန်လည်တည်ဆောက်ရေး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

သို့သော်လည်း ယင်းပြပွဲတွင် ပါဝင်ကြမည့်နိုင်ငံများသည် ဆောက်လုပ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်သည်။

အင်န်အိတ်ချ်ကေ



၂၀၂၀ ဒူဘိုင်း အပြည်ပြည်ဆိုင်ရာပြပွဲတည်ဆောက်ရေး ဝန်ထမ်းများကို တွေ့ရစဉ်။

## ဗင်နီဇွဲလားသမ္မတကို ဖြုတ်ချရန်ကြံစည်သည်ဟုဆိုကာ အမေရိကန်နိုင်ငံသားနှစ်ဦးကို ဖမ်းဆီး



ဗင်နီဇွဲလား သမ္မတ နီကိုးလပ်စ်မာဒူရို

**ကရာကက် မေ ၅**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုကို ဖြုတ်ချရန်ကြံစည်သည်ဟု သံသယရှိမှုဖြင့် အမေရိကန်နိုင်ငံသားနှစ်ဦးကို မေ ၄ ရက်တွင် အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဗင်နီဇွဲလားအစိုးရသည် အမေရိကန်ကျောထောက်နောက်ခံပေးထားသည့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကိုလည်း အစိုးရကိုဖြုတ်ချရေးကြံစည်မှုနောက်ကွယ်မှ ကြိုးကိုင်စီမံနေကြောင်း စွပ်စွဲထားသည်။

အစိုးရက ပင်လယ်လမ်းကြောင်းမှ ကျူးကျော်ဝင်ရောက်ကာ သမ္မတကို ဖြုတ်ချရန် ကြံစည်သူရှစ်ဦးကို သတ်ဖြတ်ခဲ့ပြီး နှစ်ဦးကိုဖမ်းဆီးခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် တစ်ရက်အကြာတွင် အမေရိကန်နိုင်ငံသားနှစ်ဦးကို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

နိုင်ငံပိုင်ရုပ်သံထုတ်လွှင့်မှုမှတစ်ဆင့် သမ္မတမာဒူရိုက အမေရိကန်နိုင်ငံသားနှစ်ဦး ဖြစ်သည့် လုက် ဒန်မန်( ၃၄နှစ်)နှင့် အေရန် ဘာရီ(၄၁နှစ်) တို့၏ နိုင်ငံကူးလက်မှတ်များကို ပြသခဲ့ပြီး ၎င်းတို့နှစ်ဦးသည် အမေရိကန်လုံခြုံရေးတပ်ဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြောင်း ဗင်နီဇွဲလား အဆင့်မြင့်စစ်ရေးညွှန်ကြားမှုအဖွဲ့သို့ ပြောကြားခဲ့သည်။

ငှားရမ်းထားသည့် ကြေးစားစစ်သား နှစ်ဦးသည် နိုင်ငံပိုင် ပီဒီဗွီအက်စ်အေ ရေနံကုမ္ပဏီမှ ခိုးယူထားသည့် ရန်ပုံငွေများကို အသုံးချကာ အတိုက်အခံ ခေါင်းဆောင်ဂွိုက်ဒိုနှင့် ကန်ထရိုက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း ဗင်နီဇွဲလား ရှေ့နေချုပ် တာရက်ဝီလီယံဆာအက်ဘ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဘန်ကောက်ပို့စ်

## သီရိလင်္ကာနိုင်ငံ၌ ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရအမိန့် ချိုးဖောက်သူ ၄၆၀၀၀ ဖမ်းဆီးခံရ

**ကိုလံဘို မေ ၅**

သီရိလင်္ကာနိုင်ငံတွင် မတ်၂၀ ရက်ကတည်းက ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားရာ ယင်းအမိန့်ကို ချိုးဖောက်သူ နိုင်ငံတစ်ဝန်းလူပေါင်း ၄၆၀၀၀ ကို ဖမ်းဆီးထားကြောင်း ရဲများက မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

လမ်းမပေါ်တွင် စုဝေးကာ အရက်သောက်သူများ၊ အမိန့်ဖီဆန်ကာ ခရီးသွားသူများ၊ စားသောက်ဆိုင်ဆက်လက် ဖွင့်သူများအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ မတ် ၂၀ ရက်မှစတင်ကာ ဖမ်းဆီးထားသည့် ယာဉ်ပေါင်း ၁၂၀၀၀ ရှိပြီး ယာဉ်ပိုင်ရှင်များသည် လာမည့်ရက်များအတွင်း ဒေသတွင်းတရားရုံးတွင် သွားရောက် ဖြေရှင်းရမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် မတ်၂၀ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ခဲ့သည်။ ခရိုင်အချို့တွင် ဗိုင်းရပ်စ်ပျံ့နှံ့မှုလျော့ကျလာသည့်အတွက် ကန့်သတ်ပိတ်ဆို့မှုအချို့ကိုဖြေလျှော့ပေးခဲ့သည်။

သီရိလင်္ကာ မြို့တော် ကိုလံဘို၊ ဂမ်ပါဟာ၊ ကာလူတာရာမြို့တို့တွင် မတ်လ ၂၄ ရက်မှစတင်ကာ ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ခဲ့ပြီး ယင်းဒေသများသည် ဗိုင်းရပ်စ် ကူးစက်မှုအမြင့်ဆုံးဒေသများဟု သတ်မှတ်ထားသည်။

သီရိလင်္ကာတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရသူ ၇၀၀ ကျော်တွေ့ရှိခဲ့ပြီး လူ ၁၅၀ ကျော်မှာ ကျန်းမာလာပြီဖြစ်သည့်အတွက် ဆေးရုံမှဆင်းသွားကြပြီဖြစ်သည်။

လူ ၅၀၀ ကျော်မှာ ဆေးရုံပေါ်တွင်ကုသမှုခံယူဆဲဖြစ်ပြီး ခုနစ်ဦး သေဆုံးထားကြောင်းသိရသည်။ ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် ထားရှိသူနှင့် နေအိမ်အတွင်း အသွားအလာကန့်သတ်ထားသူ ထောင်နှင့်ချီ၍ ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ပါလက်စတိုင်းတွင် အရေးပေါ်အခြေအနေကြေညာမှုကို အချိန်တိုးမြှင့်

**ရမ်မလာ မေ ၅**

ပါလက်စတိုင်း သမ္မတ မိုဟာမက် အဘတ်စ် က ကိုဗစ် -၁၉ ပျံ့နှံ့နေစဉ်အတွင်း ပါလက်စတိုင်းနယ်မြေများတွင် အရေးအပေါ်အခြေအနေ ကြေညာမှုကို အချိန်တိုးမြှင့်လိုက်ကြောင်း မေ ၄ ရက်က သဘောတူခဲ့သည်။

ဝန်ကြီးချုပ် မိုဟာမက် အစ်ချ်တေးထံမှ ထောက်ခံချက်ရပြီးနောက် အရေးပေါ် အခြေအနေကာလကို ဇွန် ၅ ရက် မတိုင်ခင်အထိ တိုးမြှင့်သွားမည်ဟု မစ္စတာ အဘတ်စ်က ကြေညာခဲ့သည်။

ပါလက်စတိုင်းတွင် မတ် ၅ ရက်မှစတင်ကာ ကိုဗစ် -၁၉ ဖြစ်ပွားမှုကို တွေ့ရှိခဲ့ရပြီး ကူးစက်ခံရသူအရေအတွက်မှာ ၅၃၂ ဦးရှိသည်ဟု သိရသည်။

ဆင်ဟွာ

# ဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ၂၅၀၀၀၀ မြင့်တက်လာမှုနဲ့အတူ ကာကွယ်ဆေးဖော်ထုတ်ဖို့ ဘီလီယံချီထည့်ဝင်ကြမယ်

*ထွန်းသစ်စ*

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့် ကမ္ဘာ့သေဆုံးမှုနှုန်းဟာ တစ်သန်းရဲ့ လေးပုံတစ်ပုံ မြင့်တက်လာခဲ့သလို နိုင်ငံတကာအဆင့် ကာကွယ်ဆေးဖော်ထုတ်နိုင်ဖို့ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ လိုအပ်နေတယ်လို့ ပြောကြားမှုနဲ့အတူ နောက်ထပ်သေဆုံးမှုနှုန်းမြင့်တက်လာနိုင်သေးတယ်လို့ အမေရိကန်အစိုးရက ခန့်မှန်းထားပါတယ်။ အနောက်ကမ္ဘာမှာ ရက်သတ္တပတ်အတော်ကြာ ကန့်သတ်မှုတွေ နိုးထလွန်မြောက်လာပြီးတဲ့အခါမှာ အခုလို အမေရိကန်ပြည်ထောင်စုရဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ ခန့်မှန်းချက်ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါဟာ ဥရောပမှာ နောက်တစ်ခါထပ်မံမြင့်တက်လာနိုင်ခြေရှိပါတယ်။ ဥရောပမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့အဆိုးရွားဆုံး အထိနာခဲ့တဲ့ နိုင်ငံတွေရှိသလို နှစ်လနီးပါးလောက် အသွားအလာကန့်သတ်မှုတွေပြုလုပ်ပြီးနောက်မှာတော့ သေဆုံးမှုနှုန်းတွေ ကျဆင်းလာခဲ့တာကိုလည်း တွေ့ရပါတယ်။



ကိုရိုနာဗိုင်းရပ်စ် ရပ်တန့်ဖို့ ဆန္ဒထုတ်ဖော်နေသည့် နှာခေါင်းစည်းတပ်ထားသည့် လာဂို့စ်ဒေသခံပြည်သူများကို တွေ့ရစဉ်။

**“ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဖော်ထုတ်ဖို့ နိုင်ငံတကာရဲ့ ကြိုးပမ်းမှုကိုထောက်ပံ့ဖို့ အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံရရှိထားပါတယ်။ ကာကွယ်ဆေးဖော်ထုတ်ဖို့ ဥရောပအင်အားကြီးခေါင်းဆောင်တွေ အပြင် ဂျပန်နိုင်ငံ၊ ကနေဒါနိုင်ငံတို့ကလည်း အများအပြား ထည့်ဝင်မှုတွေ ပြုလုပ်မယ်လို့ ကတိပြုထားသလို ဘီလ်နဲ့ မယ်လင်ဒါဂိတ်တို့ကလည်း အားကျမခံ ထည့်ဝင်လှူဒါန်းကြမှာ ဖြစ်ပါတယ်”**

## မတူညီတဲ့ မျိုးကွဲတွေအဖြစ် ပြောင်းလဲကုန်

အေအက်ဖ်ပီရဲ့ စာရင်းတွေအရ ဥရောပဟာ ကိုရိုနာဗိုင်းရပ်စ်ဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရတဲ့တိုက်ကြီးဖြစ်ပြီး ၁၄၅၀၀၀ လောက်သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ သေဆုံးမှုနှုန်းဟာ ၆၈၇၀၀ လောက်ရှိခဲ့ပါတယ်။ သူတို့နှစ်ခုပေါင်းလိုက်ရင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့သေဆုံးမှုနှုန်း ၈၅ ရာခိုင်နှုန်းထက် ပိုခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ လွန်ခဲ့တဲ့နှောင်းပိုင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကို စတင်ရင်ဆိုင်ခဲ့ချိန်မှစပြီး စုစုပေါင်း ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်ဟာ ၃ ဒသမ ၆ သန်း နီးနီးရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ခံရမှုနှုန်းဟာ ဇွန် ၁ ရက်အထိဆိုရင် ရှစ်ဆလောက်ထိ မြင့်တက်လာပြီး သေဆုံးမှုနှုန်းဟာလည်း နောက်ထပ် ၃၀၀၀ လောက်အထိ ရောက်ရှိလာနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်ဟန့်တားနိုင်ဖို့ကြိုးစားနေတဲ့အချိန်မှာ အိမ်ဖြူတော်ကလည်း တရုတ်နိုင်ငံအပေါ် အမြင်မကြည်ဖြစ်နေပါတယ်။ အစိုးရအကြံပေးလည်းဖြစ်၊ အမေရိကန် ကူးစက်ရောဂါပြန့်ပွားခြင်းနဲ့ ကာကွယ်ခြင်းဆိုင်ရာ ပညာရှင် အန်တိုနီဖော်စီက ကိုရိုနာဗိုင်းရပ်စ်ရောဂါနဲ့ပတ်သက်ပြီး အချိန်ကာလကြာမြင့်တဲ့ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်တစ်ခုဖြစ်ပြီး ဒါကဘာကိုညွှန်ပြသလဲဆိုရင် ဗိုင်းရပ်စ်ဟာ သဘာဝအတိုင်းဖြစ်လာပြီး မတူညီတဲ့မျိုးကွဲတွေအဖြစ် ပြောင်းလဲကုန်တယ်လို့ ပြောပါတယ်။

## ကယ်ဆယ်ရေးအစီအစဉ်တွေမှာသုံးဖို့ ထုတ်ချေးမယ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုနှုန်းဟာ သူယခင်က ခန့်မှန်းထားတဲ့ ၆၀၀၀၀ ထက်ကို ပိုလာနိုင်တယ်လို့ ပြောပါတယ်။ ပြီးတော့လည်း မိမိတို့တွေအနေနဲ့ ၁၀၀၀၀၀ နီးနီးလောက်အထိ ဆုံးရှုံးနိုင်တယ်လို့သူက ပြောပါတယ်။ သူ့ရဲ့ ခန့်မှန်းမှုဟာ အခက်အခဲတွေနဲ့ ကြုံတွေ့နိုင်တယ်ဆိုတဲ့အကြောင်း မီးမောင်းထိုးပြသလို ဖြစ်ခဲ့ပါတယ်။ ထို့အတူပဲ စီးပွားရေးလုပ်ငန်းတွေ ပြန်ဖွင့်ဖို့ကလည်း နိုင်ငံရေးနဲ့ရောထွေးပြီး ငြင်းခုံဆွေးနွေးနေရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဟာ စက်မှုလုပ်ငန်းတွေကိုလည်း အတုံးအရုံးပြိုလဲစေတဲ့အတွက် မေ ၄ ရက်ကပဲ အမေရိကန်ထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ ဂျင်နရယ်အီလက်ထရစ်က သူ့ရဲ့ လေယာဉ်ထုတ်လုပ်မှုကဏ္ဍမှာ အလုပ်သမား ၁၀၀၀၀ လျှော့ချလိုက်တယ်လို့ ကြေညာခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် အမေရိကန်ပြည်ထောင်စုမှာ စီးပွားရေးတွေကျဆင်းနေတဲ့အတွက် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးက ဧပြီလကနေ ဇွန်လအထိ ဗိုင်းရပ်စ်ကယ်ဆယ်ရေးအစီအစဉ်တွေမှာ သုံးဖို့ အမေရိကန်ဒေါ်လာ သုံးထရီလီယံ ထုတ်ချေးမယ်လို့ ကြေညာခဲ့ပါတယ်။

## ပြန်ဖွင့်ပေးနေပြီ

ဥရောပပြည်သူတွေလည်း ရှေ့ရေးတွေအတွက် စိတ်မအေးဖြစ်ကာ အသွားအလာကန့်သတ်ချုပ်ချယ်မှုတွေကြောင့် စီးပွားရေးတွေလည်း ဖရိုဖရဲဖြစ်ကုန်ပါတယ်။ ဗီယင်နာမှာတော့ ကလေးတွေ ကျောင်းတွေပြန်သွားနေကြပါပြီ။ ဥရောပမှာ အသွားအလာကန့်သတ်မှုတွေ တဖြည်းဖြည်းဖြေလျှော့ပေးနေမှုနဲ့အတူ ပြည်သူတွေကလည်း မဝံ့မရဲလေးနဲ့ အိမ်ပြင်ကို ထွက်နေကြပါတယ်။ မိမိတို့အားလုံး ကြောက်တာပေါ့လို့ မက်ဒရစ်ဒေသခံ အသက် ၃၁ နှစ်ရှိ နှာခေါင်းစည်းတပ်ထားတဲ့ ခရစ်စတီနာ ဂျင်မနက်ဇ်က ပြောပါတယ်။

အလုပ်ဆုံးရှုံးတဲ့လူတွေအနေနဲ့ နောက်ထပ်လအနည်းငယ်တောင် အလုပ်အကိုင်တွေ ရနိုင်မယ့်အခြေအနေမရှိသေးကြောင်း ခရစ်စတီနာ ဂျင်မနက်ဇ်က ပြောပါတယ်။ ဒါပေမယ့် အရေးကြီးဆုံးကတော့ မိမိတို့အားလုံး ကျန်းမာနေဖို့လိုတယ်လို့ သူကဆက်ပြောပါတယ်။ အလုပ်ကြိုးစားတယ်ဆိုရင်တော့ နောက်တစ်ခုကိုတော့ ရှာတွေ့နိုင်မှာပါလို့ သူက ဆက်ပြောပါတယ်။

အသွားအလာကန့်သတ်မှုတွေကို လျှော့ချမှုနဲ့အတူ စပိန်နဲ့ ပေါ်တူဂီရဲ့ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ နှာခေါင်းစည်း တပ်ဆင်ဖို့ ဥပဒေလိုမျိုးတောင်ပြဋ္ဌာန်းဖို့ လုပ်နေကြပါတယ်။ ထို့အတူ ဆလိုဗေးနီးယား၊ ပိုလန်နဲ့ ဟန်ဂေရီနိုင်ငံတွေမှာလည်း ပြည်သူ့အပန်းဖြေနေရာတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို တစ်ပိုင်းတစ်စ ပြန်ဖွင့်ပေးနေပြီဖြစ်ပါတယ်။

## အလှအပတွေမျှဝေကြမယ်

ဒါပေမယ့် တစ်နေ့တည်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၁၀၀၀၀ ကျော်လာတဲ့ ရုရှားလိုမျိုး ရောဂါကူးစက်မှု အရှိန်တွေရှိနေသေးတဲ့ ကျန်ရှိနေတဲ့ ကမ္ဘာ့ဒေသအစိတ်အပိုင်းတွေမှာ အသွားအလာကန့်သတ်မှုကို ဖြေလျှော့ပေးမှုအပေါ် သတိထားနေရတာမျိုးလည်း ရှိပါသေးတယ်။

အိန္ဒိယနိုင်ငံမှသည် နိုင်ဂျီးရီးယားလိုနိုင်ငံမျိုးများမှာတော့ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေစေဖို့နဲ့ အလုပ်သမားတွေ လုပ်ခတွေရဖို့ အသွားအလာကန့်သတ်မှုတွေကို ဖြေလျှော့ပေးဖို့လုပ်ဆောင်နေပြီဖြစ်ပါတယ်။

အာဖရိကရဲ့ အကြီးဆုံးမြို့ဖြစ်တဲ့လာဂို့စ်မှာ ရက်သတ္တငါးပတ်ကြာ ကိုရိုနာဗိုင်းရပ်စ် အသွားအလာကန့်သတ်မှုများ ပြုလုပ်ပြီးတဲ့အချိန်မှာတော့ အလုပ်တွေကို ပြန်ဆင်းနေကြပြီဖြစ်ပါတယ်။ ထို့အတူ အိန္ဒိယနိုင်ငံမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်အသွားအလာကန့်သတ်ထိန်းချုပ်မှုကို ဖယ်ရှားပေးလိုက်ပြီးနောက် ဆိုင်တစ်ဆိုင်ရှေ့မှာ စုပြုံဝယ်ယူနေသူတွေကို ရဲတွေက လာရောက်ထိန်းသိမ်းရတဲ့အထိ ဖြစ်လာပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျောထောက်နောက်ခံပြုထားတဲ့ အလှူငွေရရန် ထုတ်လွှင့်တဲ့ အထူးတီဗွီအစီအစဉ်တစ်ခုကလည်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဖော်ထုတ်ဖို့ နိုင်ငံတကာရဲ့ကြိုးပမ်းမှုကို ထောက်ပံ့ဖို့ အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံရရှိထားပါတယ်။ ကာကွယ်ဆေးဖော်ထုတ်ဖို့ ဥရောပအင်အားကြီးခေါင်းဆောင်တွေအပြင် ဂျပန်နိုင်ငံ၊ ကနေဒါနိုင်ငံတို့ကလည်း အများအပြား ထည့်ဝင်မှုတွေ ပြုလုပ်မယ်လို့ ကတိပြုထားသလို ဘီလ်နဲ့ မယ်လင်ဒါဂိတ်တို့က လည်း အားကျမခံထည့်ဝင်လှူဒါန်းကြမှာ ဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာကြီးရဲ့ စုပေါင်းညီညွတ်မှုပဲဖြစ်ပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရို့စ်အက်ဒ်ဟာနွန်က ပြောပါတယ်။ အမေရိကန်ကလည်း ကိုဗစ်ကာကွယ်ဆေးဖော်ထုတ်တဲ့နေရာမှာ ဦးဆောင်အခန်းကဏ္ဍက ပါဝင်မယ်လို့ ကြေညာလိုက်သလို ကာကွယ်ဆေးဖော်ဖို့ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို အသုံးပြုပြီး အမေရိကန်ဆေးကုမ္ပဏီတွေနဲ့အတူ ကြိုးစားမယ် လို့ဆိုထားပါတယ်။ ကမ္ဘာကြီးဟာ အရေးကြုံရင် သက်လုံကောင်းသလို အလှအပတွေ ကိုလည်း မျှဝေကြမယ်လို့ မီချီဂန်တရားသူကြီး ဝမ်ဒါအီဗန်က ပြောလိုက်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဟူပေပြည်နယ်၌ ၄၈ နာရီအတွင်း အတည်ပြုလူနာ မတွေ့ရှိ

**ဟူပေ မေ ၅**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်တွင် လွန်ခဲ့သော၄၈ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာသစ် မတွေ့ရှိကြောင်း ပြည်နယ်ကျန်းမာရေးကော်မရှင်က ပြောကြားလိုက်သည်။

ဟူပေပြည်နယ်တွင် ဧပြီ ၄ ရက်မှ စတင်ကာ ရက်ပေါင်း ၃၀ ဆက်တိုက် ကာလအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာသစ် ထပ်မံမတွေ့ရှိကြောင်းနှင့် ဝူဟန်မြို့မှအပ ဟူပေဒေသတစ်ခုလုံးတွင် ရက်ပေါင်း ၆၀ ဆက်တိုက် အတည်ပြုလူနာ မတွေ့ရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဟူပေပြည်နယ် မြို့တော် ဝူဟန်တွင် အတည်ပြုလူနာ ၅၀၃၃၃ ဦးအပါအဝင် ပြည်နယ်အတွင်း အတည်ပြုလူနာ ၆၈၁၂၈ ဦးရှိကြောင်း သိရသည်။ ဟူပေပြည်နယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုလျော့ကျလာခြင်းကြောင့် အမြင့်ဆုံးအရေးပေါ်တုံ့ပြန်မှုအဆင့်ကို ဒုတိယအရေးပေါ် တုံ့ပြန်ရေးအဆင့်သို့ လျှော့ချပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဟွာဝေး တရုတ်နည်းပညာကုမ္ပဏီက ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် သီရိလင်္ကာနိုင်ငံကို နည်းပညာမြင့်ကိရိယာများ လှူဒါန်း

**ကိုလံဘို မေ ၅**

တရုတ်နိုင်ငံ၏ နည်းပညာမြင့်လုပ်ငန်းတစ်ခုဖြစ်သော ဟွာဝေးကုမ္ပဏီက သီရိလင်္ကာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် အထောက်အကူအဖြစ် သီရိလင်္ကာအစိုးရထံ နည်းပညာမြင့်ကိရိယာများကို ယမန်နေ့က လှူဒါန်းခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ ဟွာဝေးရုံးခွဲမှ သတင်းထုတ်ပြန်လိုက်သည်။

မြင့်မားသောရုပ်ထွက်ကြည်လင်မှု၊ ဗီဒီယိုအစည်းအဝေးစနစ်ငါးခုနှင့် ကိုယ်ခန္ဓာအပူချိန်ကို တိတိကျကျတိုင်းတာပေးနိုင်သော ကင်မရာခြောက်လုံး ပါဝင်သည့် လှူဒါန်းပစ္စည်းများကို သီရိလင်္ကာဝန်ကြီးချုပ် မာဟင်ဒါ ရာဂျာပတ်ဆာက လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

ယခုလို စိန်ခေါ်မှုရှိသောကာလအတွင်း ဟွာဝေး၏ အချိန်မီကူညီထောက်ပံ့မှုများကို ကျေးဇူးတင်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ သီရိလင်္ကာနိုင်ငံကို ကပ်ရောဂါ တိုက်ဖျက်သည့်နေရာတွင် အနိုင်ရရေးကူညီရန်နှင့် ပျော်ရွှင်ရောင့်ရဲမှုများကို ပြည်သူများ၏ဘဝများဆီ ပြန်လည်ယူဆောင်ပေးရန် နောက်ဆုံးပေါ်နည်းပညာများဖြင့် ဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်း သီရိလင်္ကာရှိ ဟွာဝေးကုမ္ပဏီအမှုဆောင်အရာရှိချုပ် လျန်ရီက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၅-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲနမူနာ (၉၄) ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၆) ခု၊ စုစုပေါင်း (၂၀၀) ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၆၁) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ထိုသို့စစ်ဆေးမှုများတွင် (၅-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၄၉) ဦးရှိပြီ ဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၄-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉၈) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (ပထမအသုတ်) | (၉၄) ခု |
| (၅-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀)နာရီ

၁။ (၅-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ စစ်ဆေးပြီးစီးခဲ့သော စောင့်ကြည့်လူနာများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲနမူနာ (၁၈၆) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၆) ခုနှင့် နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ဓာတ်ခွဲဌာနမှစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၃၆၃) ခု၊ စုစုပေါင်း (၆၅၅) ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁၆၁) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ထိုသို့စစ်ဆေးမှုများတွင် (၅-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၄၉) ဦးရှိပြီ ဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၄-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉၈)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၅-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀) နာရီ

| | |
|---|---|
| (၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၆) ခု |
| (၅-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၆) ခု |
| (၅-၅-၂၀၂၀) ရက်နေ့တွင် နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) ဓာတ်ခွဲဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၆၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID - 19 ရောဂါပိုးတွေ့ရှိခဲ့သော စစ်သည်နှင့် ထိတွေ့မှုရှိသူများတွင် ရောဂါပိုး မတွေ့ရှိ

**နေပြည်တော် မေ ၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော စစ်သည်တစ်ဦးတွင် ဓာတ်ခွဲအတည်ပြုချက်အရ COVID – 19 ရောဂါပိုး တွေ့ရှိခဲ့ကြောင်း မေ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ စစ်သည်နှင့် ဆက်စပ်ထိတွေ့ခဲ့သူ ၃၆၃ ဦးကို လိုအပ်သည့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်ပြီး မေ ၄ ရက်တွင် နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ရှိ COBAS 6800 ရောဂါရှာဖွေစက်ဖြင့် စစ်ဆေးခဲ့ရာ အဆိုပါ ၃၆၃ ဦးစလုံးတွင် COVID – 19 ရောဂါပိုး တွေ့ရှိသူမရှိ (မရှိ) ကြောင်း သိရှိရသည်။ ၎င်းစစ်သည်အနေဖြင့် လွန်ခဲ့သည့် တစ်လအတွင်း တပ်ပြင်ပသို့ ခရီးသွားလာခဲ့သည့် ရာဇဝင်မရှိခဲ့ဘဲ ရောဂါကူးစက်ခံရမှုအခြေအနေအား သိရှိနိုင်ရန်နှင့် ၎င်းစစ်သည်နှင့် ထိတွေ့မှုရှိခဲ့သူများကို ထပ်မံစိစစ်ဖော်ထုတ်၍ လိုအပ်သည့် ဆေးစစ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## မင်္ဂလာတောင်ညွန့်မြို့နယ် ဈေးများ၌ နှာခေါင်းစည်းများဖြန့်ဝေ

**ရန်ကုန် မေ ၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်ခြေနီအသင်းက ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် သိမ်ဖြူဈေးနှင့် မင်္ဂလာတောင်ညွန့်ဈေး (အမဲဈေး) များအတွင်း နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများကို မေ ၅ ရက်က ဆောင်ရွက်သည်။



မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးကျော်ဇောဟိန်းတို့ ဦးဆောင်သည့် တပ်ဖွဲ့သုံးဖွဲ့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သိမ်ဖြူဈေးနှင့် အမဲဈေးများအတွင်းမှ ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်း အခုရေ ၈၀၀ ကျော်ကို ဖြန့်ဝေပေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပညာပေးပိုစတာများကို ဈေးများအတွင်း ကပ်ပေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ကြောင့် နိုင်ငံ့စီးပွား၊ ပြည်သူတို့၏ လူမှုစီးပွား ထိခိုက်မှုအနည်းဆုံးဖြစ်စေဖို့ ဘာတွေဆောင်ရွက်နေသလဲ

ရှင်မင်း၊ ဓာတ်ပုံ - ကျော်ဇင်ထိုက်

**ကိုဗစ်-၁၉ ကြောင့် နိုင်ငံ့စီးပွား၊ ပြည်သူတို့၏ လူမှုစီးပွား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အစိုးရအနေဖြင့် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး လက်ရှိတွင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသည့် လုပ်ငန်းများကို ဦးစားပေးကဏ္ဍအလိုက် ချေးငွေထုတ်ချေးပေးသည့် အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ပြင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုများကို ကုစားသွားနိုင်ရန် Covid-19 Economic Relief Plan-CERP ကိုလည်း ထုတ်ပြန်ထားရှိပြီးဖြစ်သည်။**



ဦးအောင်နိုင်ဦး (အမြဲတမ်းအတွင်းဝန်)

ထိုသို့ ကိုဗစ်-၁၉ ကြောင့် နိုင်ငံ့စီးပွား၊ ပြည်သူတို့၏ လူမှုစီးပွား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး ။ ။ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းတွေ မထိခိုက်စေဖို့ ကုစားရေးကော်မတီတစ်ရပ်လည်း ဖွဲ့စည်းထားပါတယ်။ အမြဲတမ်းအတွင်းဝန်အနေနဲ့ ဒီကော်မတီမှာ ကော်မတီ အတွင်းရေးမှူးအဖြစ် ထဲထဲဝင်ဝင် ဆောင်ရွက်နေတဲ့အတွက် ပထမဦးဆုံးကော်မတီအနေနဲ့ လက်ရှိမှာ ရေတိုအဖြစ် အားစိုက်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်ကို သိပါရစေ။**

**ဖြေ ။** ။ ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ အဲဒီကော်မတီမှာ စီးပွားရေး ကဏ္ဍနဲ့ ပတ်သက်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးတွေလည်း ပါဝင်ပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က ပြည်ထောင်စုဝန်ကြီးတွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်လည်း ပါပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန အားလုံးနဲ့ ဖွဲ့စည်းလိုက်တာဖြစ်ပါတယ်။ ကော်မတီကို ပြီးခဲ့တဲ့ မတ် ၁၃ ရက်ကတည်းက ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒီလိုစဖွဲ့တဲ့အချိန်မှာ ကော်မတီရဲ့ လုပ်ငန်းစဉ်က အဓိကကတော့ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်မှုကို ကုစားပေးနိုင်ဖို့ပါ။

ဒီလို ကုစားပေးတဲ့အခါ ချက်ချင်းဆောင်ရွက်ရတာလည်းရှိတယ်။ လုပ်ငန်းတွေ ဆက်လည်ပတ်နိုင်အောင်၊ ဆက်လုပ်ကိုင်နိုင်အောင် လုပ်ပေးရတဲ့ ကိစ္စတွေရှိတယ်။ တချို့က ရေတိုလုပ်ဆောင်ရတယ်။ ရေရှည်လုပ်ဆောင်ပေးရမှာတွေလည်း ရှိတယ်။ ဒါကြောင့် ရေတိုရေရှည်ဆောင်ရွက်ရမှာတွေကို ခွဲခြားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါပြီ။

### ဆက်လက်ထုတ်ပေးနိုင်ဖို့ ဆောင်ရွက်နေ

ကျွန်တော်တို့ဝန်ကြီးဌာနက ကော်မတီရဲ့ လုပ်ငန်းတွေမှာ အဓိကဆောင်ရွက်တဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီက ပုံမှန်အားဖြင့် နှစ်ပတ်တစ်ကြိမ်လောက် အစည်းအဝေး လုပ်ပါတယ်။ ဒီရက်မှာ ကိုဗစ်-၁၉ ကာကွယ်ဖို့အတွက် social distancing ရှိလာတော့ အစည်းအဝေးမလုပ်ဖြစ်ဘူး။ မေ ၅ ရက်မှာ video conferencing နဲ့ အစည်းအဝေးလုပ်ဖို့ရှိတယ်။ ဒါက ကျွန်တော်တို့ ကော်မတီဖွဲ့စည်းမှုနဲ့ လုပ်ကိုင်ဆောင်ရွက်မှုပါ။ ကော်မတီက လတ်တလောမှာ လျာထားတဲ့ ချေးငွေ ဘီလီယံ ၁၀၀ ထဲက စီးပွားရေးလုပ်ငန်းများကို ဆက်လက်ထုတ်ပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ချေးငွေ ထုတ်ပေးမယ့် ဦးစားပေး အစီအစဉ် အသေးစိတ်ကိုလည်း သိရှိလိုပါတယ်။**

**ဖြေ ။** ။ ချေးငွေ ထုတ်ချေးတာက ကော်မတီရဲ့ လုပ်ငန်းတစ်ခု၊ ကဏ္ဍတစ်ခုအနေနဲ့ ပါတာဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါ်တာကတော့ stimulus package လို့ ခေါ်တာပေ့ါ။ စီးပွားရေးကို ပြန်လည်လှုံ့ဆော်ဖို့ အစီအစဉ်တွေ ဆွဲတာဖြစ်ပါတယ်။ ဒီလိုအစီအစဉ်တွေ ဆွဲတဲ့အခါ အခွန်ပိုင်းဆိုင်ရာ ဖြေလျှော့မှုတွေ လုပ်ပေးတယ်။ တစ်ဖက်ကလည်း အားလုံးသိတဲ့အတိုင်း အတိုးနှုန်းတွေ ဖြေလျှော့ပေးတယ်။ ဘဏ်တွေ လုပ်ကိုင်လို့ အဆင်ပြေအောင် ဗဟိုဘဏ်က ဆောင်ရွက်ပေးတယ်။ လုပ်ငန်းရှင်တွေလည်း လုပ်လို့ကိုင်လို့ အဆင်ပြေအောင်ပါ။ အတိုးနှုန်းဆိုရင်လည်း ချပေးတာ သုံးခါရှိပါပြီ။ ပထမ မတ် ၁၂ ရက်မှာ ၀ ဒသမ ၅ ရာခိုင်နှုန်း ချပေးတယ်။ ပြီးတော့ ၁ ရာခိုင်နှုန်း ထပ်ချတယ်။ ထပ်ပြီးတော့ ၁ ဒသမ ၅ ရာခိုင်နှုန်း ထပ်ချပေးခဲ့ပါတယ်။

### ချေးငွေထုတ်ပေးဖို့ အစိုးရက စီစဉ်ပေး

အတိုးနှုန်းတွေ ကျသွားခြင်းအားဖြင့် လုပ်ငန်းတွေ ပြန်လည်ပေးဆပ်ရမယ့်အပိုင်းမှာ သက်သောင့်သက်သာဖြစ်မှု တစ်ခုပါ။ ဒါတွေက ငွေကြေးပိုင်းဆိုင်ရာ မူဝါဒအရ ဗဟိုဘဏ်က ဆောင်ရွက်ပေးတာပါ။ နောက်တစ်ခုက လုပ်ငန်းတွေမှာ ငွေအခက်အခဲပေါ်သွားတာလည်း ရှိကြပါတယ်။ အလုပ်သမားတွေ လစာပေးဖို့ မရှိတဲ့ ကိစ္စမျိုးတွေဖြစ်တယ်။ လုပ်ငန်းဆက်လည်ပတ်ဖို့တောင် မရှိတော့တဲ့ လုပ်ငန်းတချို့လည်း ရှိတယ်။ ဒါမျိုးတွေအတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေထုတ်ပေးဖို့ ဆိုပြီး အစိုးရက စီစဉ်ပေးတာရှိပါတယ်။ လုပ်ပေးလို့ရတဲ့ ကိစ္စတိုင်းကို အဆင်ပြေသွားအောင် လုပ်ပေးနေပါတယ်။ အတိုးနှုန်းချတာ၊ အခွန်လျှော့ပေးတာအပြင် ငွေကြေးအခက်အခဲအပေါ် မူတည်ပြီးတော့ အလုပ်သမားတွေ လစာပေးဖို့ ခက်နေတဲ့ လုပ်ငန်းတွေ၊ ဆက်လည်ပတ်ဖို့ ခက်နေတဲ့ လုပ်ငန်းတွေအတွက်ကို နိုင်သလောက် အစိုးရက ဝင်ကူပေးတာပေ့ါ။

### ဦးစားပေးချေးငွေ ထုတ်ချေးဖို့ စီစဉ်

ဝင်ကူပေးတဲ့အခါ ချေးငွေ အတိုးနှုန်းက တော်တော်နည်းပါတယ်။ အတိုးနှုန်းက တစ်နှစ်ကိုမှ တစ်ရာကို တစ်ကျပ်၊ တစ်ရာခိုင်နှုန်းသာ ယူတာပါ။ ဒါကလည်း ဘဏ်စရိတ် ကျေရုံသာ အစိုးရက ယူတာပါ။ အပေါင်ပစ္စည်းလည်း မယူပါဘူး။ ဒီလို ထုတ်ချေးတဲ့အခါ ဘယ်လိုတွေ ဆောင်ရွက်ရသလဲဆိုတော့ ကော်မတီအနေနဲ့ ဘယ်ကဏ္ဍကို ဦးစားပေး ထုတ်ချေးရမလဲ စဉ်းစားရပါတယ်။ မတ်လ အလယ်လောက်ကနေစပြီး အခက်အခဲတွေ ပေါ်တာက အထည်ချုပ်လုပ်ငန်းတွေ၊ ဖိနပ်ချုပ်လုပ်ငန်း၊ အိတ်ချုပ်လုပ်ငန်း စသဖြင့် လုပ်ငန်းတွေမှာ အလုပ်သမားတွေအတွက် လစာပေးဖို့ အခက်အခဲတွေဖြစ်တယ်၊ ကုန်ကြမ်းအခက်အခဲဖြစ်တယ်၊ လုပ်ငန်းလည်ပတ်ဖို့ အခက်အခဲတွေဖြစ်လာတယ်။ ပြည်ပပို့ဖို့ အခက်အခဲတွေဖြစ်လာတယ်။ ဒီလိုစက်ရုံတွေမှာ အလုပ်သမားအင်အားကလည်း ၆၀၀၊ ၁၀၀၀ စသဖြင့် လုပ်သားအင်အားများပါတယ်။ ဒါကြောင့် အထည်ချုပ်လုပ်ငန်း၊ CMP လုပ်ငန်းတွေကို ဦးစားပေးမယ်။ တစ်ဆက်တည်းမှာပဲ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေကလည်း ပိတ်ရတာတွေရှိလာတယ်။ တချို့ဟိုတယ်တွေမှာဆို ဝန်ထမ်းအင်အားလျှော့ရတာ ရှိလာတယ်။ ဟိုတယ်လုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေလည်း ထိခိုက်လာပါတယ်။ ဒီလုပ်ငန်းတွေနဲ့ ဆက်စပ်လုပ်ငန်းတွေလည်း ထိခိုက်လာတယ်။ ဒီလိုထိခိုက်မှုများတဲ့အတွက် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကို ဒုတိယဦးစားပေး သတ်မှတ်ခဲ့တယ်။ တတိယက အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဦးစားပေး ချေးငွေထုတ်ချေးဖို့ စီစဉ်ခဲ့ပါတယ်။

ဒီလိုသတ်မှတ်ပြီးတော့ ချေးငွေရယူမယ့်သူတွေ အကျုံးဝင်ရမယ့် အချက် ၁၀ ချက်ကို ထုတ်ပြန်ခဲ့တယ်။ ဒီဦးစားပေးကဏ္ဍ သုံးခုထဲမှာ ပါပြီးတော့ အချက် ၁၀ ချက်နဲ့ အကျုံးဝင်တဲ့သူတွေကို ချေးငွေထုတ်ပေးပါတယ်။ ဒီလိုထုတ်ပေးတဲ့အပိုင်းမှာ မတ် ၂၉ ရက်ကစပြီး ကြေညာချက်ထုတ်ပြီး မတ် ၃၀ ရက်ကစပြီး လျှောက်လွှာတွေ စလက်ခံပါတယ်။ ဒီလို စလက်ခံပြီးတော့ ဧပြီ ၉ ရက်အထိ ရုံးပိတ်ရက်မထားဘဲ ၁၁ ရက်တိတိ လက်ခံခဲ့တယ်။ ရန်ကုန်မှာလည်း လက်ခံသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်မြို့တော်တွေမှာလည်း လက်ခံခဲ့တာ ဖြစ်ပါတယ်။

**မေး ။ ။ ချေးငွေ ဘီလီယံ ၁၀၀ ထုတ်ချေးပေးမှုအတွက် လျှောက်လွှာ ဘယ်လောက် လက်ခံရရှိပြီဆိုတာလည်း သိပါရစေ။**

**ဖြေ ။** ။ လျှောက်လွှာက အွန်လိုင်းကပါ အပါအဝင် ၄၀၀၀ နီးနီးလောက် လက်ခံရရှိထားပါတယ်။ ထုတ်ချေးပေးတာကတော့ မများသေးပါဘူး။ ပထမအသုတ်မှာ ၈၅ စောင်၊ ဒုတိယအသုတ်မှာ ၁၁၃ စောင်ဆိုတော့ ၂၀၀ ပတ်ဝန်းကျင်ပဲ ရှိပါသေးတယ်။ ဒီအပတ်ထဲမှာလည်း ဆက်ပြီး ထုတ်ပေးဖို့ ရှိပါတယ်။ ချေးထားတဲ့ငွေကလည်း အသုတ် ၂ ခုအတွက် ၁၀ ဘီလီယံလောက်ပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ ဘီလီယံ ၉၀ လောက် ထုတ်ချေးဖို့ ကျန်ပါသေးတယ်။ ဒါကို ဆက်ပြီး ထုတ်ပေးသွားပါမယ်။

**မေး ။ ။ လျှောက်လွှာတွေကို ဘယ်လိုစိစစ်သလဲ ဆိုတာ သိပါရစေ။**

**ဖြေ ။** ။ လျှောက်လွှာတွေကို ဘယ်လိုစိစစ်သလဲ ဆိုတော့ ပထမလျှောက်လွှာဟာ သတ်မှတ်တဲ့ စာရွက်စာတမ်း ပြည့်စုံရဲ့လားဆိုတာ အရင်ဆုံးစိစစ်ပါတယ်။ ပြည့်စုံတယ်ဆိုရင် ဒုတိယအနေနဲ့ ဦးစားပေးကဏ္ဍ သုံးခုထဲမှာ ပါသလား၊ ပါရင်တော့ လက်ခံတယ်။ မပါရင်တော့ ပယ်ပါတယ်။ တတိယက သတ်မှတ်ချက် ၁၀ ချက်နဲ့ ကိုက်သလား ဆက်ပြီး စိစစ်ပါတယ်။ အားလုံးကိုက်ညီရင်တော့ လျှောက်လွှာလက်ခံပါတယ်။ ဒါက အပိုင်းတစ်ခုပါ။

ပြီးရင် ပဏာမစိစစ်တဲ့အပိုင်းကို UMFCCI က ဦးဆောင်ပြီးလုပ်ပါတယ်။ အဲဒီမှာ သက်ဆိုင်ရာ လုပ်ငန်းတိုင်းရဲ့ အသင်းတွေ ရှိပါတယ်။ ဥပမာ ဟိုတယ်နဲ့ ပတ်သက်တာဆိုရင် ဟိုတယ်လုပ်ငန်းရှင်များအသင်းရှိတယ်။ ခရီးသွားဆိုရင်လည်း ခရီးသွားလုပ်ငန်းရှင်များအသင်းရှိတယ်။ အထည်ချုပ်ဆိုရင်လည်း သူ့ဆိုင်ရာ အသင်းရှိတယ်။ UMFCCI ရဲ့ သက်ဆိုင်ရာ အသင်းအဖွဲ့တွေက တာဝန်ယူတယ်။ ပြီးတော့ ဌာနဆိုင်ရာတွေလည်း တွဲဖက်ပါဝင်ပါတယ်။ ပုဂ္ဂလိကရော၊ အစိုးရအပိုင်းကရော အားလုံးပါဝင်တဲ့ အဖွဲ့ကနေ စုပေါင်းပြီး စိစစ်ပါတယ်။ လျှောက်လွှာတွေ ပဏာမစိစစ်တဲ့အခါ လျှောက်လွှာနဲ့တွဲပါလာတဲ့ ဘဏ္ဍာရေးရှင်းတမ်းတို့၊ အလုပ်အကိုင် ခန့်ထားမှု အခြေအနေတို့၊ ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက် စသည်ဖြင့် သူတို့တင်ပြလာတဲ့ စာရွက်စာတမ်းအပေါ် အခြေခံပြီးတော့ပဏာမစစ်လိုက်ပါတယ်။

**“ချေးငွေထုတ်ချေးတာက ကော်မတီရဲ့ လုပ်ငန်းတစ်ခု၊ ကဏ္ဍတစ်ခု အနေနဲ့ပါတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါ်တာကတော့ stimulus package လို့ ခေါ်တာပေ့ါ။ စီးပွားရေးကို ပြန်လည်လှုံ့ဆော်ဖို့ အစီအစဉ်တွေဆွဲတာ ဖြစ်ပါတယ်။ ဒီလိုအစီအစဉ်တွေ ဆွဲတဲ့အခါ အခွန်ပိုင်းဆိုင်ရာ ဖြေလျှော့မှုတွေ လုပ်ပေးတယ်။ တစ်ဖက်ကလည်း အားလုံးသိတဲ့အတိုင်း အတိုးနှုန်းတွေ ဖြေလျှော့ပေးတယ်။ ဘဏ်တွေ လုပ်ကိုင်လို့ အဆင်ပြေအောင် ဗဟိုဘဏ်က ဆောင်ရွက်ပေးတယ်။ လုပ်ငန်းရှင်တွေလည်း လုပ်လို့ကိုင်လို့ အဆင်ပြေအောင်ပါ။ အတိုးနှုန်းဆိုရင်လည်း ချပေးတာ သုံးခါရှိပါပြီ။ ပထမ မတ် ၁၂ ရက်မှာ ၀ ဒသမ ၅ ရာခိုင်နှုန်း ချပေးတယ်။ ပြီးတော့ ၁ ရာခိုင်နှုန်း ထပ်ချတယ်။ ထပ်ပြီးတော့ ၁ ဒသမ ၅ ရာခိုင်နှုန်း ထပ်ချပေးခဲ့ပါတယ်”**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စစ်ပြီးတဲ့အခါ သူတို့ကို ဘယ်လောက်ခွင့်ပြုသင့်တယ်ဆိုတာကို ပဏာမ စစ်တဲ့အဖွဲ့က လျာထားပါတယ်။ သူတို့တင်ပြသလောက်တော့ ရချင်မှ ရမှာပါ။ တချို့လည်း အများကြီးတင်ကြတယ်။ ဒီလိုတင်လာတဲ့အပေါ် အလုပ်သမားဘယ်လောက်ခန့်ထားသလဲ၊ဘဏ္ဍာရေးအခြေအနေဘယ်လိုရှိသလဲ။ လုပ်ငန်းလည်ပတ်မှုက ဘယ်လိုလဲ၊ ချေးငွေဖြစ်တဲ့ အတွက်ကြောင့်ပါ။ တစ်နှစ်ပြည့်ရင် နိုင်ငံတော်ကို ပြန်လည်ဆပ်ရမှာပါ။ နိုင်ငံတော်က ဆုံးရှုံးသွားလို့ မရပါဘူး။

နိုင်ငံတော်က ထုတ်ချေးပေးတဲ့အခါ အတိုးနှုန်းနည်းတဲ့အပြင် အပေါင်လည်း ယူမထားပါဘူး။ ယူမထားတဲ့အတွက် စိစစ်တဲ့အပိုင်းမှာ တင်သလောက်တော့ မပေးနိုင်ဘူး။ ပေးသင့်တဲ့ ပမာဏကို စိစစ်ပါတယ်။ ဒီလိုပဏာမ စိစစ်တဲ့အဖွဲ့ကနေ ထောက်ခံတင်ပြလာတဲ့ ပမာဏကို မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းက ကိုယ်စားလှယ်တွေပါတဲ့ အဖွဲ့ကနေ ထပ်ပြီးစိစစ်ပါတယ်။ ဒီလိုပဏာမ စိစစ်တဲ့အဖွဲ့ကနေ စိစစ်ထားတဲ့ ပမာဏက သင့်၏၊ မသင့်၏ကို ထပ်ပြီး သုံးသပ်စိစစ်ပါတယ်။ ထပ်လျှော့တာမျိုးရှိသလို၊ ထောက်ခံပေးတာလည်း ရှိပါတယ်။ နောက်ဆုံးမှာ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းက ဦးဆောင်တဲ့ အသေးစိတ်စိစစ်ရေးအဖွဲ့က ထောက်ခံတဲ့ ပမာဏအတိုင်း ကျွန်တော်တို့ ကော်မတီကနေ ထုတ်ချေးပေးပါတယ်။ ဒါတွေကတော့ စိစစ်တဲ့အပိုင်းပါ။ စိစစ်မှုက အပိုင်း ၃ ပိုင်းလောက် ရှိပါတယ်။

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက အဓိကဝန်ကြီးဌာန တစ်ခုအဖြစ်တာဝန်ယူထားတော့ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုပေါင်းစပ်ဆောင်ရွက်ပေးနေပါသလဲ။**

**ဖြေ ။** ။ ကျွန်တော်တို့ ဝန်ကြီးဌာနက ကော်မတီလုပ်ငန်းတစ်ခုလုံး လည်ပတ်ဖို့တာဝန်ယူတယ်။ ဒါက နံပါတ်တစ်ပါ။ နံပါတ် ၂ အချက်တော့ ခုနက ပြောတဲ့ ချေးငွေ လုပ်ငန်းတွေအတွက် တာဝန်ယူအကောင်အထည်ဖော်ပေးတဲ့ လုပ်ငန်းအဖွဲ့ခေါင်းဆောင်အနေနဲ့ ကျွန်တော်က ဝန်ကြီးဌာနကိုယ်စားပြုပြီး ဆောင်ရွက်ပေးနေပါတယ်။ နောက်တစ်ခု ပြန်လည်ကုစားရေးအပိုင်းပါ။ ဒီအပိုင်းက ကျယ်ပြန့်ပါတယ်။ ကျယ်ပြန့်တော့ အစိုးရအစီအစဉ်နဲ့ဆောင်ရွက်တဲ့အပြင် ပြည်ပမှာရှိတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေကနေ အကူအညီရအောင်လည်း ညှိနှိုင်းပေါင်းစပ်ပေးပါတယ်။ နောက်တစ်ခုက ကော်မတီလုပ်ငန်းစဉ်တွေမှာ ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့အတွက် ကော်မတီ ကိုယ်စားပြုပြီး တာဝန်ယူဆောင်ရွက်နေပါတယ်။

**မေး ။ ။ ဒါတွေက ရေတိုမှာ ပြေလည်သွားအောင် ကုစားဆောင်ရွက်တဲ့ အပိုင်းလို့ ပြောလို့ရပါတယ်။ ရေရှည်အတွက် အဆင်ပြေအောင် ဘာတွေဆောင်ရွက်မယ် ဆိုတာလည်း သိပါရစေ။**

**ဖြေ ။** ။ အားလုံးသိတဲ့အတိုင်းပဲ ဧပြီ ၂၈ ရက်က Covid-19 Economic Relief Plan-CERP ဆိုတာ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒီအထဲမှာ ရေတိုလုပ်မယ့် လုပ်ငန်းစဉ်တွေ အကုန်လုံးပါပါတယ်။ ဒါက ၂၀၂၀ နှစ်ကုန်ပိုင်းအထိ ဘာတွေဆောင်ရွက်မယ်ဆိုတာကို အသေးစိတ် ရေးဆွဲ ထားတာပါ။ ရေတိုကုစားတဲ့အပိုင်းပါ။ ကာလလတ်၊ ကာလရှည်အတွက် လုပ်ရမှာတွေအတွက် DaNa Facility ၊ UNCDF လို့ခေါ်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုနဲ့ International Trade Centre သုံးခုပေါင်းပြီး မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍမှာ ဘယ်ကဏ္ဍ ဘယ်လောက်ထိခိုက်သွားသလဲဆိုတာကို ထိခိုက်မှုဆန်းစစ်ခြင်း (Impact Assessment) စလုပ်နေပြီ။ Impact Assessment အပေါ် မူတည်ပြီး ဘယ်ကဏ္ဍက ထိခိုက်ပြီး ပြန်လည်ကုစားဖို့အတွက်၊ ပြန်ထူထောင်ဖို့အတွက် ကုစားရေးအစီအစဉ်တွေကိုလည်း အသေးစိတ် ဆောင်ရွက်သွားမှာပါ။

## အချက်အလက်တွေ ကောက်နေ

အခုလုပ်နေတဲ့ Impact Assessment လုပ်ငန်းစဉ်ဆွဲတာက ၆ လပိုင်းလကုန်ဆိုရင် သာမန်အားဖြင့် ပြီးစီးအောင် ရေးဆွဲထားတော့ ပြီးသွားရင် ဆက်ထွက်လာမှာက ကုစားရေးအစီအစဉ် ဘာတွေလုပ်မယ်ဆိုတဲ့ အသေးစိတ်တွေပါ။ ဒီ Impact Assessment က ၆ လပိုင်းလကုန်ဆိုရင် ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်။ အခု Survey ဆင်းနေတာတွေ ရှိပါတယ်။ အချက်အလက်တွေ ကောက်နေပါတယ်။ သုံးသပ်ချက်တွေ ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ဒီဟာတွေကနေ ဆက်ပြီးအကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်တွေ ထွက်လာမှာပါ။

**"လူမှုမီဒီယာတွေမှာ ချေးငွေက ချေးသလောက်မရဘူးဆိုပြီး ပြောကြတာမျိုးရှိပါတယ်။ တကယ်က စိစစ်တဲ့အဖွဲ့က ချေးငွေတင်ပြလာတဲ့ သူရဲ့ တင်ပြလာတဲ့ စာရွက်စာတမ်းအပေါ်မှာ အခြေခံပြီး စိစစ်ထုတ်ချေးပေးတာပါ။ တချို့ကလည်း မြေပြင်ကွင်းမဆင်းဘဲ ထုတ်ချေးတယ်လို့ ပြောတာလည်း ရှိပါတယ်။ မြေပြင်ကိုတော့ ကွင်းဆင်းဖို့ အစီအစဉ်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘဏ်ချေးငွေ ပုံစံမျိုးမဟုတ်ပါဘူး။ ဘဏ်ချေးငွေကတော့ လုပ်ငန်းကွင်းဆင်းကြည့်ပြီး ခိုင်မာမှုထုတ်ချေးတာပါ။ ကျွန်တော်တို့ ချေးငွေက တစ်နည်းပြောရရင် နိုင်ငံတော်ရဲ့ စေတနာပါ။ ကိုယ့်ပြည်သူတွေရဲ့ ထိခိုက်မှုရှိတဲ့ လုပ်ငန်းတွေကို မြန်မြန်ကူညီတာပါ"**

**မေး ။ ။ ချေးငွေက လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းတွေ လည်ပတ်သွားနိုင်အောင်၊ လုပ်ခလစာတွေ ထုတ်ပေးနိုင်အောင် အဆင်ပြေဖို့ ထုတ်ချေးပေးတာဖြစ်တဲ့အတွက် အလုပ်သမားတွေဆီကို တိုက်ရိုက် အကူအညီရောက်ဖို့ အစီအစဉ်ဆွဲနေတာတွေရှိရင်လည်း သိပါရစေ။**

**ဖြေ ။** ။ အပိုင်းနှစ်ပိုင်းပေါ့။ အခု ချေးငွေ ဘီလီယံ ၁၀၀ ထုတ်ချေးပေးတဲ့ ရည်ရွယ်ချက်က လုပ်ငန်းတွေမှာ လုပ်သားတွေ လစာငွေရရှိဖို့ပါ။ လုပ်ငန်းရှင်က လုပ်ငန်း မလည်ပတ်နိုင်လို့ စက်ရုံ၊ အလုပ်ရုံပိတ်ရတာမျိုး မဖြစ်ဘဲ လစာပေးနိုင်အောင်ပါ။ လစာပေးနိုင်ဖို့က ဦးစားပေး ၁ ဖြစ်ပါတယ်။ လုပ်သားကို တိုက်ရိုက်ပေးတာ မဟုတ်သော်ငြားလည်း သက်ဆိုင်ရာ လုပ်ငန်းတွေကနေ လုပ်သားတွေ လုပ်ခရရှိအောင် တစ်ဆင့် စီစဉ်ထားတာပါ။

ဒုတိယအပိုင်းအနေနဲ့ အလုပ်သမားတွေအတွက် လူမှုဖူလုံရေးနဲ့ ပတ်သက်တဲ့ ခံစားခွင့်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်တာရှိတယ်။ ဧပြီ ၁၉ ရက်ကြေညာချက်ထုတ်ပြီးနောက်ပိုင်းမှာ ယာယီအလုပ်ရပ်နားသွားတဲ့ လုပ်သားတွေအတွက် မူလလစာရဲ့ ၄၀ ရာခိုင်နှုန်း ထုတ်ပေးဖို့ ဆောင်ရွက်နေတာလည်းရှိတယ်။

ရှေ့ဆက်ပြီးတော့လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေ စုပေါင်းပြီး ပြည်သူတွေအတွက် လုပ်သင့်လုပ်ထိုက်တာတွေကိုလည်း လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

**မေး ။ ။ ကိုဗစ်-၁၉ အတွေ့အကြုံကနေ နိုင်ငံစီးပွားရေးထိခိုက်မှု လျော့နည်းအောင် စီးပွားရေးနဲ့သက်ဆိုင်တဲ့ ဥပဒေတွေ ထပ်ပြီးဖြေလျှော့ရေး ဆောင်ရွက်ဖို့ ရှိပါသလား။**

**ဖြေ ။** ။ အခု ကိုဗစ်-၁၉ ကြောင့် လတ်တလော အခြေအနေမှာ စီးပွားရေး ထိခိုက်မှု လျော့ပါးတဲ့ လုပ်ငန်းစဉ်တွေကို မြန်မြန်သွက်သွက်လုပ်ပေးဖို့ Covid-19 Economic Relief Plan -CERP မှာ ကြည့်ရင် တွေ့နိုင်ပါတယ်။ ဥပမာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ Proposal တွေဆိုရင် ချက်ချင်းမြန်မြန်ခွင့်ပြုပေးရမယ်။ သွင်းကုန်ထုတ်ကုန် လုပ်ထုံးလုပ်နည်းတွေ၊ FDA လုပ်ထုံးလုပ်နည်းတွေ ဖြေလျှော့ပေးဖို့ လုပ်နေပါတယ်။

## ထပ်ပြီးဖြေလျှော့မှုပေးနိုင်ဖို့ လို

ရေရှည်စဉ်းစား ဆောင်ရွက်တဲ့အခါမှာတော့ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ် ပြင်ဆင်သင့်တယ်လို့ ယူဆပါတယ်။ ဒီအချိန်မှာ နိုင်ငံအားလုံးကလည်း ကိုယ့်နိုင်ငံရဲ့ စီးပွားရေး ပြန်လည်ထူထောင်ဖို့ အပြိုင်လုပ်ကြရမှာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူကို ဖိတ်ခေါ်ဖို့ ပြင်ကြတော့မှာပါ။ ကျွန်တော်တို့နိုင်ငံက လက်ရှိဥပဒေကတော့ ကောင်းတယ်။ သို့သော် ရင်းနှီးမြှုပ်နှံသူကို ပိုမိုဆွဲဆောင်နိုင်ဖို့ ထပ်ပြီးဖြေလျှော့မှုပေးနိုင်ဖို့ လိုပါတယ်။ ဥပမာ ပုဒ်မ ၃၆ အရ MIC ကို မဖြစ်မနေ တင်ရမယ်ဆိုတဲ့ အချက်မျိုး၊ ဥပဒေ အခန်း ၈ အရ ရင်းနှီးမြှုပ်နှံမှု စီးဝင်ဖို့ စိစစ်မှုတွေကို ဘယ်လောက်ထိ ဖြေလျှော့ပေးမလဲ ဆိုတာမျိုး၊ ဥပဒေ အခန်း ၁၂ အရ အခွန်ကင်းလွတ်ခွင့်တွေပါ၊ ဒါတွေနဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်သင့်တယ်။ လက်ရှိအခန်း ၁၂ အရ အခွန်ကင်းလွတ်ခွင့်ကို ဒေသသုံးခု ပိုင်းခြားထားတယ်။ မဖွံ့ဖြိုးသေးတဲ့ ဒေသဆိုရင် ၇ နှစ်၊ အသင့်အတင့် ဖွံ့ဖြိုးမှုရှိရင် ၅ နှစ်၊ ဖွံ့ဖြိုးတဲ့ဒေသဆိုရင် ၃ နှစ် စသဖြင့် ပေးတယ်။ တချို့နိုင်ငံတွေမှာ ဒီထက်ပိုပြီး ပေးတာလည်းရှိပါတယ်။ သာမန်အချိန်မှာ ဒီအပိုင်းအခြားက အလုပ်ဖြစ်ပါတယ်။

## ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်လာအောင် လုပ်ရမှာပါ

သို့သော်လည်း အခြားနိုင်ငံတွေနဲ့ အပြိုင်အဆိုင်လုပ်ဖို့လိုအပ်လာတဲ့အခါမှာ ရင်းနှီးမြှုပ်နှံသူက ဘယ်ဟာက ပိုသက်သာသလဲ စဉ်းစားမှာဖြစ်တဲ့အတွက် သူ့ကို ဆွဲဆောင်နိုင်ဖို့ ပြင်ဆင်သုံးသပ်ဖို့ လိုအပ်လာပါတယ်။ အလားတူပဲ အခွန်အကောက်နဲ့ ပတ်သက်တဲ့ ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေကိုလည်း ပြန်သုံးသပ်ဖို့ လိုတယ်။ အဓိက ကတော့ ကိုယ့်နိုင်ငံ စီးပွားရေးအတွက် ကိုယ့်နိုင်ငံထဲကို ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်လာအောင် လုပ်ရမှာပါ။ ကျွန်တော့်အမြင်ပါ။ မြေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က နှစ် ၅၀ ပေးတယ်။ ၁၀ နှစ် နှစ်ကြိမ် သက်တမ်းတိုးခွင့် ပေးထားတယ်။ တချို့နိုင်ငံမှာ နှစ် ၉၀၊ တချို့ကျတော့ ကန့်သတ်ချက်မရှိ ပေးတာမျိုးရှိနေတယ်။ ဒါတွေကလည်း စဉ်းစားရမှာပါ။ လတ်တလောကတော့ ဥပဒေပြင်တဲ့ အပိုင်းကို မသွားသေးပါဘူး။ ကိုယ့်နိုင်ငံမှာ စီးပွားရေး ထိခိုက်မှု လျော့ပါးစေဖို့ မြန်မြန်ထက်ထက် တုံ့ပြန်နိုင်အောင် အကောင်အထည်ဖော်နေပါတယ်။ ထိခိုက်မှုရှိတာတွေလည်း မြန်မြန်ပြန်ထူထောင်နိုင်အောင် သွားနေတာပါ။ ကာလလတ်၊ ကာလရှည်မှာတော့ ကိုယ့်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ဥပဒေဟာ တခြားနိုင်ငံနဲ့ ယှဉ်တဲ့အခါ ကိုယ့်နိုင်ငံမှာ လုပ်ချင်ကိုင်ချင်လာအောင် ပြင်ဖို့ လိုအပ်ပါတယ်။

**မေး ။ ။ ကိုဗစ်-၁၉ နဲ့ဆက်စပ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ Agriculture4.0 နဲ့ပတ်သက်ပြီး အမြဲတမ်းအတွင်းဝန်အနေနဲ့ လူမှုမီဒီယာကနေတစ်ဆင့် အကြံပေးထားတာ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သိပါရစေ။**

**ဖြေ ။** ။ ကျွန်တော်တို့ နိုင်ငံမှာက လယ်ယာကဏ္ဍကို ကြည့်လိုက်ရင် တချို့နိုင်ငံတွေလို လယ်သမားတစ်ဦးကို ဧက ရာနဲ့ ထောင်နဲ့ ချီပြီး လုပ်နေတာမျိုး မရှိသလောက်ပါပဲ။ လယ်သမားတွေအတွက် ပြီးခဲ့တဲ့ ငါးနှစ်လောက်က စစ်တမ်းကို ကြည့်လိုက်ရင် တစ်ဧကလောက်ပဲ ပိုင်ဆိုင်လုပ်ကိုင်နိုင်ကြတဲ့ လယ်သမားက ငါးရာခိုင်နှုန်းရှိတယ်။ ၁ ဧကနဲ့ ၅ ဧကကြား ပိုင်ဆိုင်လုပ်ကိုင်နိုင်တာက ၄၉ ရာခိုင်နှုန်းရှိတယ်။ ၅ ဧက နဲ့ ၁၀ ဧက ပိုင်တာက ၂၇ ရာခိုင်နှုန်းရှိတယ်။ အဲဒီတော့ခြုံပြောရင် မြန်မာနိုင်ငံမှာ လယ်သမား ၁၀၀ ရှိရင် ၈၀ လောက်က ၁၀ဧက အောက်ပဲ ပိုင်ကြတယ်။ small scale လို့ ပြောလို့ရပါတယ်။ ပြည့်စုံမှု မရှိတဲ့သူ များတယ်။

## စိန်ခေါ်မှုတွေရှိနေသေး

လယ်ယာကဏ္ဍ တိုးတက်ဖို့ လုပ်တဲ့အခါ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ သွားနေတဲ့အခါ small scale လုပ်နေတဲ့ လယ်သမားက လက်လှမ်းမမီနိုင်တာများတယ်။ မိရိုးဖလာအဆင့်ကနေ အဆင့်တက်ဖို့ စိန်ခေါ်မှုတွေရှိနေသေးတယ်။ ဒါပေမယ့် နည်းပညာက ရှေ့တန်းရောက်လာတော့ Agriculture4.0 က လယ်ယာကဏ္ဍမှာ ဖြစ်ပေါ်လာတဲ့အခါ နည်းပညာသုံးတဲ့အတွက် small scale တွေကလည်း အကျိုးရှိတယ်။ small scale တွေအတွက် ကောင်းတဲ့အချက်တွေ များတယ်။ လယ်စိုက်မယ်ဆိုရင် မိရိုးဖလာ နည်းလမ်းနဲ့ မြေဩဇာကျွေးတာကအစ ကိုယ့်အတွေ့အကြုံနဲ့ လုပ်တဲ့အတွက် ကုန်သင့်တာထက် ပိုကုန်ကျတာတွေ ရှိတယ်။

Agriculture4.0 သုံးတဲ့အခါ sensor သုံးတာတွေရှိလာတော့ ရေသွင်းမယ်ဆိုရင် ရေကိုလိုသလောက် တွက်ချက် သွင်းပေးတယ်။ ပိုးသတ်ဆေးဖျန်းတယ်ဆိုရင်လည်း လိုသလောက်ပဲ တွက်ချက်ဖျန်းနိုင်တယ်။ မြေဩဇာဆိုရင်လည်း လယ်တစ်ကွက်လုံး မဟုတ်ဘဲ လိုအပ်တဲ့နေရာတင် ဘယ်လောက်ထည့်ရမယ်ဆိုတာ သိရတယ်။ လိုအပ်သလောက်ပဲ တွက်ချက်သုံးတယ်။

## ပူးပေါင်းကျော်လွှားနိုင်

Agriculture4.0 မှာကျတော့ ဒရုန်းစနစ်ပါလာတယ်။ လိုအပ်တဲ့ နေရာကိုပဲ တွက်ချက်တယ်။ လယ်ယာမြေပေါ် ဒရုန်းနဲ့ ဖြတ်ပြီးတော့ လယ်ယာမြေအတွက် လိုအပ်တဲ့ အချက်အလက်ရတယ်။ ဒီအချက်အလက်အတိုင်းပဲ ဒီနှစ်စိုက်ပျိုးပြီးတော့ ဒီအချက်အလက်ကို သိမ်းထားလို့ရတယ်။ Agriculture 4.0 ကို တကယ်လုပ်နိုင်ရင် သွင်းအားစု လျော့လာပြီး ထွက်ကုန်များလာတယ်။ သွင်းအားစု လျော့လာတဲ့အတွက် small scale တွေအတွက် ပိုပြီး အဆင်ပြေတယ်။ ဒီနည်းပညာကလည်း မခက်ခဲပါဘူး။ နည်းပညာအတွက် လယ်သမား၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းလိုက်ရင် ကျော်လွှားနိုင်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ မဟုတ်တော့ဘဲ လက်မှုလယ်ယာကနေ နည်းပညာလယ်ယာတွေကို တန်းပြီးသွားလို့ရတယ်။ စက်မှုလယ်ယာသွားတဲ့အခါ small scale အတွက် သဟဇာတ မဖြစ်တာတွေရှိတယ်။ နည်းပညာသုံးတာကတော့ လယ်ယာနည်းနည်း၊ များများ အဆင်ပြေနိုင်တဲ့အတွက် အကျိုးရှိပါတယ်။ ဒါကြောင့် နည်းပညာသုံး လယ်ယာစနစ်သွားဖို့ လိုအပ်တယ်လို့ ပြောတာဖြစ်ပါတယ်။

**မေး ။ ။ နောက်ဆုံးအနေနဲ့ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါ။**

**ဖြေ ။** ။ ပထမအချက်က ကိုဗစ်-၁၉ ချေးငွေနဲ့ ပတ်သက်ပြီး တချို့လည်း မရသေးတဲ့အတွက် ဖုန်းနဲ့ ဆက်သွယ်မေးမြန်းတာတွေ ရှိပါတယ်။ မရသေးဘူးလားပေါ့။ လျှောက်လွှာပေါင်း ၄၀၀၀ နီးပါးမှာ ပေးတာက ၂၀၀ လောက်ပဲ ရှိပါသေးတယ်။ အသုတ်လိုက် ပေးနေတာပါ။ ဆက်ပြီး ပေးသွားမှာဖြစ်ပါတယ်။ ဘီလီယံ ၉၀ ထုတ်ချေးဖို့ ကျန်ပါသေးတယ်။ မြန်မြန်ပေးနိုင်အောင်လည်း စိစစ်မှုတွေအတွက် အင်အားတိုးချဲ့ပြီး လုပ်ပေးနေပါတယ်။ ဒါက တစ်ချက်ပါ။

## ထိခိုက်မှုရှိတဲ့ လုပ်ငန်းတွေကို ကူညီတာပါ

လူမှုမီဒီယာတွေမှာ ချေးငွေက ချေးသလောက်မရဘူးဆိုပြီး ပြောကြတာမျိုးရှိပါတယ်။ တကယ်က စိစစ်တဲ့အဖွဲ့က ချေးငွေတင်ပြလာတဲ့သူရဲ့ တင်ပြလာတဲ့ စာရွက်စာတမ်းအပေါ်မှာ အခြေခံပြီး စိစစ်ထုတ်ချေးပေးတာပါ။ တချို့ကလည်း မြေပြင်ကွင်းမဆင်းဘဲ ထုတ်ချေးတယ်လို့ ပြောတာလည်းရှိပါတယ်။ မြေပြင်ကိုတော့ ကွင်းဆင်းဖို့ အစီအစဉ် မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘဏ်ချေးငွေ ပုံစံမျိုးမဟုတ်ပါဘူး။ ဘဏ်ချေးငွေကတော့ လုပ်ငန်းကွင်းဆင်းကြည့်ပြီး ခိုင်မာမှ ထုတ်ချေးတာပါ။ ကျွန်တော်တို့ ချေးငွေက တစ်နည်းပြောရရင် နိုင်ငံတော်ရဲ့ စေတနာပါ။ ကိုယ့်ပြည်သူတွေရဲ့ ထိခိုက်မှုရှိတဲ့ လုပ်ငန်းတွေကို မြန်မြန်ကူညီတာပါ။ အတိုးနှုန်း ၁ ရာခိုင်နှုန်းကလည်း ခုနက ပြောခဲ့သလို ဘဏ်စရိတ်ကျေရုံ ယူထားတာပါ။ အပေါင်ပစ္စည်းလည်း မယူထားဘူး။ ရည်ရွယ်ချက်က ထိခိုက်တဲ့သူတွေ အတွက်ပါ။

စိစစ်မှုလုပ်တဲ့အခါမှာ ဘာကို အခြေခံရသလဲဆိုတော့ လျှောက်ထားသူတွေ တင်ပြလာတဲ့ Financial Report ၊ ဘဏ်ချေးငွေ ချေးထားသလား ဆိုတာမျိုးကို စိစစ်ရတယ်။ တချို့က ထိခိုက်တာမှန်ပေမယ့် ဘဏ်မှာကလည်း အများကြီးချေးထားတယ်။ အခွန်ကလည်း သေချာမပေးဆောင်ထားဘူး။ လုပ်ငန်းလည်ပတ်မှု၊ ဝန်ထမ်းခန့်ထားမှု ဒါတွေကို ခြုံငုံစဉ်းစားတဲ့အခါ ချေးငွေ ချေးချင်သလောက် မဖြစ်နိုင်ဘူး။ လုပ်ငန်းလည်ပတ် နိုင်အောင်နဲ့ လုပ်သားလစာပေးနိုင် အောင် အဓိက စဉ်းစားပေးတယ်။ တကယ်လို့ အားလုံး ကိုက်ညီရင်တော့ တင်ပြသလောက်ရတာတွေ ရှိပါတယ်။ ကိုယ့်အခြေအနေအရ ရကြတာဖြစ်ပါတယ်။ အခွန်ဆောင်တဲ့ ပမာဏကို ကြည့်လိုက်ရင် လုပ်ငန်းရဲ့ အခြေအနေကို သုံးသပ်နိုင်တဲ့အတွက် ဒီအချက်ကိုလည်း စဉ်းစားချက်တစ်ခုအနေနဲ့ စဉ်းစားပါတယ်။

နောက်တစ်ခုက Covid-19 Economic Relief Plan-CERP ထုတ်လာတော့ ဒီအပေါ်မှာ ဝန်ကြီးဌာနတွေ အားလုံးက အခြေခံပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ရခိုင်ပြည်နယ်ရှိ IDPs စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်ရှိ IDPs စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် IDPs စခန်းများတွင် ခိုလှုံနေထိုင်သူများအတွက် အခြေခံလိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင် အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားချိန်တွင်လည်း IDPစခန်းများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ထိရောက်သော လုပ်ငန်းများဖြစ်စေရေး စနစ်တကျဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်စေရန်အတွက် **"စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး စီမံချက်"** ကို ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံချက်နှင့်အညီ ရခိုင်ပြည်နယ်ရှိ IDPs စခန်းများ၌ မတ် ၂၈ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လိုက်နာရမည့်အချက်များကို Hand Speaker, Loudspeaker များ အသုံးပြု၍ ထိရောက်သော အသိပညာပေးမှုဆောင်ရွက်ခြင်း၊ ဆပ်ပြာများ ဝေငှခြင်းများနှင့်စခန်းများအတွင်း သံသယလူနာ၊ သံသယလူနာနှင့် ထိစပ်ခဲ့သူများရှိပါက လူနာညွှန်းပို့ခြင်း Flow Chart များနှင့် ညွှန်းပို့မည့် နေရာများကို ရေးဆွဲထားပြီး IDP စခန်းများတွင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ထားရှိသည်။

ထို့အပြင် IDP စခန်းများအတွက် ပြန်လည်လျှော်ဖွပ်နိုင်သည့် အဝတ်နှာခေါင်းနှင့်ပါးစပ်စည်းများ ထောက်ပံ့ခြင်း၊ ဆပ်ပြာခဲ/တောင့်ထောက်ပံ့ခြင်း၊ Hand Gel ထောက်ပံ့ခြင်း၊ လက်ဆေးဘေစင်များ တပ်ဆင်ပေးခြင်း၊ Infrared Thermometer ထောက်ပံ့ခြင်း၊ ပိုးသတ်ဆေးဖျန်းဆေးပုံးနှင့် ပိုးသတ်ဆေးရည် ထုတ်ပေးခြင်း၊ ထုံးအိတ်ပံ့ပိုးခြင်း၊ Face-Shield ထောက်ပံ့ခြင်း၊ စခန်းများတွင် Quarantine ထားရှိရန် လိုအပ်လာပါက အဆောက်အဦ(ယာယီ) ဆောက်လုပ်ရန် စီမံထားခြင်း၊ လိုအပ်ပါက ရိက္ခာထောက်ပံ့ခြင်း၊ Cash-for-Work အစီအစဉ်များ ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ထားရှိသည်။



ရခိုင်ပြည်နယ်ရှိ IDPs စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်စဉ်။



ရခိုင်ပြည်နယ်ရှိ IDPs စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်စဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံမှ စစ်တွေမြို့သို့ စီးလုံးငှား မော်တော်ယာဉ်နှစ်စီးဖြင့် ထောက်ပံ့ရေးပစ္စည်းများ တင်ပို့ခဲ့ရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိပြီး Surgical Mask ၃၀၀၀၀၊ အဝတ် Mask ၅၀၀၀၊ Hand Gel ၃၉၄၆၀၊ Infrared Thermometer ၁၀၀၊ Hand Speaker ၁၇၃ ခုနှင့် အသိပညာပေးအသံဖိုင်များပါဝင်သည့် Memory Stick ၁၆၄ ခုတို့ကို စစ်တွေမြို့ရှိ သက္ကယ်ပြင်၊ မော်သီညာ၊ ဒါးပိုင်၊ ခေါင်းဒုတ်ကာ၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂)၊ အုန်းတောကြီး(မြောက်)၊ အုန်းတောကြီး(တောင်)၊ အုန်းတောချေ၊ ဆေးသမားကြီး၊ ဘာဆာရာ၊ သဲချောင်း IDP စခန်းများနှင့် ပေါက်တောမြို့နယ်ရှိ ကြိမ်နီပြင်နှင့် ဆင်တက်မော် IDP စခန်းများသို့သွားရောက်၍ ထောက်ပံ့မှုများ စတင်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်စခန်းများသို့လည်း ဆက်လက်ထောက်ပံ့သွားမည်ဖြစ်သည်။

အထူးသဖြင့် စခန်းအတွင်း နေထိုင်သူများအားလုံးသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် အဝတ်ဖြင့် ချုပ်ထားသော ပါးစပ်နှင့်နှာခေါင်းစည်းများကို မဖြစ်မနေ တပ်ဆင်ထားရန်နှင့် အသုံးပြုရန် နည်းလမ်းများကိုလည်း ပညာပေးမှုများ ပြုလုပ်ခဲ့ကြရာ မိမိအိမ်တွင်းနေထိုင်စဉ်၊ ဈေးဝယ်ထွက်စဉ်၊ ဈေးရောင်းစဉ်နှင့် လမ်းခရီးသွားလာမှုများတွင်ပါ ပါးစပ်နှင့် နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုလျက် ရှိကြပြီဖြစ်သည်။

ရခိုင်ပြည်နယ် IDP စခန်းများတွင် မတ် ၂၈ ရက်မှ မေ ၅ ရက်အထိ ကာလအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ဆပ်ပြာတောင့် ၁၆၃၃၀၊ Mask ၃၅၄၉၄ခု၊ လက်ဆေးဘေစင် ၁၂ ခု၊ Hand Sanitizer ၁၆၇၂၇ ဘူး၊ အပူချိန်တိုင်းကိရိယာ ၁၉ ခု၊ Hand Speaker ၁၂ ခုနှင့် Memory Stick ၁၂ ခုတို့အား ထောက်ပံ့ခဲ့ပြီး ဆက်လက်၍ လက်ဆေးဘေစင်နှင့် ဆက်စပ်ပစ္စည်းအစုံ ၂၇၀ ကိုလည်း IDP စခန်းများတွင် အမြန်ဆုံး ဆက်လက်တပ်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ဘဏ်အချင်းချင်းငွေလွှဲသည့် ဝန်ဆောင်မှု လုပ်ငန်းစတင်

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံ၏ ပထမဆုံးသော မိုဘိုင်းမှတစ်ဆင့် ဘဏ်အချင်းချင်းငွေလွှဲသည့် ဝန်ဆောင်မှု (mobile interbank service) ကို တရားဝင် မိတ်ဖက်ဘဏ်ဖြစ်သည့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (AGD Bank) ၏ နည်းပညာပိုင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ထောက်ပံ့ပေးမှုဖြင့် ယမန်နေ့က စတင်မိတ်ဆက်ခဲ့သည်။ မိုဘိုင်းမှတစ်ဆင့် ဘဏ်အချင်းချင်းငွေလွှဲသည့် ဝန်ဆောင်မှုကို အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၊ ရောဝတီဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ယူနိုက်တက်အမရာဘဏ်နှင့် ရိုးမဘဏ်တို့တွင် အသုံးပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော မိုဘိုင်းမှတစ်ဆင့် ဘဏ်အချင်းချင်း ငွေလွှဲသည့် ဝန်ဆောင်မှုသည် သုံးစွဲသူများကို နီးစပ်ရာ ဘဏ်ခွဲများသို့ သွားရောက်ရန်မလိုဘဲ ဘဏ်တစ်ခုနှင့်တစ်ခုကြား ငွေလွှဲခြင်းကို လွယ်ကူစွာ ပြုလုပ်နိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလတွင် ဤဝန်ဆောင်မှုသည် လူတစ်ဦးနှင့် တစ်ဦး ထိတွေ့မှုကို လျှော့ချပေးနိုင်ရုံသာမက ဘဏ်တစ်ခုမှ အခြားဘဏ်တစ်ခုသို့ ငွေလွှဲရန်ကိစ္စအတွက် ဘဏ်ခွဲများသို့ ကူးချည်သန်းချည် သွားရသည့် အခြေအနေမှလည်း လွတ်ကင်းနိုင်မည်ဖြစ်သည်။

သုံးစွဲသူများအနေဖြင့် ဘဏ်အချင်းချင်းကြား ငွေလွှဲလိုပါက မိမိ၏ OnePay ပိုက်ဆံအိတ်ထဲသို့ ငွေဖြည့်ပြီး လွယ်ကူစွာ ငွေလွှဲနိုင်မည်ဖြစ်သည်။ ငွေဖြည့် ခြင်းကို AGD ဘဏ်ငွေစာရင်းကို အသုံးပြု၍သော်လည်းကောင်း၊ e-commerce မှတ်ပုံတင်ထားသော မည်သည့်ဘဏ်၏ MPU ကတ်ကိုမဆို အသုံးပြု၍ သော်လည်းကောင်း၊ Visa သို့မဟုတ် Master Card များ အသုံးပြု၍ သော်လည်းကောင်း ပြုလုပ်နိုင်သည်။

ထို့အပြင် ဘဏ်စာရင်းနှင့် ကတ်များမရှိဘဲနှင့်လည်း နီးစပ်ရာ 123 ဝန်ဆောင်မှုရသည့်ဆိုင်များနှင့် နိုင်ငံတစ်ဝန်းရှိ OnePay ၏ တရားဝင် ကိုယ်စားလှယ်ဆိုင်များတွင် ငွေဖြည့်နိုင်သည်။ ငွေဖြည့်ပြီးသည့် နောက်တွင် မိမိ၏ OnePay ပိုက်ဆံအိတ်ထဲမှ အထက်ဖော်ပြပါ ဘဏ်များထဲက မိမိငွေလွှဲလိုသည့် ဘဏ်သို့ ငွေလွှဲခြင်းကို အလွယ်တကူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုကို အသုံးပြုနေတဲ့ သုံးစွဲသူတွေအတွက် ရိုးရှင်းလွယ်ကူပြီး လုံခြုံတဲ့ ဝန်ဆောင်မှုမျိုးပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒီနေ့မှာ ကျွန်တော်တို့ရဲ့ မိတ်ဖက်ဘဏ်ဖြစ်တဲ့ AGD ဘဏ်ရဲ့ နည်းပညာအထောက်အပံ့နဲ့ မိုဘိုင်းမှတစ်ဆင့် ဘဏ်အချင်းချင်း ငွေလွှဲတဲ့ ဝန်ဆောင်မှုကို စတင်နိုင်ပါပြီ။ ဒါဟာကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ပန်းတိုင်ကို အရောက်သွားဖို့ ခြေလှမ်းနောက်တစ်လှမ်းပဲ ဖြစ်ပါတယ်။ ဒီဘဏ်အချင်းချင်း ငွေလွှဲတဲ့ဝန်ဆောင်မှုကို အသုံးပြုတဲ့အခါမှာ သုံးစွဲသူတွေက ဝန်ဆောင်ခအပိုကုန်ကျစရိတ်တွေ ထပ်ပေးဖို့မလိုပါဘူး။ ငွေလွှဲတဲ့အခါမှာ သက်ဆိုင်ရာဘဏ်တွေက သတ်မှတ်ထားတဲ့ ငွေလွှဲခ အတိုင်းပဲ ကျသင့်မှာဖြစ်ပြီး OnePay app က သုံးစွဲသူတွေ ငွေလွှဲမှုကို အတည်မပြုခင်အဆင့်မှာ ကျသင့်မယ့် ငွေလွှဲခပမာဏကို ဖော်ပြပေးမှာ ဖြစ်ပါတယ်။ OnePay app ကနေ ငွေလွှဲလိုက်ပြီး တစ်ဖက်က လက်ခံသူရဲ့ဘဏ် account ထဲကို ငွေရောက်ဖို့ ရုံးဖွင့်ရက် နှစ်ရက် အချိန်ယူမှာ ဖြစ်ပါတယ်" ဟု OnePay Company Limited ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇေယျမျိုးက ပြောသည်။


ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉၊ တိုးတက်လာသည့် နည်းပညာ၊ မြင့်တက်လာသောမိုဘိုင်း အသုံးပြုမှုနှင့် ပြည်တွင်းတွင် အင်တာနက်အသုံးပြုနိုင်သည့် ဧရိယာကျယ်ပြန့်လာမှုတို့သည် မြန်မာလူထုကို သမားရိုးကျငွေပေးချေမှုစနစ်မှ ငွေသားမဲ့ မိုဘိုင်းငွေပေးချေမှုစနစ်သို့ ကူးပြောင်းရန် တွန်းအားပေးလျက်ရှိသည်။ OnePay app သည် သုံးစွဲသူနှင့် စီးပွားရေးလုပ်ငန်းများကို မိုဘိုင်းဘဏ်လုပ်ငန်းနှင့် ငွေပေးငွေယူလုပ်ငန်းများ ပေါင်းစပ်ထားသော ပလက်ဖောင်းတစ်ခုတည်းပေါ်တွင် ဆက်သွယ်ချိတ်ဆက်ပေးသော အက်ပလီကေးရှင်းဖြစ်သည်။ Onepay သည် ငွေကြေးဆိုင်ရာလုပ်ငန်းများနှင့် အရေးပါသော လူနေမှု လုပ်ငန်းဆောင်တာများအတွက် လိုအပ်သော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ဝယ်ယူရာတွင် ပိုမိုလွယ်ကူမြန်ဆန်သော ငွေပေးချေနိုင်သည့် ဝန်ဆောင်မှု ပေးအပ်ခြင်းဖြင့် သုံးစွဲသူများအတွက် ရိုးရှင်းလွယ်ကူသော လူနေမှုပုံစံ ဖန်တီးပေးရန် ရည်ရွယ်သည်။ OnePay app ကို android နှင့်ဖြစ်စေ၊ iOS နှင့်ဖြစ်စေ အသုံးပြုနိုင်မည်ဖြစ်ပြီး အက်ပလီကေးရှင်းကို playstore နှင့် apple app store အသီးသီးမှ download ရယူနိုင်ကြောင်း၊ OnePay အကြောင်းကို ပိုမိုပြည့်စုံစွာသိရှိနိုင်ရန်နှင့် application ကို download လုပ်ရန် OnePay၏ တရားဝင် စာမျက်နှာ www.onepay.com.mm ကို ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဖလမ်းမြို့ ယာဉ်ငယ်လိုင်း ရပ်နားနေရာဆောင်ရွက်လျက်ရှိ

**ဖလမ်း မေ ၅**

ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးအတွက် ခရီးသည်တင် မော်တော်ကားလိုင်းပေါင်းစုံ ရပ်နားစခန်းအဖြစ် အကောင်အထည်ဖော်လျက်ရှိသည့် ယာဉ်ငယ်လိုင်း ရပ်နားနေရာ ဆောက်လုပ်ခြင်းကို ကျင်မွှာလ်ရပ်ကွက် သင်္ချိုင်းကုန်းမြေနေရာ ၁ ဒသမ ၂ ကေ၌ ဇန်နဝါရီ ၂၇ ရက်မှ စတင်ကာ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**



ဖလမ်းမြို့ ယာဉ်ငယ်လိုင်းရပ်နားနေရာကို ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ပြည်နယ်စည်ပင်သာယာရေး ရန်ပုံငွေကျပ် ၄၇၅ သိန်းဖြင့် တင်ဒါအောင် ကုမ္ပဏီက မြေညှိခြင်း၊ မြေထိန်းနံရံ အရှည်ပေ ၁၀၀၊ အမြင့် ၁၃ ပေနှင့် အရှည် ပေ ၇၀၊ အမြင့် ၁၀ ပေကို ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါယာဉ်ရပ်နားနေရာ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးရှုလ်ဇမ်းက "ရထားတဲ့ ဘတ်ဂျက်နဲ့ မြေထိန်းနံရံနဲ့ မြေညှိတာ တွေကိုသာ လုပ်နိုင်ပါတယ်။ နောက်ထပ် လိုအပ်တဲ့ ရေပေးရေး၊ အများသုံးအိမ်သာ၊ လျှပ်စစ် မီးနဲ့ ပေ ၂၀၀ ရှည် မြေထိန်းနံရံလုပ်ဖို့အတွက် ဘတ်ဂျက်ရနိုင်ဖို့ စည်ပင်နဲ့ ညှိနှိုင်းနေပါတယ်"ဟု ပြောသည်။

ဖလမ်းမြို့၌ ယာဉ်ငယ်လိုင်းရပ်နားနေရာ မရှိသေးသည့်အတွက် လက်ရှိတွင် ဗိုလ်ချုပ်လမ်းမကြီးဘေးရှိ လူနေအိမ်တွင်သာ ကားဂိတ်များ ဖွင့်လှစ်နိုင်ခဲ့ပြီး ယာဉ်ငယ်လိုင်းရပ်နားနေရာ ဖော်ဆောင်ပြီးပါက ဖိုင်ဇောင်း၊ ချင်းတောင်တန်း၊ Shalom၊ ဖလမ်းသား၊ ရွှေခြင်္သေ့၊ တောင်ဇလပ် ကားဂိတ်များကို အဆိုပါနေရာ၌ ပြောင်းရွှေ့ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျွန်( ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၅-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၀/၄၅၅ | ကျပ် | ၄၄၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၀/၄၆၅ | ကျပ် | ၄၅၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၃၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၂၀/၄၄၅ | ကျပ် | ၄၈၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၆ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၅ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၅ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၇ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၉၆ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၁၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၂၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၀၉၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၁၀၀၀၀ | ၄၁၀၀ | ၄၀၅၀၂၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၉၁၄၂ | ၃၄၇၉၁၅၅၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၈၄၅ | ၁၉၄၃၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄ | ၁၁၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဆွေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အလှူတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၅**

၂၀၂၀ ပြည့်နှစ် မေ ၅ ရက်တွင် (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားမြို့ရှိ လေသာ ဘုန်းကြီးကျောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးရဲမင်းသူ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိရာ ကျော်ဘုန်းကြီးကျောင်းနှင့် အခြား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးရှိ ဘုန်းကြီးကျောင်း ၁၀၈ ကျောင်းတွင် ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ မိဘမဲ့ကျောင်းရှစ် ကျောင်းနှင့် ဘိုးဘွားရိပ်သာ ၁၈ ခုတို့




တွင် စားသုံးကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ လှူဒါန်းမှုများပြုလုပ်ခြင်းသည် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများ မီးဘေးအန္တရာယ်အပါအဝင် အခြားသော သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါဘေးအန္တရာယ်များ ကင်းဝေးစေရန်ရည်မှန်း၍ မီးသတ်ဦးစီးဌာနမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးလိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနဆောင်ရွက်

**နေပြည်တော် မေ ၅**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန အနေဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် အဆင့်မြင့်သုတေသနနှင့် နည်းပညာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းမှုတိုးမြှင့်ပြီး သုတေသနရလဒ်ကောင်းများ ဖော်ဆောင်သွားရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) နှင့် အကျိုးတူပူးပေါင်း၍ အဆင့်မြင့် စပါးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ အတွက်နှုန်းကောင်း စပါးမျိုးများနှင့် အရည်အသွေးကောင်းမွန်သော စပါးမျိုးများစိုက်ပျိုးနိုင်ရန်နှင့် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးလိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) သည် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) နှင့်ပူးပေါင်းကာ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ဇင့်အာဟာရဓာတ်ချို့တဲ့မှုကို ဖြေရှင်းနိုင်ရန်အတွက် ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်း သုတေသနကို စပါးသီးနှံသုတေသနဌာနစု စိုက်ကွင်းတွင် ၂၀၁၇ ခုနှစ် နွေရာသီမှ စတင်၍ သုတေသနပြုဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးများ မွေးမြူရွေးချယ်ခြင်း သုတေသနတွင် စပါးမျိုးလိုင်းသစ် ၁၄၄ မျိုးနှင့် စံထားမျိုး ငါးမျိုးတို့ကို Augmented Design အသုံးပြု၍ သော်လည်းကောင်း၊ ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးများ ဒုတိယအဆင့်အထွက်ယှဉ်ပြိုင်ခြင်း သုတေသနတွင် မျိုးလိုင်း ၂၄ မျိုးအား ထပ်ပြကြိမ် သုံးကြိမ်ဖြင့် အာစီဘီဒီဇိုင်း အသုံးပြု၍သော်လည်းကောင်း သုတေသနပြုစမ်းသပ်စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပြောသည်။



ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးမျိုးလိုင်းများ သုတေသနစိုက်ခင်းသို့ တာဝန်ရှိသူတို့ ကွင်းဆင်းစစ်ဆေးစဉ်။

အဆိုပါ သုတေသနတွင် IRRI မှ Marker Assisted Breeding နည်းပညာဖြင့် သုတေသနပြုရရှိလာသည့် ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးများ အသုံးပြုထားခြင်းဖြစ်ပြီး ယင်းသုတေသနမှ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း၍ ဇင့်ဓာတ်ကြွယ်ဝသော စပါးမျိုးလိုင်းသစ်များအား အဆင့်ဆင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# အရောင်းမထွက်သည့် ပြောင်းဖူးစိမ်းများ ရွှေလီမြစ်ထဲသို့ စွန့်ပစ်

**နမ့်ခမ်း မေ ၅**

မူဆယ်ခရိုင် နမ့်ခမ်းမြို့ (၇) မိုင်ခန့် အကွာရှိသည့် နောင်ခန်ကျေးရွာ ရွှေလီမြစ်ကူး နောင်ခန်ကူးတို့ဆိပ်တွင် ထော်လာဂျီဖြင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချနေသည့် ပြောင်းဖူးစိမ်းများမှာ ဝယ်သူမရှိသဖြင့် ပြောင်းဖူးစိမ်းများအား ရွှေလီမြစ်ထဲသို့ စွန့်ပစ်ခဲ့ရကြောင်း သိရှိရသည်။

ယခုရာသီချိန် တောင်သူများ စိုက်ပျိုးထားသည့် သကြားပြောင်းဖူး (ခေါ်)ပြောင်းဖူးစိမ်းများကို ပြောင်းဖူးပေါ်ချိန်ရောက်ရှိသည့်အတွက် နမ့်ခမ်းမြို့ရှိ နောင်ခန်ကျေးရွာ ရွှေလီမြစ်ကူး နောင်ခန်ကူးတို့ဆိပ်မှ တစ်ဆင့် တရုတ်ပြည် နယ်စပ်ဖြစ်သည့် နောင်ချိန်ကျေးရွာနှင့် ဟတ်ဟင်ကျေးရွာတို့သို့ တင်ပို့ရောင်းချရန် ထော်လာဂျီများဖြင့် တင်ဆောင်လာရာ ကိုဗစ်-၁၉ ရောဂါကြောင့် တရုတ်ပြည်မှ နယ်စပ်ဝင်ပေါက်များ တင်းကျပ်စွာ ပိတ်ပင်ထားသည့်အတွက် ပြောင်းဖူးများ ရောင်းမထွက်ခြင်း၊ ဝယ်ယူသူမရှိခြင်းတို့ကြောင့် ပြောင်းဖူးများကို နောင်ချိန်ကျေးရွာရှိ လမ်းဘေးနေရာနှင့် ရွှေလီမြစ်ထဲသို့ စွန့်ပစ်ခဲ့ကြခြင်းဖြစ်သည်။ **(အောက်ပုံ)**

ယခင်နှစ်က ပြောင်းဖူးတစ်တန်လျှင် တရုတ်ယွမ်ငွေ ၃၀၀၀ ပေးဝယ်ခဲ့ရာ ယခုနှစ် ပြောင်းဖူးပေါ်ချိန် တရုတ်ပြည် နယ်စပ်ဝင်ပေါက်များမှ ကိုဗစ်-၁၉ ရောဂါကြောင့် တင်းကျပ်စွာ ပိတ်ပင်ထားသည့်အတွက် ပြောင်းဖူးစိမ်းဈေးမရခြင်း၊ ရောင်းမထွက်ခြင်း၊ တောင်သူများ အရှုံးပေါ်ခြင်းနှင့် ပြောင်းဖူးများ နှစ်ရက်သုံးရက် ကြာမြင့်စွာခူးယူထားပြီး ပျက်စီးသည့်အတွက် စွန့်ပစ်မည့်နေရာများ အခက်အခဲရှိသည့်အတွက်ကြောင့် လမ်းဘေးနေရာနှင့် ရွှေလီမြစ်ထဲသို့ စွန့်ပစ်ရခြင်းဖြစ်ကြောင်း ပြောင်းဖူး တင်ပို့ရောင်းချသူတစ်ဦးထံမှ သိရသည်။

ရွှေလီမြစ်ထဲသို့ စွန့်ပစ်သည့် ပြောင်းဖူးများသည် ကွဲခေါင်း ထော်လာဂျီအစီးရေ ၅၀ ခန့် ရှိပြီး ပြောင်းဖူးတန်ချိန် ၇၅ တန်ခန့်ရှိကြောင်း သိရသည်။ **ဆိုင်ထွန်း (ပြန်/ဆက်)**



# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲများ ကျင်းပ

**ရန်ကုန်**

မေ ၅ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၅ ရက်က ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးတွင် ရန်ကုန်တိုင်းဒေသကြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွေးလှူဒါန်းခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က တစ်ကြိမ်လျှင် သုံးဦးနှုန်းဖြင့် အုပ်စုခွဲကာ သွေးများလှူဒါန်းကြသည်။ ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃၀ ဦးတို့က အုပ်စုများခွဲ၍ဆေးရုံကြီးဝင်းအတွင်းအပြင် ပိုးသတ်ဆေးလိုက်လံဖျန်းကြရာ ရန်ကုန်ကလေး ဆေးရုံအုပ် ဒေါက်တာအောင်သူထက်က ကြည့်ရှုအားပေးသည်။

**အောင်သူရ**

**နေပြည်တော်**

(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် မေ ၃ ရက်က ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင် ဦးဆောင်၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း သွေးလှူဒါန်းကြသည်။

ထို့ပြင် မေ ၅ ရက်၌ ကယားပြည်နယ် မီးသတ်ဦးစီးမှူးရုံး၌ (၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင်နှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ အကောင်းဆုံးစံပြစခန်းဆုနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များကို ထပ်ဆင့်ဂုဏ်ပြုဆုများပေးအပ်၍ ပြည်နယ်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို တစ်နေ့တာ အာဟာရကုသိုလ် ထမင်းနှင့်ဟင်းလျာများ ကုသိုလ်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ညီထွေးဦး**

# လက်ရှိကမ္ဘာ့ချန်ပီယံနှင့် ကမ္ဘာ့အကောင်းဆုံးကစားသမားကို ငါးပွဲပြတ်ဖြင့် အားတီ အနိုင်ရရှိ



**ရန်ကုန် မေ ၅**

မြန်မာ့လက်ရွေးစင်ပူးလ်ကစားသမား ဘုန်းမြင့်ကျော်(ခ)အားတီသည် Chinese 8 Ball ပြိုင်ပွဲတွင် ၎င်း၏ စတုတ္ထမြောက်ပွဲစဉ်ကို Chinese 8 Ball လက်ရှိကမ္ဘာ့ချန်ပီယံကစားသမား Zheng Yu Bo ကို ၂၁ ပွဲ -၁၆ ပွဲဖြင့် ငါးပွဲပြတ် အနိုင်ရရှိခဲ့သည်။

Chinese 8 Ball ပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ ကျင်းပလျက်ရှိရာ တစ်ပွဲပြီးတစ်ပွဲ လက်ရည်တက်လာသော ဘုန်းမြင့်ကျော်(ခ) အားတီကို တရုတ်ပရိသတ်များသာမက ပြိုင်ဘက်များကပါ သတိထားစောင့်ကြည့်လာခဲ့ကြရာ ယခုပွဲစဉ်ကိုလည်း ပရိသတ်ပေါင်းသန်းချီ၍ စောင့်ကြည့်ခဲ့ကြသည့်အတွက် ဘုန်းမြင့်ကျော်(ခ)အားတီအတွက် ထိုက်တန်သော နိုင်ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

ဘုန်းမြင့်ကျော် (ခ) အားတီသည် ပထမပိုင်းပွဲစကတည်းက Zheng Yu Bo အား တောက်လျှောက်ဦးဆောင်ခဲ့ရာ ပထမပိုင်းပြီးချိန်တွင် ၁၃ ပွဲ - ၇ ပွဲဖြင့် ခြောက်ပွဲပြတ် ဦးဆောင်ထားနိုင်ခဲ့သည်။ Zheng Yu Bo သည် ဒုတိယပိုင်းတွင် နောက်မှကပ်၍ လိုက်ကစားနိုင်ခဲ့သော်လည်း ဘုန်းမြင့်ကျော် (ခ) အားတီက အမှားမခံဘဲ ဆက်လက်ဦးဆောင်ပြီး ယခုကဲ့သို့ ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဘုန်းမြင့်ကျော် (ခ) အားတီက ပြိုင်ပွဲမကစားမီတွင် Zheng Yu Bo သည် Chinese 8 Ball ကစားနည်း၌ ပြိုင်ဘက်မရှိ ကမ္ဘာ့နံပါတ်တစ်ကစားသမားဖြစ်ကြောင်း ချီးကျူးပြောဆိုခဲ့သည်။ Chinese 8 Ball ပြိုင်ပွဲ၌ ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဆုရှင်အဖြစ် စံချိန်တင်ထားနိုင်ခဲ့သော Zheng Yu Bo ကို အခြားပြိုင်ပွဲများ၌ သုံးပွဲနိုင် သုံးပွဲရှုံးဖြင့် ရလဒ်ထွက်ထားခဲ့သော ဘုန်းမြင့်ကျော်(ခ)အားတီသည် ယခုပွဲအနိုင်ရလိုက်သည့်အတွက် ထိပ်တိုက်တွေ့ဆုံမှုအပိုင်းတွင်လည်း အသာစီးရရှိသွားခဲ့သည်။

လေးပွဲကစားပြီး လေးပွဲစလုံးအနိုင်ရလဒ်ဖြင့် ရမှတ် ၂၄၀၀၀ ရရှိထားသော ဘုန်းမြင့်ကျော်(ခ)အားတီသည် မေ ၁၅ ရက်တွင် ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ Yang Fan နှင့် ကစားရမည်ဖြစ်ပြီး မေ ၁၆ ရက်တွင် အိုးပင်းချန်ပီယံဟောင်း Wu Zheng Yu၊ မေ ၃၁ ရက်တွင် ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ Chu Bing Jie တို့နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# မူဆယ်မြို့တွင် ကိုဗစ်-၁၉ ထိန်းချုပ်ကုသနိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းမော်တော်ယာဉ်တစ်စီး လှူဒါန်း

**မူဆယ် မေ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ကုသနိုင်ရန်အတွက် ပိုးသတ်ဆေးဖျန်း မော်တော်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားနှင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး အထောက်အကူပစ္စည်းများ လှူဒါန်းသည့် လုပ်ငန်းရှင်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီတွင် မူဆယ်မြို့ ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်သည်။




"မူဆယ်မြို့မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦး စတင်တွေ့ရှိချိန်ကစပြီး မူဆယ်မြို့မှာ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ကုသနိုင်ရန်အတွက် ဘာကူညီပေးရမလဲဆိုတာ စဉ်းစားမိတဲ့အခါမှာ မူဆယ်မြို့ စီးပွားရေးလုပ်ငန်းရှင်များအသင်းအနေနဲ့ အသင်းအောက်မှာ အသင်း(ခွဲ)၊ အသင်းငယ်တွေ အများကြီးရှိတဲ့အတွက် မူဆယ်မြို့မှာ ရောဂါဆက်လက်မပြန့်ပွားဘဲ လျော့ကျသွားအောင် တတ်နိုင်တဲ့ဘက်ကနေ ပိုးသတ်ဆေးဖျန်းတဲ့ ယာဉ်တစ်စီးနဲ့ ပိုးသတ်ဆေးတွေကို လှူဒါန်းရခြင်းဖြစ်ပါတယ်။ မူဆယ်မြို့မှာ ရောဂါထိန်းချုပ်၊ ကင်းရှင်းနိုင်ရန်အတွက် လိုအပ်တဲ့ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ဒီထက်မက ဆက်လက်လှူဒါန်းသွားမယ်" ဟု မူဆယ်မြို့ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခိုင်ကျော်ကျော် လတ်ကလှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျနိုင်ရန်အတွက် လိုအပ်သည့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဆက်လက်လှူဒါန်းသွားမည့်အကြောင်းကို ပြောကြားသည်။

မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လုပ်ငန်းရှင်များနှင့် အလှူရှင်စုစုပေါင်း ၁၈ ဦးမှ သိန်းပေါင်း ၆၃၄ သိန်းကို အသီးသီးလှူဒါန်းမှုနှင့် စုစုပေါင်းကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၉၆ ဖိုးရှိသည့် ပိုးသတ်ဆေးဖျန်း မော်တော်ယာဉ်တစ်စီး၊ ပိုးသတ်ဆေးနှင့် နှာခေါင်းစည်းတို့ကို မူဆယ်မြို့ စီးပွားရေးလုပ်ငန်းများ အသင်းမှ ဆက်လက်ပေးအပ်လှူဒါန်းပြီး ကိုဗစ်-၁၉ ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် လှူဒါန်းငွေ စုစုပေါင်း သိန်း ၉၃၀ ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# ဖောင်ကြီး ကိုဗစ်-၁၉ Medical Centre ၌ တာဝန်ထမ်းဆောင်သည့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများ အသင်းကိုယ်စားပြု ပထမအသုတ် ကျန်းမာရေးဝန်ထမ်းများ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီးတွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ Medical Center ၌ ပထမအသုတ် သွားရောက်လုပ်အားပေး တာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများ အသင်းကိုယ်စားပြု SSC ဆေးရုံနှင့် ပင်လုံဆေးရုံတို့မှ ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် သတ်မှတ်ကာလ တာဝန်ထမ်းဆောင်ပြီး၍ မူလဆေးရုံများသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း ဗဟိုအလုပ် အမှုဆောင် ဒေါက်တာငွေငွေကြည်က ပြောကြားသည်။

"ကျွန်မတို့အနေနဲ့ ကိုဗစ်-၁၉ Medical Center မှာ သွားရောက်တာဝန်ထမ်းဆောင်တဲ့ ထူးခြားချက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန် ဆရာမများ သူနာပြုများ၊ တပ်မတော်မှ ဆရာဝန်၊ ဆရာမများအပြင် ပုဂ္ဂလိကဆေးရုံများမှ ဆရာဝန်၊ ဆရာမများ အားလုံးပူးပေါင်းပြီး တာဝန်ထမ်းဆောင်ကြတာဖြစ်တဲ့အတွက် ကြုံဖူးသမျှထဲမှာတော့ ပထမဆုံး ပူးပေါင်းဆောင်ရွက်ကြတဲ့ ဆေးရုံတစ်ခုဖြစ်ပါတယ်" ဟု ပုဂ္ဂလိကဆေးရုံများအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာငွေငွေကြည်က ဆက်လက် ပြောကြားသည်။

ကိုဗစ်-၁၉ Medical Center ၌ ပထမအသုတ် သွားရောက်လုပ်အားပေး တာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများ အသင်းကိုယ်စားပြုအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် နှစ်ဦး၊ ဆရာဝန် ၁၀ ဦး၊ သူနာပြု ဆရာမနှင့် သူနာပြုအကူ ၃၅ ဦး၊ ဆေးဝါးကျွမ်းကျင် တစ်ဦး၊ ဆေးဝါးကျွမ်းကျင်အကူ ခြောက်ဦး၊ ဓာတ်မှန်ကျွမ်းကျင်အကူ သုံးဦး၊ ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်း ရှစ်ဦး၊ သန့်ရှင်းရေးဝန်ထမ်း ရှစ်ဦးနှင့် ကွန်ပျူတာကျွမ်းကျင် တစ်ဦး အပါအဝင် စုစုပေါင်း ၇၄ ဦး သွားရောက်ကာ ဧပြီ ၂၀ ရက်မှ မတ် ၃ ရက်အထိ လုပ်အားပေး တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။



ကိုဗစ်-၁၉ Medical Center တွင် လုပ်အားပေး တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ကျန်းမာရေးအရာရှိ ဒေါက်တာစန်းစန်းဦးက "ကျွန်မတို့အနေနဲ့ လူနာတွေရောက်လာတဲ့အခါမှာ အရင်ဆုံးအဆင်ပြေချောမွေ့အောင်ပြင်ဆင်မှုတွေ လုပ်ရပါတယ်။ လူနာတွေရောက်လာရင် ဆက်ဆံမှုတွေ၊ အားပေးမှုတွေလုပ်ဖို့ သူတို့ကိုထားဖို့ လေ့ကျင့်မှုတွေ လုပ်ရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ရောဂါမကူးစက်အောင် ရောဂါကာကွယ်ရေး ဝတ်စုံဝတ်နည်း၊ ချွတ်နည်းတွေကို သက်ဆိုင်ရာ ဆရာဝန်ကြီးတွေရဲ့ ကြီးကြပ်မှုနဲ့ စမ်းသပ်လေ့ကျင့်မှုတွေကိုလည်း ဆောင်ရွက်ခဲ့ရပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကဆေးရုံများမှ ကိုဗစ်-၁၉ Medical Center သို့ ဆေးရုံခုတင်ပေါင်း ၃၆၀၊ ယင်းနှင့်ဆက်စပ်ပစ္စည်းများ၊ ICU ခုတင် ၂၅ လုံး၊ အသက်ရှူစက် ၁၅ လုံး၊ စောင့်ကြည့်ထိန်းချုပ်ကိရိယာ ၁၅ လုံးတို့အပြင် အခြားလိုအပ်သော ပစ္စည်းကိရိယာများကိုလည်း ပံ့ပိုးကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းမှ ဒုတိယအသုတ် လုပ်အားပေး ကျန်းမာရေးအဖွဲ့ကို ထပ်မံ စေလွှတ်ထားပြီး အဆိုပါအဖွဲ့တွင် SSC၊ ပင်လုံ၊ အာရှတော်ဝင်၊ အကယ်ဒမီ၊ ဆာကူရာ၊ ဝိတိုရိယ၊ ပါရမီဆေးရုံများမှ လုပ်အားပေးကျန်းမာရေးဝန်ထမ်းအဖွဲ့ဝင် ၂၇ ဦး ပါဝင်ကာ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ကိုဗစ်-၁၉ Medical Center အဖြစ် ပြောင်းလဲထားသော ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် အခန်းပေါင်း ၇၂၀ ကို သီးခြားနေထိုင်ရန် ပြင်ဆင်ထားပြီး ရောဂါပိုးတွေ့ရှိသူ ၅၀၀ ကို စတင်ထားရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - SSC**

# မုံရွာမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲလျက်ရှိသော အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်လိုင်း ငါးလိုင်း ယနေ့ ပြန်လည်စတင် ပြေးဆွဲ

**မုံရွာ မေ ၅**

မုံရွာမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲလျက်ရှိသော အဝေးပြေး ခရီးသည်တင် မော်တော်ယာဉ်လိုင်းငါးလိုင်းသည် ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြန်လည်ပြေးဆွဲပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးရဲထွန်းအောင်ထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် မုံရွာမြို့မှ မြန်မာပြည်အရပ်ရပ်သို့ ပြေးဆွဲပေးလျက်ရှိသော အဝေးပြေး ခရီးသည်တင် မော်တော်ယာဉ်လိုင်းများကို မတ်လနောက်ဆုံးပတ်က စတင်ပြီး တစ်လကျော် ရပ်နားထားရာမှ ရန်ကုန်မြို့သို့ ပြေးဆွဲပေးမှုများကို ယနေ့တွင် ပြန်လည်စတင် ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့ကို ပြေးဆွဲနေတဲ့ မော်တော်ယာဉ်လိုင်းငါးလိုင်းက ဒီကနေ့နံနက်ပိုင်းကစပြီး ပြန်လည်ပြေးဆွဲနေပြီဖြစ်တယ်။ မော်တော်ယာဉ်ပေါ်မှာ ခရီးသည်က ပုံမှန်ခွင့်ပြုခရီးသည်ဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကိုပဲ တင်ဆောင်ပြေးဆွဲခွင့်ပြုတာ ဖြစ်ပါတယ်။ လက်မှတ်ဈေးနှုန်းကတော့ ကောက်ခွင့်ပြုထားတဲ့နှုန်းထားက ထိုင်ခုံနှစ်ခုံစာကို ငွေကျပ် ၃၀၀၀၀ ကောက်ခွင့်ရှိပေမယ့် အခုတစ်ဦးကို ငွေကျပ် ၂၀၀၀၀ နှုန်း ကောက်ခံတဲ့ အသင်းရှိသလို တချို့အသင်းတွေက ငွေကျပ် ၁၈၀၀၀ လောက်ပဲ ကောက်ခံတာတွေ့ရတယ်။ နေပြည်တော်၊ မန္တလေး စတဲ့ မြို့တွေကတော့ သူတို့ဆီကို အခြားတိုင်းဒေသကြီး/ပြည်နယ်တွေက မော်တော်ယာဉ်တွေ ပေးမဝင်သေးတာကြောင့် ပြေးဆွဲခြင်းမရှိသေးဘူး။ သူတို့ဆီက ခွင့်ပြုတယ်ဆိုတဲ့ အကြောင်းကြားလာရင်တော့ ပြန်လည်ပြေးဆွဲမှာဖြစ်တယ်။ အခုလောလောဆယ်တော့ ရန်ကုန်မြို့ကိုပဲ ပြန်လည်ပြေးဆွဲပေးတာဖြစ်ပါတယ်။ မီးသတ်၊ ပို့ဆက်နဲ့ ယာဉ်ထိန်း တပ်ဖွဲ့တွေပူးပေါင်းပြီး ယာဉ်အဝင်/အထွက် ဆေးဖျန်းတာတွေလုပ်မယ်။ အဝင်/ထွက် လိပ်စာတွေ ယူထားတယ်။ တစ်ဦးချင်းအပူချိန်တိုင်းတာတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးရဲထွန်းအောင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ အခြေပြုလျက် ရန်ကုန်မြို့သို့ ပြေးဆွဲလျက်ရှိသော မိုးကောင်းကင်၊ ရွှေစင်စကြာ၊ မန္တလာမင်း၊ လုမ္ဗိနီ၊ ရွှေသလ္လာ စသည့်ခရီးသည်တင်အဝေးပြေးယာဉ်လိုင်းမှ မော်တော်ယာဉ်များသည် တစ်လကျော်ကြာ ရပ်နားထားရာမှ ယနေ့နံနက်ပိုင်းမှ စတင်ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# တောင်ငူတွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ် Fever Clinic ဖွင့်မည်

**တောင်ငူ မေ ၅**

ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ် တစ်ခုဖြစ်သည့် Fever Clinic ကို မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဦးဆောင်မှုဖြင့် တောင်ငူမြို့နယ်ရှိ ဆေးရုံကြီးနှင့် အထူးကုဆေးရုံများမှ စေတနာ့ဝန်ထမ်း အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ပရဟိတစိတ်ပါဝင်စားသူများဖြင့် စုစည်း၍ သာသနာ့ဗိမာန်အောက်ထပ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းထံမှ သိရသည်။

မျှားမကြာမီ သွေးလွန်တုပ်ကွေးရာသီ ရောက်လာတော့မည်ဖြစ်သည့်အတွက် ပတ်ဝန်းကျင်နေပြည်သူများမှ စိုးရိမ်စိတ်မလွန်ကဲစေရေး၊ ဆေးခန်းအချို့မှာလည်း ပိတ်ထားသဖြင့် လူနာများအဆင်ပြေစေရေး၊ ဆေးရုံကြီးအတွက် အထောက်အကူဖြစ်စေရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးတို့အတွက် ရည်ရွယ်ကာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး Fever Clinic မှတစ်ဆင့် သံသယလူနာတွေ့ရှိပါက ကိုဗစ်-၁၉ ကွပ်ကဲရေးရုံးအစီအစဉ်ဖြင့် ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။ တာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်းများအားလုံးကိုလည်း ရောဂါကာကွယ်ရေးဝတ်စုံ အသုံးပြုနည်းများကို အထူးကုဆရာဝန်ကြီးများမှ ပို့ချဆောင်ရွက်ပြီးဖြစ်ကာ Fever Clinic သို့ လာရောက်ပြသမည့် လူနာအားလုံးအား ကော်မတီအစီအစဉ်ဖြင့် အခမဲ့ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

# မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းများကို ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေဖြင့် လုပ်ဆောင်မည်

**မကွေး မေ ၅**

မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် e-Government အကြံပေးပညာရှင်တို့၏ အဆိုပြုချက်အရ မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းများကို ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေကျပ် ၂၄၁၃၀ ဒသမ ၆၂၅ သန်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ထံမှ သိရသည်။

ဆောင်ရွက်သွားမည့် စီမံကိန်းများအနက် အုပ်ချုပ်ရေး အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် အုပ်ချုပ်ရေးတွင် ခေတ်မီနည်းပညာနှင့် ပစ္စည်းများသုံးစွဲခြင်း လုပ်ငန်းအတွက် ကျပ် ၅၃၂၆ သန်း၊ ရေပေးမြောင်းများ အဆင့်မြှင့်တင်ခြင်း(တူးမြောင်းမြေကြီးလုပ်ငန်း၊ ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း)အတွက် ကျပ် ၁၃၅၅၈ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စိုက်ပျိုးရေး မျိုးသန့်ခြံတည်ဆောက်ခြင်း၊ နှမ်းဧက ၅၀၀၀ ကို GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းတို့အတွက် ကျပ် ၄၂၄၆ ဒသမ ၆၂၅ သန်းနှင့် စီမံအုပ်ချုပ်ရေး၊ သတင်းအချက်အလက်ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများကို ICT ဖြင့် ပံ့ပိုးရန်အတွက် ကျပ်သန်း ၁၀၀၀ သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအစိုးရက အတည်ပြုထားသော ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို မေ ၄ ရက်က ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး၌ တင်ပြခဲ့ကာ မေ ၅ ရက် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ဆောင်ရွက်သွားမည့် လုပ်ငန်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးသို့လည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးကို မေ ၅ ရက်က ကျင်းပစဉ်။

# လှိုင်းဘွဲ့-ကြာအင်း သံကူကွန်ကရစ်တံတားကို ၇၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီး

**လှိုင်းဘွဲ့ မေ ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကြာအင်းကျေးရွာမှ အခြားကျေးရွာများသို့ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ဂျပန်နိုင်ငံမှ အလှူရှင်များနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ သံကူကွန်ကရစ်တံတားသစ်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်းနှင့် ၂၀၂၀ ဇွန်လ ပထမပတ်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်လမ်းဦးစီးအရာရှိ ဦးမြင့်ကိုထံမှ သိရသည်။

အဆိုပါ သံကူကွန်ကရစ်တံတားကို ကျပ် ၁၈၅ သန်းဖြင့် ဂျပန်နိုင်ငံမှ Universal Sky Top ဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်ကာ တံတားအရှည် ၁၈၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၅ ပေရှိပြီး ယာဉ်အလေးချိန် တန် ၂၀ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ တံတား ပြီးစီးသွားပါက ကြာအင်း၊ ဝိုင်းထော်၊ ကွမ်းတော၊ ကွီးလေး၊ ကမားထ၊ ကမော့လဲ (ကျောင်း)၊ တောင်စွန်း စသည့် ကျေးရွာများနှင့် မြိုင်ကြီးငူ အထူးဒေသရှိ ကျေးရွာ ၂၄ ရွာ၊ စုစုပေါင်း ကျေးရွာ ၃၂ ရွာမှ အိမ်ထောင်စု ၄၀၀၀ ကျော်အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ကြာအင်းကျေးရွာအုပ်စုအတွင်းရှိ ကြာအင်းချောင်းသည် ရှမ်းရွာသစ်မြို့ ထရေဖိုးခွီးကျေးရွာအနီးမှ ဖြတ်သန်းစီးဆင်းလာပြီး လှိုင်းဘွဲ့ချောင်းအတွင်း ဆက်လက်စီးဆင်းသည်။ ကြာအင်းချောင်းသည် နွေရာသီကာလတွင် ရေခန်းခြောက်ကာ ကား၊ ဆိုင်ကယ်များအနေဖြင့် ယာယီဆောက်လုပ်ထားသော သစ်သားတံတားပေါ်မှ ဖြတ်သန်း သွားလာနိုင်သော်လည်း မိုးရာသီကာလတွင် ချောင်းရေများပြီး ရေစီးသန်သဖြင့် ယာယီတံတားကို အသုံးမပြုနိုင်ဘဲ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် စက်လှေများဖြင့် သွားလာနေရကာ ကုန်စည်စီးဆင်းမှုတွင်လည်း ကြန့်ကြာမှုများ ဖြစ်လေ့ရှိကြောင်း၊ ယခု တည်ဆောက်နေသော တံတားသစ် ပြီးစီးပါက အဆိုပါ အခက်အခဲများကို အဆင်ပြေသွားစေမည် ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေသော လှိုင်းဘွဲ့-ကြာအင်း တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်

# ကော့သောင်းမြို့နယ်မှ ရေရှားပါးပြတ်လပ်လာသည့် ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ကော့သောင်း မတ် ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းမှ သောက်သုံးရေ အခက်တွေ့လျက်ရှိသည့် ကျေးရွာများသို့ သောက်သုံးရေများကို ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံဖြန့်ဝေလှူဒါန်းလျက်ရှိရာ မေ ၄ ရက်တွင် ရွှေပြည်စိုးကျေးရွာအုပ်စုမှ ပင်လယ်ကမ်းနားရွာတစ်ရွာဖြစ်သည့် ချောင်းဝကျေးရွာရှိ ပြည်သူများထံသို့ ရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ငြိမ်းဦး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက တပ်ဖွဲ့ပိုင် ရေသယ်ယာဉ် နှစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၅၀၀၀ ကို ကျေးရွာနေပြည်သူများထံသို့ အိမ်အရောက် လိုက်လံဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

ယခုရက်ပိုင်းတွင် ကော့သောင်းခရိုင်အတွင်း၌ ပိုမိုသိသာသည့် အပူချိန်မြင့်တက်မှုကို ခံစားလာနေရသလို ကျေးရွာအချို့တွင် ရေတွင်းရေကန်များ ခန်းခြောက်လာကာ သောက်သုံးရေအခက်အခဲများနှင့် ကြုံတွေ့လျက်ရှိသဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် ရေများ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဘားအံမြို့နယ်မှ ရွာအချို့၌ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးဖြင့် တောင်သူများ ပုံမှန်ဝင်ငွေရရှိ

**ဘားအံ မေ ၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သံလွင်မြစ်ဘေးရှိ ကျေးရွာအချို့မှ ဒေသခံပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဟင်းသီးဟင်းရွက် သီးနှံများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးအနေဖြင့် စိုက်ပျိုးကြရာ သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်လည်းရှိသဖြင့် ပုံမှန်ဝင်ငွေရရှိနေကြကြောင်း သိရသည်။

သံလွင်မြစ်ဘေး ကျေးရွာတစ်ရွာဖြစ်သည့် အင်တိုင်ကုန်းကျေးရွာမှ ပြည်သူများအနေဖြင့် သံလွင်မြစ်အတွင်းမှ မြေနုကျွန်းမြေပေါ်တွင် ဟင်းသီးဟင်းရွက်သီးနှံများဖြစ်သည့် ငရုတ်သီး၊ ပဲတောင့်ရှည်(ခေါ်)ပဲတိုင်ထောင်၊ ပူစီနံ၊ နံနံပင်၊ ချဉ်ပေါင်၊ ကန်စွန်းရွက်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဘူး၊ ဖရုံ၊ သခွားနှင့် ပဲလင်းမြွေ စသည့် သီးနှံအမျိုးမျိုးကို စိုက်ပျိုးလျက်ရှိသည်။

သံလွင်မြစ်ကမ်းဘေးမှ အခြား ကျေးရွာတစ်ရွာဖြစ်သည့် မကျည်းကျွန်းကျေးရွာ၌လည်း ဖူးစားပြောင်း၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ပဲတောင့်ရှည်နှင့် ပဲမျိုးစုံတို့ကို စီးပွားဖြစ်စိုက်ပျိုးနေကြပြီး အဓိက ဈေးကွက်အဖြစ် မော်လမြိုင်သို့ ဒိုင်သွင်းသလို ကျေးရွာအထိ လာရောက်ဝယ်ယူသည့် ဖောက်သည်များကိုလည်း ရောင်းချနေရကြောင်း သိရသည်။

ဘားအံမြို့ အနောက်ဘက်ကမ်း ဘားကပ်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ၌လည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာမှ ဒေသခံတောင်သူများ ပူးပေါင်း၍ တစ်ပိုင်တစ်နိုင် စားဖိုဆောင်သီးနှံများကို စံပြစိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် စင်တာကို တောင်သူများအတွက် စံပြဖြစ်စေရေး၊ ဒေသအတွင်း ဟင်းသီးဟင်းရွက် ဖူလုံစေရေးနှင့် နှစ်စဉ် စိုက်ပျိုးဝင်ငွေတိုးစေရေး ရည်ရွယ်လျက် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇင်ဆဲလ်ခုတ်က ပြောကြားသည်။

ပြည်တွင်း၌ ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ဖြစ်ပွားနေသည့်အချိန်ဖြစ်ရာ ဘားအံမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် မဖြစ်မနေစားသောက်နေကြရသည့် ဟင်းသီးဟင်းရွက်များကို ရှိသည့်မြေကွက်အတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် စားသောက်ရေးအတွက်သာမက ပုံမှန်ဝင်ငွေရရှိရေးအတွက်ပါ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ လယ်မြေဧက ၅၀၀ ခန့် စိုက်ပျိုးရေရရှိရေးအတွက် ကျေးရွာရေကန်ကို ပြုပြင်

**မြို့သစ် မေ ၅**

မကွေးခရိုင် မြို့သစ်မြို့နယ် ဆူးတပ်ကြီးကျေးရွာမှ ကျေးလက်နေပြည်သူများ နွေစပါး မိုးစပါးများ စိုက်ပျိုးရာတွင် ရေရရှိစေရန်အတွက် ဆူးတပ်ကြီးကျေးရွာရှိ ရွာဦးရေကန်ကို မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်မှု အမျိုးအစားက နှစ်မျိုးဖြစ်ပါတယ်။ မြေတာပေါင်ဖို့ခြင်းလုပ်ငန်းကိုတော့ ငွေအိမ်စည်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပါတယ်။ ကျောက်စီနဲ့ ပန်းရန်လုပ်ငန်းကတော့ ကျွန်တော်တို့ဌာနက လုပ်ဆောင်ပါတယ်။ ရေထုတ်ပြွန်ပါတယ်၊ ရေပိုလွှဲပါတယ်။ လယ်ဧက ၁၅၀ ကျော်အတွက် လယ်ရေသောက်ဖို့နဲ့ အောင်ရေရဖို့ အပြည့်အဝ ပေးနိုင်မှာဖြစ်ပြီး တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀ နဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဇော်ထက်က ပြောသည်။

ဆူးတပ်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွန်းကလည်း "ဒီကန်ကြီး ကောင်းမွန်သွားပြီဆိုရင် ကန်ရဲ့အောက်ဘက်ပိုင်း ကန်စွယ်ကွင်းအထိ ဆက်လက် ရေပေးနိုင်မှာဖြစ်ပြီး စုစုပေါင်း လယ်ဧက ၅၀၀ ကျော်ကို အကျိုးပြုနိုင်မယ့်အပြင် ကျေးရွာရဲ့ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက်လည်း ရေရရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဆူးတပ်ကြီးကျေးရွာ ရွာဦးကန် ပြန်လည်ပြုပြင်ခြင်းကို မြို့နယ် ဆည်မြောင်းဦးစီးဌာနက ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်လုပ်ဆောင်ခဲ့ပြီး ကန်၏ ဧရိယာမှာ အကျယ် သုံးဧကနှင့် အနက် ခုနစ်ပေ ရှိကာ မြေသားတာပေါင် ကန်အမျိုးအစားဖြစ်သည်။ ရေကန်မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်ရန်အတွက် ရေထုတ်ပြွန်နှင့် ရေပိုလွှဲကို ကျောက်စီရေမြောင်းအဖြစ် ဆောင်ရွက်လုပ်ကိုင်သည့် တည်ဆောက်ရေးလုပ်ငန်းဖြစ်ကာ ပြီးစီးသွားပါက ဒေသခံတောင်သူများ၏ နွေစပါး ဧက ၁၅၀ နှင့် မိုးစပါး ဧက ၅၀၀ ခန့်အတွက် စိုက်ပျိုးရေများ ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**



ရေကန်ပြုပြင်တူးဖော်ခြင်းနှင့် ရေထုတ်ပြွန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

## ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၂/၂၀၂၀) ပထမနေ့ ကျင်းပ

မကွေး မေ ၅

ဒုတိယ အကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၂/၂၀၂၀) ပထမနေ့ကို ယမန်နေ့က မကွေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ**(ယာပုံ)** အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ထားရှိမှု အခြေအနေများကိုတင်ပြပြီး ကမ္ဘာ့ဘဏ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကူညီ ထောက်ပံ့ပေးမည့်ငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက် ရရှိရေးအတွက် ဆွေးနွေးတင်ပြရာ အဆိုပါ ကမ္ဘာ့ဘဏ် ကူညီထောက်ပံ့ပေးငွေများဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ လွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် တိုင်းဒေသကြီး လွှတ်တော်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ကော်မတီက ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက လွှတ်တော်သို့ဖတ်ကြား တင်သွင်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**




## ပင်လုံမြို့ ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ ပြည်သူများအား စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့လှူဒါန်း

ပင်လုံ မေ ၅

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် သွားလာရန် ခက်ခဲပြီး စားနပ်ရိက္ခာများ လိုအပ်လျက်ရှိသည့် ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ ကျူရုံးကျေးရွာ၊ ကောင်းဆန်းကျေးရွာ၊ တာပူကျေးရွာ၊ ဝမ်လုံကျေးရွာ၊ ဝမ်အင်ကျေးရွာ၊ ပန်းတန်ကျေးရွာ ကျေးရွာခြောက်ရွာတွင် အိမ်ခြေစုစုပေါင်း ၅၈ အိမ်ရှိ ပြည်သူများအား မေ ၃ရက်က စားနပ်ရိက္ခာများ သွားရောက် ထောက်ပံ့လှူဒါန်းသည်။

ပင်လုံပရဟိတအသင်း၊ ဖြူစင်မေတ္တာနာရေးကူညီမှုအသင်း၊ ပင်လုံသွေးလှူရှင်အသင်းတို့က ဦးဆောင်၍ စားနပ်ရိက္ခာများ လှူဒါန်းပေးသော ပင်လုံပြည်သူလူထုများကိုယ်စား တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကာဘော်လစ်ဆပ်ပြာခဲတစ်ခဲ စုစုပေါင်းတန်ဖိုးငွေကျပ် ခုနစ်သိန်းကို သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများအနက် ကောင်းဆန်းကျေးရွာ၊ တာပူကျေးရွာနှင့် ပန်းတန်ကျေးရွာတို့သည် ပင်လုံမြို့နှင့် လေးမိုင်ခန့်သာ ကွာဝေးသော်လည်း တောင်တက်တောင်ဆင်းလမ်းဖြစ်ပြီး သွားလာရန် ခက်ခဲသည့်ဒေသဖြစ်ကြောင်း သိရသည်။

**နန်းမြင့်မြင့်ဆွေ**



**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊**
**တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အကယ်ဒမီခန့်စည်သူနှင့် အနုပညာရှင်အချို့ပူးပေါင်း၍ အခြေခံလူတန်းစားများအား စားသောက်ကုန်နှင့် အလှူငွေ လှူဒါန်း

ရုပ်ရှင်ရိုက်ကူးရေးအတွက် သွားရောက်ရသည့် အရပ်ဒေသများတွင် ဒေသခံပြည်သူများ၏ လိုအပ်မှုများအတွက် တတ်နိုင်သလောက် လှူဒါန်းလေ့ရှိသူတစ်ဦးဖြစ်သည့် သရုပ်ဆောင် ခန့်စည်သူသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း၌လည်း စားသောက်ရေး အခက်အခဲရှိသော အခြေခံလူတန်းစား ပြည်သူများထံသို့ စားနပ်ရိက္ခာအချို့ကို ကိုယ်တိုင်သွားရောက် လှူဒါန်းမှုများ ပြုလုပ်နေကြောင်း သိရသည်။

မေ ၅ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ယင်းရပ်ကွက်အတွင်းရှိ မိသားစု ၂၆၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၊ ဆန် ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်၊ ငါးခြောက်၊ အာလူး၊ ကြာဆံနှင့် ခေါက်ဆွဲခြောက်ထုပ်များကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အကယ်ဒမီ ခန့်စည်သူ၊ သရုပ်ဆောင် ဆောင်းယွန်းစံ၊ ဘုန်းလျှံ၊ အိမ်ထောင်ရှင်အလှမယ် ဟန်နီချိုနှင့် စေတနာရှင် အလှူရှင်များ စုပေါင်း၍ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လှူဒါန်းရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်နိုင်ရေးအတွက် လူတစ်ဦးချင်းစီအား ခြောက်ပေစီခွာ၍ တန်းစီစေပြီးမှ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဇာတ်ကားရိုက်ကူးရေးတွေကြောင့် နယ်တွေကိုရောက်ရင် တတ်နိုင်သမျှ အလှူလေးတွေ လုပ်ပါတယ်၊ မှတ်မှတ်ရရဆို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင်(၂၀၀) အမျိုးသမီး သားဖွားမီးယပ်နဲ့ ကလေးဆေးရုံကြီးက ကလေးကုသဆောင်မှာ အရေးပေါ် လိုအပ်နေတဲ့ အောက်ဆီဂျင်ပေးစက်ကို ဝယ်ယူဖို့အတွက် အလှူငွေ ကျပ် ၂၅ သိန်းကို မတည်လှူဒါန်းခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ မေတ္တာသင်္ဂဟအဖွဲ့က မတည်လှူဒါန်းခဲ့တဲ့ အောက်ဆီဂျင်ပေးစက်ဟာ ပေါင်မပြည့်၊ လမစေ့တဲ့ ကလေးငယ်တွေရဲ့ သွေးထဲမှာ အသက်အန္တရာယ်ဖြစ်စေလောက်တဲ့အထိ အောက်ဆီဂျင်ကျတာကို ကူပေးတဲ့စက်ဖြစ်ပြီး အခု အားလုံးအဆင်ပြေနေတာကြားသိရလို့ ဝမ်းသာရတယ်"ဟု ခန့်စည်သူက ယခင်က လှူဒါန်းခဲ့သည့် အတွေ့အကြုံများထဲမှ တစ်ခုကို ပြောပြသည်။

သရုပ်ဆောင် ခန့်စည်သူအနေဖြင့် ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သော မေတ္တာသင်္ဂဟ အဖွဲ့ကိုလည်း ဦးစီးတည်ထောင်ထား၍ ပြည်သူများအတွက် လိုအပ်သော နေရာများတွင် အဖွဲ့အနေဖြင့် လိုက်လံလှူဒါန်းလျက်ရှိသလို အဆိုပါ ပြည်သူ့အကျိုးပြု လုပ်ဆောင်ပေးမှုများကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် "သီဟသုဓမ္မ မဏိဇောတဓရဘွဲ့" ကိုလည်း ရရှိထားသူဖြစ်သည်။ **ကိုလင်း**



# အဆိုတော် ဖိုးပြည့်က ပရဟိတအသင်းများ အခမဲ့ယူသုံးနိုင်မည့် သီချင်းတစ်ပုဒ်ကို အွန်လိုင်းတွင်တင်ပေး

ကိုယ်စောင့်နတ်သီချင်းဖြင့် ပရိသတ်အားပေးမှုကို အခိုင်အမာရရှိထားသော တေးရေး တေးဆို ဖိုးပြည့်သည် ၎င်းကိုယ်တိုင် ရေးသားသီဆိုထားသော "ငြိမ်းစေ... အေးစေ..." အမည်ရှိ သီချင်းသစ်တစ်ပုဒ်ကို ပရဟိတအသင်းများ လွတ်လပ်စွာ အခမဲ့ ရယူသုံးစွဲနိုင်ရန် ရည်ရွယ်ပြီး အွန်လိုင်းတွင် မေ ၅ ရက် နံနက်ပိုင်းက တင်ပေးထားကြောင်း သိရသည်။

"ဒီသီချင်းလေးက ပရဟိတအကျိုးပြု သီချင်းလေးမို့ ပရိသတ်အတွက် လက်ဆောင်အဖြစ် တင်ပေးတာပါ။ ဒီသီချင်းကိုတော့ မူပိုင်ခွင့် မထားထားပါဘူး။ ပရဟိတအသင်းတွေ လွတ်လပ်စွာယူသုံးလို့ရအောင်နဲ့ ဘယ်သူမဆို free သုံးလို့ရအောင် ရည်ရွယ်ပြီး မူပိုင်ခွင့်မထားဘဲ တင်ပေးတာပါ"ဟု ဖိုးပြည့်က ပြောသည်။

အဆိုပါ သီချင်းကို ပန်းချီကား သုံးကားဖြင့် Animation ပုံစံ အမ်တီဗွီအဖြစ် ဖန်တီးရိုက်ကူးထားပြီး Slow Rock Music ဂီတပုံစံဖြစ်ကာ Homies Band က တီးခတ်ပေးထားသည်။ "သီချင်းစာသားမှာ လူတစ်ယောက် စပြီး ဖြစ်တည်လာကတည်းက အမေ့ဗိုက်ထဲက စတာကို ရေးထားတာမို့ ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်ရဲ့ ပုံလေးကို သုံးထားတာပါ။ လူသားတွေက ရိုးသားကြတယ်၊ သဘောကောင်းပြီး ကိုယ်ချင်းစာစိတ်ရှိကြတယ်၊ ကူညီတတ်တယ် ဆိုတာတွေကို ပန်းချီဆရာနဲ့တိုင်ပင်ပြီး ဒီပုံလေးကို သုံးထားတာပါ"ဟု အမ်တီဗွီ သရုပ်ဖော်ထားပုံကို ဖိုးပြည့်က ရှင်းပြသည်။

ဖိုးပြည့်သည် Stay at Home ကာလတွင် တေးသီချင်းသစ်များကို Single Song အဖြစ် အွန်လိုင်းမှာ တင်ပေးသွားရန် စီစဉ်လျက်ရှိပြီး ဒုတိယမြောက် တစ်ကိုယ်တော်အခွေထွက်ရှိရန်လည်း ပြင်ဆင်နေကြောင်း သိရသည်။ **ကိုလင်း**



## ခံစားနေရသည့် ကင်ဆာရောဂါအတွက် ပရိသတ်များ ဆုတောင်းပေးရန် မီးမီးခဲ ပြောကြား

၂၀၁၇ ခုနှစ်မှစ၍ ကင်ဆာရောဂါအဆင့်(၄)ကို ခံစားနေရသည့် အဆိုတော် မီးမီးခဲသည် ရောဂါကုသရန်အတွက် သောက်နေရသည့် ဆေးများ၏ ဘေးထွက်ဆိုးကျိုးကြောင့် အချိန် ငါးမိနစ်ထက်ပို၍ မတ်တပ်မရပ်နိုင်သည်မှာ နှစ်လခန့် ကြာမြင့်လာပြီဖြစ်သည့်အတွက် ဧပြီ ၂၉ ရက်မှစ၍ ဆေးရုံ ထပ်မံတက်ရောက်ကာ ကုသမှုခံယူနေရကြောင်း သိရသည်။

"ကင်ဆာပျောက်ကင်းဖို့အတွက် သောက်သုံးရတဲ့ ဆေးတွေရဲ့ ဘေးထွက်ဆိုးကျိုးကြောင့် အခုလို ဖြစ်ခဲ့ရတာပါ၊ မိတ်ဆွေများနဲ့ ပရိသတ်များ ဝိုင်းပြီး ဆုတောင်းပေးတဲ့ အကျိုးကြောင့် ဒီမနက်တော့ စိတ်ကြည်လင်ခြင်း၊ သက်သာခြင်းနဲ့အတူ ပြုံးနိုင်ပါပြီ။ Radiotherapy Treatment စယူနေပါပြီ။ ငါးရက်ဆက်တိုက်လုပ်ရမှာဖြစ်ပါတယ်"ဟု ဆေးရုံတက်ရောက် ကုသရသည့် အခြေအနေနှင့်ပတ်သက်၍ မီးမီးခဲက မေ ၃ ရက်တွင် ပြောသည်။

ကုသမှုအခြေအနေနှင့် ပတ်သက်၍လည်း "ခြေထောက်က အရိုးအက်သွားပြီး အရိုးထဲမှာလည်း ကင်ဆာဆဲလ်တွေ တွေ့တာကြောင့် ဆေးရုံတက်တဲ့နေ့ပဲ ခတ်ကင်လိုက်ရပါတယ်၊ ခါးဘယ်ဘက် အောက်ပိုင်းမှာလည်း ကင်ဆာဆဲလ်တွေ ထပ်ပြီးတွေ့လို့ ဒီနေ့ကစပြီး ဓာတ်ရောင်ခြည်ကုသမှုနဲ့ ကုသမှာဖြစ်တဲ့အတွက်ကြောင့် ပရိသတ်တွေက ထပ်ပြီး သတိရ ဆုတောင်းပေးကြပါဦးလို့ မေတ္တာရပ်ခံပါတယ်"ဟု မီးမီးခဲက ဆက်ပြောသည်။ **ကိုလင်း**

# အဆိုတော်စိန်လင်းက ကိုဗစ်-၁၉ ကာလအတွင်း Aroma Studio ဝန်ထမ်းအားလုံးအတွက် လစာအပြည့်အဝ စီစဉ်ပေး

ဂီတလောကထဲသို့ "ပေါက်နေပြီ"ဟု အမည်ပေးထားသော တေးစီးရီးဖြင့် ဝင်ရောက်ခဲ့ပြီး လူငယ်ပရိသတ်များ၏ အားပေးမှုကို ရရှိနေသူ အဆိုတော် စိန်လင်းသည် ၎င်း၏ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော Aroma Photo & Make Up Studio ကို ရပ်နားထားရသည့်ကာလအတွင်း ဝန်ထမ်း



အားလုံးကို လစာအပြည့်အဝ ပေးထားသည့်အပြင် စားနပ်ရိက္ခာများကိုလည်း လိုအပ်သလို ထောက်ပံ့ကူညီပေးထားကြောင်းသိရသည်။

"ကိုဗစ်-၁၉ ကို စတင်တွေ့ရှိတယ်လို့ အတည်ပြုလိုက်တဲ့ မတ် ၂၄ ရက်ကစပြီး အလုပ်တွေကို ရပ်နားခဲ့ရပါတယ်။ တစ်ကိုယ်တည်းအတွက်တော့ ကိစ္စမရှိပေမယ့် Aroma Wedding Center ကြီးတစ်ခုလုံးရဲ့ လုပ်ဖော်ကိုင်ဖက် မိသားစုပေါင်း ၁၀၀ ကျော်ရဲ့ စားဝတ်နေရေးတွေအတွက် သူတို့တွေ ကိုယ်စီအိမ်မပြန်ခင်ကတည်းက plan တွေ ဆွဲပေးခဲ့ရပါတယ်။ အိမ်ထောင်စုတိုင်းအတွက် ဆန်၊ ဆီ၊ ဆား ၊ ငါးသေတ္တာ၊ ငါးခြောက် စတဲ့ အစားအသောက်တွေ ပေးခဲ့တယ်။ မတ်လအတွက် လုပ်အားခကိုလည်း အကုန်ပေးခဲ့တယ်။ သူတို့ အိမ်ပြန်လမ်းတစ်လျှောက်မှာ ရောဂါမကူးစက်စေဖို့လည်း သင်ကြားပေးလိုက်တယ်။ သူတို့ အလုပ်နားနေရပေမယ့် ထောက်ပံ့ကြေးပေးလို့ရအောင် လိပ်စာအတိအကျနဲ့ ဆက်သွယ်ရမယ့်ဖုန်းတွေလည်း အကုန်စုံအောင် တောင်းထားခဲ့တယ်။ တချို့ကလေးတွေက အိမ်အပြန်မှာ အဝတ်အစားတွေဝယ်ကြရင် သူတို့ချွေးနဲ့စာတွေ ပွန်းပဲ့မှာစိုးလို့ ကျွန်တော့်ရဲ့ အဝတ်အစားတွေလည်း ခွဲဝေပေးလိုက်ပါတယ်"ဟု စိန်လင်းက ပြောသည်။

ပိတ်ရက်ကာလ ထပ်တိုးခဲ့ခြင်းနှင့်ပတ်သက်၍လည်း "ပိတ်ရက်ကာလက မူလက ဧပြီ ၂၀ ဆိုလို့ လုပ်ငန်းဖွင့်ရက်ကို ဧပြီ ၂၇ ရက်လို့ သတ်မှတ်ခဲ့ပေမယ့် အခု မေ ၁၅ အထိ ရက်ထပ်တိုးလိုက်တော့ သူတို့သုံးစွဲဖို့ ထောက်ပံ့ငွေတွေကို အိမ်မပြန်ခင်တောင်းထားတဲ့ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေကတစ်ဆင့် အခုလိုအချိန်မှာ ခက်ခက်ခဲခဲနဲ့ပဲ ရအောင်ပို့ပေးနိုင်ခဲ့ပါတယ်။ ဝန်ထမ်း ၁၀၀ ကျော်အတွက် ထောက်ပံ့ငွေ သိန်း ၃၀၀ ကျော်ကို လမ်းကြောင်း လေးခုနဲ့ ပို့ပေးခဲ့ရပါတယ်။ သူတို့တွေ အသီးသီးက ရရှိကြောင်း post လေးတွေတင်ကြတာ၊ ကျေးဇူးတင်ကြောင်း ရေးသားထားတဲ့ စာလေးတွေ ဖတ်ရတာနဲ့ သူတို့တွေရဲ့ ပြုံးနေတဲ့မျက်နှာလေးတွေကို တွေ့ရတာ ရင်ထဲမှာ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါတယ်"ဟု ဆက်ပြောသည်။

ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းအခြေအနေနှင့် ပတ်သက်၍လည်း "အရှုံးထဲက အမြတ်ကတော့ အခုချိန်မှာ အလုပ်မလုပ်ရတော့မှ ငွေရဲ့ တန်ဖိုးကို ပိုနားလည်လာကြပြီး အလုပ်ဖွင့်တာနဲ့ အလုပ်ကို အရင်ထက် ပိုကြိုးစားလုပ်ကြမယ်လို့ ကတိတွေပေးလာတဲ့ ဝန်ထမ်းလေးတွေကြောင့် ကျွန်တော်တို့အလုပ် ပြန်လည်ဖွင့်လှစ်တဲ့အခါ ကျွန်တော်တို့ရဲ့ ထမင်းရှင် Customer များအားလုံးကို အရင်ပေးခဲ့တဲ့ ဝန်ဆောင်မှုများထက် ပိုပြီး ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကို ပေးပါ့မယ်ဆိုတာကတော့ အမြတ်ရလဒ်ကောင်းတစ်ခု ဖြစ်နေပါပြီ"ဟု စိန်လင်းက ပြောသည်။

ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးလုပ်ငန်းများ၏ အခြေအနေနှင့် ပတ်သက်၍ လုပ်ငန်းရှင်တစ်ဦး၏ အမြင်အနေဖြင့်လည်း "အခုလိုအချိန်မှာ အားလုံး ခက်ခဲကျပ်တည်းကြတာမို့ ကိုယ်လည်း ကျပ်နေပါတယ်။ ဒါပေမယ့် ကိုယ့်အရိပ်အောက်မှာ မှီခိုလက်တွဲနေကြတဲ့ မိသားစုတွေကို တတ်နိုင်တဲ့ဘက်က စောင့်ရှောက်ပေးချင်တာကြောင့် စုဆောင်းထားတဲ့ အိုစာမင်းစာတွေကို ထုတ်သုံးလိုက်ရပါတယ်။ စီးပွားရေးပညာရှင်တွေရဲ့ သုံးသပ်ချက်တွေအတိုင်းဆို ကိုဗစ်အလွန်ကာလမှာ စီးပွားရေး နာလန်ထူလာဖို့လည်း မနည်းရုန်းကန်ရဦးမှာပါ။ ကျွန်တော်တို့လုပ်ငန်းကလည်း မင်္ဂလာဆောင် ဝန်ဆောင်မှုဆိုတော့ ကိုဗစ်ပြီးသွားရင်တောင် ဝါဝင်ပြီလေ။ အလုပ်ပါးတဲ့ကာလကို ထပ်ပြီး ရင်ဆိုင်ရဦးမှာပါ။ ဒီကာလအတွင်းမှာလည်း ကိုယ်နဲ့ အေးအတူပူအမျှ ခံစားပေးနိုင်မယ့် မိသားစုစိတ်ဓာတ်ရှိတဲ့ ဝန်ထမ်းမိသားစုတွေကို အတတ်နိုင်ဆုံး စောင့်ရှောက်ပေးသွားဦးမှာပါ။ ဒီလိုအချိန်မှာ ကိုယ့်ထက် လုပ်ငန်းပိုကြီးပြီး ဝန်ထမ်းပေါင်းများစွာရှိတဲ့ လုပ်ငန်းရှင်တွေကိုလည်း ကိုယ်ချင်းစာမိပါတယ်။ အလုပ်တွေ ရပ်နားထားရတဲ့ လုပ်ငန်းရှင်တိုင်းလည်း ရှိတာအကုန်ထုတ်ပြီး ဖြေရှင်းရတော့တာပေါ့။ ဒီအချိန်မှာ မြေ၊ အိမ်၊ ကား၊ ရွှေ၊ ဒေါ်လာတွေက ငွေမဖြစ်စေတော့ပါဘူး။ ဈေးကွက်က ကမောက်ကမဖြစ်ပြီး ဝယ်သူမရှိတော့ ကိုယ့်မှာရှိရင်တောင် ငွေမဖြစ်နိုင်တဲ့ ပစ္စည်းတွေနဲ့ ရင်မောစွာ ဆက်လက်ဖြတ်သန်းရပါဦးမယ်"ဟုလည်း စိန်လင်းက ၎င်း၏အမြင်ကို သုံးသပ်ပြောကြားခဲ့သည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဂျုံအိတ်တွေထဲမှာပိုက်ဆံထည့်ပေးသူမှာ အာမီယာခန်းမဟုတ်ဟု ငြင်းဆို

အိန္ဒိယနိုင်ငံမှာ ကိုဗစ် -၁၉ ကပ်ရောဂါနဲ့ကြုံတွေ့နေရစဉ်မှာ ဘောလိဝုဒ်ရုပ်ရှင်သရုပ်ဆောင်တွေဟာ လှူဒါန်းမှုတွေ အသီးသီးပြုလုပ်နေကြပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းကလည်း ဘောလိဝုဒ်စူပါစတားမင်းသားတစ်လက်ဖြစ်တဲ့ အာမီယာခန်းဟာ ဂျုံအိတ်တွေအတွင်းမှာ ငွေသား ၁၅၀၀၀ ရူပီးထည့်ပေးပြီးတော့ ဒေလီမြို့ ဒေသခံတွေကို ပေးဝေခဲ့တယ်ဆိုတဲ့ ဗီဒီယိုဖိုင်တစ်ခု ထွက်ပေါ်ခဲ့ပါတယ်။

အခုအခါမှာတော့ အဲဒီသတင်းကို အာမီယာခန်းကိုယ်တိုင် ငြင်းဆိုလိုက်ပါပြီ။ ဂျုံအိတ်တွေထဲမှာ ပိုက်ဆံထည့်ပြီးဝေခဲ့တဲ့သူဟာ သူမဟုတ်ပါဘူးလို့ ပြောခဲ့ပါတယ်။ နောက်ပြီး အလှူရှင်ဟာလည်း လူသိမခံချင်တဲ့ လူတစ်ဦးဖြစ်မှာပါလို့ အာမီယာခန်းက ပြောခဲ့ပါတယ်။

ကားတစ်စီးပေါ်မှာ တစ်ကီလိုဂျုံအိတ်တွေကို တင်ဆောင်လာခဲ့ပြီး ဒေလီမြို့က ကိုဗစ် – ၁၉ ကြောင့် အခက်တွေ့နေတဲ့ မိသားစုတွေကို ပေးဝေခဲ့ပါတယ်။ တချို့ကတော့ အဲဒီဂျုံအိတ်တွေကို လက်ခံဖို့ ငြင်းဆန်ခဲ့ကြပါတယ်။ လက်ခံရယူခဲ့တဲ့သူတွေကတော့ အိမ်အရောက်မှာ ဂျုံအိတ်တွေထဲ ငွေသား ပါလာတာကို အံ့ဩဖွယ်တွေ့ရှိခဲ့ရပါတယ်။ အာမီယာခန်းဟာ ကိုဗစ် -၁၉ ရောဂါ သက်သာချောင်ချိရေးအတွက် အချို့သောအဖွဲ့အစည်းတွေနဲ့လက်တွဲပြီး အလုပ်လုပ်ကိုင်ပေမယ့် သူ့ရဲ့လှူဒါန်းမှုတွေကိုတော့ အများပြည်သူတွေကို အသိပေးခြင်း မရှိပါဘူး။ **တိုင်းမ်စ်အော့ဖ်အိန္ဒိယ**



ဘောလိဝုဒ်မင်းသားအာမီယာခန်း

### အဆိုတော်တေလာဆွစ်ဖ် သူနာပြုတစ်ယောက်အား မထင်မှတ်တဲ့ လက်ဆောင်တွေပေးခဲ့

ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းကနေ ပါဝင်နေတဲ့ သူနာပြုတစ်ယောက်အား အဆိုတော်တေလာဆွစ်ဖ်က ကျေးဇူးတင်တဲ့အနေနဲ့ မထင်မှတ်တဲ့ လက်ဆောင်တွေပေးခဲ့ပါတယ်။ အော့ဒင်မြို့က မက်ကေးဒီး ဆေးရုံမှာ အလုပ်လုပ်ကိုင်နေတဲ့ ဗုစ်တနီဟီတန်လို့ခေါ်တဲ့ သူနာပြုတစ်ဦးကတော့ ဆိုရှယ်မီဒီယာပေါ်မှာ အဆိုတော် တေလာဆွစ်ဖ်ကို ကျေးဇူးတင်စကားပြောကြားခဲ့ပါတယ်။

ဗုစ်တနီဟာ လွန်ခဲ့တဲ့လက အော့ဒင်မြို့နဲ့ မိုင်ပေါင်းများစွာဝေးတဲ့ နယူးယောက်မြို့ကိုလာပြီး ကိုဗစ် -၁၉ လူနာတွေကို ကုသရေးမှာပါဝင်ခဲ့သူလည်းဖြစ်ပါတယ်။ အော့ဒင်မြို့ကို ပြန်ရောက်တဲ့အခါမှာ သူနှစ်သက်ရတဲ့ အဆိုတော်ဆီကနေ အခုလိုမထင်မှတ်တဲ့ လက်ဆောင်ရရှိခဲ့တာပါပဲ။ တေလာဆွစ်ဖ်ရဲ့ လက်ရေးနဲ့ မွေးနေ့ဆုတောင်းစာရယ်၊ Lover ဆိုတဲ့သီချင်းအယ်လ်ဘမ်ရယ်ကို ဗုစ်တနီဟီတန်ဆီ အရောက်ပို့ပေးခဲ့လို့ပါပဲ။ ဟီတန်ကတော့ ပြောမပြတတ်အောင် ဝမ်းသာနေပြီး ဆိုရှယ်မီဒီယာပေါ်မှာ တေလာဆွစ်ဖ် ကို နှလုံးသားထဲကနေ နက်နက်ရှိုင်းရှိုင်း ကျေးဇူးတင်ကြောင်း ပြောခဲ့တာပဲဖြစ်ပါတယ်။ အခုဆိုရင် နယူးယောက်မြို့ဟာ ကိုဗစ် -၁၉ ကူးစက်မှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရပြီး ကျန်းမာရေးလုပ်သားတွေဟာ ရှေ့တန်းကနေ တိုက်ပွဲဝင်နေကြပါတယ်။ **သည်ပိခ် ဒေ့ါကွန်း**




အဆိုတော်တေလာဆွစ်ဖ်

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၁၈)

# ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်



**ဦးဟန်ညွန့် (ဥပဒေ)**

**ရှင်းရဲ့လား**

“အမိန့်၊ ညွှန်ကြားချက်များရှင်းရဲ့လား” ဆောင်းပါးကို ရေးသားတင်ပြခဲ့ပြီးပါပြီ။ ရှင်းရှင်းလင်းလင်း ရေးဖို့၊ လိုက်နာရမည့်သူတွေနားလည်ဖို့ ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ စီမံခန့်ခွဲသူများ၏ တာဝန်ကြီးလေးပုံကိုလည်း ထောက်ပြခဲ့ပါသည်။ ယနေ့ချိန်ခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာတစ်နိုင်ငံလုံးကိုယ်စီတာဝန်ကျေနေကြရသည့် အချိန်လည်းဖြစ်နေပါသည်။

**စီမံခန့်ခွဲသူများ**




စီမံခန့်ခွဲကြသူများ၏ တာဝန်သည် ကြီးလေးလှပါသည်။ နိုင်ငံသူနိုင်ငံသားများအတွက်စေတနာထားရုံနှင့် မပြီးသေး။ စေတနာကိုပေါ်လွင်အောင်၊ ဝေဒနာမဖြစ်အောင် တာဝန်ကျေရပါမည်။ ဥပဒေတတ်ကျွမ်းရပါမည်။ အမိန့်ထုတ်ပြန်တတ်ရပါမည်။ ညွှန်ကြားချက်ရေးတတ်ရပါမည်။ ဥပဒေဆိုတာဘာလဲ။ အမိန့်ဆိုတာ ဘာလဲ။ ညွှန်ကြားချက်ဆိုတာဘာလဲ။ သေသေချာချာ သိရှိနားလည်သင့်ပါသည်။

**သင်တန်းကျောင်း**

ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်အပါအဝင် စီမံခန့်ခွဲသင်တန်းကျောင်းများ ဆင်းပြီးသားအရာရှိကြီးများ၊ ဝန်ထမ်းကြီးများဖြစ်ပါသည်။ စာတွေ့လက်တွေ့ သင်တန်းတက်ပြီးလည်း ဖြစ်ပါသည်။ ဒေသန္တရ အာဏာပိုင် ဖြစ်လာသည့်အခါ တာဝန်ယူတတ်ဖို့၊ တာဝန်ခံတတ်ဖို့ လိုအပ်လှပါသည်။ ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တွေကို ရေးတတ်၊ ထုတ်တတ်၊ လုပ်တတ်၊ ကိုင်တတ်၊ အရည်အချင်းပြည့်ဝဖို့ လိုအပ်လှပါပြီ။ စာတွေ့ လက်တွေ့ ဘဝများကလည်း သင်ကြားပေးပြီးသား ဖြစ်ရပါမည်။

**ဥပဒေအရာရှိများ**

ဥပဒေအရာရှိများခန့်ထားပြီးဖြစ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အလိုက် ဥပဒေချုပ်များလည်း တာဝန်ထမ်းလျက်ပါ။ ခရိုင်၊ မြို့နယ်အဆင့်တွေမှာလည်း ဥပဒေအရာရှိများ တာဝန်ထမ်းလျက်ပါ။ ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက် ရေးမည်ဆိုလျှင် ဥပဒေအရာရှိများ၏ အကူအညီ၊ အကြံဉာဏ်တောင်းခံနိုင်ပါသည်။ စာအုပ်စာတမ်းအစုံအလင် ရည်ညွှန်းကိုးကားနိုင်ပါသည်။ အချို့က ဥပဒေအရာရှိ၏ အကူအညီမယူဘဲ မိမိဘာသာ ဆောင်ရွက်သူများ ရှိတတ်ပါသည်။ ပြဿနာပေါ်မှ ဥပဒေအရာရှိကို သတိရသူများလည်း ရှိနိုင်ပါသည်။ မည်သို့ဖြစ်စေ ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထိထိမိမိရှိဖို့၊ အာဏာသက်ရောက်ဖို့၊ နိုင်ငံသူ နိုင်ငံသားများ အကျိုးသယ်ပိုးနိုင်ဖို့ အဓိကအရေးကြီးပါသည်။ ဝိုင်းလုပ်ကြဖို့ လိုပါမည်။

**ရှေ့နောက်မညီ**

စက်ရုံ၊ အလုပ်ရုံအလုပ်သမားများကိစ္စအတွက် စက်ရုံပိတ်၊ မပိတ်။ အလုပ်ရှင်၊ အလုပ်သမားပြဿနာများတွင် အမိန့်၊ ညွှန်ကြားချက်များထုတ်သည့်အခါ အတော်စဉ်းစားကြရပါသည်။ ရှေ့နောက်ညီညွတ်အောင် ကြံဆောင်ကြရပါသည်။ စားဝတ်နေရေးပြဿနာ နှင့်ဥပဒေပြဿနာ ရောထွေးတတ်ကြပါသည်။ နှစ်ဖက်ကြိုတင်ညှိနှိုင်းရသည်များ ရှိပါသည်။ ညှိနှိုင်းမရသည်များ ကြုံတတ်ပါသည်။ ဥပဒေမျက်နှာအဓိက ကြည့်ရပါတော့သည်။ ဤအချက်ကို အားလုံးသိအောင်၊ နှစ်ဖက်နားလည်အောင် တာဝန်ရှိအာဏာပိုင်၏ စွမ်းရည်က ဆုံးဖြတ်ပါသည်။ အေးချမ်းညီညွတ်သောအဖြေ ရစေချင်ပါသည်။ မမျှော်လင့်သော ဘေးအန္တရာယ်ကပ်ရောဂါ၊ ကမ္ဘာ့အခြေအနေစသည်များကို ရှင်းရှင်းလင်းလင်း ဆက်စပ်တွေးခေါ်တတ်အောင်လည်း ဆွေးနွေးစည်းရုံးသင့်ပါသေးသည်။

**တရားဥပဒေဆိုသည့် စကားရပ်**

တရားဥပဒေဆိုသည့် စကားရပ်တွင် အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ တရားဥပဒေကဲ့သို့ အကျိုးသက်ရောက်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်စသည်များ ပါဝင်သည်။ ဥပဒေ၊ အမိန့်ညွှန်ကြားချက် အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က)အမိန့်ကြေညာချက် (Proclamation)
(ခ) တစ်ချက်လွှတ်ဥပဒေ(Ordinance)
(ဂ) အက်ဥပဒေ(Act)
(ဃ) ဥပဒေ(Law)
(င) နည်းဥပဒေ(Rules)
(စ) စည်းမျဉ်းဥပဒေ(Regulations)
(ဆ) စည်းကမ်းဥပဒေ(Bye– Laws)
(ဇ) ဆုံးဖြတ်ချက်(Resolution)
(ဈ) အမိန့်ဆင့်ဆိုချက်(Directions)
(ည) ညွှန်ကြားလွှာ(Directive)
(ဋ)ညွှန်ကြားချက်(Instruction)
(ဌ) ဆာကြူလာ(Circular)
(ဍ) အမိန့်ကြော်ငြာစာ(Notification)
(ဎ) အမိန့်စာ၊အမိန့်(order)
(ဏ)လက်စွဲ ဥပဒေ(Manual)

**အမိန့်ကြေညာချက်**

နိုင်ငံ့အကြီးအကဲက ထုတ်သောအမိန့်၊ ကြေညာချက်များဖြစ်သည်။

**တစ်ချက်လွှတ် ဥပဒေ**

ပါလီမန် လက်ထက် အရေးပေါ်လတ်တလောလိုအပ်သောကိစ္စများတွင် တစ်ချက်လွှတ်ဥပဒေထုတ်ပြန်လေ့ရှိသည်။ တော်လှန်ရေးကောင်စီလက်ထက်တွင် ၁၉၆၃ ခုနှစ် ဘဏ်လုပ်ငန်း နိုင်ငံပိုင်ပြုလုပ်ရေး တစ်ချက်လွှတ် ဥပဒေ(၁/၁၉၆၃) ထုတ်ပြန်ခဲ့ဖူးသည်။

**အက်ဥပဒေ**

ပါလီမန်ခေတ်၊ ပါလီမန် ဥပဒေပြုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ဥပဒေများ(၁၉၆၂ မတိုင်မီ) ဥပဒေများကို အက်ဥပဒေများဟုခေါ်ပြီး ထိုစဉ်က ပါလီမန်ကပြုသော ဥပဒေများဖြစ်သည်။

**ဥပဒေ**

ဥပဒေပြု အာဏာရှိသော အဖွဲ့အစည်းကပြုသော ဥပဒေများကို ခေါ်ဆိုခြင်းဖြစ်သည်။

**နည်းဥပဒေ**

တစ်ဆင့်ခံ ဥပဒေဖြစ်သည်။ အက်ဥပဒေ သို့မဟုတ် ဥပဒေက အာဏာအပ်နှင်းသောအခါမှသာ နည်းဥပဒေကို ပြဋ္ဌာန်းနိုင်သည်။ များသောအားဖြင့် အုပ်ချုပ်ရေးအာဏာပိုင်များသို့ နည်းဥပဒေပြုနိုင်သော အာဏာအပ်နှင်းလေ့ရှိသည်။ နည်းဥပဒေသည် ဥပဒေပါရည်ရွယ်ချက်များ အကောင်အထည်ဖော်သောနည်းလမ်းများဟု ခေါ်နိုင်သည်။

**စည်းမျဉ်းဥပဒေ**

စည်းမျဉ်းဥပဒေတွင် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရပြုသော စည်းမျဉ်းဥပဒေနှင့် အက်ဥပဒေ သို့မဟုတ် ဥပဒေအရပြုသော စည်းကမ်းဥပဒေ ဟူ၍ နှစ်မျိုးရှိသည်။

**စည်းကမ်းဥပဒေ**

တစ်ဆင့်ခံဥပဒေဖြစ်သည်။ ဥပဒေ သို့မဟုတ် အက်ဥပဒေက အာဏာအပ်နှင်းထားမှသာလျှင် ပြုပိုင်ခွင့်ရသည်။ ရှေးအခါက ဘိုင်လော ဟုခေါ်သည်။ မြူနီစီပယ်အဖွဲ့၊ မီးရထားအဖွဲ့အစည်းတို့က ထုတ်ပြန်လေ့ရှိသည်။ ပင်မဥပဒေမှပေါက်ဖွားလာသော ဥပဒေတစ်ရပ်ဖြစ်သည်။ ဥပဒေကဲ့သို့ အာဏာရှိသည်။

**ဆုံးဖြတ်ချက်**

မညီညွတ်မှုတစ်ရပ်ကို ညီညွတ်အောင် အများသဘောအရ ဆုံးဖြတ်ခြင်းကို ဆိုသည်။

**အမိန့်ဆင့်ဆိုချက်**

တစ်ဆင့်ခံ ဥပဒေမဟုတ်ပါ။ ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပြီး အစိုးရ၏ မူဝါဒကို ဖော်ပြသည်။ အုပ်ချုပ်ရေးဝန်ထမ်းများအား လမ်းညွှန်သော နည်းလမ်းများ ပါရှိသည်။

**ညွှန်ကြားလွှာ**

တစ်ဆင့်ခံ ဥပဒေမဟုတ်။ ဥပဒေထက် အဆင့်နိမ့်သည်။ လမ်းညွှန်သဘောအရ ရုံးသို့မဟုတ် ဌာနအတွင်း လိုက်နာရန်ကျင့်ထုံး ဖြစ်သည်။

**ညွှန်ကြားချက်**

ဝန်ကြီးဌာန၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက်ညွှန်ကြားချက်ထုတ်ပြန်မှု ဖြစ်သည်။ အချို့က အမှာစာ၊ အချို့က ဆာကြူလာ၊ အချို့က ညွှန်ကြားချက် စသည်ဖြင့် ခေါင်းစဉ်တပ်ရေးလေ့ရှိသည်။

**ဆာကြူလာ**

ဌာနတွင်းလိုက်နာရန်၊ ဌာနများက လိုက်နာရန် စသည်ဖြင့်ထုတ်ပြန်လေ့ရှိသည်။

**အမိန့်ကြော်ငြာစာ**

ဝန်ထမ်းခန့်၊ ထုတ်၊ ရာထူးတိုးစသည်ဖြင့် လည်းကောင်း၊ ဥပဒေအာဏာတည်၊ နည်းဥပဒေ၊ စည်းမျဉ်းစသည်များထုတ်ပြန်ရာတွင် လည်းကောင်း၊ ပြင်ဆင်ဖြည့်စွက်၊ ရုပ်သိမ်းအမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းမျိုး ဖြစ်သည်။

**ယေဘုယျသဘော**

ယေဘုယျသဘော အများနားလည်အောင် လိုတိုရှင်းရေးခြင်းပါ။ အကျယ်ကို ဆက်လက်လေ့လာကြစေလိုပါသည်။

**စေတနာ**

ဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို အများသိရှိနားလည်စေချင်သော စေတနာဖြင့် တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ…။ ။

# ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်ညီညွတ်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ကော့သောင်း မေ ၅**

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသံချောင်း၊ ကော့သောင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန့်ဇင်၊ မြို့နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများသည် ကော့သောင်းမြို့ သူဌေးကျွန်းပေါ်တွင် မွေးမြူလုပ်ကိုင်လျက်ရှိသည့် ရေငန်ပုစွန်မွေးမြူရေးကန်သို့ ရောက်ရှိ စစ်ဆေးသည်။

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သည် ငါး/ပုစွန် မွေးမြူသူများလိုက်နာရမည့် ကျင့်စဉ် တစ်ရပ်ဖြစ်ရာ အဆိုပါစနစ်ကျင့်သုံးခြင်းသည် နိုင်ငံခြားဈေးကွက်ရရှိရေးအတွက်သာ မဟုတ်ဘဲ ပြည်တွင်း စားသုံးမှုတွင်လည်း ဘေးကင်းပြီး အာဟာရပြည့်ဝသည့် ရေထွက်ကုန်များ စားသုံးနိုင်ရေးအတွက်ကိုပါ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရေထွက်ပစ္စည်းနှင့် အသားငါးများ စံချိန်စံညွှန်းနှင့်အညီ အာမခံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားအဆင့် ဓာတ်ကြွင်း ထိန်းချုပ်မှုအစီအမံနှင့် ဓာတ်ခွဲရလဒ်ကောင်းများ အီးယူ သို့ နှစ်စဉ်တင်ပြမှုကြောင့်လည်း မြန်မာ့မွေးမြူရေး ရေထွက်ကုန်များ တင်ပို့မှုရရှိထားပြီး ဖြစ်ကြောင်းကို ယခုနှစ် ဇန်နဝါရီလ ၁၃ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည့် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်နှင့် အညီ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။

ယခု လိုက်လံစစ်ဆေးမှုတွင် ကော့သောင်းမြို့ သူဌေးကျွန်းပေါ်ရှိ Grand Andaman Co.,ltd. ၏ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းခွင်အတွင်း GAqP စနစ်နှင့်အညီ မွေးမြူထားရှိမှု အခြေအနေများဖြစ်သည့် ကန်၏ ရေအရည်အသွေးစနစ်၊ သားလောင်းပြုစု ကန်စံနစ်၊ အစာကျွေးမှုစနစ်၊ အစာ၏အရည်အသွေး၊ ရေဆိုးစွန့်ထုတ်မှုစနစ်၊ ပြန်လည်ဖော်ထုတ်မှုစနစ်၊ ဇီဝလုံခြုံမှုစနစ် စသည့် Farms to Table အရောက် မွေးမြူမှုအဆင့်တိုင်းတွင် ဆောင်ရွက်ထားရမည့် အခြေအနေများကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



သူဌေးကျွန်း Grand Andaman Co.,Ltd. ၏ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသည် ကျွန်းပေါ်ရှိ မြေဧရိယာ ၁၂၄ ဧက ကျော်ကို ခေတ်မီနည်းစနစ်ဖြင့် ရေငန်ပုစွန်ဖြူများ မွေးမြူထားရှိပြီး လုပ်သားအင်အား ၁၀၀ ခန့်နှင့် မှီခိုမိသားစုများအပါအဝင် အလုပ်သမား ၄၀၀ ကျော်အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် နေထိုင်ရန် စီစဉ်ထားရှိပေးထားပြီး လုပ်သားတစ်ဦးလျှင် တစ်လ ထိုင်းဘတ်ငွေ ၆၀၀၀ ပေးကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ စီမံဆောင်ရွက်ပေးထားကြောင်း၊ ဖော်ထုတ်ရရှိသည့် ပုစွန်များကို ယခင်က ဟိုတယ်တွင်သုံးသော်လည်း ယခုအခါ ထိုင်း နိုင်ငံသို့ တင်ပို့ကြောင်းနှင့် ဒသမ ၇၅ ဧကတွင် မွေးမြူကာလ သုံးလအတွင်း ရေငန်ပုစွန်ဖြူ ခြောက်တန်ကျော်ခန့် ထွက်ရှိလျက် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများ ရှာဖွေပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ချင်းတွင်းမြစ်ကမ်းဘေးတစ်လျှောက်ရှိ ဆောင်းသီးနှံနှင့် နွေသီးနှံစိုက်ခင်းများ မြေအောက်ရေ ပိုမိုအသုံးပြုနေရဟုဆို

**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ကမ်းဘေး တစ်လျှောက်ရှိ ဆောင်းသီးနှံနှင့် နွေသီးနှံ စိုက်ခင်းများတွင် တစ်နှစ်ထက်တစ်နှစ် မြေအစိုဓာတ် ခန်းခြောက်လာမှုကြောင့် မြေအောက်ရေကို ပိုမိုအသုံးပြုနေရကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။



“အခု နောက်ပိုင်းမှာတော့ မြေအောက်ရေကို အားကိုးပြီး စိုက်လာရတယ်။ ဟိုတုန်းကတော့ မြစ်ကမ်းဘေး စိုက်ခင်းတွေက မြေအောက်ရေ သိပ်ပြီးတော့မသုံးရဘူး။ မြေအောက် ရေသွင်းပြီးစိုက်တော့ မြေကြီးတွေက မာလာတယ်။ မြေအောက်ရေ အသုံးပြုမှုလျှော့ချနိုင်ဖို့ အခုနောက်ပိုင်းမှာ ရေဖျန်းပြီးတော့ စိုက်တဲ့စနစ်ကိုပြောင်းပြီး အသုံးပြုလာတယ်။ ရေဖျန်းတဲ့စနစ်က မြေအောက်ရေ အသုံးပြုမှုလျှော့ချနိုင်တယ်။ ဆီဖိုးသက်သာပြီး မြေပျက်စီးမှုကိုလည်း သက်သာစေတဲ့အတွက် အဆင်ပြေပါတယ်”ဟု ချင်းတွင်းမြစ်ကမ်းဘေးတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးအောင်မြင့်စိန်က ပြောသည်။

ချင်းတွင်း မြစ်ကမ်းဘေး တစ်လျှောက်တွင် ချင်းတွင်းမြစ်ရေနည်းပါးချိန် ဆောင်းသီးနှံနှင့် နွေသီးနှံများအဖြစ် စိုက်ပျိုးသော မြေပဲ၊ ပြောင်းဖူး၊ ပဲတီစိမ်း၊ ခရမ်းချဉ်၊ ကုလားပဲ စသည့် သီးနှံများကို အများဆုံး စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**

# ချောင်းဆုံ-ရန်ကုန် အဝေးပြေးယာဉ်ပြေးဆွဲမှုများ ရပ်နားထားပြီး မော်လမြိုင်ယာဉ်လိုင်းများ အခေါက်ရေအနည်းငယ်သာ ပြေးဆွဲ

**ချောင်းဆုံ မေ ၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကိုဗစ်-၁၉ ကြောင့် ကျေးရွာများတွင် ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများ ပြေးဆွဲနေမှုကို ယခင်ကလို ပုံမှန် နှစ်နာရီခြား တစ်စီး ပြေးဆွဲနေမှု မရှိသော်လည်း ခရီးသည်အခြေအနေနှင့် ကုန်တင်သည့်အပေါ် လိုင်းများတွင် မူတည်ပြီး တစ်နေ့ တစ်စီးနှုန်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း မြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီအဖွဲ့က သိရသည်။

ချောင်းဆုံမြို့နယ်နှင့် မော်လမြိုင်မြို့ အောက်ဈေးသို့ ပြေးဆွဲနေသည့် လိုင်း ၁၀ လိုင်းရှိပြီး ဈေးကို ဦးတည်ပြေးဆွဲသည့် ကုန်စည်ယာဉ်လိုင်းများဖြစ်ကာ ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ပြီး ယခုလက်ရှိ ပြေးဆွဲနေသည့် သက်ဆိုင်ရာ လိုင်းတာဝန်ခံများကို ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ကို ယာဉ်လိုင်းပြေးဆွဲသည့်အခါမျိုးတွင် ခရီးသည်များကိုပါ ကားပေါ်တက်ပြီးတိုင်း လက်ဆေးရန်နှင့် နှာခေါင်းစည်းများ တပ်ဆင်ရန်အတွက် အသိပေး အကြောင်းကြားထားကြောင်း မြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးရဲဇော်လင်းက ပြောသည်။

ချောင်းဆုံတွင် ကျေးရွာများကို အခြေခံပြီး ပြေးဆွဲသည့်လိုင်းများ ဖြစ်သောကြောင့် ခရီးသွားများမရှိသည့်တိုင်အောင် ကုန်စည်စီးဆင်းမှုအနေဖြင့် သွားနေသည့်လိုင်းများ ရှိနေသည့်အတွက် ပြေးဆွဲသောယာဉ်လိုင်းများရှိနေကြောင်း၊ တချို့ကျေးရွာများတွင် ခရီးသွားလာမှုနည်းပါးသဖြင့် ယခင်က တစ်နေ့ နှစ်ခေါက်ထွက်ရာတွင် ယခုအခါ တစ်နေ့ တစ်ခေါက်နှုန်းဖြင့်သာ ပြေးဆွဲနေရကြောင်း၊ ချောင်းဆုံ-ရန်ကုန် ပြေးဆွဲသည့် လိုင်းများတွင် ရိုးရိုးလေး၊ အောင်ရတနာ၊ ရွှေစကြာ လိုင်းကားများ တရားဝင်စာတင်ပြီး ပိတ်ထားခြင်းဖြစ်ကြောင်း မြို့နယ်ယာဉ်လိုင်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအဖွဲ့ထံက သိရသည်။

**ထူးအိမ်(ပြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင်တွင် ငါးမဖမ်းရ မူလသတ်မှတ်ထားသောသုံးလကို ပြောင်းလဲရန်FAO က အကြံပြုထား

**ရန်ကုန် မေ ၅**

မြန်မာ့ပင်လယ်ပြင်တွင် ဇွန်လမှဩဂုတ်လအထိ ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ထားရာ မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနနှင့် FAO (နော်ဝေသုတေသနအဖွဲ့) တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် မူလသတ်မှတ်ထားသော သုံးလကို ရေသယံဇာတ ပိုမိုတိုးပွားလာရန်အတွက် ဖေဖော်ဝါရီမှ ဧပြီအထိပြောင်းလဲသတ်မှတ်နိုင်ရန် အကြံပြုထားကြောင်း ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

“ပင်လယ်ပြင်ငါးမဖမ်းရရာသီပုံမှန်ဆိုရင် ဇွန်လကနေ ဩဂုတ်လအထိ ပိတ်ပါတယ်။ FAO (နော်ဝေသုတေသန)နဲ့ ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး မူလပိတ်ထားတဲ့လတွေကို ပြောင်းလဲဖို့ သုတေသနပြုထားတာရှိတယ်။ အဲဒါကို FAO က အကြံပြုထားတာကြောင့် တင်ပြဆောင်ရွက်ပြီးလို့ အတည်ပြုမယ်ဆိုရင် လာမယ့်နှစ်မှာ ပြောင်းလဲသတ်မှတ်မှာပါ။ ပင်လယ်ပြင် ငါးအထိအမိနဲ့မျိုးပွားမှုပြောင်းလဲလာမှုကို သုတေသနပြုမှုအရ သိရတယ်။ ပြောင်းလဲသတ်မှတ်မယ်ဆိုရင် ဖေဖော်ဝါရီ ၁၅ ကနေ ဧပြီ ၁၅ ရက်အထိ ပြောင်းလဲသတ်မှတ်ဖို့များပါတယ်”ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဒေါက်တာယဉ်ယဉ်မိုးက ပြောသည်။

ယခုလတွင် မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းဆီးလျက်ရှိပြီး ကိုဗစ်-၁၉ ကြောင့် ပြည်ပပို့ကုန်ယာယီရပ်တန့်ထားသဖြင့် ပြည်တွင်းငါးစားသုံးမှုကို ပိုလျှံစွာလည်ပတ်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ကမ်းဝေးငါးဖမ်းကွက်မရှိဘဲ ကမ်းနီးငါးဖမ်းကွက်သာ ခွင့်ပြုထားပြီး ရန်ကုန်အခြေပြု ကမ်းဝေးငါးဖမ်းရေယာဉ်ပေါင်း ၈၆၇ စင်းရှိကြောင်း၊ မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတမျိုးပွားမှု ပြောင်းလဲလာခြင်းနှင့် ငါးအသေးများသာ ဖမ်းဆီးမှုများလာခြင်းကို နော်ဝေသုတေသနမှ စမ်းသပ်မှုအရနှစ် ၃၀ ခန့်ကြာမြင့်ပြီဖြစ်ရာ ဇွန်လမှ ဩဂုတ်လအထိ ငါးမဖမ်းရပိတ်ထားမှုကို ဖေဖော်ဝါရီလမှဧပြီလအထိပြောင်းလဲရန် FAO (နော်ဝေသုတေသနအဖွဲ့)တို့က အကြံပြုထားခြင်းဖြစ်၍ ပြောင်းလဲဆောင်ရွက်မည်ဆိုပါက အဆိုပါသုံးလကို ပြောင်းလဲရန် လျာထားခြင်းဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးအထိအမိနည်းလာမှုကို ၂၀၁၃ ခုနှစ်၊၂၀၁၅ ခုနှစ်နှင့်၂၀၁၈ ခုနှစ်၌ သုတေသနပြုချက်အရ သိရှိခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွက် ရေထွက်ပစ္စည်းထုတ်ယူစားသုံးမှုသည် ပြည်တွင်းစားသုံးမှုဖူလုံရေးကဏ္ဍတွင် အရေးပါသောကဏ္ဍ၌ တည်ရှိနေရာ ငါးသယံဇာတပိုမိုတိုးပွား၍ ထုတ်ယူစားသုံးနိုင်စေရန် ပင်လယ်ပြင်တွင်း ငါးမဖမ်းရ ရာသီပြောင်းလဲနိုင်မှုကို FAO (နော်ဝေသုတေသန)မှ အကြံပြုထားခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

**သက်ရှိလောက တည်မြဲဖို့**
**သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၆) ဒီမိုကရေစီယဉ်ကျေးမှုဖြင့် နှစ်သစ်ကိုကြို



မောင်စာဂ

မြန်မာတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်ရှိလို့လာပါပြီ။ ယခင်နှစ်ဟောင်းမကုန်မီ ကမ္ဘာနှင့်အဝန်း စိုးရိမ်ဖွယ်ရာ ကပ်ရောဂါ ကိုဗစ်-၁၉ ကျရောက်မှုကြောင့် မြန်မာပြည်သူပြည်သားများ အပါအဝင် ကမ္ဘာသူ ကမ္ဘာသားများ အထူးသတိပြု၍ မိမိကိုယ်ကိုမိမိ စောင့်ရှောက်နေထိုင်ခဲ့ကြရသည်။ ကပ်ရောဂါဆိုးကြီး ကမ္ဘာမြေမှ အလျင်အမြန် ပျောက်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ရပါသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုကြိုဆိုရင်းဖြင့် အခက်အခဲဟူသမျှ၊ မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်အနိုင်ယူကျော်လွှားနိုင်ရမည်သာ။ သို့ဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကိုလည်း ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီခွန်အားအပြည့်ဖြင့် ကျင်းပကြရပါဦးမည်။ ဒီမိုကရေစီယဉ်ကျေးမှုနှင့်အတူ အထွေထွေရွေးကောက်ပွဲကြီးဖြင့် ၂၀၂၀ ပြည့်နှစ်ကို အောင်မြင်စွာ ကျော်ဖြတ်ကြရပါဦးမည်။

**ရွေးကောက်ပွဲ**

ရွေးကောက်ပွဲဟူသည် ပြည်သူများက မိမိနှစ်သက်သူကို ရွေးချယ်ခြင်းဖြစ်သည်။ မိမိတို့၏ ဆန္ဒအမှန်ကို ဖော်ထုတ်ခြင်းဖြစ်သည်။ မိမိဆန္ဒရှိသည့်အတိုင်း မိမိနှစ်သက်သောသူကို ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းပြုနိုင်ရေးအတွက် ရွေးကောက်ပွဲဟူသည် ကျင်းပပေးရသည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများကလည်း မိမိတို့၏အမည်စာရင်းတင်သွင်း၍ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆန္ဒမဲအများဆုံးရရှိသူသည် ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများက ပြည်သူတို့၏ ထောက်ခံဆန္ဒမဲပေးမှု အများဆုံးရရှိအောင် ပြုမူပြောဆို၊ နေထိုင်လုပ်ကိုင်၊ စည်းရုံးဟောပြောမှုများ ပြုကြရသည်။ မိမိတို့၏ ဉာဏ်ရည်ဉာဏ်သွေး၊ အစွမ်းအစ၊ စေတနာအား၊ မေတ္တာအား၊ သစ္စာအားတွေ ပြကြရသည်။

ရွေးကောက်ပွဲများရှိခြင်း၊ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခြင်း၊ ပါဝင်ယှဉ်ပြိုင်ကြသူများအနက်မှ ပြည်သူတို့က မိမိကြိုက်နှစ်သက်ရာပုဂ္ဂိုလ်အား ဆန္ဒမဲပေး၍ ရွေးချယ်ခွင့်ရရှိခြင်းတို့သည် ဒီမိုကရေစီယဉ်ကျေးမှုဖြစ်ထွန်းခြင်း၏ ကနဦးအစပင်ဖြစ်သည်။

**ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ**

နိုင်ငံတစ်နိုင်ငံတွင် ပြည်သူတို့က နိုင်ငံတော်၏ အချုပ်အခြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာသုံးရပ်ကို ပိုင်ဆိုင်သည်။ ယင်းအာဏာသုံးရပ်ကို မိမိတို့ကိုယ်စား ရယူကျင့်သုံးနိုင်ရန် မိမိတို့၏ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။ ထိုသို့ ရွေးကောက်တင်မြှောက်နိုင်ရန် ရွေးကောက်ပွဲများရှိသည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ရှိသည်။ ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များရှိသည်။ ယင်းလွှတ်တော်များက နိုင်ငံတော်၏အချုပ်အခြာအာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးစေသည့် နည်းစနစ်များရှိသည်။ ထို့ကြောင့် ထိုနိုင်ငံကို ဒီမိုကရေစီနိုင်ငံဟု သတ်မှတ်ခေါ်ဆိုကြသည်။

ရွေးကောက်ပွဲများကျင်းပရာတွင် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လေးနှစ်တစ်ကြိမ် သို့မဟုတ် ငါးနှစ်တစ်ကြိမ် ကျင်းပသည်။ ဤကဲ့သို့ ရွေးကောက်ပွဲများ ကျင်းပ၍ ပြည်သူတို့က မိမိတို့၏ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့် ရရှိခြင်းဖြစ်သည်။ ဒီမိုကရေစီ၏ အခြေခံအနှစ်သာရတစ်ရပ်ဖြစ်သည်။ ရွေးကောက်ပွဲများ စဉ်ဆက်မပြတ် နှစ်ပေါင်းများစွာ ကျင်းပနိုင်ပြီး ပြည်သူတို့၏ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အခွင့်အရေး၊ ပြည်သူတို့၏ ရွေးကောက်တင်မြှောက်ပိုင်ခွင့် အခွင့်အရေးများရရှိနေသော နိုင်ငံများကို ဒီမိုကရေစီသက်တမ်းအရှည်ဆုံးနိုင်ငံများဟု သတ်မှတ်ခေါ်ဆိုကြပြန်သည်။ ဥပမာ အိန္ဒိယနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံများကို ဒီမိုကရေစီသက်တမ်းအရှည်ဆုံးနိုင်ငံအဖြစ် သတ်မှတ်ကြသည်။

**ရွေးကောက်ပွဲ၏စံများ**

ရွေးကောက်ပွဲကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ ကျင်းပပေးရသည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည်နှင့်အညီ လွတ်လပ်ရသည်။ မျှတရသည်။ ပွင့်လင်းမြင်သာမှု ရှိရသည်။ အများယုံကြည်လက်ခံနိုင်မှုရှိရသည်။ မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးမှုရလဒ်အမှန်ကို ဖော်ထုတ်ပေးနိုင်မှုရှိရသည်။ ဤငါးချက်သည် ရွေးကောက်ပွဲ၏ အခြေခံစံများဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို ဤစံငါးချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်သူတို့အား ကတိကဝတ် ပြုထားပြီးဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများကလည်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရသည်။ စည်းကမ်းရှိကြရသည်။ သန့်သန့်ရှင်းရှင်းရှိရသည်။ မိမိအနိုင်ရရှိရေး တရားသဖြင့် တရားသောနည်းလမ်းဖြင့် တရားသော စည်းမျဉ်းဘောင်အတွင်းမှ အစွမ်းကုန်ကြိုးစား အားထုတ် ဆောင်ရွက်ကြရသည်။ ဤသို့ဖြင့် နိုင်ငံရေးပါတီများသည် ဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံထားကြသည်နှင့်အညီ ဒီမိုကရေစီ၏ စံ၊ ရွေးကောက်ပွဲ၏ စံများကို မြှင့်တင်ရာရောက်သည်။

**ဒီမိုကရေစီယဉ်ကျေးမှု**

ဒီမိုကရေစီဟုဆိုလိုက်သည်နှင့် အများ၏ဆန္ဒသဘောထားကို အနည်းစုက လိုက်နာခံယူတတ်ကြရမည်။ အနည်းစု၏ ဆန္ဒသဘောထားကိုလည်း အများစုက လေးစားရမည်။ အလေးထားတတ်ရမည်။ ဤသည်မှာ ဒီမိုကရေစီ၏ တရားကိုယ်သဘောဖြစ်သည်။ ရွေးကောက်ပွဲတစ်ခု ကျင်းပပြီးစီးသွားသည်နှင့် အများစု၏ ထောက်ခံဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ခံရသူကို အများစု၏ ထောက်ခံဆန္ဒမဲမရရှိသည့် ပါဝင်ယှဉ်ပြိုင်သူတို့က ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစွာဖြင့် လက်ဆွဲနှုတ်ဆက်နိုင်ကြရမည်။ ရွေးကောက်တင်မြှောက်ခံရသူနှင့် စိတ်ရင်းစေတနာကောင်းစွာဖြင့် ပြည်သူနှင့် နိုင်ငံကောင်းကျိုး ပူးပေါင်းဆောင်ရွက်ရင်း နောင်လာမည့် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် ရွေးကောက်တင်မြှောက်ခံနိုင်ရေး အင်အားသစ်တွေ မွေးမြူကြရမည်။

ရွေးကောက်ပွဲတစ်ခု ကျင်းပပြီးစီးသွားသည်နှင့် ရွေးကောက်တင်မြှောက်ခံရသူကို ထောက်ခံဆန္ဒမဲ မပေးလိုက်ကြရသည့် မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့ထောက်ခံဆန္ဒမဲ မပေးလိုက်ရသော်လည်း အများစု၏ဆန္ဒကို အလေးထားလိုက်နာကြရမည်ဖြစ်သဖြင့် မိမိတို့ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်အဖြစ် ခံယူအသိအမှတ်ပြုကြရမည်။ ပူးပေါင်းဆောင်ရွက်ကြရမည်။ ရွေးကောက်တင်မြှောက်ခံရသူကလည်း မိမိအား ထောက်ခံဆန္ဒမဲပေးသူ၊ ထောက်ခံဆန္ဒမဲမပေးသူဟူ၍ ကျောသားရင်သားခွဲခြားခြင်းမရှိဘဲ အားလုံးကို မိမိ၏မဲဆန္ဒရှင်ပြည်သူများဖြစ်သည်ဟူ၍ တစ်ပြေးညီမျှမျှတတစိတ် ထားရှိရမည်။

ရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲရလဒ်က မည်သို့ပင် ထွက်ပေါ်လာစေကာမူ ရွေးကောက်တင်မြှောက်ခံရသူနှင့် ရွေးကောက်တင်မြှောက်ခြင်းမခံရသူများ၊ ထောက်ခံဆန္ဒမဲပေးကြသူများနှင့် ထောက်ခံဆန္ဒမဲမပေးကြသူများအားလုံးသည် ကျောချင်းကပ်၊ ရင်ချင်းအပ်၍ တစ်စိတ်တစ်ဝမ်းတည်းထားကာ ပြည်သူနှင့် နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာများကို အတူလက်တွဲ၍ တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှုဖြစ်ထွန်းခြင်းပင်ဖြစ်သည်။

> **“ဒီမိုကရေစီယဉ်ကျေးမှုဟူသည် အများကောင်းစားရေးဝါဒ၊ တစ်နည်းအားဖြင့် အတ္တနှင့်ပရကို မျှတစွာ ဟန်ချက်ညီ ပေါင်းစည်းသည့် ကျင့်စဉ်တစ်ရပ်ဟု ဆိုရပါမည်။ မြန်မာတို့၏ ပင်ကိုစရိုက်လက္ခဏာဖြစ်သည့် လွတ်လပ်၊ ပျော်ရွှင်၊ ချစ်ခင်၊ စည်းလုံး၊ သနား၊ သည်းခံ၊ မျှတ၊ ရိုင်းပင်း၊ ကူညီခြင်း စသည်တို့သည် မြတ်ဗုဒ္ဓ၏ အဆုံး အမဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးကို အရင်းခံလျက်ရှိ”**

ရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲမဲရလဒ်ကို လက်မခံနိုင်ကြ။ ရွေးကောက်တင်မြှောက်ခံရခြင်းကို မုဒိတာ မပွားနိုင်ကြ။ ရွေးကောက်တင်မြှောက်ခံရသူနှင့် မခံရသူ၊ ထောက်ခံဆန္ဒမဲ ပေးသူများနှင့် မပေးသူများအကြား စည်းလုံးညီညွတ်ရေးပျက်ပြားကာ စိတ်ဝမ်းတွေကွဲပြား၊ အများပြည်သူနှင့် နိုင်ငံတော်အကျိုးကို ပူးပေါင်းဆောင်ရွက်ခြင်း မပြုနိုင်၊ ပြည်သူအများစု၏ ဆန္ဒသဘောထားကိုအသိအမှတ်မပြု၊အလေးမထားနိုင်ကြခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် အလေ့အထ သွင်ပြင်လက္ခဏာများပင်ဖြစ်သည်။

ဒီမိုကရေစီယဉ်ကျေးမှုဟူသည်ကား စည်းကမ်းပြည့်ဝခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ အများစု၏ ဆန္ဒကို လေးစားလိုက်နာရခြင်း၊ အနည်းစု၏ ဆန္ဒကိုအလေးထားခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုရှိခြင်း၊ အလေးထားခြင်း၊ လေးစားခြင်း၊ ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ မေတ္တာထားခြင်း၊ သစ္စာရှိခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ရိုင်းပင်းကူညီခြင်း၊ မျှမျှတတရှိခြင်းတို့ဖြစ်သည်။

မည်သည့်နိုင်ငံ၊ မည်သည့်လူ့ဘောင်အဖွဲ့အစည်းတွင်မဆို ဒီမိုကရေစီယဉ်ကျေးမှု တည်ရှိဖြစ်ထွန်းနေမည်ဆိုလျှင် ထိုနိုင်ငံ၊ ထိုလူ့ဘောင်အဖွဲ့အစည်းသည် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်၊ သာယာဝပြော၊ ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းတို့နှင့် ပြည့်စုံနေမည်သာဖြစ်သည်။

**ဒီမိုကရေစီယဉ်ကျေးမှုနှင့်အတူ**

စင်စစ်တွင် ဒီမိုကရေစီယဉ်ကျေးမှုဟူသည် အများကောင်းစားရေးဝါဒ၊ တစ်နည်းအားဖြင့် အတ္တနှင့်ပရကို မျှတစွာ ဟန်ချက်ညီပေါင်းစည်းသည့် ကျင့်စဉ်တစ်ရပ်ဟု ဆိုရပါမည်။ မြန်မာတို့၏ ပင်ကိုစရိုက်လက္ခဏာဖြစ်သည့် လွတ်လပ်၊ ပျော်ရွှင်၊ ချစ်ခင်၊ စည်းလုံး၊ သနား၊ သည်းခံ၊ မျှတ၊ ရိုင်းပင်း၊ ကူညီခြင်း စသည်တို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအမဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးကို အရင်းခံလျက်ရှိသည်။ ဒီမိုကရေစီယဉ်ကျေးမှု အားကောင်းရှင်သန်လာသည်နှင့်အမျှ ဗြဟ္မစိုရ်တရားလက်ကိုင်ထားနိုင်ကြပါမည်။ ဗြဟ္မစိုရ်တရား အားကောင်းလာသည်နှင့်အမျှ အေးချမ်းသာယာသည့် လူ့ဘောင် လူ့လောက ဖြစ်ထွန်းလာပါမည်။

ဤသို့ဖြင့် မြန်မာတို့၏ နှစ်သစ်မင်္ဂလာအခါတော်သမယတွင် ကမ္ဘာသူကမ္ဘာသား၊ နိုင်ငံသူ နိုင်ငံသားအားလုံးတို့သည် ဗြဟ္မစိုရ်တရားလက်ကိုင်ထားပြီး ဒီမိုကရေစီယဉ်ကျေးမှု အားကောင်းရှင်သန်စွာဖြင့် နှစ်သစ်ကို ကြိုဆိုနိုင်ကြပါစေ။ ဘေးဥပဒ်အန္တရာယ်ရန်စွယ်အပေါင်းမှ ကင်းစင်လွင့်ပျောက်၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီယဉ်ကျေးမှုနှင့်အတူ အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ပါစေ။ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားအားလုံး ကျန်းမာရွှင်လန်း၊ ဝပြောသာယာရှိကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ကြောင်းပါဗျာ။

- **ကမ္ဘာသူ ကမ္ဘာသားအားလုံး၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး ဘေးဥပဒ်အန္တရာယ် ရန်စွယ်ဟူသမျှ ကင်းစင်ပပျောက်ပါစေ၊**
- **ကမ္ဘာသူ ကမ္ဘာသားအားလုံး၊ ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ၊**
- **ကမ္ဘာတစ်ဝန်း ဒီမိုကရေစီယဉ်ကျေးမှုနှင့်အတူ ဗြဟ္မစိုရ်တရားများ ထွန်းကားနိုင်ကြပါစေ။ ။**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးသန်းမြင့် | ကြည့်မြင်တိုင် | ၀၉-၂၅၀၃၅၅၃၉၆ |
| ၂။ | ဦးထွန်းဦး | စမ်းချောင်း | ၀၉-၇၉၉၆၅၇၁၄၃ |
| ၃။ | ဒေါ်နီလာယဉ် | အလုံ | ၀၉-၇၉၅၄၁၀၆၅၀ |
| ၄။ | ဦးသောင်းစိန် | ပန်းဘဲတန်း | ၀၉-၉၇၃၄၈၅၅၁၀ |
| ၅။ | ဦးစိုးအောင် | လသာ | ၀၉-၅၀၄၂၉၄၀ |
| ၆။ | ဦးငွေဝင်း | လမ်းမတော် | ၀၉-၄၂၁၁၆၇၃၀၈ |
| ၇။ | ဦးကျော်ဝဏ္ဏစိုး | ဗိုလ်တထောင် | ၀၉-၅၀၅၀၇၈၇၉ |
| ၈။ | ဦးမြင့်ခိုင် | ပုဇွန်တောင် | ၀၉-၉၇၀၆၀၆၀၅၀ |
| ၉။ | ဒေါ်နွဲ့နွဲ့ရီ | ကျောက်တံတား | ၀၉-၅၀၈၈၉၂၅ |
| ၁၀။ | ဦးမောင်မူ | သာကေတ | ၀၉-၇၉၅၃၀၀၇၁၂ |
| ၁၁။ | ဒေါ်ကျင်သန်း | ဗဟန်း | ၀၁-၅၅၂၈၀၃ |
| ၁၂။ | မောင်ထိန်လင်း | ဗဟန်း | ၀၉-၂၅၀၁၈၉၁၃၆ |
| ၁၃။ | ဦးမျိုးလွင် | ဗဟန်း | ၀၉-၅၀၉၁၉၃၂ |
| ၁၄။ | ဦးမှတ်ကြီး | ဒဂုံ | ၀၉-၂၅၀၁၈၅၁၈၆ |
| ၁၅။ | ဦးငွေမြင့် | ဆိပ်ကမ်း | ၀၉-၇၇၅၄၃၁၃၇၂ |
| ၁၆။ | ဦးမျိုးမောင်မောင်တင် | တာမွေ | ၀၉-၇၇၆၀၇၉၉၈၇ |
| ၁၇။ | ဦးမြင့်တင် | တာမွေ | ၀၉-၇၆၇၀၀၂၂၉၅ |
| ၁၈။ | ဒေါ်ကြူကြူဝင်း | ကမာရွတ် | ၀၉-၁၁၂၅၉၆၀၉ |
| ၁၉။ | ဦးသန်းလှိုင် | လှိုင် | ၀၉-၇၃၁၉၅၃၅၆ |
| ၂၀။ | ဦးဝင်းကိုကို | ရန်ကင်း | ၀၉-၃၃၄၄၇၈၈၀ |




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## Agriculture Development Support Project
## ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော Agriculture Development Support Project (ADSP)အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ(RFQ)များ ဖိတ်ခေါ်အပ်ပါသည်။

| Refernce No. | Description of Material |
|---|---|
| W-24, W-25, W-27A, W-28A | Cement |
| W-24,W-25, W-27A, W-28A | Premium Diesel |
| W-27A, W-28A | Deformed Steel Bar |
| W-28A | Steel Sheet Pile |

၂။ အထက်ပါပစ္စည်းများ ဝယ်ယူခြင်းအတွက် World Bank Procurement Guideline ပါ စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကြော်ငြာပါသည့်ရက်မှစ၍ ဈေးနှုန်းအဆိုပြုလွှာပုံစံ(RFQ)များကို E-mail No.tlwln4,Irr @ gmail.com သို့ မိမိတို့ တင်သွင်းလိုသောပစ္စည်းနှင့် ဈေးနှုန်းအဆိုပြုလွှာ (Reference No.)ကို အတိအကျဖော်ပြပြီး ယှဉ်ပြိုင်မည့် ကုမ္ပဏီအမည်ဖြင့် ရုံးချိန်အတွင်း အခမဲ့ လျှောက်ထားတောင်းခံနိုင်ပါသည်။(လာရောက်ဝယ်ယူရန်မလိုပါ)

၄။ ဈေးနှုန်းအဆိုပြုလွှာ(RFQ)များကို ၂၁-၅-၂၀၂၀ရက် ၁၄:၀၀နာရီနောက်ဆုံးထားပြီး အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

**လိပ်မူရန်**

**U Kaung Myat Thein, Director (Procurement Branch)**

**Irrigation and Water Utilization Management Department, Office No.43,Naypyitaw**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံဓာတ်ငွေ့ရည်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ဖြူတိန်း ရေနံဓာတ်ငွေ့ရည်များကို တင်ဒါခေါ် ယူရောင်းချမည်ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံဓာတ်ငွေ့ရည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် က၊ ခ၊ ဂ၊ စ လက်ဝယ်ရှိသူများ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ် ပါသည်-

| စဉ် | စက်ရုံ | ပမာဏ (မက်ထရစ်တန်) | တင်ဒါဖွင့်ရက် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|---|
| | | | နေ့ | နာရီ | နေ့ | နာရီ |
| ၁။ | ရေနံဓာတုဗေဒစက်ရုံစု (သံပုရာကန်) | ၃၀၀ | ၅-၆-၂၀၂၀ | ၁၄:၀၀ | ၅-၆-၂၀၂၀ | ၁၂:၀၀ |
| ၂။ | ။ | ၃၀၀ | ၂၅-၆-၂၀၂၀ | ၁၄:၀၀ | ၂၅-၆-၂၀၂၀ | ၁၂:၀၀ |
| ၃။ | ။ | ၃၀၀ | ၁၆-၇-၂၀၂၀ | ၁၄:၀၀ | ၁၆-၇-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄တို့သို့ ရုံး ချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၆၃

ဒေါ်ချောစုမြင့် နှင့် ဒေါ်ချိုချိုဦး

**တရားလို** **တရားပြိုင်**

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၃)ရပ်ကွက်၊ မင်းတန်းရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၁၅၉)နေ တရားပြိုင် ဒေါ်ချိုချိုဦး(ဘ)ဦးကျော်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချောစုမြင့်က အိမ်နှင့်ကားရောင်းမည်ဟု ပြောဆိုကာ လိမ်လည်ရယူသွားသော ငွေကျပ် ၁၃၇၄၀၀၀၀၀/-(ကျပ်တစ်ထောင့်သုံးရာခုနစ်ဆယ့်လေးသိန်းတိတိ) ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၉ရက် (၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ရက်)နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူကတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် မော်လမြိုင်ခရိုင်တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းဦး)**
**ခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၄၅/၄၉)နေ ဦးကိုကိုနိုင်(ဘ)မာမက်ဟာရှင်(ခ)ဦးလှရွှေ ၁၂/ပဘတ(နိုင်)၀၂၇၉၄၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ်(၅၄/၅၆)တွင် တည်ရှိသော (၃)ထပ်အဆောက်အအုံအား ဖျက်သိမ်း၍ (၈)ထပ်ခွဲထပ် Penthouse ဒါဘာပါဝင်သော အဆင့်မြင့်အဆောက်အအုံဆောက်လုပ်ရန်အတွက် ဒေါ်မေသီရိစိုး MTM Construction Group နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကိုနိုင်တို့သည် ၂၁-၁၂-၂၀၁၂ ရက်စွဲပါ အဆင့်မြင့်အဆောက်အအုံဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာနှင့်နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။ လူကြီးမင်းတို့ MTM Construction Group နှင့် စာချုပ်ချုပ်ဆိုခဲ့သည်မှာ (၇)နှစ်ကျော်ကြာသော်လည်း လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအပေါ် ကန်ထရိုက်တာမှ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမိသားစုတွင် များစွာနစ်နာ ဆုံးရှုံးရပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းတို့နှင့် ချုပ်ဆိုထားသော အထက်ဖော်ပြပါနှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်အား ဤကြော်ငြာပါသည့်ရက်မှစ၍ စာချုပ်ပျက်ပြယ်ပြီးဖြစ်ပါကြောင်းနှင့် လူကြီးမင်းတို့ MTM Construction Groupနှင့် ကျွန်ုပ်၏မိတ်ဆွေတို့အကြား လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကိုကိုနိုင်(ဘ)မာမက်ဟာရှင်**
**၁၂/ပဘတ(နိုင်)၀၂၇၉၄၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ**
**LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)**
**(တတိယထပ်-ညာ)ပတ္တမြားလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## ဦးဖော်ရွယ်အောင်နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ အရှေ့မြောက်ရပ်၊ အိမ်အမှတ် (၃၈)နေ ဦးသိန်းလွင် ၁/မမန(နိုင်)၀၀၀၅၈၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားအပ်ပါသည်။

မြစ်ကြီးနားမြို့၊ Kachin National Manaw Park ရှေ့၊ မြေဧရိယာ ၀ဒသမ ၄၄၆ဧကရှိသည့် ခြံမြေကွက်ပေါ်ရှိ အိမ်အမှတ်(၂၀၃) အိမ်ခြံမြေအကျိုးခံစားခွင့်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျွန်ုပ်၏မိတ်ဆွေဦးသိန်းလွင်အား ဦးဖော်ရွယ်အောင်မှ ငွေကျပ်သိန်း(၁၂၉၀၀၀)ပေးဆပ်ရန်ရှိသည့်အတွက် အာမခံပစ္စည်းအဖြစ် ဦးဖော်ရွယ်အောင် ၁/မကန(နိုင်)၀၈၁၂၂၄မှ အသိသက်သေများရှေ့မှောက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းလွင်အား လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း စာချုပ်ချုပ်ဆိုခဲ့ပြီး ယနေ့အချိန်ထိ လာရောက်အပ်နှံခဲ့ခြင်းမရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။


သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အာမခံအဖြစ် လွှဲအပ်ထားရှိအပ်နှံမည်ဖြစ်သော အိမ်ခြံမြေနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်တော့်မိတ်ဆွေ ဦးသိန်းလွင်၏ ခွင့်ပြုချက်မရရှိဘဲ အဆိုပါအိမ်ခြံမြေအတွင်း ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ မြေစာရင်းပုံစံ(၁၀၅/၁၀၆) လျှောက်ထားခြင်း ဂရန်လျှောက်ထားခြင်းအမည်ပြောင်းလျှောက်ထားခြင်း စသည့်စသည့် ကိစ္စရပ်များကို မပြုလုပ်ရန်နှင့် တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေဘ်မေဘ်ဝင်း** | **ဦးတင်ဆောင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၆၄၀၉** | **စဉ်-၉၂၀၉** |
| **ဖုန်း-၀၉-၇၇၆၅၂၇၄၇** | **ဖုန်း-၀၉-၄၀၀၅၄၄၀၇** |

## ကြာဖြူ WHITE LOTUS အမှတ်တံဆိပ်ဖိနပ်များကို တုပထုတ်လုပ်နေသူများအားသတိပေးတားမြစ်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ "ထိုင်းဖက်ရှင် ဖိနပ်ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်"၏ M.Dဖြစ်သူ ဦးခင်မောင်စိုး (၁၀/မလမ(နိုင်)၂၄၄၄၇၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ကြေညာပါသည်။




ကျွန်ုပ်တို့၏မိတ်ဆွေသည် အထက်ပါ "ကြာဖြူ" WHITE LOTUS အမှတ်တံဆိပ်ကို ကုမ္ပဏီ၏မူပိုင်အဖြစ်အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်( ၄/၅၉၁၉/ ၂၀၁၇ )အရ တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အဆိုပါအမှတ်တံဆိပ်ကိုအသုံးပြု၍ ကျားစီး/မစီး ဖိနပ်အမျိုးမျိုး၊ ရာဘာခြေညှပ်ဖိနပ်အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိရာ အရည်အသွေးကောင်းမွန်မှုကြောင့် ကောင်းသောဂုဏ်သတင်းဖြင့် အောင်မြင်ကျော်ကြား လူကြိုက်များလျက်ရှိပါသည်။

ယခုအခါ လုပ်ငန်းရှင်အချို့က မရိုးမဖြောင့်သောသဘောဖြင့် အဆိုပါအမှတ်တံဆိပ်နှင့် အလားသဏ္ဌာန်တူညီသောတံဆိပ်ကို တုပအသုံးပြု၍ ဖိနပ်အမျိုးမျိုးကို ဈေးကွက်အတွင်းသို့ ဖြန့်ချိရောင်းချနေကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ၏မူပိုင်ဖြစ်သော အထက်ပါ"ကြာဖြူ" WHITE LOTUS အမှတ်တံဆိပ်အား တစ်ခုလုံးကိုထပ်တူညီဖြစ်စေ၊ အရောင်ပြောင်းလဲ၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မမှန်မကန်မိုငြမ်းတုပသုံးစွဲခြင်း၊ ဖိနပ်အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်/မဆောင်ရွက်ကြရန် သတိပေးတားမြစ်ကြေညာလိုက်ပါသည်။

ဈေးကွက်အတွင်းသို့ ဖြန့်ချိထားပြီးဖြစ်သည့်(အတုအပတံဆိပ်)ဖြင့်ဖိနပ်အမျိုးမျိုးကိုလည်း ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း အမြန်ဆုံးပြန်လည်ဖယ်ရှားသိမ်းဆည်း ပေးပါရန် အတိအလင်းတောင်းဆိုပါသည်။ အကယ်၍ ကျွန်ုပ်တို့၏ တောင်းဆိုမှုများကို မလိုက်နာခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း တစ်ပါတည်းသတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ် ဟန်နွေနိုင်(LL-B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)** |
| **Ph-09 253995848** | **Ph-09-4200 73685** |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၄-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၃၀)ပါ မဟာအောင်မြေမြို့နယ်တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်၁၂၊ ငြင်းချက်ထုတ်ရန်သမ္မန်စာ၌ တရားပြိုင်အမည်ကို ဦးစိန်မောင်ဟု ဖော်ပြထားချက်အား ဦးစိန်အောင်ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

**(ဝေဖြိုးဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၃)၊မြေကွက်အမှတ်(၆၉၂/က)၊ဧရိယာ(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ်(၆၉၂/က)၊မလိခလမ်း၊(၁၄)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးမောင်ကိုအမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးမောင်ကိုထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်သူဦးစန်းအောင်(၈/ကမန(နိုင်)၀၀၂၅၇၈)မှ မြေချပါမစ်မိတ္တူမှန်တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## စာအုပ်

## စာပေ

## လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ ၄၅-မြမာလာ၊ ဦးပိုင်အမှတ်(၁၈၃-စ/၁)၊ (183-E1)၊ ဧရိယာ ဧက၀ဒသမ၁၅၆ ဧကမြေအား ပိုင်ရှင် ဒေါ်အေးလီ(ဘ)ဦးရန်ဖူရင် ၁၃/ကခန(နိုင်)၀၃၂၁၂၅မှ မြေကွက်အား ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မိမိပိုင်မြေအား ဝယ်ယူသူထံသို့ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချသွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

ဒေါ်အေးလီ ၁၃/ကခန(နိုင်)၀၃၂၁၂၅
ဖုန်း-၀၉-၄၀၃၇၄၄၁၂၂

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဘူးတောင်းကွဲကျေးရွာ အမက စတုတ္ထတန်းမှ မောင်မင်းမြတ်မောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်နိုင် ၁၁/တကန(နိုင်)၀၅၀၆၀၉ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကျောက်ဖြူမြို့၊ အထက(ဂုံးချိန်) နဝမတန်း(A)မှ(ဘ)ဦးမြင့်လွင်၁၁/ကဖန(နိုင်)၀၆၇၁၈၈၏သား မောင်တိုးဦးဝေယံအား မောင်ထူးမြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့နယ်၊ သံချောင်းကျေးရွာနေ ဦးလှရွှေ၏သား ဦးမောင်အေးထွန်း ၁၁/ကတန (နိုင်)၀၃၆၈၇၅၏ အမည်မှန်မှာ ဦးလှမောင်သာဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၂-၁၉၆၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၅/အလင်းရောင်မြို့ကွက်သစ်(၁)၊ ဦးပိုင်အမှတ်(ဃ-၃၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမြင့်ရွှေအမည်ပေါက် (မြို့မြေ)မြေကွက်အား ဦးဟန်ညီညီဇော် (ဘ)ဦးဝင်းစိုး ၉/လဝန (နိုင်)၂၅၅၀၃၃မှ မြေနေရာချထားမိန့်၊ အရောင်းအဝယ် ကတိစာချုပ်မိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၅/အလင်းရောင်မြို့ကွက်သစ်(၁)၊ဦးပိုင်အမှတ်(ဃ-၃၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ခင်ခင်ကြည် အမည်ပေါက်(မြို့မြေ) မြေကွက်အား ဦးဟန်ညီညီဇော်(ဘ) ဦးဝင်းစိုး ၉/လဝန(နိုင်)၂၅၅၀၃၃ မှ မြေနေရာချထားမိန့်၊ အရောင်းအဝယ်ကတိစာချုပ်မိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၇က +၃၈)(တောင်သမန်ကန်ပတ်လမ်းနှင့်မြစ်ကြီးနား-မန္တလေးမီးရထားလမ်းကြား၊ ပုထိုးတော်ဘုရားအရှေ့ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးသန့် ၁၂/လသန(နိုင်)၀၀၀၇၁၅၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၄၃/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနိုင်ထွန်းဝင်း ၉/မရမ(နိုင်)၀၉၂၀၈၉က ဂရန်စာချုပ်မူရင်းအသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# အလိမ္မာ စာမှာရှိ

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျန်းမာရေးဌာနများတွင် သူနာပြု(၄) သားဖွားဆရာမ(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး (၁၂၃၀)နေရာ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှဖွင့်လှစ်ခဲ့သောဘက်စုံသားဖွား(၁၈)လသင်တန်း(သို့မဟုတ်) ဘက်စုံသားဖွားဒီပလိုမာ (၂) နှစ် သင်တန်းဆင်း အောင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့် ၃၁-၅-၂၀၂၀ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်၊

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိ၊

(င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(စ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဆ) နိုင်ငံ့ဝန်ထမ်းသားဖွားဆရာမအဖြစ် (၃)နှစ်မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပေးပို့ရန် -

(က) လျှောက်လွှာတွင်ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၃၁-၅-၂၀၂၀ရက် နောက်ဆုံးထားလျှောက်ထားရမည်၊

(ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့် အချက်အလက်များ-

(၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ(၃)ပုံ၊

(၂) သားဖွားအောင်လက်မှတ်(မိတ္တူမှန်)၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (၁)စောင်၊

(၄) ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံစာ(မူရင်း) (၁)စောင်၊

(၅) (၃)လအတွင်း ကျန်းမာရေးစစ်ဆေးထားသော သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း) (၁)စောင်၊

(၆) သားဖွားသင်တန်းတက်ရောက်ရာတွင် ရွေးချယ်ခံခဲ့မှု[ပုံမှန်/အထူး (မိခင်ကလေး/ နယ်စပ်/ကျန်းမာရေးဝန်ထမ်း)]ပြည့်စုံစွာ ဖော်ပြရန်။

၄။ လျှောက်လွှာနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ သိရှိလိုသည့် အချက်များရှိပါက စီမံခန့်ခွဲရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၃၁၀၇၄၊ ၀၆၇-၃၄၃၁၂၃၆ )သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**သားဖွားဆရာမ ရာထူး လျှောက်လွှာပုံစံ**

ကာလာ ဓာတ်ပုံ

အမည် - ------------------------
မွေးသက္ကရာဇ်၊ အသက် - ------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ------------------------
မိဘအမည် - ------------------------
နေရပ်လိပ်စာ အပြည့်အစုံ - ------------------------
- ------------------------
အောင်မြင်သည့် ခုနှစ်၊ လ၊ ရက် - ------------------------
အောင်မြင်သည့် ခုံအမှတ် - ------------------------
အောင်မြင်သည့် သင်တန်းကျောင်း - ------------------------
သားဖွားသင်တန်းတက်ရောက်ရာတွင်- ------------------------
ရွေးချယ်ခံခဲ့မှု [ ပုံမှန်/အထူး
(မိခင်ကလေး/ နယ်စပ်အထူး/
ကျန်းမာရေးဝန်ထမ်း)]
ဦးစားပေး လျှောက်ထားသည့် - (၁) ------------------------
နေပြည်တော်/တိုင်းဒေသကြီး/ (၂) ------------------------
ပြည်နယ် (၃) ------------------------

မည်သည့်နေရာဒေသမဆို သွားရောက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန် ကတိရေးထိုးထားသည့်စာ ပူးတွဲတင်ပြရမည်။

လက်မှတ် ------------
အမည် ------------
တယ်လီဖုန်းနံပါတ် ------------

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ လ ရက်

---

# သံဃာတော် (၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ-မီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

ဆက်သွယ်လှူဒါန်းရန် - မစိုးရိမ်တိုက်သစ်-ဂေါပကအဖွဲ့

ဦးလှအောင် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၀၃၂၂၉
ဦးမြဇော် (အတွင်းရေးမှူး) ဖုန်း-၀၉-၂၀၀၇၃၆၄
ဦးကျော်ဇေယျ (အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၃၈၅၅
ဦးသိန်းငွေအောင် (အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၉၇၉၀
ဦးကင်းဝန် (အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၂၁၃၇

### ၂၀၂၀ မတ်လ (၃)လပိုင်း၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ ရေ၊ မီး ပဒေသာပင် အလှူရှင်များစာရင်း

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၁ | ရဟန်းဒါယကာဦးမြင့်(ဆည်မြောင်းညွှန်ကြားရေးမှူး)(ငြိမ်း) ရဟန်းဒါယိကာမ ဒေါ်ဝင်းဆွေ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာမြို့သစ်၊ မန္တလေး ၃၀ သိန်း | 3000000 |
| ၂ | ဆရာတော်ဦးတေဇဝန္တ ဘုရားသုံးဆူကျောင်း/ကျိုက်ထိုမြို့ မွန်ပြည်နယ် ၁၅ သိန်း | 1500000 |
| ၃ | ကိုကျော်သူရ-မနန်းသဲလွင်ထွန်း အမှတ်(၅၃၇) သုနန္ဒာလမ်း၊ ၄-ရပ်ကွက်၊ မြောက်ဥက္ကလာ၊ ရန်ကုန် ၁၃ သိန်း | 1300000 |
| ၄ | ဦးမောင်ကို-သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေဥ "ထာဝရကုမ္ပဏီလီမိတက်နှင့်ရွှေဥသြရွှေဆိုင်" မိသားစု မန္တလေး(လစဉ်) ၁၀ သိန်း | 1000000 |
| ၅ | သုဓမ္မမဏိဇောတရဦးအောင်နိုင်ဆွေ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ် သား-မောင်ဟိန်းသူ၊ မောင်ငြိမ်းခန့်ကျော် "သီရိရွှေ စိန်ရွှေရတနာဆိုင်"မိသားစု (လစဉ်) ၁၀ သိန်း | 1000000 |
| ၆ | ဒုတိယဗိုလ်မှူးကြီးရဲမြင့်(ငြိမ်း) ဒေါ်မြတ်ငွေ သား/သမီးမြေး မိသားစု ၁၀ သိန်း | 1000000 |
| ၇ | မလေးရှားနိုင်ငံ အောင်ရာမြေမြန်မာဗုဒ္ဓဘာသာကျောင်း ဒါယကာ ဒါယိကာမများ ၁၀ သိန်း | 1000000 |
| ၈ | ဦးဘိုထင်အား ရည်စူး၍ ဦးဘိုတင်-ဒေါ်ဖော့မိသားစု နေလအုန်းငှက်ပျောရောင်းဝယ်ရေး စိန်ပန်း စာတိုက်တန်းရပ် မန္တလေးမြို့ ၇ သိန်း (ဒုတိယအကြိမ်) | 700000 |
| ၉ | အမိအဖ အဘိုးအဘွား ဆရာသမား ကျေးဇူးရှင်များအား ရည်စူး၍ ဦးမြသန်း-ဒေါ်စန်းကြည် သမီးမစိုးမိုးမိသားစု ချမ်းသာရပ်တောင်ပိုင်း ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ၅ သိန်း၂ သောင်း | 520000 |
| ၁၀ | ဦးမောင်-ဒေါ်အုန်းမြ သမီး-မမိုးမိုးခိုင် မိသားစု ပတ္တမြားရပ်၊ မိုးကုတ်မြို့ ၅ သိန်း | 500000 |
| ၁၁ | ဦးဝင်းညွှန့်-ဒေါ်လှသိန်းမိသားစု "ရွှေလရောင်"ပွဲရုံ သီရိဟေမာအနောက်ရပ်ကွက်(၂၂၄) ချမ်းအေးသာစံမြို့နယ်၊ မန္တလေး၊ ၅ သိန်း | 500000 |
| ၁၂ | ကွယ်လွန်သူ ဦးအောင်ဝင်းနှင့် သားကိုအောင်ပြည့်ဖြိုးတို့အား ရည်စူး၍ ဒေါ်ညွှန့်ရီ အောင်ဝင်းနှင့်ညီများ စက်သုံးဆီအရောင်းဆိုင်မိသားစု မိတ္ထီလာမြို့ ၅ သိန်း | 500000 |
| ၁၃ | ဦးခင်မောင်စန်းအား ရည်စူး၍ ဒေါ်လှငြိမ် မိသားစု ဒေးဝန်းအရှေ့ ရတနာပုံ ဆီစက်ဝင်းရပ် မန္တလေးမြို့ ၅ သိန်း | 500000 |
| ၁၄ | ဦးဖိုးလွင်-ဒေါ်မြင့်မြင့်သန်း "ဇင်ယော်ပလတ်စတစ်" မိသားစု ကောင်းမှု ၄ သိန်း | 400000 |
| ၁၅ | နှစ်ဖက်မိဘများအား ဦးထိပ်ထားလျက် ဦးဇော်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ကိုနေမျိုးထွန်း-မအေးအေးမော်၊ ဗိုလ်ကြီးကျော်ဇေယျ-မသဥ္ဇာဝင်းစိန်၊ ဗိုလ်ကြီးသန်းထိုက်အောင်-မအိအိသူ သမီး-မခိုင်ရွှေသဇင်ဝင်း မန္တလေး ၃ သိန်း | 300000 |
| ၁၆ | ဦးသိန်းအောင်-ဒေါ်တင်ကြည်အားရည်စူး၍ ဒေါ်တင်ကြည်၏(၁၆)နှစ်ပြည့် သားသမီးမြေးတစ်စု မောရဂီဝါရပ်၊ ချမ်းအေးသာစံ၊ မန္တလေး ၃ သိန်း | 300000 |
| ၁၇ | ဦးအောင်သိန်း(ပရိယတ္တိသင်းမလူကြီး)အားရည်စူး၍ ဇနီးဒေါ်စန်းရှင် ရန်ကင်းသာယာ(ခ)ရပ်ကွက်၊ ပုသိမ်ကြီးမြို့ ၃ သိန်း | 300000 |
| ၁၈ | ဦးတင်အေးမိသားစု ကောင်းမှု ဝက်လက်မြို့နယ်၊ လိန်ပင်ရွာ ၃ သိန်း | 300000 |
| ၁၉ | နှစ်ဖက်သောမိဘများအားအမှူးထား၍ "အုတ်တွင်းကြယ်နီဆေးပေါ့လိပ်ရုံပိုင်ရှင်" ဦးခင်မောင်ဝင်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့ သားသမီးမြေးတစ်စုကောင်းမှု ၃ သိန်း | 300000 |
| ၂၀ | ဦးဘိုတင်-ဒေါ်ဖော့ "အုန်းငှက်ပျောရောင်းဝယ်ရေး" မိသားစု စာတိုက်တန်းရပ်၊ စိန်ပန်း၊ မန္တလေး ၃ သိန်း | 300000 |
| ၂၁ | ဦးမြတ်ထွန်း-ဒေါ်ရီရီခိုင်မျိုး သား-မောင်မြတ်ထွဋ်ပိုင်၊ သမီး-မမြတ်မှူးခင် "မြတ်ရွှေစင်" ရွှေရတနာဆိုင် မင်္ဂလာရပ်၊ ပျဉ်းမနားမြို့ ၃ သိန်း | 300000 |
| ၂၂ | ဦးထွန်းလင်း-ဒေါ်တင်တင်ငွေ သား-မောင်ဟိန်းထက်အောင်-မခင်ပြည့်ဖြိုးဝင်း၊ သမီး-မမြတ်မြတ်လင်း၊ "သန့်စင်မြတ်" ပန်းကန်ဓာတ်ဘူးရောင်းဝယ်ရေး ဈေးချို၊ မန္တလေး ၃ သိန်း | 300000 |
| ၂၃ | ကိုငယ်လေး-မငွေငွေ သမီး-မသဲသဲ၊ မဖူးဖူး၊ သား-ဂျယ်ဂျယ် မိသားစု အောင်မင်္ဂလာရပ်၊ ရေဦးမြို့ ၃ သိန်း | 300000 |
| ၂၄ | ဦးအေးမြင့်-ဒေါ်စိန်ရွှေ မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ် ၃ သိန်း | 300000 |
| ၂၅ | ဦးထွန်းမြင့်အား ရည်စူး၍ ဒေါ်ယုမွန် သမီးစီစီဝင်း အေးအေးမွန် မိသားစု မြိတ်မြို့ ၃ သိန်း | 300000 |
| ၂၆ | ရဟန်းဒါယိကာမကြီး ဒေါ်သိန်းလှိုင် ရဟန်းဒါယိကာမ ဒေါ်ငွေးတင့် သမီး မရွှေရည်ဖြိုးသွယ် မိသားစု ၃ သိန်း | 300000 |
| ၂၇ | ဒေါ်ခင်စန်း မိသားစု ကျွန်းကုန်းရွာ၊ မိုးညှင်းမြို့ ၂ သိန်း-၁ သောင်း-၅ ထောင် | 215000 |
| ၂၈ | ဒေါ်တင်မေ အသက်(၈၅)နှစ်ပြည့် မွေးနေ့ ၂ သိန်း | 200000 |
| ၂၉ | ကွယ်လွန်သူ မောင်အောင်မြင့်နိုင် "ဒုတိယနှစ်မြန်မာစာ" အဝေးသင်တက္ကသိုလ် ပြည်ကြီးတံခွန်မြို့နယ်၊ ဂရပ်ကွက် မန္တလေး ၂ သိန်း | 200000 |
| ၃၀ | ဒေါ်သီတာအောင်၏(၅၅)နှစ်ပြည့်မွေးနေ့အလှူ စမ်းချောင်းမြို့နယ်၊ ရန်ကုန် ၂ သိန်း | 200000 |
| ၃၁ | သီဟသုဓမ္မမဏိဇောတရ ဦးကျော်ဝင်း-သီဟသုဓမ္မသိင်္ဂီဒေါ်သွင်သွင် သား-ကိုမျိုးကျော်သွင်၊ ကိုမျိုးကျော်လွင်-ဇနီး ဒေါက်တာသီရိဝေ၊ မြေး-ဆော်ဆော်တုံ "သစ္စာစေတနာဆောက်လုပ်ရေးနှင့်ပစ္စည်းရောင်းဝယ်ရေး ၂ သိန်း | 200000 |
| ၃၂ | ဒေါ်ခင်နု ခင်ဦးမြို့ ၂ သိန်း | 200000 |
| ၃၃ | ကိုအေးကိုကို မွေးနေ့အလှူ ရွှေဖြူပလာဇာ၊ မန္တလေး ၂ သိန်း | 200000 |
| ၃၄ | ဦးမောင်ဝင်းအားရည်စူး၍ ဒေါ်ချယ်ရီမိသားစု သံ/နောက် နေပူရွာ၊ မန္တလေး(ဒုတိယအကြိမ်) ၂ သိန်း | 200000 |
| ၃၅ | ကိုမင်းဇော်-မဇာဇာခိုင် BEBO Bakery မိသားစု မန္တလေး ၂ သိန်း | 200000 |
| ၃၆ | ဦးဗိုလ်သိန်း-ဒေါ်ခင်ငွေငွေ "စန်းရောင်ခြည်ပုံနှိပ်လုပ်ငန်း" သား/သမီးမြေးတစ်စု ၂ သိန်း | 200000 |
| ၃၇ | ဦးစိုးသူရ-ဒေါ်အေးအေးခိုင် သား-မောင်လင်းသန်းသူရ၊ မောင်ကောင်းခန့်ဗိုလ် ၂ သိန်း | 200000 |
| ၃၈ | ဒေါ်မွှေးမိသားစု လမ်း-၂၀၊ ၈၆x၈၇ ကြား မန္တလေး ၂ သိန်း | 200000 |
| ၃၉ | ဒေါက်တာဝင်းဝင်းခိုင် (ကထိက ပထဝီဝင်ဌာန စစ်ကိုင်းတက္ကသိုလ်) အားရည်စူး၍ အစ်ကို-ဦးသိန်းဝင်း၊ အစ်မ-ဒေါ်အေးပန် မောင်နှမတစ်စု ၂ သိန်း | 200000 |
| ၄၀ | ဦးအောင်သန်း-ဒေါ်လှသန်း သမီး-မခိုင်မိသားစုကောင်းမှု အောင်ဆန်းရပ်၊ ရေဦးမြို့ ၂ သိန်း | 200000 |
| ၄၁ | ဖခင် ဦးသိန်းမောင်-မိခင်ဒေါ်အေးမေတို့အားရည်စူး၍ ရှေ့နေဦးတင်မြင့်-ဒေါ်ကြည်မြမိသားစု ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အုဋ္ဌကျင်းရပ် ၂ သိန်း | 200000 |
| ၄၂ | လင်းဝင်တင်မျိုးသန့်-ဒေါ်မမကြီး မိသားစု ၂ သိန်း | 200000 |
| ၄၃ | ကွယ်လွန်သူ ဦးခင်မောင်-ဒေါ်မြခင်၊ ဦးအောင်ကျော်ဦး ဦးရွှေတိုးဦးတို့အားရည်စူး၍ ဒေါ်အေးလွင်မိသားစု မိတ္ထီလာမြို့ ၂ သိန်း | 200000 |
| ၄၄ | ကွယ်လွန်သူ ဦးသန်း-ဒေါ်မြတင်အားရည်စူး၍ သားသမီးမြေးမြစ်တစ်စု သီတာမြိုင်လမ်းသွယ် မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ၂ သိန်း | 200000 |
| ၄၅ | ဓမ္မာဓိပတိကျောင်းဆရာတော် ဦးဣန္ဒကာလင်္ကာရာ ဘိဝံသကို ဦးထိပ်ထား၍ ဦးအုန်းမောင်(၇၁)နှစ်ပြည့် မွေးနေ့အလှူ မန္တလေး ၁ သိန်း-၅ သောင်း | 150000 |
| ၄၆ | ဆရာတော်ဦးကေသရ ဇေယျသုခကျောင်း ဗန်းမော်မြို့ ၁ သိန်း-၅ သောင်း | 150000 |

ဆက်လက်ဖော်ပြသွားပါမည်

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်း ထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုး ရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များ ဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်း ရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅–၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူ ချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာညွန့်စိုး
### ကျောင်းအုပ်ကြီး(မိုးညှင်း ဒီဂရီကောလိပ်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၃၃)နေ ဒေါက်တာဇင်မိုးမိုး(တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ တောင်ကုတ်ဒီဂရီကောလိပ်)၏ခင်ပွန်း ဒေါက်တာညွန့်စိုး သည် ၄–၅–၂၀၂၀ ရက် နံနက် ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသာထွန်းမောင်(ပါမောက္ခချုပ်)နှင့် ကလေးတက္ကသိုလ်မိသားစု**

---

## ဒေါက်တာ ဦးဝင်းတင်(B.D.S–YGN,1973)
### အသက်(၇၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်(၁)၊ အမှတ်(၄၆)နေ (ဦးကြည်ထျန်–ဒေါ်သန်းထွေး)တို့၏သား၊ ဦးမျိုးမြင့်–ဒေါ်ခင်စောကြည်၊ ဦးမောင်ဒွေး–ဒေါ်မိမိကြည်(USA) တို့၏အစ်ကို၊ ဒု–ဗိုလ်မှူးကြီးအာကာမျိုး–မနှင်းမြတ်လေးဆွေ၊ ကိုသီဟလှိုင်ထွန်း–မစုရတနာလှိုင်၊ ဒေါက်တာခင်စန္ဒာပြည့်(USA)၊ မောင်ကျော်ဇေယျာထွန်း (USA)တို့၏ချစ်လှစွာသောဘကြီး၊ မမေသက်မှူးခင်၊ မောင်လင်းမင်းခန့်၊ မရွှန်းမြတ်သော်တာတို့၏ချစ်လှစွာသောအဘိုးသည် ၅–၅–၂၀၂၀ရက် နံနက် ၆:၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းခင်
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် ၉၄နေ (ဦးခင်မောင်)–ဒေါ်လှမြင့်တို့၏သမီး၊ ဦးစိုးမြင့် [ညွှန်/ချုပ်(ငြိမ်း) DWIR] –ဒေါ်လှလှယဉ်၊ ရှင်ကောဋိညှ၊ ဒေါ်ခင်ဝင်းမြင့်၊ (ဦးမြင့်သန်း)–ဒေါ်စိန်တို့၏ညီမ၊ (ဦးကျော်ကျော်အောင်)၊ ဦးဇော်ကျော်မောင်–ဒေါ်နုယဉ်တို့၏အစ်မ၊ ရဲမှူးစကျော်ဝင်း(ငြိမ်း)၏ဇနီး၊ မသင်းသီရိနွယ်၊ မောင်စိုးကျော်ခိုင်ထွေး–မရတနာခင်၊ မပွင့်ဖြူခိုင်တို့၏ချစ်လှစွာသောမိခင်သည် ၅–၅–၂၀၂၀ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၅–၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ထွန်း(ချမ်းသာကြီးပွဲရုံ)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၄)နေ (ဦးတင်မြင့်–ဒေါ်ကြည်)တို့၏သား၊ (ဦးလှတင်)–ဒေါ်ကျင်ရွှေတို့၏ သားသမက်၊ ဒေါ်နုနုဝင်း၊ ဦးစိန်ဟိန်း–ဒေါ်တင်တင်မိုး၊ ဦးတင်မောင်လတ်–ဒေါ်ခင်မျိုးလွင်၊ ဦးမျိုးအောင်–ဒေါ်ခင်မျိုးမျိုးတို့၏ညီ/မောင်၊ ဒေါ်ခင်ချိုချိုဝင်း၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ထူးအောင်လွင်(kevin chen၊ ခေတ္တကနေဒါနိုင်ငံ)နေ၏ ချစ်လှစွာသောဖခင်သည် ၄–၅–၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၁၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၅–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာ ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀–၅–၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ထွန်း(ချမ်းသာကြီးပွဲရုံ)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၄)နေ (ဦးတင်မြင့်–ဒေါ်ကြည်)တို့၏သား၊ (ဦးလှတင်)–ဒေါ်ကျင်ရွှေတို့၏သားသမက်၊ ဦးအောင်သန်း–ဒေါ်မြင့်မြင့်အေး၊ ဦးခင်မောင်–ဒေါ်ဝင်းဝင်းမြင့်၊ ဦးတင်ထွန်း–ဒေါ်အုန်းကျင်၊ (ဦးဝမ်စိန်)–ဒေါ်စိန်စိန်၊ ဦးလှအောင်–ဒေါ်ခင်နု၊ ဦးမြင့်သန်း–ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးမြင့်–ဒေါ်ဆွေဆွေခိုင်တို့၏ညီ/မောင်၊ ဦးကြည်စိုး(ချမ်းသာကြီးပွဲရုံ၊ ထားဝယ်)၏ အစ်ကို၊ ဒေါ်ခင်ချိုချိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးအောင်လွင်(kevin chen၊ ခေတ္တကနေဒါနိုင်ငံ)နေ၏ ချစ်လှစွာသောဖခင်သည် ၄–၅–၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၁၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၅–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၀–၅–၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးသန့်ဇင်လှိုင် (ဘ) ဦးကံလှိုင် (၁၂/သကတ (နိုင်) ၁၃၉၀၄၉)၊ အမှတ် (၃/က)၊ မြေသာလမ်း၊ ၃–ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူက ဒေါ် ခင်မာအေး (ဘ) ဦးကျင်လင်း (၁၂/လမတ (နိုင်) ၀၂၂၉၉၂) အား (၁၇–၇–၂၀၁၅) ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ ခန့်အပ်မှတ်ပုံတင်နံပါတ်–၈၀၅၅/၂၀၁၅ ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**ဦးသန့်ဇင်လှိုင် (၁၂/သကတ (နိုင်) ၁၃၉၀၄၉)**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## နိုင်မွန်း(ခ)ဘဂိန်း
### မုဒုံမြို့–ဝက်တဲကျေးရွာ
### အသက်(၁၀၂)နှစ်

မုဒုံမြို့၊ ဝက်တဲကျေးရွာနေ (နိုင်ဖိုးတုတ်–မိစူး)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ(၉)လမ်း၊ အမှတ်(၂၈၇–ခ)နေ(မိတရုတ်မ)၏ခင်ပွန်း၊ (နိုင်ကံကြိုး)–မိကျင်အေး၊ (နိုင်ရင်ဖေ–မိချိုဝင်း)၊ နိုင်စံရီ–မိကျင်သန်း၊ နိုင်ထွန်းသိန်း–မိသန်းရင်၊ နိုင်စံယုံ–မိထွေးတင်တို့၏ဖခင်၊ မြေး ၂၁ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၅–၅–၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၂၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၅–၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းဆွေ(ကြံခင်း)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်လမ်း၊ သာယာရွှေပြည်ရိပ်မွန်၊ ခြံအမှတ် 5–C နေ (ဦးကြင်အိမ်– ဒေါ်ကျင်)တို့၏ သမီး၊ (ဦးတင်လှိုင်)၏ဇနီး၊ ဦးတင်စိုး(Golden Horse Furniture)–ဒေါ်သီတာဝင်း၊ ဦးမိုးကျော်–ဒေါ်မိမိစိုး၊ ဒေါ်လှလှစိုး၊ ဦးသန်းလှိုင်–ဒေါ်သက်သက်ဝင်း၊ ဦးမြတ်လှိုင်–ဒေါ်ခင်မျိုးသူတို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၄–၅–၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀–၅–၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးညွန့်လွင်(ခ) Ronny Lynn
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စေတနာသုခလမ်းသွယ်၊ အမှတ်(၄၄)နေ (ဦးထွန်းလွင်–ဒေါ်မေ)တို့၏သား၊ (ဦးဟန်ဒလေ–ဒေါ်နုနု)တို့၏သားသမက်၊ (ဦးအေးချို)–ဒေါ်ခင်မေဇင်၊ (ဦးမောင်မောင်)–ဒေါ်ခင်မေလွင်တို့၏မောင်၊ဦးခင်မောင်လွင်–ဒေါ်သက်ဦးခင်၊ ဦးအေးလွင်–ဒေါ်ခင်မာနွယ်တို့၏ညီ၊ ဦးအောင်နန္ဒာဦး–မနန်းယင်းမာအေး၊ ဦးအောင်ဇေယျာ–ဒေါ်စန်းသော်တာ၊ ဦးမျိုးမင်းသန့်– ဒေါ်မေမျိုးဟန်၊ ဦးဗညားဇော်–ဒေါ်ဟေမာလင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်အေးအေးသန်း၏ချစ်လှစွာသောခင်ပွန်းသည် ၅–၅–၂၀၂၀ရက် နံနက် ၉:၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇–၅–၂၀၂၀ရက်တွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်သူရိန်အောင်
### အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ စောမဟာလမ်းနေ (ဦးသန်းထွန်း)–ဒေါ်သစ်သစ်၊ ဦးသိန်းမြင့်–ဒေါ် လင်းမာနီ၊ (ဦးငွေးနီဝင်း)–ဒေါ်အေးအေးစိုး၊ (ဦးမင်းအောင်အောင်–ဒေါ်သီတာနီ)(ဒေါ်ဝင်းမော်နီ)တို့၏တူ၊ (ဦးငွေးနီအောင်)၏သားသည် ၅–၅–၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ၌ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁–၅–၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၆)၊ ဦးပိုင်အမှတ်(၇–ထ+ ၇–ဒ)၊ ၂၉ x ၃၀လမ်းကြား၊ ၈၈ x ၈၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမွတ္တား(ဇနီး)ဒေါ်တင်လှတို့ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၁၃၀၇/၂၀၀၀)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူများဖြစ်သော သား/သမီး များဖြစ်သည့် ဦးရဲမျိုးအောင် ၉/မနတ(နိုင်)၀၉၇၅၄၁၊ ဦးရဲမျိုးနောင် ၉/ မနတ(နိုင်)၀၉၇၅၄၂ ၊ ဦးရဲလင်းအောင် ၉/မနတ(နိုင်)၀၉၇၅၄၃ ၊ ဒေါ်ထက်ထက်ယု ၉/ခအဇ(နိုင်)၀၀၁၆၇၆ တို့က ဂရန်စာချုပ်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များနှင့်အညီ အမှုတွဲအမှတ် ၁၈၇၀/၂၀၁၂– ၂၀၁၃ဖြင့် အမည်ပြောင်းသက်တမ်းတိုး၊ ဂရန်ပျောက်အမှုအား ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

---

## ဒေါ်ညွန့်ရီ
### မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ်(D)၊ အခန်းအမှတ်(၂၀၂)နေ (ဦးဘိုးနီ–ဒေါ်အေးနု)တို့၏ သမီး၊ (ဦးကျော်–ဒေါ်ခင်)တို့၏သမီးချွေးမ၊ (ဦးအေးသောင်)(လူမှုဝန်ထမ်းအရာရှိ ငြိမ်း)၏ဇနီး၊ ဦးတင်ထွဋ်ဦး–ဒေါ်ဥမ္မာဟိန်း၊ ဦးဇော်မင်းစိန်–ဒေါ်နွဲ့နွဲ့အေး၊ ဦးတင်လှဝင်း–ဒေါ်ချစ်ဥ၊ ဦးဇော်လှမင်း–ဒေါ်ပို့ပို့၊ ဒေါ်အေးအေးမူ၊ ဒေါ်သက်သက်ဆွေ၊ ဦးမင်းထွဋ်အေး–ဒေါ်လဲ့လဲ့မုံတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၅–၅–၂၀၂၀ရက် နံနက် ၀၀:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၅–၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးလှသိန်း(ဖျာပုံမြို့)
### စိန်နဂါး စိန်ရွှေရတနာဆိုင်(၁+၂)
### အသက်(၈၉)နှစ်

ဖျာပုံမြို့၊ အမှတ် ၁၂၃၊ ၅လမ်း၊ (၅)ရပ်ကွက်နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသန်း၏ခင်ပွန်း၊ ဦးသန်းကျော်–ဒေါ်သင်းသင်းသွယ်၊ ဦးမိုးအောင်–ဒေါ်အေးအေးမွန်၊ ဗိုလ်မှူးကြီး အောင်သိုက်ထွန်း–ဒေါ်အေးအေးသွယ်၊ ဦးရင်ထွန်းအောင်–ဒေါ်နှင်းဝေသွယ်၊ (ဆင်ဖြူတော် –စိန်ရွှေရတနာဆိုင်)၊ ဦးကျော်သန်းထိုက်–ဒေါ်မြတ်မြတ်မင်းသွယ်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၅–၅–၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၃:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၅–၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် လိပ်ဥကုန်း မြန်မာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိုးမြင့် အသက်(၈၅)နှစ်
### ရဲဝန်ထမ်း(အငြိမ်းစား)မအူပင်ရဲစခန်း

ပုသိမ်မြို့နေ (ဦးအေး–ဒေါ်ညွန့်)တို့၏သား၊(ဒေါ်လှကြည်)၏ခင်ပွန်း၊ ဒေါ်ခင်စိန်၊ ဦးစိုးတင့်တို့၏ အစ်ကိုကြီး၊ ဦးကျော်ဝေ–ဒေါ်သီတာ၊ ဦးဝင်းနိုင်ငွေး–ဒေါ်မာလာတို့၏ဦးကြီး၊ ဦးထွန်းဝင်း–ဒေါ်မိမိခိုင်၊ ဦးထွန်းလင်းထိုက်–ဒေါ်မေရီဇော်တို့၏ဖခင်သည် ၄–၅–၂၀၂၀ရက်(တနင်္လာနေ့) ည ၇:၅၅နာရီတွင် အမှတ် ၁၂၁၊ သန္တာနှင်းဆီလမ်း၊ ရွှေပင်လုံရိပ်မွန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၉:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀–၅–၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ကဝမြို့နယ်၊ ခနီးကျေးရွာရှိ ကွင်းအမည် ခနီးကွင်း၊ ကွင်းအမှတ်–၁၀၅၈ကေ၊ ဦးပိုင်အမှတ် ၁၅/၃ (၀ဒသမ၂၂ကေ)နှင့် ကွင်းအမှတ် –၁၀၅၈ကေ၊ ဦးပိုင်အမှတ် ၁၆ (၁၂ဒသမ၉၀ကေ)ကွင်းအမည် ကမ်းပြောင်ကွင်း ၊ ကွင်းအမှတ်– ၁၀၅၉ ခ၊ ဦးပိုင်အမှတ် ၂/၂ (၅ဒသမ၂၆ကေ) မြေစာရင်းပုံစံ ၁၀၅နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံအရ ကျွန်တော် ဦးဇေယျာဦး ၇/ကဝန(နိုင်)၁၀၂၉၀၆(ဘ)ဦးလှစိုး၏ အမည်ပေါက် လယ်ယာမြေများကို မည်သူမျှ မကျူးကျော်ရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာဦး ၇/ကဝန(နိုင်) ၁၀၂၉၀၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောင်းမြမြို့၊ (၈)ရပ်ကွပ်၊ ဘောင်ဒရီလမ်း၊ အမှတ်(၁၂၂)နေ (ဘ) ဦးလှရွှေ၏သား ဦးစိုးနိုင်မှ (၈)ရပ်ကွက်ရှိ မြေစာရင်းရပ်ကွက်အမှတ်(၁၀)နတ်စင်၊ ဦးပိုင်အမှတ် (၂၉)၊ ဧရိယာ(၀ဒသမ၃၅၆)ကေရှိမြေသည် ယခင်က ဖခင်ဖြစ်သူ ဦးလှရွှေနှင့် မိခင်ဖြစ်သူ ဒေါ်မြသန်းတို့အမည်ဖြင့် ခရိုင်ရုံးအမှုအမှတ် ၅၃/၁၉၉၄–၁၉၉၅အရ (၇–၈–၁၉၈၂) ရက်မှ (၆–၈–၂၀၁၂)ရက်ထိ လူနေထိုင်ရန် နှစ် ၃၀ဂရန် ရရှိထားခဲ့ကြောင်း ၎င်းဂရန်စာချုပ်မူရင်းပျောက်ဆုံးသွားသည့်အတွက် ယခင်ဂရန်ရရှိသူများမှ ဂရန်မူရင်းခွဲ (COUNTERPART)အား လျှောက်ထားရယူခဲ့ခြင်းဖြစ်ကြောင်း၊ မိဘများ ကွယ်လွန်ပြီးနောက် မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ညီအစ်ကို(၃)ဦးဖြစ်သည့် ဦးစိုးနိုင်၊ ဦးအောင်နိုင်၊ ဦးငြိမ်းနိုင်တို့မှ ပိုင်ဆိုင်ခဲ့ကြပြီး ညီဖြစ်သူ ဦးအောင်နိုင်နှင့် ဦးငြိမ်းနိုင်တို့မှ အစ်ကိုဖြစ်သူ ဦးစိုးနိုင်အာ (၂၂–၉–၂၀၁၅) ရက်တွင် အပြီးအပိုင်စွန့်လွှတ်ပေးကမ်းခဲ့သဖြင့် ၎င်းမှဆက်လက်ပိုင်ဆိုင်ကြောင်း အထောက်အထားများနှင့်အတူ ၎င်းအမည်ဖြင့် လူနေထိုင်ရန်အတွက် ဂရန်သက်တမ်းတိုး အမည်ပြောင်းခွင့်ပြုပေးပါရန် လျှောက်ထားလာခဲ့ပါသည်။ အဆိုပါလျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းအထောက်အထားအပြည့်အစုံဖြင့် ဤရုံးသို့ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လာခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြမြို့**

---

## မြေငှားဂရန်လျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/ မြို့ | ရပ်ကွက်/ ကျေးရွာ | အကွက် အမှတ်/အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးမြင့်လွင် | ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့ | သဇင်ကျေးရွာ အုပ်စု | ၁၉၈၈–ပြင်/ သဇင်–ပြင် | ၃၁၀ | ၅.၀၀ | မြေငှားဂရန် အသစ် |
| ၂ | ဦးမြင့်လွင် | ပုသိမ်မြို့နယ် ငွေဆောင်မြို့ | သဇင်ကျေးရွာ အုပ်စု | ၁၉၈၈–ပြင်/ သဇင်–ပြင် | ၃၁၁ | ၅.၀၀ | မြေငှားဂရန် အသစ် |
| ၃ | ဦးမြင့်လွင် | ပုသိမ်မြို့နယ် ငွေဆောင်မြို့ | သဇင်ကျေးရွာ အုပ်စု | ၁၉၈၈–ပြင်/ သဇင်–ပြင် | ၃၀၈/၁ | ၃.၀၀ | မြေငှားဂရန် အသစ် |

အဆိုပါ လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ စီးပွားဖုန်အကွက်၊ မြေကွက်အမှတ် (B – ၂၂၅ )၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကို ဒေါ်မော်မော်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

# ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများလှူဒါန်း



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် ပရိသတ်များ၏ လှူဒါန်းမှုကို လက်ခံစဉ်။

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် ကာကွယ်ရေးပစ္စည်းများ လှူဒါန်းမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် လှည်းကူးမြို့နယ် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် ကျန်းမာရေးစင်တာတွင် ဆောင်ရွက်နေမှုများကို ပြောကြားသည်။

ထို့နောက် ဆရာတော် အရှင်စန္ဒသူရိယအား အမှူးထား၍ ဒေါက်တာမျိုးမျိုး (ဥက္ကဋ္ဌ – MMPA Internation Co.Ltd) က ကျပ်သိန်း ၂၇၀ တန်ဖိုးရှိ ရေသန့်စက် ကိုးလုံး၊ မဟာစည်ဆရာတော်ကြီးအား ဦးထိပ်ထား၍ ဩဝါဒစရိယ ပြည်တွင်း ပြည်ပ မဟာစည်နာယကဆရာတော်များ၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ တပည့်သာဝကများနှင့် ယောဂီသူတော်စင်များက ငွေကျပ် သိန်း ၂၅၀ တန်ဖိုးရှိ ပစ္စည်းများ၊ ဦးသန်းထူး၊ ဦးအောင်ကျော်ကျော်မိသားစုနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်း ၂၅၀ တန်ဖိုးရှိ ပစ္စည်းများ၊ အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် ပရိသတ်များက *စာမျက်နှာ ၈ ကော်လံ ၁* ❍

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

နိုင်ငံနှင့် ပြည်သူအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့် အညီ ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရွေးချယ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## သုံးခွ-ရန်ကုန် YBS-34 ယာဉ်လိုင်း ပြန်လည်ပြေးဆွဲ

ရန်ကုန် မေ ၅

သုံးခွ-ရန်ကုန် YBS-34 ယာဉ်လိုင်းသည် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၉) ရပ်ကွက် ကားကြီးဝင်းဂိတ်မှ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းဂိတ်သို့ ပြေးဆွဲနေရာမှ ဧပြီ ၁၀ ရက်က စ၍ ယာယီရပ်ဆိုင်းထားခဲ့ပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကာလအတွင်း ပြည်သူများ သွားလာရေးအဆင်ပြေစေရန် ပြန်လည်ပြေးဆွဲလျက်ရှိသည်ကို တွေ့ရသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖




## လေဖိအားနည်းရပ်ဝန်း အားကောင်းလာနိုင်သည့်အခြေအနေမရှိ

နေပြည်တော် မေ ၅

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် သုံးရက်အတွင်း သိသိသာသာ အားကောင်းလာနိုင်သည့် အခြေအနေမရှိကြောင်း ခန့်မှန်းရသည်။

မိုး/ဇလ

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ အစိုးရကိုယ်စားလှယ်များနှင့် NCA-S EAO ကိုယ်စားလှယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

**မေ ၈ ရက်တွင် နှစ်ဖက်ကိုယ်စားလှယ်များ တွေ့ဆုံနိုင်ရန် စီစဉ်လျက်ရှိ**

စာ ၉

**ကိုဗစ်-၁၉ ကြောင့် နိုင်ငံ့စီးပွား၊ ပြည်သူတို့၏ လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ ဘာတွေ ဆောင်ရွက်နေသလဲ**

စာ ၁၆

## စပိန်လာလီဂါနှင့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်များ မကြာမီစတင်နိုင်တော့မည်




စပိန်လာလီဂါပွဲစီစဉ်သူများသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ရပ်နားထားရသော ပွဲစဉ်များကို ဇွန်လတွင် ပြန်လည်စတင်နိုင်ရန် ရည်မှန်းထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စပိန်အသင်းများသည် ယခုသီတင်းပတ်တွင် လေ့ကျင့်ရေးအစီအစဉ်များ ပြန်လည်စတင်ရန် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

စပိန်နိုင်ငံ အားကစားနှင့် ကျန်းမာရေး အာဏာပိုင်များနှင့် သဘောတူညီမှုရရှိပြီးနောက် စပိန်ထိပ်တန်းလိဂ်နှစ်ခုမှ ကစားသမားများသည် တစ်ဦးချင်း လေ့ကျင့်မှုများ မကြာမီစတင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ကစားသမားများအနေဖြင့် လေ့ကျင့်ရေး အစီအစဉ်များ မလုပ်ဆောင်မီ ကိုရိုနာဗိုင်းရပ်စ် ရှိ၊ မရှိ စစ်ဆေးရမည်ဖြစ်သည်။

စပိန်ရှိ ဘောလုံးပွဲများကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မတ်လမှစတင်ပြီး ရပ်နားထားခဲ့ခြင်းဖြစ်ပြီး ပွဲစဉ်များပြီးဆုံးရန် ၁၁ ပွဲ ကျန်ရှိနေသေးသည်။ ပွဲစဉ်များ ရပ်နားထားချိန်တွင် ဘာစီလိုနာအသင်းက မဟာပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းထက် နှစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်သည်။

စပိန်လာလီဂါနည်းတူ ဂျာမန်ဘွန်ဒက်စ်လီဂါလည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ရပ်နားထားရသော ပွဲစဉ်များကို ပြန်လည်စတင်ရန် လုပ်ဆောင်နေကြောင်း သိရသည်။ ဘွန်ဒက်စ်လီဂါပွဲစဉ်များကို မေ ၁၅ ရက်တွင် ပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း သတင်းများ၌ ဖော်ပြထားသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဂျာမန်ထိပ်တန်းလိဂ်နှစ်ခုမှ ကစားသမားများနှင့် ဝန်ထမ်းအင်အားစုစုပေါင်း ၁၇၂၄ ဦးကို ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်စစ်ဆေးခဲ့ရာ ၁၀ ဦး ရောဂါပိုးတွေ့ရှိခဲ့ကြောင်း သိရသည်။

အောင်ဇော်

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မေ ၆၊ ၂၀၂၀

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## နိုင်ငံနှင့် ပြည်သူအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရွေးချယ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ခင်ရတနာ၊ ဓာတ်ပုံ – မေဦးမိုး

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ဌာနအဖွဲ့အစည်းပေါင်း ၂၄ ခုရှိပြီး နိုင်ငံတော်၏စီးပွားရေးမူဝါဒ၊ ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စများကို လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။**

**မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းမှစ၍ ဆောင်ရွက်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်ဖြစ်ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာအတွင်း ဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၏ ဖြေကြားချက်များကို ကောက်နုတ်တင်ပြလိုက်ရပါသည် –**



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

**ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)**

**မေး။ ။ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာအတွင်း ပြည်သူ့အကျိုးစီးပွားဆောင်ရွက်မှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေနဲ့ အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဖို့အတွက် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP center) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိတဲ့အပြင် ပိုမိုထိရောက်အောင် ဆောင်ရွက်ဖို့ ဂျာမနီနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) နှင့် ပူးပေါင်းပြီး စီမံကိန်းဘဏ် Project Bank Website ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှာ လွှင့်တင်နိုင်ခဲ့ပါတယ်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက ပထမအကြိမ်ချေးငွေ ယန်း ၅ ဒသမ ၀၃၃ ဘီလီယံနဲ့ ဒုတိယအကြိမ် ချေးငွေ ယန်း ၁၅ ဘီလီယံ ရယူပြီး မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ် ၁၀ ဘဏ်ကတစ်ဆင့် MSMEs လုပ်ငန်းရှင်တွေကို ချေးငွေတွေ ထုတ်ချေးပေးလျက်ရှိပါတယ်။

ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) မှ ပထမအကြိမ် ထောက်ပံ့ငွေ ယူရို ၄ ဒသမ ၄၅ သန်းနဲ့ ဒုတိယအကြိမ် ထောက်ပံ့ငွေ ယူရို ၁၀ ဒသမ ၈၅ သန်းကို ပုဂ္ဂလိကဘဏ် (၂) ဘဏ်က တစ်ဆင့် MSMEs လုပ်ငန်းရှင်တွေထံကို ထုတ်ချေးပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေကို ထုတ်ချေးဖို့အတွက် အများပြည်သူအပ်နှံငွေမှ လျာထားခဲ့တဲ့ ငွေကျပ်ဘီလီယံ ၂၅၀ အနက် လုပ်ငန်းရှင် ၃၀ ကို ချေးငွေ ကျပ် ၁၀၆၁ သန်း ထုတ်ချေးခဲ့ပါတယ်။

**လယ်ယာသုံးစက်ကိရိယာတွေဝယ်ယူရန် ချေးငွေရယူ**

JICA Two Step Loan ချေးငွေ ကျပ်ဘီလီယံ ၂၀၀ ရယူပြီး လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူဖို့နဲ့ လယ်ယာကဏ္ဍကို အခြေခံတဲ့ အဆောက်အအုံနဲ့ စက်တွေအတွက် တောင်သူလယ်သမားတွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးလျက်ရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ဆီက ငွေကျပ်ဘီလီယံ ၂၀၀ ချေးယူပြီး စိုက်ပျိုးရေးနဲ့မွေးမြူရေးကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းတွေအတွက် ချေးငွေကျပ် ၁၄ ဒသမ ၈၅ ဘီလီယံကို

*အချပ်ပို(ခ)သို့*




ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ၂၆-၂-၂၀၂၀ ရက်က စီမံကိန်းဘဏ် Website စတင်လွှင့်တင်ခြင်း အခမ်းအနားတက်ရောက်စဉ်။

**“ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း MSMEs တွေကို ချေးငွေ ပံ့ပိုးပေးနိုင်ဖို့နဲ့ ဘဏ်တွေရဲ့ ဆုံးရှုံးနိုင်ခြေကို မျှဝေနိုင်ဖို့ ချေးငွေအာမခံအဖွဲ့အစည်း (Credit Guarantee Corporation – CGC) ကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေအမေရိကန် ဒေါ်လာ သန်း ၆၀ ရယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် ”**

*အချပ်ပို(က)မှ*

တောင်သူလယ်သမား လုပ်ငန်းရှင်တွေကို ထုတ်ချေးပေးလျက်ရှိပါတယ်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း MSMEs တွေကို ချေးငွေပံ့ပိုး ပေးနိုင်ဖို့နဲ့ ဘဏ်တွေရဲ့ ဆုံးရှုံးနိုင်ခြေကို မျှဝေနိုင်ဖို့ ချေးငွေအာမခံအဖွဲ့အစည်း (Credit Guarantee Corporation – CGC) ကို အာရှ ဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေအမေရိကန် ဒေါ်လာ သန်း ၆၀ ရယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံခြားသုံးငွေအပ်နှံမှုအပေါ် မှာ ကောက်ခံခဲ့တဲ့ ဘဏ်ဝန်ဆောင်စရိတ် (Deposit Fees) ၀ ဒသမ ၃ ရာခိုင်နှုန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်ပြီး ကောက်ခံခြင်းမပြုတော့ဘဲ ဖြေလျှော့ပေးခဲ့ပါတယ်။

**မေး။ ။တောင်သူလယ်သမားတွေအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ရဲ့ ဆောင်ရွက်နေမှုတွေကို သိပါရစေ။**

ဖြေ ။ ။စိုက်ပျိုးစရိတ်ချေးငွေတွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၆၈၄ ဘီလီယံ ထုတ်ချေးခဲ့ရာကနေ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၇၄၇ ဘီလီယံအထိ ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ စပါးတစ်ဧက စိုက်ပျိုးချေးငွေကို ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် တစ်သိန်းမှ တစ်သိန်းခွဲအထိ၊ အခြားသီးနှံတွေအတွက် တစ်ဧကေချေးငွေနှုန်းကို ယခုဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၅၀၀၀၀ မှ တစ်သိန်းအထိ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုကို သိရှိလိုပါတယ်ရှင့်။**

ဖြေ ။ ။အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပုဂ္ဂလိက အသက်အာမခံ ကုမ္ပဏီ ၁၁ ခုနဲ့ ပြည်တွင်းပုဂ္ဂလိက အထွေထွေအာမခံကုမ္ပဏီ ရှစ်ခုတို့က အာမခံဝန်ဆောင်မှုတွေ ပေးအပ်နေရာကနေ ၂၀၁၉ ခုနှစ်အတွင်း ရာနှုန်းပြည့် နိုင်ငံခြားသားပိုင် အသက်အာမခံကုမ္ပဏီ ငါးခု၊ ပြည်တွင်းအာမခံကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် နိုင်ငံခြားဖက်စပ် အသက်အာမခံကုမ္ပဏီ သုံးခုနဲ့ အထွေထွေအာမခံကုမ္ပဏီ သုံးခုတို့ကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တွေ ထုတ်ပေးခဲ့ပါတယ်။

မြန်မာ့အာမခံလုပ်ငန်းနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းပြီး တောင်သူလယ်သမားတွေ အကျိုးစီးပွားအတွက် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နဲ့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တို့မှာ ရှေ့ပြေးစီမံကိန်း (Pilot Project) ကို ပရောဂျက်ကာလ တစ်နှစ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

မော်တော်ယာဉ်ပိုင်ရှင် လုပ်သားပြည်သူတွေရဲ့ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံ ပေးသွင်းခြင်းလုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာမှုမရှိစေဖို့အတွက် Online စနစ်နဲ့ ပရီမီယံကြေး ပေးဆောင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ ။ ။မြန်မာနိုင်ငံမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးတို့ကို အထောက်အကူဖြစ်စေဖို့ အားလုံးပါဝင်နိုင်တဲ့ ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ Financial Inclusion Road–map (2014–2020) ကိုရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး Finan–cial Inclusion Roadmap (2019 – 2023) ကို ရေးဆွဲခဲ့ပြီး ဝင်ငွေနည်းပါးသူတွေအတွက် ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေနဲ့ လုပ်ကွက်ကြီးမားတဲ့ လယ်သမားတွေအတွက် ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ စုဆောင်းငွေကို လည်ပတ်သုံးစွဲမှု ပိုမိုမြင့်မားအောင် ဆောင်ရွက်ခြင်း၊ Digital ငွေကြေးဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်းနဲ့ ငွေကြေးဝန်ဆောင်မှု ရယူသုံးစွဲသူတွေရဲ့ စွမ်းဆောင်မှုမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး ဦးဆက်အောင်




ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်း

ကျေးလက်နေပြည်သူတို့ရဲ့ လူမှုဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေဖို့ အသေးစားငွေရေးကြေးရေး (Micro Finance) အဖွဲ့အစည်း ၁၉၃ ဖွဲ့ကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြုစုထားပြီး ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၂၅၁၉၅ ရွာနဲ့ လူဦးရေ ၄ ဒသမ ၅ သန်းကို ငွေကျပ် ၂၀၁၅ ဒသမ ၉၄ ဘီလီယံ ထုတ်ချေးခဲ့ပြီး သူတို့ရဲ့ စုဆောင်းငွေက ငွေကျပ် ၂၇၇ ဒသမ ၂၀၇ ဘီလီယံအထိ ရှိခဲ့ပါတယ်။

**မေး။ ။ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ ထူထောင်နိုင်ဖို့ ဆောင်ရွက်နေမှုကို သိလိုပါတယ်ရှင့်။**

ဖြေ ။ ။နိုင်ငံတော်ဘတ်ဂျက်မှာ ပင်စင်ရဲ့ ကြီးလေးတဲ့တာဝန်ကို လျှော့ကျစေဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပင်စင်စနစ် ဖြစ်ပေါ်လာစေဖို့ ထည့်ဝင်ကြေးစနစ်နဲ့ အကျိုးခံစားခွင့်ပြုတဲ့ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) ထူထောင်ရေးကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေ (မူကြမ်း)ကို ရေးဆွဲလျက်ရှိပြီး ဒီဥပဒေပြဋ္ဌာန်းပြီးရင် ခန့်အပ်တဲ့ ဝန်ထမ်းသစ်တွေ၊ အမှုထမ်းသက် ၁၀ နှစ်အောက် ဝန်ထမ်းတွေက ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ(CPF)တွင် ပါဝင်သွားမှာ ဖြစ်ပါတယ်။ လက်ရှိ ပင်စင်ခံစားနေသူတွေနဲ့ အမှုထမ်းသက် ၁၀ နှစ် ပြည့်ပြီးသူတွေကို လက်ရှိ ပင်စင်စနစ်အတိုင်း ဆက်လက်ခံစားခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

**မေး။ ။အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေအကြောင်းကို ပြောကြားပေးပါဦးရှင့်။**

ဖြေ ။ ။အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အနေနဲ့ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ်ကို ကူးပြောင်းရာမှာ အထောက်အကူဖြစ်စေဖို့နဲ့ ကုမ္ပဏီတွေအပေါ် အခွန်စည်းကြပ်မှုလုပ်ငန်းတွေကို ပိုမိုထိရောက်ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ဖို့ ရည်ရွယ်ပြီး အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၄) နဲ့ (၅) ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

MPU Debit Card အသုံးပြုပြီး Online မှ အခွန်ပေးဆောင်ခြင်းကို ပထမအဆင့်အနေနဲ့ သီလဝါအထူးစီးပွားရေးဇုန်၊ ဒုတိယအဆင့်အနေနဲ့ CBM–Net နဲ့ချိတ်ဆက်ပြီး နိုင်ငံပိုင်ဘဏ်တွေနဲ့ ပုဂ္ဂလိကဘဏ်တွေမှာပါ အခွန်ပေးသွင်းနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် အရေးကြီးသည့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ (Tax Administration Law – TAL)ကို ပြဋ္ဌာန်းခဲ့ပါတယ်။

**ဝင်ငွေခွန်ဥပဒေအသစ်ရေးဆွဲ**

စည်းကြပ်မှုမှ လွတ်ကင်းနေတဲ့ ဝင်ငွေအပေါ်ကျသင့်တဲ့ အခွန်နှုန်းထား ၃၀ ရာခိုင်နှုန်းကို ၂၀၁၉ ခုနှစ် ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေတွင် ဝင်ငွေအလွှာ ငါးခု သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ ကမ္ဘာ့ဘဏ်ရဲ့ ချေးငွေ/ထောက်ပံ့ငွေတွေနဲ့ Integrated Tax Administration System (ITAS) စနစ် အသုံးပြုနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဝင်ငွေခွန်ဥပဒေအသစ်ကို နိုင်ငံတကာ သတ်မှတ်ချက်တွေနဲ့အညီ ရေးဆွဲလျက်ရှိပါတယ်။

အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်တွေကို Manual စနစ်မှ အလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်ဖြစ်တဲ့ MACCS (Myanmar Automated Cargo Clearance System) နဲ့ ၂၀၁၆ ခုနှစ်မှာ ရန်ကုန်ရေယာဉ်အတွင်း စတင်ကျင့်သုံးနိုင်ခဲ့ပြီး မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်တွင် ၂၀၁၈ ခုနှစ် ဇွန်လက အသုံးပြုခဲ့ပါတယ်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ၂၀၂၀ ပြည့်နှစ်အတွင်း MACCS စနစ် တပ်ဆင်ခြင်းလုပ်ငန်းကို အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်က ကုန်သွယ်မှုအတွက် ဘယ်လောက် အရေးပါသလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။မြန်မာနိုင်ငံအနေနဲ့ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် e–Form D လဲလှယ်ခြင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ပြီး ASEAN Single Window Live Op–eration သို့ ဝင်ရောက်ဆက်သွယ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကဏ္ဍနဲ့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရာမှာ အများကြီးအထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်။

**မေး။ ။စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်တွေကို သိပါရစေ။**

ဖြေ ။ ။စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာတွေ ချမှတ်ခြင်း၊ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းပြီး ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ခဲတုပစ္စည်းနဲ့ ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေနဲ့ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကို သတ်မှတ်ထုတ်ပြန်ခဲ့ပြီး စက်မှုဇုန်ဥပဒေနဲ့ အမျိုးသားအဆင့် အထည်အလိပ် မူဝါဒတွေ သတ်မှတ်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်နဲ့ အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းအမျိုးအစား ၅၀ ကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းတွေနဲ့ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ အရည်အသွေးနဲ့ စံချိန်စံညွှန်းတွေ သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

ဖြေ ။ ။စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးရာမှာ အဓိက မောင်းနှင်အားအဖြစ် ရပ်တည်နေတဲ့ ပုဂ္ဂလိကအခန်းကဏ္ဍကိုတိုးမြှင့်ဆောင်ရွက်နိုင် ဖို့ ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေအတွက် **"နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ အသွင်ကူးပြောင်းရေးဗဟို အဖွဲ့" (Central Transformation Unit – CTU)** ကို ဖွဲ့စည်းခဲ့ပြီး လိုအပ်တဲ့လေ့လာမှုတွေကို ဆောင်ရွက်လျက် ရှိပါတယ်။

စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းက ကျွမ်းကျင်လုပ်သားတွေ စနစ်တကျ လေ့ကျင့်မွေးထုတ်ခြင်းနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လိုအပ်ချက်အရ ရွေ့လျားအသက်မွေးပညာသင်တန်းတွေကို ဒေသအရောက် သွားရောက်ဖွင့်လှစ်လျက်ရှိပါတယ်။

ဆေးဝါးစက်ရုံတွေက အခြေခံဆေးဝါးများ (Essential Drugs) အပါအဝင် ဆေးဝါးအမျိုးမျိုးကို အမျိုးသားဆေးဝါးဥပဒေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ရဲ့ ကောင်းမွန်တဲ့ ထုတ်လုပ်မှုကျင့်စဉ် (WHO GMP Guideline) နဲ့အညီ အကျိုးအာနိသင်ထက်မြက်မှု (Efficacy)၊ ဘေးကင်းလုံခြုံမှု (Safety)၊ အရည်အသွေးပြည့်မီမှု (Quality)နဲ့ သုံးစွဲသူစိတ်ကျေနပ်မှု (Customer Satisfaction) အပေါ် အထူးအလေးထားပြီး ဆေးပြား၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်၊ ထိုးဆေး၊ မြွေဆိပ်ဖြေဆေးနဲ့ ကာကွယ်ဆေး စုစုပေါင်း ၁၉၃ မျိုးကို အဆင့်မြင့်ဆေးဝါးကုန်ကြမ်းတွေနဲ့ ထုတ်လုပ်ပြီး သင့်တင့်တဲ့ဈေးနှုန်းတွေနဲ့ ဖြန့်ဖြူးလျက်ရှိပါတယ်။

စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းကျဆင်းစေရေးတို့ကို ရှေးရှုပြီး အားသွန်ခွန်စိုက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပြီး ဝန်ကြီးဌာနရှိ မြေနေရာ၊ အဆောက်အဦနဲ့ စက်ပစ္စည်းတွေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတွေကို ပွင့်လင်းမြင်သာစွာ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး)**

**မေး။ ။နိုင်ငံတော်ဘဏ်တွေရဲ့ ဆောင်ရွက်ချက်တွေကို သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ဝန်ကြီးဌာနမှာ ဌာနအဖွဲ့အစည်းပေါင်း ၂၄ ခုရှိတဲ့အနက် ဘဏ္ဍာရေးအပိုင်းမှာ ဌာနအဖွဲ့အစည်းပေါင်း ၁၃ ခုရှိပါတယ်။ ဌာနအဖွဲ့အစည်းတွေရဲ့အကြောင်းကို အကျဉ်းချုပ်ပြီး ရှင်းပြလိုပါတယ်။

ဘဏ်တွေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတော်ပိုင်ဘဏ်ကြီး လေးခုရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေအတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံကရရှိတဲ့ အဆင့် နှစ်ဆင့်ချေးငွေ (Two Step Lone)ကို နိုင်ငံအတွင်းက အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေအတွက် အတိုးနှုန်းသက်သာပြီး ချေးငွေသက်တမ်း ကြာရှည်တဲ့ချေးငွေတွေကို အရှိန်အဟုန်တိုးမြှင့်ပြီး ထုတ်ချေးပေးလျက်ရှိပါတယ်။

**မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ချေး**

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် MSMEs Two Step Lone ချေးငွေတွေကို အတိုးနှုန်း ၈ ရာခိုင်နှုန်းနှင့် ချေးငွေသက်တမ်း သုံးနှစ်မှ ငါးနှစ် ချေးငွေပမာဏ ငွေကျပ်သိန်း ၅၀၀၀ အထိ ရရှိနိုင်တဲ့ ချေးငွေတွေကို တိုးမြှင့်ထုတ်ချေးပေးခဲ့ပါတယ်။ အလားတူ အများပြည်သူအပ်ငွေမှ ငွေကျပ်ဘီလီယံ ၂၀၀ ကို သီးသန့်ခွဲပြီး MSMEs လုပ်ငန်းတွေအတွက် အတိုးနှုန်း ၉ ရာခိုင်နှုန်း၊ ချေးငွေသက်တမ်း သုံးနှစ်မှ ငါးနှစ်အထိ ချေးငွေပမာဏ ငွေကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးပေးလျက်ရှိပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စပါးသီးနှံ တစ်ဧကကို ငွေကျပ် တစ်သိန်းခွဲနှုန်း၊ အခြားသီးနှံတွေကို တစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်း တိုးမြှင့်ထုတ်ချေးပေးခဲ့ပါတယ်။ ဒါ့ပြင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးချေးငွေဖြစ်တဲ့ ဂျပန်နိုင်ငံမှ ချေးငွေရယူပြီး ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ စပါးအခြောက်ခံစက်တွေစတဲ့ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနိုင်မယ့် အခြေခံတွေကို ဂျပန်နိုင်ငံက ချေးငွေစနစ်နဲ့ ဝယ်ယူနိုင်ဖို့ ကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူ မြန်မာ့စီးပွားရေးဘဏ်က သီးခြားချေးငွေရယူပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍတွေအတွက် အတိုးနှုန်း သက်သာတဲ့ ချေးငွေတွေကို

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို(ခ) မှ*

ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

**မေး။ ။အာမခံလုပ်ငန်းအတွက် တိုးတက်ဆောင်ရွက်ထားရှိမှုကိုသိလိုပါတယ်။**

ဖြေ ။ ။အာမခံလုပ်ငန်းနှင့် ပတ်သက်၍ အာမခံ အမျိုးအစားသစ်ဖြစ်တဲ့ တောင်သူလယ်သမား အသက်အာမခံအသစ်တွေ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ အာမခံလုပ်ငန်းကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံခြားအာမခံကုမ္ပဏီတွေကို ပြည်တွင်းမှာ လာရောက်လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံခြားသားရာနှုန်းပြည့်ပိုင် အသက်အာမခံကုမ္ပဏီ ငါးခုကို ခွင့်ပြုနိုင်ခဲ့ပါတယ်။ ဒါ့ပြင် အာမခံဖက်စပ်ကုမ္ပဏီ သုံးခုနဲ့ အထွေထွေအာမခံဖက်စပ်ကုမ္ပဏီ သုံးခုကို ခွင့်ပြုခဲ့ပါတယ်။

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက အာမခံလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲသူအဖြစ် တာဝန်ယူပြီး လိုအပ်တဲ့ ဥပဒေပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်း ထုတ်ပြန်ခြင်း၊ ညွှန်ကြားချက် ထုတ်ပြန်တာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍကနေ ဝန်ဆောင်မှုပေးအပ်နေတဲ့လုပ်ငန်းတွေအကြောင်းကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ ။ ။ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကနေ အသေးစားငွေရေးကြေးရေးလုပ်ငန်းတွေ (Micro Finance)ကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါတယ်။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းပေါင်း ၁၉၃ ဖွဲ့အထိရှိလာပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့အပြားမှာ လူဦးရေ ၄ သန်းခွဲလောက်ကို အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

**မေး။ ။နိုင်ငံအတွက်ဘဏ္ဍာရေးမူဝါဒတွေကို ဖော်ဆောင်ပေးနေမှုကို သိပါရစေ။**

ဖြေ ။ ။ဘဏ္ဍာရေးမူဝါဒကို ဖော်ဆောင်ပေးတဲ့ ဌာနကြီးတွေ ရှိပါတယ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနဲ့ အကောက်ခွန်ဦးစီးဌာနတို့ ဖြစ်ပါတယ်။ ဒီဌာနတွေဟာ နိုင်ငံတော်အတွက် ရငွေတွေကို ရှာဖွေပေးပြီး ဝန်ကြီးဌာနအသီးသီးက အသုံးစရိတ်တွေကို ခွဲဝေပေးရတဲ့ ဌာနတွေ ဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ ဘဏ္ဍာရေး မူဝါဒနှင့်အညီ နိုင်ငံတော်ရဲ့ အရအသုံးတွေကို စီမံခန့်ခွဲပေးရတဲ့ ဌာနတွေဖြစ်ပါတယ်။

အထူးသဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှာ ပြည်သူတွေအတွက် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး စတဲ့ အသုံးစရိတ်တွေကို တိုးမြှင့်ပေးလျက်ရှိပြီး နိုင်ငံတော်မှာ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်၊ လမ်း၊ တံတား၊ ရေနဲ့ မီးကဏ္ဍတို့မှာ အသုံးစရိတ်တွေကို တိုးမြှင့်ပြီး သုံးစွဲပေးလျက်ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း PFM Academy ကို ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဒီသင်တန်းကျောင်းမှာပြည်သူ့ဘဏ္ဍာရေးနဲ့ဆိုင်တဲ့ ဘတ်ဂျက်သင်တန်း၊ စီမံကိန်းသင်တန်းနဲ့ ကြွေးမြီစီမံခန့်ခွဲမှုသင်တန်း စတဲ့ သင်တန်းတို့ကို ပြည်တွင်း ပြည်ပနည်းပြတွေနဲ့ သင်ကြားပို့ချပေးဖို့ စီစဉ်ထားပါတယ်။ အနာဂတ်ကာလမှာ နိုင်ငံတော်ရဲ့ ဝန်ထမ်းတွေ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်တွေကို ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။အခွန်ထမ်းသူကိုယ်တိုင် အခွန်စည်းကြပ်ခံယူတဲ့ စနစ်အဖြစ် ကူးပြောင်းနိုင်ရေး ဆောင်ရွက်နေမှုတွေကို သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ပြည်တွင်းအခွန်များ ဦးစီးဌာနက



(၇၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည်များကို ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစဉ်။

လက်ရှိကျင့်သုံးနေတဲ့ အခွန်ရုံးက စည်းကြပ်သည့်စနစ် (Official Assessment System) မှ အခွန်ထမ်းကိုယ်တိုင် အခွန်ကျသင့်မှုကို စည်းကြပ် ခံယူသည့်စနစ် (Self-Assessment System) ကို ကူးပြောင်းရန်အတွက် ရုံးသစ်တွေကို တိုးချဲ့ဆောင်ရွက်လျက် ရှိပါတယ်။ ယခု အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး Last Taxpayer Office (LTO) ရုံးတစ်ရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး Medium Taxpayer Office (MTO) ရုံး ငါးရုံးအထိ ဖွင့်လှစ်ခဲ့ပြီး ရုံးအမှတ် (၅) ကို မန္တလေးမြို့မှာ ဖွင့်လှစ်မှာဖြစ်ပါတယ်။ လာမည့်ကာလတွင် အခွန်ပေးဆောင်သောစနစ်ကို Self-Assessment System အဖြစ် ကူးပြောင်းနိုင်အောင် ICT နည်းပညာနဲ့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်တွေကို သိပါရစေ။**

ဖြေ ။ ။အကောက်ခွန်ဦးစီးဌာနက မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS)စနစ်ကို ၂၀၁၆-၂၀၁၇ ခုနှစ် ကတည်းက ရန်ကုန်တွင် တပ်ဆင်ခဲ့ပြီး ဆိပ်ကမ်းတွေနဲ့ လေဆိပ်တို့၌ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်တွေကို လျင်မြန်သွက်လက်စွာလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တွေရဲ့ ထောက်ခံအားပေးမှုတွေ ရရှိခဲ့ပါတယ်။ သူတို့အတွက် အချိန်ကုန်သက်သာစေတဲ့အပြင် စရိတ်ကုန်ကျမှု သက်သာအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီစနစ်ကို ထိုင်း - မြန်မာ နယ်စပ် မြဝတီတွင် သွားရောက်တပ်ဆင်ခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ တရုတ် - မြန်မာနယ်စပ် မူဆယ်တွင် သွားရောက်တပ်ဆင်ဖို့ရှိပါတယ်။

**မေး။ ။အခွန်အယူခံ ကိစ္စရပ်တွေအတွက် ပိုမို အားဖြည့်ဆောင်ရွက်နေတာကို ရှင်းပြပေးပါဦး ရှင့်။**

ဖြေ ။ ။အခွန်အယူခံခုံအဖွဲ့ရုံးအနေနဲ့ ဒီနှစ်အတွင်းမှာ အခွန်အယူခံခုံအဖွဲ့ ဥပဒေအသစ်ကို လွှတ်တော်ကနေ ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ဥပဒေအသစ်နဲ့အတူ ပေါ်ပေါက်လာမယ့် အခွန်အယူခံခုံအဖွဲ့ရုံးအတွက် တိုးချဲ့ဖွဲ့စည်းထားတဲ့ ရုံးအသစ်ကို နေပြည်တော်မှာ ရုံးမြေနေရာရရှိပြီး တည်ဆောက်လျက်ရှိပါတယ်။ ပြီးစီးပါက အခွန်အယူခံကိစ္စရပ်တွေ ဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်သူတွေက တင်ပြလာတဲ့ အခွန်အယူခံမှုတွေကို ကြားနာစီရင်ဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။

**မေး။ ။ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် ထိခိုက်နိုင်မှုတွေအတွက် တုံ့ပြန်ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

ဖြေ ။ ။လက်ရှိဆောင်ရွက်မှုအနေနဲ့ ကိုဗစ်-၁၉ ဂယက်ကြောင့် နိုင်ငံ့စီးပွားရေးအပေါ်မှာ သက်ရောက်မှုတွေ ရှိပါတယ်။ စီးပွားရေးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုတွေ ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အနေနဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ ငွေကျပ်ဘီလီယံ ၅၀ နဲ့ လူမှုဖူလုံရေးရန်ပုံငွေ ငွေကျပ်ဘီလီယံ ၅၀ စုစုပေါင်း ငွေကျပ်ဘီလီယံ ၁၀၀ မတည်ပြီး စီးပွားရေးဆိုင်ရာ ထိခိုက်မှုအများဆုံးခံစားရတဲ့ အထည်ချုပ်လုပ်ငန်းတွေ (CMP)၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေနဲ့ MSMEs လုပ်ငန်းတွေကို အတိုးနှုန်းသက်သာတဲ့ တစ်နှစ်ကို ၁ ရာခိုင်နှုန်းနဲ့ ချေးငွေသက်တမ်း တစ်နှစ်ပေးအပ်မယ့် ကုစားရေးချေးငွေတွေကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး မကြာခင်ထုတ်ပေးဖို့ စီစဉ်နေပါတယ်။

ပို့ကုန်အတွက် ကြိုတင်ခွန်ကို ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပေးထားပါတယ်။ အခွန်ပေးဆောင်တဲ့ကာလကို သုံးလတစ်ကြိမ် ပေးဆောင်ရမည့်အစား နှစ်ကုန် စက်တင်ဘာလအထိ ရွှေ့ဆိုင်းပေးဆောင်ရန် ခွင့်ပြုပေးထားပါတယ်။ အကောက်ခွန်အနေနဲ့ ဆိပ်ကမ်းတွေ၊ လေ ဆိပ်တွေ၊ ကျန်းမာရေးနဲ့သက်ဆိုင်သောပစ္စည်းတွေ တင်သွင်းရင် အချိန်နဲ့တစ်ပြေးညီ မြန်ဆန်စွာရရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံခြားအကူအညီရရှိဖို့ ကမ္ဘာ့ဘဏ်၊ ADB နဲ့ IMF စတဲ့ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက် ပေးနေပါတယ်။ ရှေ့အနာဂတ်မှာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးဆိုင်ရာ သက်ရောက်မှုတို့ကို အကောင်းဆုံးတုံ့ပြန်နိုင်အောင်၊ စီးပွားရေးကဏ္ဍမှာ သက်ရောက်မှုအနည်းဆုံးဖြစ်အောင် ကိုဗစ်-၁၉ အလွန်ကာလမှာ စီးပွားရေးကဏ္ဍ အရှိန်အဟုန်နဲ့ ပြန်လည်ဖွံ့ဖြိုးလာအောင် ဘဏ္ဍာရေးမူဝါဒတွေနဲ့ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးဆက်အောင် (ဒုတိယဝန်ကြီး)**

**မေး။ ။အမျိုးသားစီမံကိန်းဆိုင်ရာ ချိတ်ဆက်မှုအပိုင်းတွေကို သိပါရစေရှင့်။**

ဖြေ ။ ။National Planning က ဌာနပေါင်းများစွာနဲ့ ချိတ်ဆက်ရပါတယ်။ ပထမဆုံးက National Planning ဆောင်ရွက်တဲ့အခါ Budget နဲ့ ချိတ်ဆက်ရသလို Treasury အပိုင်းနဲ့ လည်း ချိတ်ဆက်ရပါတယ်။ National Planning မှာ အဓိက Economic Development စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်တဲ့အတွက် အရေးပါသော Industrial Development အပိုင်းနဲ့ ချိတ်ဆက်ရပါတယ်။ ဒါ့ပြင် Finance၊ Industry နဲ့ Agriculture Development အပိုင်းတွေနဲ့ ချိတ်ဆက်ရပါတယ်။ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ပြီး အရေးပါသော Infrastructure Development အပိုင်းကို ချိတ်ဆက်ရပါတယ်။ Economic Development ရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်တဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ (MSMEs) နဲ့ သက်ဆိုင်တဲ့ဌာနတွေကို ချိတ်ဆက်ရပါတယ်။ Economic Development သာမက တည်ငြိမ်မှုကို လိုအပ်တဲ့ Economic Stability နဲ့ ပတ်သက်တဲ့ ကဏ္ဍတွေနဲ့လည်း ချိတ်ဆက်ရပါတယ်။ ဥပမာ - Economic Stability မှာ အရေးပါတဲ့ Fiscal Policy အပိုင်းကို အထူးပြုဆောင်ရွက်နေတဲ့ အခွန်ဌာနနဲ့ ချိတ်ဆက်ရသလို Monetary Policy အပိုင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့လည်း ချိတ်ဆက်ရပါတယ်။

**မေး။ ။နိုင်ငံတော် ဝင်ငွေတိုးတက်စေဖို့ ဌာနရဲ့ ကြိုးပမ်းမှုတွေဖြစ်တဲ့ အမျိုးသားစီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပိုင်းကို ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။National Planning ရဲ့ အဓိကဆောင်ရွက်တဲ့ကိစ္စက နိုင်ငံတော်ရဲ့ ဝင်ငွေတိုးတက်စေဖို့ ဘယ်ပုံစံမျိုးနဲ့ တိုးတက်အောင် ဆောင်ရွက်မှာလဲ၊ နိုင်ငံတော်အသုံးစရိတ်တွေ ထိထိရောက်ရောက်ဖြစ်စေဖို့ ဘယ်လိုပုံစံမျိုးနဲ့ ဆောင်ရွက်ရမလဲဆိုတာကို ဖော်ထုတ်ပြီး National Planning မှာ အဓိကရေးဆွဲရပါတယ်။

Myanmar Sustainable Development Plan ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် National Planning ပိုင်းက ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဥပမာ- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်ခုတည်းမဟုတ်ဘဲ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ငြိမ်းချမ်းရေး စတဲ့ အားလုံးဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စေဖို့ National Strategy ကို အဓိကရေးဆွဲရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် Planning နဲ့ Budget ချိတ်ဆက်မှုကို အားကောင်းအောင် ဆောင်ရွက်ရပါတယ်။ အဓိက နိုင်ငံတော်ကသွားချင်တဲ့ Planning Direction နဲ့အညီ Government Expenditure တွေသုံးတဲ့အခါမှာ တစ်ခါတလေ Ad-hoc solution တွေကို မသုံးမိစေရန်၊ နိုင်ငံတော်ရဲ့ Strategic Direction အတိုင်းကို ဆောင်ရွက်နိုင်စေရန်၊ Budgeting, Government expenditure နဲ့ Strategic Direction ပိုင်းကို ထိမိစေဖို့ အဓိကဆောင်ရွက်ရတဲ့ အခြေအနေ ဖြစ်ပါတယ်။ Myanmar Sustainable Development နဲ့ ကိုက်ညီတဲ့ မဟာဗျူဟာမြောက်တဲ့ စီမံကိန်းတွေကို ပိုမို အကောင်အထည်ဖော်စေဖို့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

**မေး။ ။Project Data Bank ဆောင်ရွက်နေမှုကို သိပါရစေ။**

ဖြေ ။ ။လက်ရှိအောင်မြင်မှုတွေမှာ Project Data Bank ဝက်ဘ်ဆိုက်တစ်ခုကို တည်ထောင်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အဓိက ဆောင်ရွက်ဖို့လျာထားတဲ့ Strategic Project အားလုံးကို One Stop Information Center အဖြစ် Web Portal မှာ တင်ထားပြီး ဖြစ်ပါတယ်။ အဓိက စီမံချက်တွေကို အကောင်အထည်ဖော်ရာမှာ ပွင့်လင်းမြင်သာတဲ့ Government Procurement System တွေနဲ့ ဆောင်ရွက်နိုင်ဖို့ အဓိက ဖြစ်ပါတယ်။ ဒါကြောင့် National Planning ရဲ့ ဆောင်ရွက်ရတဲ့အချက်က Transparent ဖြစ်ပြီး Predictable ဖြစ်တဲ့ ဝန်းကျင်တွေကို ဖန်တီးပေးရခြင်း ဖြစ်ပါတယ်။

*အချပ်ပို (ဃ) သို့*

*အချပ်ပို (ဂ) မှ*

**မေး။ ။နိုင်ငံတော်အတွက် စီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့အခါ ဘယ်လိုစံနှုန်းတွေနဲ့ ရွေးချယ်ဆုံးဖြတ်ပြီး နည်းလမ်းဖွေရှာပေးနေလဲဆိုတာ သိလိုပါတယ်ရှင့်။**

ဖြေ ။ ။နိုင်ငံတော်ရဲ့ Policy Direction ဖြစ်တဲ့ MSDP ကို အကောင်အထည်ဖော်တဲ့အခါ အဓိက အရေးကြီးဆုံး နှစ်ချက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ ဗျူဟာမြောက်စီမံကိန်းတွေကို အကောင်အထည်ဖော်ရာတွင် Public Investment (Government Budget) နဲ့ အကောင်အထည်ဖော်မှာလား၊ နိုင်ငံတကာအကူအညီ Development Assistant တွေနဲ့ အကောင်အထည်ဖော်မှာလား၊ Private Sector နဲ့ပူးပေါင်းပြီး Private Public Partnership ပုံစံမျိုးနဲ့ အကောင်အထည်ဖော်မှာလားဆိုတဲ့ကိစ္စတွေကို အဓိက ဆောင်ရွက်ရပါတယ်။

ဘယ်လိုစီမံကိန်းတွေကို ဘတ်ဂျက်နဲ့ ဆောင်ရွက်သင့်သလဲ၊ ဘယ်လိုစီမံကိန်းကို ဖြတ်သင့်သလဲ စတဲ့ အဓိက Criteria တွေကို National Planning အပိုင်းက ပေးရတာ ဖြစ်ပါတယ်။ National Planning အပိုင်းက ပေးတဲ့ Criteria တွေက National Strategic Direction အပေါ် အခြေခံတဲ့ Criteria တွေဖြစ်တဲ့အတွက် ဘယ်လိုစီမံကိန်းမျိုးကို နိုင်ငံတော်အနေနဲ့ Public Investment လုပ်သင့်တယ်၊ ဘယ်လိုစီမံကိန်းမျိုးကို မလုပ်သင့်ဘူး။ ဥပမာ- Commercially Viable ဖြစ်တဲ့ စီမံကိန်းတွေဆိုရင် Private Sector နဲ့ သွားသင့်တယ် (သို့မဟုတ်) Commercially Viable မဖြစ်တဲ့ စီမံကိန်းတွေဆိုရင် Development Assistance နဲ့ သွားသင့် တယ်ဆိုတာကို National Planning အပိုင်းက သက်ဆိုင်တဲ့ Analysis တွေ ဆောင်ရွက်ဆုံးဖြတ်ပေးရတာ ဖြစ်ပါတယ်။

Implementation ပိုင်းမှာ ဘယ်ဝန်ကြီးဌာနက ဘယ်လောက်အထိ National Strategic Direction အတိုင်း ဆောင်ရွက်နေသလဲ၊ မဆောင်ရွက်ဘူးလဲဆိုတာ Monitor လုပ်နိုင်ဖို့ကို ဝန်ကြီးဌာနတွေသုံးစွဲတဲ့ Budget Spending နဲ့ချိတ်ပါတယ်။ ဥပမာ - ဝန်ကြီးဌာနတစ်ခုအနေနဲ့ သူ့ရဲ့ Budget Spending က Ad-hoc solution တွေအတွက် များနေမယ်ဆိုရင် National Strategic Project တွေမှာ သုံးတဲ့ Budget Spending ရာခိုင်နှုန်းတစ်ခုကို တွက်ချက်ပြီး ဝန်ကြီးဌာနတစ်ခုချင်း ဘယ်လောက်ရာခိုင်နှုန်း Strategic Direction တွေကို အကောင်အထည်ဖော်နေတယ်ဆိုတာ သိနိုင်ပါတယ်။ ဝန်ကြီးဌာန တစ်ခုချင်းစီအတွက် Strategic Project တွေကို အကောင်အထည်မဖော်နိုင်တဲ့ ရာခိုင်နှုန်းတွေကို တွက်ချက်ပြီး မြန်မာနိုင်ငံရဲ့ Strategic Direction တွေကို အကောင်အထည်ဖော်ရာမှာ အားနည်းတဲ့ ဝန်ကြီးဌာနတွေနဲ့ အားကောင်းတဲ့ ဝန်ကြီးဌာနတွေဆိုတာကို ဖော်ထုတ်ပြီး MSDP ကို အကောင်အထည်ဖော်တာ ဖြစ်ပါတယ်။

ဒါ့ပြင် MSDP မှာပါတဲ့ အဓိက စီမံကိန်းတွေ ဆောင်ရွက်တဲ့အခါ Monitoring System အရေးကြီးပါတယ်။ ဒါကို ဆောင်ရွက်နိုင်ဖို့ National Indicator Framework တွေကို ဖော်ထုတ်ပြီးဖြစ်ပါတယ်။ MSDP မှာ Action Plan ၂၅၁ ခုရှိပါတယ်။ ဒီ Action Plan တွေ ဆောင်ရွက်မှုကို တိုင်းတာနိုင်ဖို့ Indicator ၂၈၆ ခုဖော်ထုတ်ပြီးဖြစ်ပါတယ်။ Indicators တွေ ကြည့်ပြီး ဘယ်ဌာနတွေက ဘယ်လောက်အထိ National Strategic Direction ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်လဲဆိုတဲ့ Monitoring တွေကို ဆောင်ရွက်ရပါတယ်။

**ဒေါက်တာမင်းရဲပိုင်ဟိန်း (ဒုတိယဝန်ကြီး)**

**မေး။ ။နိုင်ငံပိုင် စက်ရုံနဲ့ အလုပ်ရုံတွေကို အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်နေမှုတွေကို သိရှိလိုပါတယ်။**

ဖြေ ။ ။စက်မှုကဏ္ဍအနေနဲ့ နိုင်ငံပိုင်စက်ရုံနဲ့ အလုပ်ရုံတွေကို ဈေးကွက်စီးပွားရေးအရ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားတဲ့ နိုင်ငံပိုင်စက်ရုံနဲ့ အလုပ်ရုံများ အသွင်ကူးပြောင်းရေးဗဟိုအဖွဲ့ (Central Transformation Unit – CTU) ကို ဖွဲ့စည်းထားပါတယ်။ CTU က မူဝါဒတွေ ရေးဆွဲပြုစုတာ၊ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ အလေ့အကျင့်ကောင်းတွေနဲ့အညီ နိုင်ငံပိုင်စက်ရုံတွေကို အသွင်ကူးပြောင်းနိုင်ရေးအတွက် လိုအပ်တဲ့ လေ့လာဆန်းစစ်မှုတွေကို စနစ်တကျဆောင်ရွက်နေပါတယ်။

ပုဂ္ဂလိကကဏ္ဍ တိုးမြှင့်ဆောင်ရွက်ဖို့အတွက် အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)ကို EOI ခေါ်ယူထားပြီး ဦးစားပေးရွေးချယ်ထားတဲ့ နိုင်ငံပိုင်စက်ရုံနဲ့ အလုပ်ရုံတွေကို ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။စက်မှုကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ မဟာဗျူဟာတွေ ဘယ်လိုရေးဆွဲအကောင်အထည်ဖော်နေတယ်ဆိုတာကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ ။ ။မူဝါဒအနေနဲ့ UNIDO ရဲ့ အထောက်အပံ့နဲ့ ၂၀၁၇ ခုနှစ်မှာ ရေးဆွဲထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာကို Myanmar Sustainable Development Plan (MSDP) နဲ့ Myanmar Investment Promotion Plan (MIPP) စတဲ့ မဟာဗျူဟာမြောက် အစီအစဉ်တွေနဲ့ ချိတ်ဆက်ပြီး လက်ရှိစီးပွားရေး၊ လူမှုရေးနဲ့ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတွေကို ထင်ဟပ်စေနိုင်ဖို့ ပြန်လည်ပြင်ဆင်ရေးသားလျက်ရှိပါတယ်။

**ဆန်းသစ်တီထွင်မှုကိုအားပေး**

တီထွင်စွန့်စားမှုကို အခြေခံတဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် Myanmar Sustainable Development Plan (MSDP) ရဲ့ ခေတ်မီတိုးတက်တဲ့ နိုင်ငံဖြစ်လာရေးကို အထောက်အပံ့ဖြစ်စေမည့် ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုကို ပိုမိုတွန်းအားပေးရေးဆိုတဲ့ မဟာဗျူဟာနဲ့အညီ National Innovation Policy ကို ရေးဆွဲလျက်ရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်တဲ့နေရာမှာ MSMEs Master Plan ကို မကြာမီမှာ ထုတ်ပြန်နိုင်ဖို့ စီစဉ်ထားပြီး မဟာဗျူဟာရေးဆွဲရေးနဲ့ လုပ်ငန်းစဉ်တွေချမှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက် ကျင်းပပြီး လုပ်ငန်းစဉ်တွေ ရေးဆွဲလျက်ရှိပါတယ်။

မော်တော်ယာဉ် စက်မှုကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေဖို့ ၂၀၁၉ ခုနှစ် မေလမှာ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကို သတ်မှတ်ထုတ်ပြန်နိုင်ခဲ့ပါတယ်။ စက်မှုလုပ်ငန်းတွေ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ စက်မှုဇုန်တွေ အောင်မြင်စွာအကောင်အထည်ဖော်ဖို့အတွက် စက်မှုဇုန်ဥပဒေကို လွှတ်တော်ကို တင်ပြခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

မော်တော်ယာဉ်သုံးပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းတွေ ထုတ်ပြန်သတ်မှတ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်း ပြည့်ဝတဲ့ လျှပ်စစ်နဲ့ အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်းတွေကို အသုံးပြုနိုင်စေဖို့ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေအရ မြန်မာစံချိန်စံညွှန်း ၅၀ ခုကို အတည်ပြုပြဋ္ဌာန်းထားပြီး ၆၈ ခုကို ထပ်မံပြဋ္ဌာန်းနိုင်ဖို့အတွက် ပြုစုနေပြီဖြစ်ပါတယ်။

သံနဲ့ သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းတွေအတွက် မြန်မာနိုင်ငံ အမျိုးသားအဆင့် သံနဲ့ သံမဏိဆိုင်ရာ အရည်အသွေးနဲ့ စံချိန်စံညွှန်းများ သတ်မှတ်ထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စွမ်းအင်အကျိုးရှိအောင် သုံးစွဲနိုင်ဖို့အတွက် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)နဲ့ Energy Conservation Guideline တွေ ပြဋ္ဌာန်းနိုင်ဖို့ ရေးဆွဲလျက်ရှိပါတယ်။ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေရဲ့ Minimum Energy Performance Standard (MEPS) နဲ့ Labeling စနစ် အကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်နေပါတယ်။

**မေး။ ။လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ စက်မှုနည်းပညာ တိုးတက်လာစေဖို့ ဆောင်ရွက်မှုတွေကို သိပါရစေ။**

ဖြေ ။ ။စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းကို နိုင်ငံတကာ အထောက်အပံ့တွေနဲ့ ဖွင့်လှစ်ထားသလို တစ်နိုင်ငံလုံးလွှမ်းခြုံမှုရစေဖို့ သထုံမြို့နဲ့ မုံရွာမြို့တွေမှာ ထပ်မံဖွင့်လှစ်သွားဖို့ ရှိပါတယ်။ စက်မှုသင်တန်းကျောင်းတွေကနေ စက်မှုကျွမ်းကျင်လုပ်သား ၁၀၀၀ ခန့်ကို နှစ်စဉ်မွေးထုတ်ပေးနေပြီး စတုတ္ထ (၁) နှစ်တာအတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် Mobile Vocational သင်တန်းအကြိမ် ၂၀ အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၉၂၂ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။

Industrial Revolution 4.0 ကို သွားနိုင်ဖို့အတွက် လိုအပ်တဲ့ Artificial Intelligence (AI) and Machine Learning ဆိုင်ရာ နည်းပညာတွေ ဖွံ့ဖြိုးလာဖို့ သင်တန်းတွေ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။


**မေး။ ။စက်မှုကဏ္ဍ အသွင်ကူးပြောင်းဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် ဆောင်ရွက်ပေးနေမှုတွေကို ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။MSMEs လုပ်ငန်းရှင်တွေကို SME Member Card Online Registration နဲ့ e-Payment System တွေကို အွန်လိုင်းကနေ ဝင်ရောက်လျှောက်ထားနိုင်ဖို့ စီစဉ်ထားသလို MSMEs တွေ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်အောင် ချေးငွေရရှိရေးကို ကူညီပေးလျက်ရှိပါတယ်။

စက်မှုကဏ္ဍကို ပုဂ္ဂလိက အသွင်ကူးပြောင်းဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတွေကို ပွင့်လင်းမြင်သာစွာနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသလို ဝန်ကြီးဌာနက မူဝါဒ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ကြပ်မတ်ထိန်းကျောင်းပေးတဲ့ Regulatory တာဝန်ကို ထိထိရောက်ရောက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ် ခင်ဗျာ။ ။



မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်ကို တွေ့ရစဉ်။



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ မေ ၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့မှာ အသစ်ဖွင့်လှစ်ဦးမယ့် ဈေးရောင်းစင်တာတွေ



ဆွေဦးဝေ

အဝင်တံခါးပေါက်ရှေ့ ရပ်လိုက်တာနဲ့ အလိုအလျောက်ပွင့်သွားတဲ့ မှန်တံခါးမှ တစ်ဆင့် အတွင်းကိုလှမ်းဝင်လိုက်ချိန်မှာပဲ တစ်ကိုယ်လုံး အအေးဓာတ်လွှမ်းခြုံသွားသလို ခံစားလိုက်ရပါတယ်။ သပ်ရပ်သန့်ရှင်းစွာ ခင်းကျင်းထားတဲ့ ဆိုင်ခန်းတွေ၊ သစ်လွင်တောက်ပြောင်တဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ၊ ဆိုင်တွေအလိုက် တူညီဝတ်စုံတွေနဲ့ အရောင်းဝန်ထမ်းလေးတွေရဲ့ လှုပ်ရှားရောင်းချပြသနေမှုတွေနဲ့အတူ ခေတ်မီဈေးရောင်းစင်တာတစ်ခုလုံး ဈေးရောင်း၊ ဈေးဝယ်သူတွေ၊ လာရောက်လေ့လာသူတွေနဲ့ ကြန္တြေရစွာ စည်ကားနေပါတယ်။ ရန်ကုန်မြို့မှာ ဒီလိုနိုင်ငံတကာအဆင့်မီ ဈေးရောင်းစင်တာကြီးတွေ တစ်ခုပြီး တစ်ခု ထွက်ပေါ်လာနေသလို လာမယ့်နှစ်အနည်းငယ်အတွင်းမှာလည်း ဂျပန်ကုမ္ပဏီတစ်ခုက ဈေးရောင်း ဈေးဝယ်စင်တာတွေ ထပ်မံဖွင့်လှစ်ဖို့ ရှိနေတယ်လို့ ဆိုပါတယ်။

ဂျပန်နိုင်ငံ AEON က လာမယ့် ၂၀၂၃ ခုနှစ်မှာ ဈေးဝယ်စင်တာတွေ ဖွင့်ပြီး ကုန်ပစ္စည်းတွေ လက်လီ လက်ကား ရောင်းချသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ မိမိတို့ ပုဂ္ဂလိကကဏ္ဍကလည်း မြန်မာ့ပို့ကုန်တွေကို အပြည်ပြည်ဆိုင်ရာဈေးကွက်မှာ တရားဝင် ယှဉ်ပြိုင် ရောင်းချနိုင်ရေးအတွက် မြန်မာ ပို့ကုန်တွေကို ဝယ်ယူတင်သွင်းလိုတဲ့ နိုင်ငံတွေကို တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ကြဖို့ လိုပါတယ်လို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ၂၀၂၀ ပြည့်နှစ် မတ် ၆ ရက်က UMFCCI မှာပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ ပြောကြားပါတယ်။

### ဈေးဝယ်စင်တာများ အပြိုင်အဆိုင်ဖွင့်

ရန်ကုန်မြို့မှာ ဈေးဝယ်စင်တာပေါင်း ၃၀ ခန့်ရှိပြီး လူသုံးကုန်ပစ္စည်းတွေ လက်လီ ရောင်းချတဲ့ လက်လီဆိုင်ပေါင်း သောင်း ဂဏန်းအထိ ရှိနေပါတယ်။ ဒီလို ဈေးဝယ်စင်တာကြီးတွေ အပြိုင်အဆိုင် ဖွင့်လှစ်လာခြင်းဟာ ရန်ကုန်မြို့နေ ပြည်သူတွေ စိတ်တိုင်းကျကာ နှစ်သက်မှုဖြစ်နေကြပြီး လာရောက်ဝယ်ယူမှုအလေ့အထတွေ များလာနေပါတယ်။

ဒီလို ဈေးဝယ်စင်တာတွေများလာတဲ့ ရန်ကုန်မြို့မှာသာမက တစ်နိုင်ငံလုံး မြို့ကြီးတွေအထိပါ ဈေးဝယ်စင်တာတွေ ဖွင့်လှစ်နိုင်ဖို့ ဂျပန် AEON ကုမ္ပဏီက စီစဉ်နေတာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အကြီးစားလက်လီ ရောင်းချတဲ့ ဒီကုမ္ပဏီဟာ ပြည်တွင်းက ကုမ္ပဏီတစ်ခုနဲ့ အကျိုးတူပူးပေါင်းပြီး ဆောင်ရွက်မှာဖြစ်တာမို့ လောလောဆယ် ဈေးဝယ်စင်တာအရေအတွက် ဘယ်လောက်ဖွင့်မယ်ဆိုတာတော့ မထုတ်ပြန်သေးပါဘူး။

### ယှဉ်ပြိုင်နိုင်ဖို့ တွန်းအားပေး

တကယ်တော့ ဒီလိုပြည်ပကုမ္ပဏီတွေက လာရောက်ပြီး ဈေးဝယ်စင်တာတွေဖွင့်ကာ လက်လီ လက်ကားရောင်းချမှုတွေ ပြုလုပ်တာဟာ စားသုံးသူတွေ၊ ဝယ်ယူသူတွေအနေနဲ့ ဈေးနှုန်းသက်သာမှု၊ ကုန်ပစ္စည်းနဲ့ အရည်အသွေးကောင်းတွေ ရရှိနိုင်မှု၊ နည်းပညာ တိုးတက်လာမှုအပြင် ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ ယှဉ်ပြိုင်နိုင်မှု အားကောင်းလာစေတဲ့ တွန်းအားပေးနိုင်မှုတွေ ဖြစ်ပေါ်စေနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိစေမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ပြည်တွင်းမှာ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနှင့် နိုင်ငံခြားသား ပေါင်းစပ်ဆောင်ရွက်မည့် ကုမ္ပဏီတွေကို လက်လီ လက်ကားရောင်းဝယ်ရေး လုပ်ငန်းတွေ

အချပ်ပို (ဂ) သို့

# ရန်ကုန်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် စီမံကိန်းသစ်

ဇင်လင်းမြင့်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မှာရှိတဲ့ မိမိ နေထိုင်ရာ ရပ်ကွက်လမ်းအတွင်း လှမ်းဝင် လိုက်တာနဲ့ လမ်းမီးရောင်က ထိန်ထိန်လင်း နေတာ တွေ့ရပါတယ်။ လျှပ်စစ်ဗို့အား ပြည့်ပြည့်ဝဝရရှိတာမို့ လျှပ်စစ်မီးရောင်က အနီး အဝေးမြင်ကွင်းကို ရှင်းနေအောင် တွေ့မြင်ရတာဟာ လုံခြုံမှု၊ ကျေနပ်မှု၊ သက်သောင့်သက်သာဖြစ်မှုစတဲ့ စိတ်ခံစားမှု တွေကို တစ်ပြိုင်နက်တည်း ခံစားရစေပါတယ်။ ရန်ကုန်မြို့ဟာ စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုဇုန်တွေပေါ်များတဲ့အပြင် လူနေထိုင်မှုများပြားတာမို့ တစ်နိုင်ငံလုံးရဲ့ လျှပ်စစ်ဓာတ်အား သုံးစွဲမှုရဲ့ ထက်ဝက်ခန့်ရှိနေပါတယ်။ ရန်ကုန်မှာတည်ရှိနေတဲ့ စက်ရုံ အလုပ်ရုံတွေ လုပ်ငန်း လည်ပတ်ဖို့ဆိုတာ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးက အရေးကြီးနေတာမို့ ပြည်သူတွေ လျှပ်စစ်ဓာတ်အား ဖူလုံအောင် သုံးစွဲနိုင်သလို စီးပွားရေးလုပ်ငန်းတွေအတွက် ဓာတ်အားရရှိရေးကလည်း အဓိကအခန်း ကဏ္ဍမှာ ရှိနေပါတယ်။ ဒါကြောင့်လည်း သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့် ရင်းနှီး မြှုပ်နှံပြီး သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ် ဓာတ်အားထုတ်စက်ရုံ တည်ဆောက်နိုင်ရေး စီစဉ်နေပြီဖြစ်ပါတယ်။



"မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားခ ဈေးနှုန်းတွေ မြှင့်တင်လိုက်ပြီးနောက်ပိုင်းမှာ ဂျပန်ကုမ္ပဏီအချို့က မြန်မာနိုင်ငံရဲ့ လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှာ ရင်းနှီး မြှုပ်နှံမှုတွေ ပြုလုပ်လာကြတယ်" လို့ မြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောပါတယ်။

ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ အကွက်အမှတ် (၂၇)၊ (၂၈)၊ (၂၉) တို့မှာ အကောင်အထည်ဖော် တည်ဆောက်မယ့် အဲဒီ သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ် ဓာတ်အားထုတ်စက်ရုံကို ဂျပန်နိုင်ငံမှာ မာရူဘီနီ-ဆူမီတိုမိုကော်ပိုရေးရှင်းနဲ့ မြန်မာနိုင်ငံ တွင်းမှ အများပိုင်ကုမ္ပဏီတစ်ခုတို့က ပူးပေါင်း ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ စီစဉ်နေ တာဖြစ်တယ်လို့ ဆိုပါတယ်။

ဒီစက်ရုံ တည်ဆောက်လည်ပတ်နိုင်ရေး အတွက် လာမယ့် ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှာ အစိုးရနဲ့ အဲဒီပူးပေါင်းကုမ္ပဏီတို့ လက်မှတ် ရေးထိုးကြဖို့လည်း စီစဉ်ထားကြောင်း သိရပါ တယ်။ အဲဒီစက်ရုံစီမံကိန်းကနေပြီး လျှပ်စစ် ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ကျော် ထုတ်လုပ်နိုင် မှာဖြစ်တယ်လို့ ဆိုပါတယ်။

တကယ်လို့ ဒီစီမံကိန်းဟာ အခက်အခဲမရှိ အကောင်အထည်ဖော်နိုင်ခဲ့ရင်တော့ အခု ရင်းနှီးမြှုပ်နှံမှုဟာ လျှပ်စစ်ကဏ္ဍ ဂျပန် နိုင်ငံရဲ့ ပထမဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်လာမယ့် အနေအထားဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိနေတာမို့ ဂျပန်နိုင်ငံက မစ်ဆူအီ၊ မာရူဘီနီနဲ့ မစ်ဆူ ဘီရှီတို့လို ကုမ္ပဏီတွေက လျှပ်စစ်ဓာတ်အား ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ကြမယ့် အလားအလာကောင်းတွေ ရှိနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကိုကြည့်ရင် ၂၀၁၀-၂၀၁၁ ခုနှစ် မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း ၃၄၁၃ မဂ္ဂါဝပ်ခန့်ရှိခဲ့ရာမှာ ၂၀၁၅-၂၀၁၆ ခုနှစ် မှာ နိုင်ငံတစ်ဝန်း ဓာတ်အားပေးစက်ရုံတွေ ဖြစ်တဲ့ ရေအားဓာတ်အားထုတ်လုပ်ရေးစက်ရုံ တွေက ၃၁၈၅ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့မှာ ၁၈၂၉ မဂ္ဂါဝပ်၊

အချပ်ပို (ဂ) သို့

# ကိုဗစ်-၁၉ ကာလ၊ ရန်ကုန်ပရဟိတ လှုပ်ရှားသမျှ

**ရှင်နော်၊ ဓာတ်ပုံ – Clean Yangon**

**ကမ္ဘာ့** ကပ်ရောဂါတစ်ခုအသွင်ဖြင့် ဝင်ရောက်လာသော ကိုရိုနာဗိုင်းရပ်စ်သည် ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံအတွင်းကို ချင်းနင်းဝင်ရောက်လာခဲ့သည်မှာ ယခုဆိုလျှင် တစ်လကျော်ကာလအတွင်းကို ရောက်ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ကပ်ရောဂါဆိုးကြီး နိုင်ငံအတွင်းကို ချင်းနင်းဝင်ရောက်လာသော အခိုက်အတန့်တွင် ထိရောက်သော တုံ့ပြန်မှုများကို မြန်မာ့ကျန်းမာရေးအဖွဲ့အစည်းအနေဖြင့် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သည်။ ကုသရေးအပိုင်း၊ ကူညီစောင့်ရှောက်ရေးအပိုင်း၊ ထောက်ပံ့ရေးအပိုင်းဟူ၍ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ တာဝန်အသီးသီးခွဲယူပြီး ကျရာအပိုင်းမှ ထမ်းရွက်ခဲ့ကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

လက်ရှိအချိန်ကာလအထိ မြို့တော်ရန်ကုန်မှာ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဟန့်တားထားနိုင်ခြင်းဟာ အစိုးရ၊ ဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းအသီးသီးကြောင့်သာမဟုတ်ဘဲ ထုတ်ပြန်ပေးနေသည့် ကျန်းမာရေးစည်းကမ်းချက်များကို တိတိကျကျ လိုက်နာနေထိုင်နေကြသည့် မြို့သူမြို့သားများကြောင့်လည်း ဖြစ်ပါသည်။ ရန်ကုန်သူ ရန်ကုန်သားများအနေနဲ့ နှစ်စဉ်နှစ်တိုင်း သင်္ကြန်ရုံးပိတ်ရက်ကာလတွေမှာ ရေကစားခြင်း၊ ခရီးသွားခြင်း၊ ဘုရားကျောင်းကန်များမှာ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ မိသားစုအလိုက် အပန်းဖြေအနားယူခြင်းများ ပြုလုပ်လေ့ရှိရာမှာ တစ်သက်မှာတစ်ခါ ထူးခြားမှုအနေနဲ့ ကိုဗစ်ကပ်ရောဂါဆိုးကြောင့် အဆိုပါ ကိစ္စရပ်တွေကို ထူးထူးခြားခြား စွန့်လွှတ်ခဲ့ရပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ကျန်းမာရေးဌာနက ထုတ်ပြန်ပေးထားသည့်စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်ခဲ့ကြပါသည်။

## လူငယ်ထုရဲ့စွမ်းအား

အစိုးရအဖွဲ့အစည်းအသီးသီးနဲ့ ပြည်သူလူထုလက်တွဲပြီး ကိုဗစ်ရောဂါဆိုးကို ခုခံကာကွယ်နေချိန်မှာ ရန်ကုန်လူထုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေတာက ရန်ကုန်လူငယ်ထုပဲဖြစ်ပါသည်။ ကျန်းမာရေးဌာနများ၊ ဆေးရုံများ၊ ကန့်သတ်စောင့်ကြည့်ရာနေရာများ၊ ကာကွယ်ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ စတဲ့အခြေခံလိုအပ်ချက်တွေကို အရေးပေါ်ဖြည့်ဆည်းပေးဖို့ လိုအပ်တဲ့နေရာတိုင်းမှာ ရန်ကုန်လူငယ်ထုကို တွေ့မြင်နေရပါသည်။ နိုင်ငံတော်အစီအစဉ်နဲ့ ဆန်၊ ဆီ၊ ဆားလှူဒါန်းမှုတွေ၊ အဝတ်အထည်၊ အစားအသောက်နဲ့ နောက်ဆုံး ရေသန့်လိုအပ်မှုကအစ လူငယ်ထုဟာ ကာယစွမ်းအား၊ ဉာဏစွမ်းအားအပြည့်နဲ့ ပူးပေါင်းပါဝင်သည်ကို တွေ့ရပါသည်။

တိုင်းဒေသကြီးအတွင်းက မြို့နယ်အသီးသီးမှာ စိတ်တူဝါသနာတူရာ စုပေါင်းဖွဲ့စည်းထားသည့် တစ်ပိုင်တစ်နိုင် ပရဟိတအသင်းများစွာမှာ ရန်ကုန်လူငယ်ထုရဲ့ လှုပ်ရှားဆောင်ရွက်မှုများကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ရန်ကုန်လူငယ်ထု အများဆုံးပါဝင်သည့်ပရဟိတအသင်းများကို သန့်ရှင်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကလေးသူငယ်စောင့်ရှောက်ရေးကဏ္ဍ၊ သက်ကြီးဘိုးဘွားစောင့်ရှောက်ရေးကဏ္ဍ၊ စားဝတ်နေရေးကဏ္ဍ စသည်ဖြင့် မိမိနှစ်သက်ရာကဏ္ဍအလိုက် ဖွဲ့စည်းထားတတ်ကြပါသည်။ ရန်ကုန်လူငယ်ပရဟိတအဖွဲ့များအနေနဲ့ တိုင်းဒေသကြီးအတွင်း အရေးကိစ္စကြီးငယ် ပေါ်ပေါက်လာသည့်အခါတိုင်းမှာ ကားကို မီးရောင်စုံဖွင့်ပြီး အကူအညီပေးရန်အတွက် အပြေးအလွှားအရောက်လာတတ်ကြလေ့ရှိပါသည်။

လက်ရှိအချိန်မှာ ညဥ့်နက်ပိုင်း အသွားအလာကန့်သတ်ထားသည့် ရန်ကုန်မြို့ကို တာဝန်ရှိအဖွဲ့အစည်းများ နည်းတူ ပြည်သူများလုံခြုံရေးအတွက် စောင့်ရှောက်ပေးသည်မှာလည်း ရန်ကုန်လူငယ်ထုပင်ဖြစ်ပါသည်။ လမ်းအလိုက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ဖြစ်စေ၊ မြို့နယ်များတွင် ဖွဲ့စည်းထားသော ကော်မတီအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ဖြစ်စေ ရန်ကုန်လူငယ်ထုက အမည်အမျိုးမျိုးခံကာ ပြည်သူလူထုအား တတ်စွမ်းသမျှ ကူညီထောက်ပံ့ပေးလျက်ရှိသည်။

မြို့တော်ရန်ကုန်ရှိ ပရဟိတအသင်းများစွာအနက် ရန်ကုန်မြို့တော်ကြီးအားစိမ်းလန်းပြီး သန့်ရှင်းသာယာလှပသော မြို့တော်ကြီးအဖြစ်ပြောင်းလဲနိုင်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းကာ လက်ရှိအချိန်တွင် ပရဟိတ




ကိုဗစ်–၁၉ ရောဂါ ခုခံကာကွယ်ချိန်တွင် ရန်ကုန်ပရဟိတလူငယ်များက ပြည်သူလူထုအား တတ်စွမ်းသမျှ ပါဝင်ကူညီထောက်ပံ့ပေးစဉ်။

အသင်းပေါင်း ၆၅ သင်းကျော်၊ လူကြီး လူငယ် လူလတ်မရွေး အလွှာအသီးသီးမှ လူတန်းစားပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် Clean Yangon တာဝန်ခံ ကိုဇေယျာထွန်းက ကိုဗစ်ကာလ ကူညီဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ "ကိုဗစ်ကာလမှာ အဓိက ကျန်းမာရေးဝန်ထမ်းတွေရယ်၊ စေတနာ့ဝန်ထမ်းတွေရယ်ကို အားဆေးတွေ ထောက်ပံ့ပေးနေပါတယ်။ နောက်တစ်ခုက အခြေခံလူတန်းစားအိမ်ထောင်စုတွေအတွက် စားနပ်ရိက္ခာတွေ လိုက်လံလှူဒါန်းပေးနေတာတွေ ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ မတ် ၁၀ ရက်လောက်ကစပြီး အသိပညာပေးပိုစတာတွေစပြီးလုပ်ခဲ့တာပါ။ ပြီးတော့ ပန်းဖလက်ဝေတဲ့ လှုပ်ရှားမှုတွေ တောက်လျှောက်လုပ်ခဲ့ပါတယ်။ လုပ်နေရင်းတန်းလန်းနဲ့ Positive Case တွေ့တယ်ဆိုတော့ အင်တိုက်အားတိုက် ထပ်လှုပ်ရှားဖြစ်တယ်။ ရန်ကုန်မြို့တင်မကဘဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့ Billboards ထောင်တယ်၊ လက်ဆေးဖို့ အသိပညာပေးတာတွေလုပ်ပေးခဲ့ပါတယ်။ ကိုဗစ်–၁၉ ဖြစ်လာတဲ့အခါကျတော့ ဆေးရုံ၊ ဆေးခန်းတွေမှာ လိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်း လှူဒါန်း ပေးထားတာရှိတယ်။ နောက်တစ်ခုကျတော့ ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ စိတ်ခွန်အားရရှိစေမယ့်ဟာမျိုးတွေ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ တာဝန်ထမ်းဆောင်နိုင်ဖို့နဲ့ အားအင်ပြည့်ဝနေဖို့ အားဆေးလိုဟာမျိုးတွေ လှူပေးတာတွေ ရှိပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်မြို့၏ အခြေခံလိုအပ်ချက်ဖြစ်သော စုပေါင်းသန့်ရှင်းရေးကို အဓိကထားလုပ်ဆောင်ခဲ့ပြီး ကိုဗစ်–၁၉ ရောဂါ ကာလတွင် ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေးမှုများ လုပ်ဆောင်ပေးလျက်ရှိသော Clean Yangon အဖွဲ့တွင် အမြဲတမ်းအသင်းဝင်ပေါင်း ၂၀၀ ကျော်နှင့် စေတနာ့ဝန်ထမ်းအသင်းဝင်ပေါင်း ၁၀၀၀ နီးပါး ပါဝင်လုပ်အားပေးနေသည်။

ကိုဗစ်–၁၉ ကာလ အစိုးရနှင့် ပုဂ္ဂလိက အလှူရှင်များ လှူဒါန်းသော ဆန်အိတ်၊ ဆီပုံးကဲ့သို့ အလေးအပင်များ သယ်ယူရာတွင် လည်းကောင်း၊ မြို့နယ် ရပ်ကွက်များရှိ သာရေးနာရေးလူမှုကိစ္စ အဝဝတို့တွင် လည်းကောင်း ရန်ကုန်လူငယ်ထုက တတ်စွမ်းသမျှ ဝိုင်းဝန်းကြသည်။ ထိခိုက်အနာတရဖြစ်သူ၊ ကျန်းမာရေးမကောင်းသူ စသော အရေးပေါ်အခြေအနေဖြင့် ဆေးရုံဆေးခန်းသွားရန်လိုသည့်အခါ ပရဟိတလူငယ်များက ဝိုင်းဝန်းလုပ်ဆောင်ပေးတတ်ကြသည်။ ထို့ကြောင့်ပင် ယခုသီတင်းပတ်၏ ရန်ကုန်စာမျက်နှာထက်၌ ကိုဗစ်–၁၉ ကာလတွင် ပါဝင်လှုပ်ရှားလျက်ရှိသော ရန်ကုန်ပရဟိတလူငယ်များအကြောင်းကို တင်ဆက်လိုက်ရပါသည်။ ။



ရန်ကုန်မြို့ရှိ ပရဟိတလူငယ်များ ပြည်သူလူထုကို ကူညီထောက်ပံ့မည့် ဆန်အိတ်နှင့် စားသောက်ကုန်များ သယ်ယူလာစဉ်။

> **"ကိုဗစ်-၁၉ ကာလ အစိုးရနှင့် ပုဂ္ဂလိက အလှူရှင်များ လှူဒါန်းသော ဆန်အိတ်၊ ဆီပုံးကဲ့သို့ အလေးအပင်များ သယ်ယူရာတွင် လည်းကောင်း၊ မြို့နယ် ရပ်ကွက်များရှိ သာရေးနာရေးလူမှုကိစ္စ အဝဝတို့တွင် လည်းကောင်း ရန်ကုန်လူငယ်ထုက တတ်စွမ်းသမျှ ဝိုင်းဝန်းကြသည်။ ထိခိုက်အနာတရဖြစ်သူ၊ ကျန်းမာရေးမကောင်းသူ စသော အရေးပေါ်အခြေအနေဖြင့် ဆေးရုံဆေးခန်းသွားရန် လိုသည့်အခါ ပရဟိတလူငယ်များက ဝိုင်းဝန်းလုပ်ဆောင်ပေး တတ်ကြသည်။"**

**ရန်ကုန်မြို့မှာ အသစ်ဖွင့်လှစ်ဦးမယ့် ဈေးရောင်းစင်တာတွေ . . . မှ**

လုပ်ကိုင်ခွင့်ပြုခြင်း ဖြစ်တယ်လို့လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာမှာ ဖော်ပြထားပါတယ်။

ဒီလို ဈေးဝယ်စင်တာတွေ ဖွင့်ပြီး လက်လီလက်ကားရောင်းချမှု စတင်လုပ်ကိုင်တဲ့အခါ လက်ကားရောင်းချမှုအနေနဲ့ မြေငွေရမ်းခမပါ အမေရိကန်ဒေါ်လာ ၅ သန်းနဲ့ လက်လီရောင်းချမှုလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၃ သန်းကို ကနေဦးမတည်ရင်းနှီး ရမယ်လို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားပါတယ်။

**တန်ဖိုးမြင့်ပြည်တွင်းထုတ်ကုန်**

နိုင်ငံခြားသားတွေအနေနဲ့ ပြည်တွင်းလက်လီလက်ကား ရောင်းဝယ်ခွင့်ပြုတဲ့ ကုန်ပစ္စည်းအမျိုးအစား ၂၄ မျိုး သတ်မှတ်ထားပါတယ်။ အဲဒီ ကုန်ပစ္စည်းအမျိုးအစားတွေက အဝတ်အထည်၊ နာရီ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းတွေ၊ အိမ်သုံးပစ္စည်းတွေ စတာတွေ ဖြစ်ပါတယ်။ ဒီလိုရောင်းချရာမှာလည်း ပြည်တွင်းက ထုတ်ကုန်တွေကို တန်ဖိုးမြင့် ထုတ်လုပ်ကာ ဦးစားပေးရောင်းချမှုတွေလည်း ဆောင်ရွက်ရမယ်လို့ ဆိုထားပါတယ်။

ရန်ကုန်မြို့ရဲ့ အဓိက ကားလမ်းမတွေပေါ်မှာရော၊ လမ်းဆုံတွေမှာပါ ဈေးရောင်းစင်တာကြီးတွေ၊ ရှော့ပင်းမောတွေ၊ စူပါမားကတ်တွေ အပြိုင်အဆိုင် တည်ရှိနေသလို ထပ်မံထွက်ပေါ်လာဖို့လည်း ရှိနေပြီ ဖြစ်ပါတယ်။ ပြည်သူတွေနေထိုင်ရာ နေရာနဲ့ လက်လှမ်းမီရာ နေရာတွေမှာ တည်ရှိနေပြီဖြစ်တဲ့ဈေးရောင်း၊ ဈေးဝယ်စင်တာကြီးတွေဟာ အခုဆိုရင် ဖျော်ဖြေရေးအဖြစ် ရုပ်ရှင်ရုံတွေ၊ ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေးဆိုင်ရာ ဖျော်ဖြေမှုတွေ၊ နာမည်ကြီးအနုပညာရှင်တွေရဲ့ အမှတ်တရလက်မှတ်ရေးထိုးပေးတဲ့ ပရိသတ်နဲ့ တွေ့ဆုံပွဲတွေလည်း ပြုလုပ်နေတာမို့ လူတွေစိတ်ဝင်စားရာ နေရာတွေအဖြစ် ရောက်ရှိလာပါတယ်။

ဒါ့အပြင် လက်ဖက်ရည်၊ ကော်ဖီနဲ့ အခြားစားသောက်စရာဆိုင်တွေလည်း တည်ရှိနေတာမို့ ဈေးရောင်းစင်တာကြီးတွေကို လာရောက်ရင်းနဲ့ အားလုံးပြည့်စုံအောင်၊ စိတ်ကျေနပ်မှုရရှိအောင် ဖြည့်ဆည်းပေးနိုင်တဲ့ နေရာတစ်ခုအဖြစ်လည်း တည်ရှိနေပါတယ်။

ရန်ကုန်မြို့ရဲ့ ရှော့ပင်းမောကြီးတွေဟာ လူငယ်တွေအတွက်ရော၊ လူကြီးတွေအတွက်ပါ အပန်းဖြေစရာ နေရာတစ်ခုအဖြစ် ရောက်ရှိအောင်ဆောင်ရွက်ထားတာဖြစ်ပြီး ပြည်သူတွေအတွက်လာရောက်တဲ့အခါ အနှောင့်အယှက်တစ်စုံတစ်ရာမရှိအောင် ဈေးရောင်းဈေးဝယ်မှုကိုလည်း စည်းကမ်းရှိရှိနဲ့ ဆက်ဆံကာ ဝန်ဆောင်မှုပေးနေမှုတွေကလည်း သတိပြုစရာဖြစ်ပါတယ်။

ပြည်တွင်းကို ပြည်ပကနေပြီး လက်လီလက်ကားရောင်းချမှုတွေဝင်ရောက်လာခြင်းကြောင့် လက်ရှိဈေးဝယ်စင်တာ လုပ်ငန်းတည်ထောင်လုပ်ကိုင်သူတွေအတွက် ပူးပေါင်းလုပ်ကိုင်နိုင်လို့ အဆင်ပြေနိုင်ပေမယ့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူတွေအတွက် ယှဉ်ပြိုင်မှု ခက်ခဲနိုင်တဲ့အချက်လည်း ရှိနေပါတယ်။ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ချဲ့ထွင်မှုတွေကအစ စိန်ခေါ်မှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။

**မြို့ပြဖွံ့ဖြိုးမှုထောက်ကူပြု**

ဈေးရောင်းစင်တာကြီးတွေ ပြည်ပက ထပ်မံဝင်ရောက်လာနိုင်လေလေ နိုင်ငံတကာက နာမည်ကြီးထုတ်ကုန်တွေကို ပြည်တွင်းမှာ ဈေးနှုန်းသင့်တင့်စွာ တိုက်ရိုက်ဝယ်ယူနိုင်ခြင်း၊ ခေတ်မီဈေးရောင်းစင်တာကြီးတွေ ထွက်ပေါ်လာခြင်းဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ ယှဉ်ပြိုင်မှုအားကောင်းစေခြင်း၊ မိမိတို့မြန်မာထုတ်ကုန်များကို ပြည်ပနိုင်ငံများရှိ ၎င်းတို့၏ဈေးရောင်းစင်တာများတွင် တင်ပို့ရောင်းချနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေရရှိစေမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့မှာ ပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံဖွင့်လှစ်မယ့် ဈေးရောင်းစင်တာသစ်ကြီးတွေ ထွက်ပေါ်လာဦးမှာ ဖြစ်ပါတယ်။ ။



**ဈေးရောင်းစင်တာကြီးတွေ ပြည်ပက ထပ်မံဝင်ရောက်လာနိုင်လေလေ နိုင်ငံတကာက နာမည်ကြီးထုတ်ကုန်တွေကို ပြည်တွင်းမှာ ဈေးနှုန်းသင့်တင့်စွာ တိုက်ရိုက်ဝယ်ယူနိုင်ခြင်း၊ ခေတ်မီဈေးရောင်းစင်တာကြီးတွေ ထွက်ပေါ်လာခြင်းဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ ယှဉ်ပြိုင်မှုအားကောင်းစေခြင်း၊ မိမိတို့ မြန်မာထုတ်ကုန်များကို ပြည်ပနိုင်ငံများရှိ ၎င်းတို့၏ ဈေးရောင်းစင်တာများတွင် တင်ပို့ရောင်းချနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိစေမှာဖြစ်**

---

**ရန်ကုန်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် စီမံကိန်းသစ် . . . မှ**

ကျောက်မီးသွေးမှာ ၁၂၀ မဂ္ဂါဝပ်၊ ဒီဇယ်မှ ၁၀၁ မဂ္ဂါဝပ်တို့ ဖြစ်ပါတယ်။

အဲဒီ ၂၀၁၅ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီးက ၁၀၅၀ မဂ္ဂါဝပ်ခန့်သုံးစွဲနေပြီး ၂၀၁၆ ခုနှစ်မှာ ၁၂၅၀ မဂ္ဂါဝပ်ခန့်အထိ တိုးတက်သုံးစွဲလာခဲ့ပါတယ်။ အခု ၂၀၁၉-၂၀၂၀ မှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာ ၁၅၄၈ ဒသမ ၂၃ မဂ္ဂါဝပ်ခန့်ရှိလာပြီး တစ်နိုင်ငံလုံးဓာတ်အားသုံးစွဲမှုရဲ့ ထက်ဝက်ခန့်ရှိလာတယ်လို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။

ရန်ကုန်မြို့မှာ သီလဝါအထူးစီးပွားရေးဇုန်နဲ့ စက်မှုဇုန်တွေ တိုးတက်ဖွံ့ဖြိုးပြီး ကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အား အလုံအလောက်ပေးစွမ်းနိုင်ရေးက အဓိကအချက်တစ်ချက်အနေနဲ့ တည်ရှိနေပါတယ်။ ဒါကြောင့်မို့လည်း သီလဝါမှာ ၂၀၁၅-၂၀၁၆ ခုနှစ်က ဂျပန် ODA ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၆ သန်းနဲ့ တည်ဆောက်ခဲ့တဲ့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်တဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီစက်ရုံအတွက် သဘာဝဓာတ်ငွေ့ကို ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းက ရယူပြီး ၂၅ မဂ္ဂါဝပ်ထွက်ရှိတဲ့ ဟီတချီ H-25 ဓာတ်ငွေ့တာဘိုင်အမျိုးအစား စက်နှစ်လုံးနဲ့ စုစုပေါင်း စက်တပ်အင်အား ၅၀ မဂ္ဂါဝပ် ဓာတ်အားထွက်ရှိအောင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီဓာတ်အားတွေကို နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ထည့်သွင်းပြီး ကျောက်တန်း၊ သီလဝါအထူးစီးပွားရေးဇုန် စတဲ့နေရာတွေကို ဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ စက်ရုံ အလုပ်ရုံတွေပေါများသလို စက်မှုဇုန်တွေနဲ့ အထူးစီးပွားရေးဇုန်လည်းရှိတဲ့အပြင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေလည်း များပြားတာမို့ ဓာတ်အားအသုံးပြုမှုဟာ လိုအပ်ချက်ရှိနေဆဲဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ လူဦးရေဟာ ၈ သန်းကျော်ရှိနေတယ်လို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ကနဦးစာရင်းအင်းတွေမှာ ဖော်ပြထားပါတယ်။ လူနေထိုင်မှုများပြားတဲ့ ရန်ကုန်တိုင်းဒေသကြီးရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကလည်း တိုးတက်များပြားလာတာမို့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မဖြစ်မနေ ကြိုးစားဖော်ဆောင်နေတာ ဖြစ်ပါတယ်။

ဒီလို ဓာတ်အားလိုအပ်ချက်ရှိနေတာမို့ မဂ္ဂါဝပ် ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ထွက်ရှိမယ့် အလုံသဘာဝဓာတ်ငွေ့သုံးစက်ရုံ၊ မဂ္ဂါဝပ် ၃၅၀ ထွက်ရှိမယ့် သန်လျင် (LNG) စက်ရုံ၊ မဂ္ဂါဝပ် ၄၀၀ ထွက်ရှိမယ့် သာကေတ(LNG) ဓာတ်အားပေးစက်ရုံတွေကိုတည်ဆောက်နေပြီး ရန်ကုန်မြို့ရဲ့ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ အခြားဒေသတွေကို ဓာတ်အားပေးနိုင်ဖို့ပါ စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အခုလည်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှာ တည်ဆောက်မယ့် သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသစ်ဟာ လာမယ့် ၂၀၂၁ ခုနှစ်မှာ လက်မှတ်ရေးထိုး အကောင်အထည်ဖော်တည်ဆောက်နိုင်ခဲ့ရင်တော့ ရန်ကုန်မြို့နေပြည်သူတွေအတွက်ရော စက်ရုံ အလုပ်ရုံတွေအတွက်ပါ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိနိုင်ရေး ဖြည့်ဆည်းနိုင်မယ့် စီမံကိန်းသစ်တစ်ခုဖြစ်လာမယ်လို့ ယုံကြည်နေမိတာ အမှန်ပါပဲ။



**"ရန်ကုန်မြို့မှာ သီလဝါအထူးစီးပွားရေးဇုန်နဲ့ စက်မှုဇုန်တွေ တိုးတက်ဖွံ့ဖြိုးပြီး ကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အားအလုံအလောက်ပေးစွမ်းနိုင်ရေးက အဓိကအချက်တစ်ချက်အနေနဲ့ တည်ရှိနေပါတယ်။ ဒါကြောင့်မို့လည်း သီလဝါမှာ ၂၀၁၅-၂၀၁၆ ခုနှစ်က ဂျပန် ODA ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၆ သန်းနဲ့ တည်ဆောက်ခဲ့တဲ့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်တဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ခဲ့"**

# ကိုဗစ်ရယ်. . မိုးရယ်. . တုပ်ကွေးရယ်

သျှင်ဝင်းသျှင်
ဓာတ်ပုံ-တင်ဝင်းတင်

မပြင့်မဖိတ်ဘဲ နွေခေါင်ခေါင် မတ်လစတုတ္ထပတ်ထဲက မြန်မာပြည်ကို ရောက်လာခဲ့တဲ့ ကိုဗစ်-၁၉ က အခုဆို တစ်လကျော်ကျော်ရှိနေပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

တစ်လကျော်အတွင်း ရောဂါပိုးပျံ့နှံ့မှုကလည်း မေ ၄ ရက် ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ ရောဂါပိုးတွေ့ရှိသူ ၁၆၁ ဦး ရှိခဲ့ပြီး အဲဒီထဲကပြန်လည်ကောင်းမွန်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၂၉ ဦးရှိနေပါပြီ၊ သေဆုံးသူ ခြောက်ဦးသာ ရှိခဲ့ပါတယ်။ နိုင်ငံတော်က တာဝန်ရှိသူတွေရဲ့ အဆိုအရ ပထမလှိုင်းအဆင့်မှာပဲ ရှိနေပါသေးတယ်။ နောက်ထပ်လှိုင်းလုံးများကို ဘယ်လောက်ကြာကြာဖြတ်ကျော်ရဦးမှာလဲဆိုတာ ဘယ်သူမှ မပြောနိုင်တဲ့ အနေအထားပါ၊ မိုင်ပေါင်းများစွာရှည်လျားတဲ့ ပြေးလမ်းပေါ်က တာဝေးအပြေးသမားလိုပါပဲ၊ ရေရှည်အမောလုံဖို့ လိုပါလိမ့်မယ်။

### ရာသီပြောင်းလဲကာလရောက်

အခုက ဧပြီလကုန်လို့ မေလထဲရောက်လာခဲ့ပါပြီ။ ကမ္ဘာ့နိုင်ငံအသီးသီးက မိုးလေဝသဌာနနဲ့ မြန်မာနိုင်ငံမိုးလေဝသဌာနတို့ရဲ့ တွက်ချက်လေ့လာမှုအရ မြန်မာနိုင်ငံအတွင်းကို မုန်တိုင်းဝင်လာနိုင်ပြီး မိုးရွာသွန်းမှုလည်း မြင့်တက်လာနိုင်တယ်လို့ ထုတ်ပြန်ထားတာကို တွေ့ရပါတယ်။ ရာသီအပြောင်းအလဲကာလကို ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

ရာသီအပြောင်းအလဲကာလ မိုးဦးမှာ ဖြစ်လေ့ဖြစ်ထရှိတာက ရာသီတုပ်ကွေးပါ။ ရာသီတုပ်ကွေးက လူကြီးလူလတ် အသက်အရွယ်ကြီးရင့်သူတွေ အဖြစ်များတတ်ပါတယ်။ မေလအကုန် ဇွန်လမှာ မိုးဖြိုင်ဖြိုင်ကျလာရင်ဖြင့် သွေးလွန်တုပ်ကွေးပါ၊ အဓိက ကလေးများအတွက် စိုးရိမ်ရမယ့်ရောဂါတစ်ခုပါပဲ။

အဲဒါကြောင့် ကိုဗစ်ကလည်း အဆုံးမသတ်နိုင်သေး၊ မိုးကလည်း ရောက်ရှိလာပြီမို့ ကိုဗစ်ရယ်၊ မိုးရယ်၊ တုပ်ကွေးရယ် ရောထွေးလာနိုင်ဖွယ်ရှိတယ်လို့ သုံးသပ်မိပါတယ်။

ကိုဗစ်နဲ့ တုပ်ကွေးရောဂါလက္ခဏာတွေနဲ့ပတ်သက်လို့ မိတ်ဆွေ ဆရာဝန်၊ ဆရာသမားတွေထံ မေးမြန်းစေ့ငုခဲ့ပါတယ်။

စာရေးဆရာလည်းဖြစ်၊ ကျန်းမာရေးပညာလည်း ပြည့်ဝတဲ့ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က ကိုဗစ်-၁၉နဲ့ ရာသီတုပ်ကွေးလက္ခဏာများကိုယှဉ်ပြီး ရှင်းပြထားပါတယ်။ “ရာသီတုပ်ကွေးရဲ့ ရောဂါလက္ခဏာတွေက ကိုယ်တွေပူလာမယ်၊ ချောင်းခြောက်တွေ ဆိုးလာမယ်၊ ကိုယ်လက်တွေ ကိုက်ခဲနုံးချိလာမယ်၊ ကိုဗစ်-၁၉ ကျတော့ ရာသီတုပ်ကွေးလက္ခဏာလိုပဲ ချောင်းဆိုးကိုက်ခဲနွမ်းနယ်တဲ့ လက္ခဏာတွေရှိမယ်၊ အဓိက အသက်ရှူကျပ်လာမယ်၊ နောက်ဆုံးအသက်ရှူမရတော့ဘဲ သေဆုံးတဲ့အထိ ဖြစ်လာနိုင်ပါတယ်” လို့ အခြေခံသဘောတရားများကို ရှင်းပြပေးလို့ သိရပါတယ်။

ကူးစက်မှုနှင့် ပတ်သက်လို့ ရာသီတုပ်ကွေးက အမှုန်အမွှား(Dropled)ကို ရှူရှိုက်မိမယ်၊ ကိုင်တွယ်မိမယ်၊ ရောဂါပိုးရှိသူနဲ့ ထိတွေ့မိမယ်၊ အဲဒါကြောင့် ဖြစ်တတ်ပြီး ကိုဗစ်-၁၉ ကူးစက်ပုံခြင်း အလားသဏ္ဌာန်အတူတူပင် ဖြစ်တယ်လို့ မေးမြန်းမှုအရ သိရပါတယ်။

ကူးစက်နှုန်းနဲ့ ပတ်သက်လို့ ရာသီတုပ်ကွေးက ရောဂါလက္ခဏာပြပြီး သုံးလေးရက်ကြာမှ အခြားသူကို ကူးစက်နိုင်သလို မိမိက နောက်ထပ်နှစ်ဦး၊ သုံးဦးဆီ ပျံ့နှံ့သွားတတ်ကြောင်းကို သိရပါတယ်။

ကိုဗစ်-၁၉ က ပိုးရှိသူနဲ့ ထိတွေ့ပြီး မိမိမှာ ရောဂါဝင်ရောက်ချိန်ကစလို့ စတင်ကူးစက်နိုင်ပြီး ပိုးရှိသူတစ်ယောက်မှသည် အဆင့်ဆင့် ကူးစက်နိုင်တယ်လို့ သိရပါတယ်။ ရောဂါပြင်းထန်မှုက ရာသီတုပ်ကွေးထက် အဆများစွာ ပြင်းထန်မှုရှိတယ်လို့ ဆိုထားပါတယ်။

### ကုသဖို့ ဆေးမရှိသေး

ရာသီတုပ်ကွေးနဲ့ ပတ်သက်လို့ ကုသဖို့ ဆေးရှိပေမယ့် (နှစ်စဉ်ဆေးအပြောင်းအလဲရှိတတ်ပါတယ်) ရောဂါအသစ်အဆန်းဖြစ်တဲ့ ကိုဗစ်-၁၉က အခုအချိန်အထိ ကုသဖို့ဆေးက တိတိပပ မရှိသေးတာကို ကြားသိနေရပါတယ်။

ရောဂါနှစ်ခုစလုံးအတွက် ကြိုတင်ကာကွယ်ဖို့က အဓိကကိုယ်ခံအားကောင်းဖို့ အထူးပဲလိုအပ်ပါတယ်။ အဲဒီအတွက် ဝဝအိပ်၊ ဝဝစား၊ စိတ်ချမ်းသာကိုယ်ကျန်းမာဖို့ များများ အနားယူဖို့ လိုအပ်ကြောင်း ဆရာကြီးက ဆိုထားပါတယ်။ ဒါ့အပြင် ကျန်းမာရေးဌာနက ညွှန်ကြားချက်များကို အလေးထားလိုက်နာဖို့လည်း အရေးကြီးပါတယ်။

မိုးဖြိုင်ဖြိုင်ကျလာရင် တစ်ဆက်တည်းဖြစ်လာမှာက သွေးလွန်တုပ်ကွေးပါ။ အဓိက ကလေးများအဖြစ်များတယ်လို့ ဆိုကြပေမယ့် အသက် ၄၀ အရွယ် လူလတ်များအထိ ဖြစ်တတ်ကြောင်းကို ကြည့်မြင်တိုင်မြို့နယ်က ဒေါက်တာလင်းထိန်ဝင်း(ဖိုးသား)က ဆိုထားပါတယ်။

“သွေးလွန်တုပ်ကွေးရဲ့ အဓိက တရားခံကခြင်ပဲ”လို့ ဆိုပါတယ်။ သွေးလွန်တုပ်ကွေးကြောင့် နှစ်စဉ် ဆေးရုံတက်ကုသကြရတဲ့ ကလေးတွေအမြောက်အမြားရှိသလို အဖိတ်အစင်လည်းရှိပါတယ်။ ဆေးရုံကြီးတွေကလည်း ဒီအချိန်မှာ အလွန်ပဲ အလုပ်များနေကြပါတယ်။

မိမိကိုယ်ကိုမိမိ ကျန်းမာအောင်နေရမယ့်ကာလပါ။ အချို့ရပ်ကွက်တွေထဲက ဆေးကုခန်းတွေဆို ကိုဗစ်အသံကြားကတည်းက လုံးဝပိတ်လိုက်ပြီး မလာကြတော့ဘူး။ ဖုန်းဆက်ရင်တောင် မကိုင်ကြတော့ပါဘူး။

မြို့နယ်အချို့မှာတော့ မြို့နယ်က တာဝန်ရှိသူတွေနဲ့ ပရဟိတအဖွဲ့တွေပေါင်းပြီး ယာယီဆေးခန်းတွေဖွင့်နေကြပါပြီ။ ရန်ကုန်တစ်မြို့လုံးနဲ့ဆိုရင်တော့ အဲဒီလို ပရဟိတ ပြင်ပဆေးခန်းလေးတွေ အများကြီးလိုအပ်နေဦးမှာပါ။

ရာသီတုပ်ကွေးနဲ့ သွေးလွန်တုပ်ကွေးကာကွယ်ဖို့က မိမိဝန်းကျင်သန့်ရှင်းနေစေဖို့နဲ့ အဓိက သွေးလွန်တုပ်ကွေးဖြစ်စေတတ်တဲ့ ခြင်တွေမခိုအောင်းနိုင်စေရေးပဲ ဖြစ်ပါတယ်။

ခြင်တွေမခိုအောင်းနိုင်ဖို့ဆိုရင် မိမိပတ်ဝန်းကျင်မှာ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ခြင်ခိုအောင်းနိုင်စေမယ့် ပစ္စည်းအဟောင်းတွေကို ရှင်းထားဖို့လိုအပ်ပါတယ်။ ရေတွင်းရေကန်တွေကို ဖုံးအုပ်ထားဖို့လိုပါတယ်။

အရေးအကြီးဆုံးက အိမ်ရှေ့နဲ့နောက်ဖေးမြောင်းတွေ ရေစီးရေလာကောင်းနေဖို့ အဓိက အလိုအပ်ဆုံးပါပဲ။ ရန်ကုန်အိမ်တွေက အိမ်ရှေ့မြောင်းတွေနဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတတ်သလို အိမ်နောက် တိုက်နောက် မြောင်းတွေက အမြဲရေစီးရေလာကောင်းဖို့ လိုအပ်ပါတယ်။

ရေမြောင်းများလို့သာဆိုရပေမယ့် အချို့ဆင်ခြေဖုံးရပ်ကွက်တွေမှာ အများအားဖြင့် ရေမြောင်းတွေတောင် မရှိတတ်ကြပါဘူး။ ရှိထားပြီးပြန်ရင်လည်း မြေတွေပြန်ပြည့်ပြီးနေတတ်ပါတယ်။ စီးရမယ့်ရေက သူ့လမ်းသူထွင်ပြီးဆင်းသွားကြတာ ဖြစ်ပါတယ်။ မဆင်းနိုင်ရင်လည်း ရေဝပ်ရေသေဖြစ်နေတတ်ပါတယ်။


လက်ရှိ ရန်ကုန်မြို့တော်စည်ပင်အနေနဲ့ ဘတ်ဂျက်အလိုက် ရေမြောင်းကြီးတွေပြန်တူးဖော်ပေးနေပါတယ်။ ဘတ်ဂျက်နှစ်အလိုက် ဖြစ်တဲ့အတွက် လုပ်ပြီးတဲ့ မြို့နယ်တွေရှိသလို မလုပ်ရသေးတဲ့ မြို့နယ်တွေလည်း ကျန်ပါသေးတယ်။

### စိုးရိမ်မှုတွေဖိစီး

အထက်ကဆိုခဲ့သလို ဒီအချိန် ဒီကာလ မိုးလာတော့မှာဖြစ်တဲ့အတွက် မပြီးဆုံးသေးတဲ့ ကိုဗစ်ရယ် မိုးရယ် တုပ်ကွေးရယ်က ရောရောထွေးထွေးဖြစ်လာမှာကို စိုးရိမ်နေကြပါတယ်။ ရင်ထဲမှာ တစ်စုံတစ်ခု ခံစားလာရရင် အခြေခံလူတန်းစားအများစုက ကိုဗစ်လေလား၊ တုပ်ကွေးလေလားရယ်လို့ မကွဲမပြားဖြစ်လာပြီး စိုးရိမ်ပူပန်မှုတွေ ဖိစီးလာမှာ တယ်စိုးရပါတယ်။ ဒါကြောင့် အခုအချိန်အခါမှာ အခြားအခြားသော တည်ဆောက်ရေးများထက် ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းတွေကို ဦးစားပေးဖော်သင့်ပါတယ်။ အသစ်တည်ဆောက် သင့်ပါတယ်ဆိုတာ တင်ပြရေးသားလိုက်ရပါတယ်။ ။



နောက်ဖေးလမ်းကြားများတွင် စွန့်ပစ်အမှိုက်များ ရှင်းလင်းဖယ်ရှားစဉ်။



ချောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်မျိုးစုံ။

❒ **ရာသီတုပ်ကွေးနဲ့ သွေးလွန်တုပ်ကွေးကာကွယ်ဖို့က မိမိဝန်းကျင် သန့်ရှင်းနေစေဖို့နဲ့ အဓိက သွေးလွန်တုပ်ကွေးဖြစ်စေတတ်တဲ့ ခြင်တွေ မခိုအောင်းနိုင်စေရေးပဲ ဖြစ်ပါတယ်**

❒ **အရေးအကြီးဆုံးက အိမ်ရှေ့နဲ့ နောက်ဖေးမြောင်းတွေ ရေစီးရေလာကောင်းနေဖို့ အဓိက အလိုအပ်ဆုံးပါပဲ။ ရန်ကုန်အိမ်တွေက အိမ်ရှေ့မြောင်းတွေနဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတတ်သလို အိမ်နောက် တိုက်နောက် မြောင်းတွေက အမြဲရေစီးရေလာကောင်းဖို့ လိုအပ်ပါတယ်**